
www.burmeseclassic.com

မိုးမနက်ခင်း

# ဆုမြတ်မွန်မွန်



...ကံကူးကံကော် နှင့် အမြတ်နိုးဆုံးနှင်းပွင့်များ

အမှတ်တရ၏ ဇာတ်ညွှန်းမှု

www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

## မိုးမနက်ခင်း စိတ်ကူးကဲ့ကော်နှင့်အဖြတ်နီးဆုံးနှင်းပွင့်များ


စာမူခွင့်ပြုချက်အမှတ်

၅၀၀၆၂၈၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၈၃၄၀၇၀၇

၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ

ပထမအကြိမ်

တန်ဖိုး

၁၀၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်


### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# အမြတ်ပွန်ပွန်

မိုးမနက်ခင်း နှင့် ဝတ္ထုတိုစုစည်းမှု

စိတ်ကူးကုံကော် နှင့် အမြတ်နိုးဆုံးနှင်းပွင့်များ

အမှတ်တရစာစုစည်းမှု

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







# စတေးနှလုံးသား

ဒါကတော့ ကျွန်မဘဝမှာ ပထမဆုံး ပုံနှိပ်ဖော်ပြခြင်းခံခဲ့ရတဲ့ ဝတ္ထုတိုလေးပါပဲ။ (၁၉၉၉)ခုနှစ်၊ အောက်တိုဘာလ၊ အပျိုစင်မဂ္ဂဇင်းမှာ ပါခဲ့ပါတယ်။

မဂ္ဂဇင်းစာအုပ်ကို ကိုင်ထားတဲ့ လက်တွေဆိုတာ ဝမ်းသာလွန်းလို့ တဆတ်ဆတ် တုန်နေခဲ့တယ်။ ကျွန်မဘဝမှာ အဲဒီအချိန်တုန်းကလောက် ဘယ်တုန်းကမှ မပျော်ခဲ့ဖူးပါဘူး။ ရင်ထဲမှာ အားမာန်တွေလည်း ဖြစ်တယ်။

မိုင်တစ်ထောင်ခရီးရဲ့ ပထမဆုံး ခြေလှမ်းပေါ့။ (၁၉၉၉)ခုနှစ်က လွန်မြောက်လို့ (၂၀၀၆)ခုနှစ်မှ ပထမဆုံး လုံးချင်းဝတ္ထု စ,ထွက်ခဲ့တာပါ။

ဒါကြောင့် ကျွန်မရဲ့ ဝါသနာရှင် မောင်ငယ် ညီမငယ်လေးတွေကိုလည်း မဆုတ်မနစ်ဘဲ ဇွဲရှိရှိ ကြိုးစားဖို့ တိုက်တွန်းပါတယ်။ မျှဝေခံစားတဲ့ နှလုံးသားနဲ့ ဖတ်ရှုပေးကြတဲ့ ပရိသတ်များလည်း ဝတ္ထုတို ခံစားချက်များမှတစ်ဆင့် ကျွန်မဘဝရဲ့ တစ်စိတ်တစ်ဒေသကို လှမ်းမြင်နိုင်ကြမှာပါ။

အားလုံးသော ပရိသတ်များလည်း ရည်မှန်းချက် အသီးသီး ပြည့်ဝကြပါစေလို့ ဆုတောင်းပေးရင်း ပရိသတ်များရဲ့ ရင်ထဲမှာလည်း ကျွန်မ အမြဲတမ်းရှိနေပါရစေ. . .။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်တစ်ပြင်လုံး မိုးဏ ညို့မှိုင်းနေပြီ။ စိတ်မာတ်ကျစွာဖြင့် စိမ့် ခေါင်းကုတ်လိုက်သည်။ လက်မှနာရီကို မြှောက်ကြည့်ရင်းလည်း မျက်စိက တိုင်ကပ်နာရီဆီ ရောက်သွားသည်။ အားလုံးသော ကုမ္ပဏီဝန်ထမ်းများကလည်း အသီးသီး နှုတ်ဆက်ကာ ပြန်ကုန်ကြပြီ။ ခြောက်နာရီထိုးသံ တီးလုံးမြည်လာမှ သူမ အစောင့်ကြီး စောင့်နေသူ ဒီဒီ ရောက်လာတော့သည်။ လုပ်ပါတော့မယ်၊ ဒီဒီတို့က အပြစ်ရှိသူ ပုံစံနှင့် မျက်နှာကိုအစွမ်းကုန် ရှုံ့မဲ့ကာဖြင့် ...

"ဟူး ... ဆောရီး စိမ့်ရေ၊ ယူ့ကို တို့လိုက်ပို့ပါမယ်၊ ဟို ပုဂ္ဂိုလ်ကြီးကို လိုက်ကျွေးနေရလို့ပေါ့"

လုပ်ငန်းအဆင်ပြေရေးအတွက် လုပ်နေကျ အလုပ်တစ်ခုမို့ စိမ့် ဘာမှမပြောလို။ အသင့်ပြင်ဆင်ပြီးသား ထမင်းဘူး ဖိုင်၊ ဆလင်းဘက်တို့ကို ကောက်ယူကာ မတ်တတ်ထရပ်လိုက်သည်။ အပြင်မှာ မိုးဖွဲတို့ ကျလာပြီ။ ဒီဒီက ကိုယ်ပိုင်ကားနှင့် ကုမ္ပဏီမှာ သူပိုင် အနားယူခန်းမှာ အိပ်ရာအသုံးအဆောင် အပြည့်ရှိတာမို့ ပူစရာမလို။





စိမ့်က ကိုယ့်ဘဝအခြေအနေ ကိုယ်သာသိသည်လေ။ အိမ်မှာ ခြောက်ကပ်သော ထမင်းနှင့် စောင့်နေမည့် ဖေဖေ့မျက်နှာကို မြင်ယောင်ရင်း အပြင်သို့ထွက်လာခဲ့သည်။

နောက်မှ အပြေးလိုက်လာသော ခြေသံကို ကြားသော်လည်း လှည့်မကြည့်။ ဒီဒီ သူမရှေ့မှ ပိတ်ရပ်ကာ အမောတကော ဆိုရှာသည်။

"ဟဲ့ ... စိမ့်၊ ယူ ဘာဖြစ်တာလဲ၊ တို့လိုက်ပို့မယ် ဆိုမှပဲ၊ ခဏလေး ကိုယ် ကော်ဖီတစ်ခွက်လောက် သောက်ပါရစေ၊ ဒီနေ့ နေ့လယ်စာတောင် မစားဖြစ်လိုက်ဘူးကွာ"

စိတ်မာတ်ကျရသည်ပဲ။ အိမ်ပြန်ချိန် နာရီဝက်မကနောက်ကျနေပြီ။ ဖေဖေ စိတ်ပူနေလောက်ပြီလေ။ သူမ ဒီဒီရဲ့ ကော်ဖီဖိမ်ခံသောက်နေပုံကို စိတ်မရှည်ပါ။

နေ့လယ်စာ မစားရသေးတာကို နားလည်သော်လည်း ကိုယ့်အပူနှင့်ကိုယ်။ သူမ အပ်မှရသော မီးခံသေတ္တာသော့နှင့် အရေးကြီးသော စာရွက်စာတမ်းများကို ဒီဒီ လက်ထဲသို့ထည့်ရင်းမှ ...

"နေပါစေ ဒီဒီ၊ တို့ကို ဖေဖေ စိတ်ပူနေလိမ့်မယ်၊ တို့ ပြန်တော့မယ်"

ဒီဒီ မျက်နှာတစ်မျိုး ဖြစ်သွားသည်။ သို့သော် ချက်ချင်းရယ်ကာ စိမ့်လက်ကိုတွဲလိုက်သည်။ "သွားစို့"ဟုဆိုကာ ရှေ့မှ ဦးဆောင်ထွက်သွားသည်။ ကားမောင်းရင်းမှ စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



တတွတ်တွတ် ပြောလာသည်။ စကားအများစုမှာ လုပ်ငန်းကိစ္စတွေသာဖြစ်သည်။ ချွေနဒီကုမ္ပဏီရဲ့ တိုးတက်ရာ တိုးတက်ကြောင်းတွေဖြစ်သည်။

အိမ်ရှေ့ ကားရပ်ပေးတော့ စိမ့် ဆင်းလိုက်သည်။ ကော်ဖီသောက်ပါလားဟု ပြောတော့ ပြုံးကာ လက်ခါပြသည်။ ကားကို ကျွမ်းကျင်စွာ ပြန်မောင်းထွက်သွားသည်။ ဖေဖေကတော့ အကြောင်းသိနေသူပီပီ ပြုံးကာ လာကြိုရှာသည်။ ပြေးကြည့်မှ ဒီသားအဖနှစ်ယောက်တည်းရှိသော ဘဝကို ဒီဒီ နားလည်ပေးရှာ၍လည်း ကျေးဇူးတင်ရမည်။

အဖေက ရေချိုး သမီးဟု ဆိုကာ ကော်ဖီဖျော်ပေးနေသည်။ ဒီဒီနှင့် သူမ ကော်ဖီကြိုက်တာချင်း တူသော်လည်း ကော်ဖီချင်း မတူပါ။ ဒီဒီရဲ့ကော်ဖီက သူမရဲ့ ဘရာဇီးကမိတ်ဆွေတွေပို့ပေးသော ကော်ဖီဖြစ်ပြီး စက်နှင့် စပယ်ရှယ်ဖျော်ထားသော တကယ့်အရသာစစ် ဖြစ်သည်။

သူမကတော့ သာမန်ကော်ဖီမှုန့် ခပ်ကြမ်းကြမ်းကိုပဲ နှစ်သက်မက်မောရလေသည်။ ရေချိုး ထမင်းစား ကော်ဖီသောက်ပြီးတော့ တစ်နေ့လုံးပင်ပန်းလာသည့် မျက်လုံးက အချက်ပြလာသည်။

ဖတ်၍ မပြီးသေးသော မြသန်းတင့်ရဲ့ "ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်"စာအုပ်ကိုဖတ်ကာ တော်တော်ကြာတော့ မျက်လုံးကထိန်းမရတော့။





တစ်ချက်သမ်းရင်း ညဉ့်ခန်းကို လှမ်းကြည့်လိုက်တော့ အဖေက မိသားစုပိုင် ၁၄ လက်မ တီဗွီဘာတီဗီလေးဖြင့် ရှုပ်တုသတင်း ကြည့်နေပြီ။

စာကြည့်မီးကို အသာမှိတ်ရင်း မျက်လုံးကို စင်းလိုက်သည်။ မနက်ဖြန်အတွက် ကြိုတင်စဉ်းစားရင် စိမ့်အိပ်ပျော်သွားသည်။ တစ်နေ့က ပုံမှန်ကုန်ဆုံးသွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



အထူးတလည် ပြင်ဆင်စရာ မလိုသော ဆံပင်တိုကို သပ်ရပ်စွာဖြီးရင်း မိတ်ကပ်ပါးပါး လူထားသော မျက်နှာကို တို့ပတ်ရိုက်လိုက်သည်။ ဒါတောင် ကိုယ့်ရာထူးနှင့်ကိုယ် လိုက်အောင်နေပါဟု ဒီဒီ အတန်တန် ပြောလွန်း၍ဖြစ်သည်။ ကိုယ့်လက်အောက်က စာရေးမလေးတွေရဲ့ ထောင်ကျော်တန် သောင်းချီနေသည့် အလှအပ ပစ္စည်းတွေကိုတော့ စိတ်မဝင်စားပေ။

အဖေ့ကို နှုတ်ဆက်ရင်း လမ်းထိပ်မှာ စောင့်နေသော ဖယ်ရီအမီ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။ ရွှေနုဒီရဲ့ စက္ကထရီ (အတွင်းရေးမှူး)အဖြစ် သူမက ဖယ်ရီကားရဲ့ရှေ့ခန်းမှ ဣန္ဒြေရှိရှိ ထိုင်ရလေသည်။

ကုမ္ပဏီရှေ့ ကားရပ်တော့ အသာဆင်းလာခဲ့ကာ အသီးသီး ကိုယ့်နေရာဆီ သွားကြသည်။ သူမစားပွဲကို သန့်ရှင်းရေးလုပ်ပြီး ဒီဒီ့စားပွဲကိုပါ ဖုန်သုတ်ပေးလိုက်သည်။ တာဝန်ထဲမှာ မပါပေမဲ့ စေတနာတော့ ထားပါသည်။ မရှေးမနှောင်းမှာပင် ဒီဒီ ရောက်လာသည်။





"ဟယ်လို၊ မောနင်း စိမ့်ရေ၊ ဒီနေ့ လကုန်ရက်နော်၊ မင်းအတွက် စပယ်ရှယ်ဘောက်ဆူးပဲ"

"မလိုတာပဲ ဒီဒီ၊ မင်းကလည်းကွာ၊ ကိုယ့်ကို သာမန်ဝန်ထမ်းတွေလိုပဲ"

သူမစကားမဆုံးခင် ဒီဒီ လက်ကာပြသည်။ White board မှာ ပုဂ္ဂိုလ်တချို့အမည် ရေးခြစ်ရင်း ...

"မင်းက ကိုယ့်သူငယ်ချင်းလေ၊ ပြီးတော့ တခြားသူတွေထက် ကိုယ့်အပေါ် အကူညီနိုင်ဆုံး"

အဲဒါတော့ မင်းစက္ကထရီပဲ၊ မင်းအပေါ် ပိုလုပ်ပေးရမှာပေါ့ ဟုတော့ ပြန်မပြောမိ။ အလုပ် လုပ်ရာမှာ စေတနာပါသော သူမရဲ့အကျင့်ကို ဒီဒီ နားလည်သည်ပဲ။ သို့သော် မွေးရာပါ အဖေရိုက်သွင်းခဲ့သော သူမ၏ စိတ်ဓာတ်တို့က သူများပစ္စည်းကို အချောင်မလိုချင်။

အဖေရဲ့ လေးဘီးမောင်းသော ဝင်ငွေလေးနှင့် မဖြစ်ညစ်ကျယ် ဘဝကို ရုန်းကန်ကာ Eco Major ကို ကုတ်ကပ်တက်ခဲ့ရသည်။

မြကျွန်းသာရဲ့အလုပငေးတွေထဲမှာ သူမလုံးလုံးလျားလျား မပါဝင်ခဲ့ပေ။ ကချင်လွယ်အိတ်တစ်လုံး၊ ရိုးစင်းသောရုပ်အင်္ကျီတွေနှင့် သနပ်ခါးဘဲကျား လိမ်းထားသော စိမ့်ညို ဆိုသော သူမသည် မြကျွန်းသာတွင် ချောင်ထဲ ရောက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကျော် စီးပွားရေးလုပ်ငန်းရှင်ကြီးရဲ့ သမီး ရွှေနဒီက သူမကို လာမိတ်ဆက်တော့ အစပထမ၌ ကြောင်တက်တက်ပင်။ အကြောင်းပြချက် တချို့ကို ထုတ်ကြည့်တော့ ...

"ယူက စာကြိုးစားတယ်၊ အနေအထိုင် အေးတယ်၊ အားရင် ကျောင်းစာပဲဖြစ်ဖြစ် အခြားအဖိုးတန်စာတွေဖြစ်ဖြစ် ဖတ်နေတယ်၊ ယူ့မှာ colour မရှိဘူး အဖြူထည်ပဲ၊ ကိုယ် အဲဒါကို သဘောကျတာ"

ပွင့်ပွင့်လင်းလင်း လာမိတ်ဖွဲ့သော ဒီဒီ ခေါ် ရွှေနဒီကို အဲဒီတည်းက ခင်မင်သွားသည်။ သို့သော် ပတ်ဝန်းကျင် အကြောင်းကို သိသည်ပဲ။ အကြောင်းပြချက် တချို့ဖြင့် ငြင်းဆန်တော့ သူမကို ဒီဒီ ကိုယ်တိုင်က လိုလိုလားလား အတင်းခေါ်နေသည်မို့ ခင်မင်ခဲ့ကြသည်။ သို့သော် ဒီဒီ ကျွေးသမျှ မစား။ ဒီဒီ့ကားကို မစီး။ အလှအပအကြောင်း မပြော။ ကြာရင် ဒီဒီ သူမကို နွာမှာဟု မျှော်လင့်ထားသော်လည်း ...

"ယူနဲ့တွဲမှ ယူ့ကို ပိုခင်လာတယ်ကွာ၊ ယူ တော်တယ်၊ သာမန်မိန်းမတွေနဲ့ ကွာတယ်၊ အဲဒါတွေ ကြိုက်တာ၊ ယူ့ ခံယူချက်ကို ကြိုက်တယ်၊ ယူ့ကို လေးစားတယ်"

အံ့ဩစိတ်နှင့်အတူ ရှားပါးသူဌေးသမီးပါလားဟု တွေးရင်း "အံ့ဖွယ်သူဌေးသမီး"လို့ ပြောရင် ဒီဒီက လေးလေးနက်နက်ဖြင့် "ကိုယ်က သူဌေးသမီး ဖြစ်ချင်ဘူး၊ သူဌေးဖြစ်ချင်တာ"ဟု တုံ့ပြန်တတ်သည်။





Eco ဒုတိယနှစ်တွင် သူမတို့ပိုခင်လာသည်။ အားရင် စာအကြောင်း ပေအကြောင်းတွေ ဆွေးနွေးကြသည်။ ရည်ရွယ်ချက်ချင်း၊ ဝါသနာချင်းလည်း တူသည်မို့ သံယောဇဉ် တွယ်ရသည်။ အမြင်ချင်း ဖလှယ်ကြသည်။ ခင်မင်တာ ကြာလာတော့ ကိုယ့်ဘဝ သူ့ဘဝ ရင်ဖွင့်လာကြသည်။

"ကိုယ်က ဆင်းရဲတယ် ဒီဒီ၊ အမေက ကိုယ်ငယ်တည်းက ဆုံးသွားတာ၊ အဖေက တက္ကစီမောင်းတယ်၊ ကိုယ့်ဘဝမှာ အဖေက အဓိကပဲ၊ ဒီအချိန်ထိ ကိုယ့်ကို ရှာကျွေးလာတာ၊ အဖေ့ကို အရမ်းသနားတယ်၊ ဒါကြောင့် ကိုယ် စာကြိုးစားတာ၊ အပိုဝင်ငွေ မရှိဘဲနဲ့ အပိုမဖြုန်းချင်တာ၊ ဒါပေမဲ့ ကိုယ် ကော်ဖီ သိပ်ကြိုက်တယ်"

"ဒီဒီလည်း ဒီလိုပဲ ကော်ဖီကြိုက်တယ်၊ ကိုယ့်ဘဝကတော့ ယူ သိပြီးသားပဲ"

ဦးရွှေလူ ဒေါ်နုနုဆွေ တို့ဆိုတာ စီးပွားရေးထိပ်သီးတွေပင်။

သူတို့ရဲ့ ပိုးမွေးသလို မွေးထားရတဲ့ ဖြူဖြူနုနုလေး ရွှေနဒီဟာ သာမန်သူဌေးသမီးတွေလို သုံးမယ်၊ ဖြုန်းမယ် စိတ်မရှိတာ၊ သူမ သဘောကျရသည်။

အလှအပလည်း စိတ်မဝင်စားလှကာ ဘဝအကြောင်းနှင့် စာပေအကြောင်းတွေသာ စိတ်ဝင်စားသူမို့ ရွှေနဒီနှင့် စိမ့်ညိုသည် ကျောင်းတော်ကြီးရဲ့ အချစ်ဆုံး သမီးပျိုတွေ ဖြစ်လာတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘာလိုလိုနှင့် နောက်ဆုံးနှစ် ရောက်လာခဲ့သည်။ သစ်ပုပ်ပင်အောက် ခုံတန်းလေးမှာထိုင်ရင်း ဒီဒီက လေးနက်စွာ ဆိုလာသည်။

"ကျောင်းပြီးရင် ဘွဲ့တွေ ဘာတွေ ရတော့မယ်၊ ယူ ဂုဏ်ထူးတန်း ဆက်တက်မလား"

သူမတို့နှစ်ယောက်စလုံး စာတော်သူတွေမို့ ဂုဏ်ထူးတန်း မဝင်မှာမပူရပေ။

"မတက်ဘူး ဒီဒီ၊ အမေ ပင်ပန်းလှပြီ၊ အမေ့ကို လုပ်ကျွေးချင်တယ်"

ဒီဒီ သက်ပြင်းချသည်။ တစ်ခုခု ပြောမယ်ဆိုတာ သူမ သိသည်။ ကျောင်းတက်စဉ် ကာလအတွင်း ဒီဒီ့ အကူအညီတွေ လုံးဝလက်မခံခဲ့တာ သူမ ပြန်စဉ်းစားမိသည်။ သူ့ဌေးသမီးကို ကပ်ပေါင်းစားသည်ဟု အပြောမခံနိုင်ပေ။ လူတွေက မြေနိမ့်ရာ လှံစိုက်ချင်ကြလေသည်။ ခဏအကြာမှ ဒီဒီ ဆိုသည်။

"ကျောင်းပြီးရင် တို့ အလုပ်လုပ်တော့မယ်၊ ရွှေနဒီ ဆိုတဲ့ နာမည်နဲ့ပဲ၊ တို့ရဲ့ ရည်မှန်းချက်တွေ မင်း သိပါတယ်၊ ဖြစ်နိုင်ရင် မင်းကို ကူညီစေချင်တယ်၊ ဘယ်လိုလဲ၊ တို့ နှစ်ယောက်ပေါင်းပြီး မိုးကောင်းကင်ကို ဒူးနှင့် တိုက်ရအောင်"

နေရာတကာ ငြင်းဆန်နေ၍ သူမဘဝက မရပါ။ ဒါက အလုပ်ကိစ္စမို့ လက်ခံရသည်။ ထို့နောက် စာမေးပွဲပြီးပြီး





ချင်း ဒီဒီနှင့် သူမ ကွန်ပျူတာ၊ အင်္ဂလိပ်စကားပြောနှင့် အတွင်းရေးမှူးသင်တန်းတွေ တက်ခဲ့ကြသည်။ ဒီလိုသင်တန်းတွေတက်ဖို့ ဒီဒီကပင် တောင်းဆိုတာဖြစ်သည်။ တစ်ခါတလေ ကိုယ်ကမာန်တောက်ချင်ပါ။

ဒီဒီနှင့် အလုပ်တွဲလုပ်ရန် ထိုပညာတွေ တတ်သင့်သည်မို့ သူမ ကြိုးစားပမ်းစား သင်ယူခဲ့ရပြန်ပါသည်။ အမေ့ကိုပြောပြတော့ ဒီဒီဟာ သူမရဲ့ကျေးဇူးရှင်တဲ့လေ။ ဒီဒီ ကိုယ်၌ကလည်း သူမအိမ် မကြာခဏလာကာ အမေ့ကိုလည်း ကန်တော့နေကျမို့ အမေကလည်း သမီးရင်းနှင့်မခြား ချစ်ခင်လေသည်။

ဒီဒီကိုယ်၌ကလည်း ထက်ထက်မြက်မြက်၊ ကံ၊ ဉာဏ်၊ ဝီရိယလည်း ရှိရှိ၊ မိဘနှစ်ပါးကလည်း အထောက်အပံ့ဖြင့် ဒီဒီရဲ့ ရွှေနဒီ သွင်းကုန်ထုတ်ကုန်ကုမ္ပဏီက နှစ်နှစ်အတွင်းမှာ ပိုမိုခိုင်မြဲလာလေသည်။ အောင်မြင်ကျော်ကြားလာလေသည်။

ဒီဒီက လည်သည်။ သူမ အကူအညီကို စိမ့်ကလက်မခံတော့ လခကို ငါးသောင်းပေးကာ ဘောက်ဆူးကတစ်ပုံတစ်ပင် လိုလေသေး မရှိစေရ။ အမေနှင့် သူမတို့အိမ်ကလေး ခိုင်ပြည်လာသည်။ သားအဖနှစ်ယောက် အလှူအတန်းလေးများမှ လုပ်နိုင်လာကာ အေးအေးချမ်းချမ်း နေထိုင်လာနိုင်သည်။

အရင်ရှားပါးစဉ်ကတည်းက ခြစ်ကုတ်စားလာတော့ ယခု သူမတို့အိမ်လေးမှာ အပူအပင်မရှိ အေးအေးဆေးဆေး။ အမေလည်း အသက်ကြီးပြီမို့ ကားမမောင်းတော့။ အိမ်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေးနေကာ ထမင်းဟင်း ချက်လေသည်။ အဖေက ကျန်းမာရေး သိပ်မကောင်း။ သို့သော် ဒီဒီရဲ့ အစွမ်းထက်ဆေးဝါးတွေအောက်မှာ သက်သာပျော်မွေ့ရလေသည်။

ဒီလိုရှားပါးဈေးကြီးခေတ်ထဲမှာ ဒီဒီ့ ကျေးဇူးကြောင့် သူမတို့ ကောင်းကောင်းမွန်မွန် နေရသည်။ အထူးသဖြင့် အဖေမှာ အေးဆေးစွာ တရားဓမ္မ လိုက်စားရသည်။ တွေးကြည့်လျှင် ဒီဒီ့ကျေးဇူးတွေက များပါသည်။

"ဟဲ့ ဩော် ... ဒုက္ခပဲ သွားမယ်လေ"

ပခုံးကို ဖျတ်ခနဲ ရိုက်လိုက်မှ သတိပြန်ဝင်လာသည်။ အတိတ်က အကြောင်းတွေကို စဉ်းစားရင်း အတွေးလွန်သွားတာ ဖြစ်သည်။

"ဟင် ... ဘယ်လဲ"

ဒီဒီက နှာခေါင်းရှုံ့ကာ ချစ်စဖွယ်ရယ်သည်။ သူမ၏ ကြိုးတိုသားရေအိတ်အနက်ကို လွယ်ပြီး ...

"လေဆိပ်ရှင့် လေဆိပ်၊ မန္တလေးကဧည့်သည်၊ တို့ဖားသားကြီးရဲ့ သူငယ်ချင်းရဲ့သားလေ"

"ဘာလဲ ဒီဒီ၊ နင့်အိမ်က သဘောတူထားတယ်ပေါ့"

"ဝေးစွထဲကပဲ၊ အိမ်မှာ အိမ်ထောင်ရေးက ငါ့သဘောပါ၊ အခုဟာက တို့လုပ်ငန်းနှင့်လည်း မကင်းဘူး စိမ့်ရဲ့၊ မင်းသိမှာပါ၊ မန္တလေးက တို့ကို သကြားသွင်းတဲ့ ဦးသော်ကလေ"





သူမ တာဝန်ယူ ဆောင်ရွက်ရသည့် အလုပ်မို့ သိနေသည်။

"အင်း ... သိတယ် ဦးသော်က"

"အေး ... အဲဒီ ငတိပဲကွ၊ သွားကြိုရမှာလေ သူ့ကို"

"သူက ဘာလုပ်မှာလဲ"

"ရန်ကုန်မှာ အိမ်ဝယ်မယ်တဲ့၊ ပြီးတော့ ငါနှင့်အလုပ်တွဲလုပ်ဖို့ စီစဉ်စရာ ရှိတာရော၊ အဲဒါ ယူ့ကို ကိုယ်တိုင်ပင်ရဦးမယ်၊ အေးဆေးပေါ့၊ အဲဒါ အခု လေဆိပ်မှာ သွားကြိုရမယ်"

ထိုစဉ်မှာပင် ဒီဒီ့ ဆယ်လူလာသံက ထမြည်လာသည်။ ငါးမိနစ်ကြာ ပြောပြီးနောက် ဖုန်းပိတ်ရင်း ...

"ပြဿနာတော့ စပြီ၊ ကားဂိတ်မှာ သစ်တွေလျော့တယ်တဲ့၊ ကိုယ် သွားရဦးမယ်၊ ဒီကိစ္စက ကိုယ်မသွားလို့မရဘူး၊ ဆောရီး စိမ့်ရေ၊ လေဆိပ်ကို ယူပဲ သွားလိုက်တော့၊ ဩော် ... ကိုဇော်တွေးကို ကားမောင်းပို့ခိုင်း၊ သူက ဦးသော်ကကို မြင်ဖူးတယ်၊ မင်း ကြည့်ကျက်ပြောပေါ့ကွာ၊ ကိုယ် သွားပြီ"

သုတ်သီးသုတ်ပျာ ထွက်သွားသော ဒီဒီ့ကို ကြည့်ကာ သူမ ရင်မောကျန်ခဲ့သည်။ အရင်တုန်းကလည်း ဒီလိုအရေးပေါ်တွင် ပေါ်လာရင် သူမပဲ ကြားဝင်ရတာမို့ သိပ်တော့အခက်အခဲမရှိ။



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် ဒီဒီက နှစ်ကိုယ့်တစ်စိတ်မို့ နားလည်မှုရှိသည်ပဲ။ ကိုဇော်ထွေးက သွားရအောင် ဆိုတာနှင့် သူမ ထွက်လာခဲ့သည်။

လေဆိပ်ထဲရောက်ပြီး မကြာမီ လေယာဉ်ဆိုက်သည်။ ကိုဇော်ထွေးက ကုမ္ပဏီ၌ အားထားရသော ယာဉ်မောင်း။ ကုန်သည်အများစုနှင့် ရင်းနှီးသည်။ အပြောအဆို ပြေပြစ်ကာ ရိုးသားသစ္စာရှိသည်။ လူယုံတော်တွေ မွေးရာ၌လည်း ဒီဒီက ကျွမ်းသည်။ လေယာဉ်တံခါးဆီသို့ စူးစမ်းစိတ်ဖြင့် အသေချာကြည့်သည်။

"တတိယဆင်းလာတဲ့သူပဲ မစိမ့်၊ မျက်မှန်နှင့်လေ"

ကိုဇော်ထွေး ပြရာသို့ ကြည့်လိုက်တော့ အသားအရေ ခပ်လတ်လတ်။ အသက်က သူမတို့နှင့် မတိမ်းမယိမ်း။ သူ့မျက်လုံးတွေက မျက်မှန်နှင့်မို့ မမြင်ရသော်လည်း မျက်ခုံး၊ နှာတံ၊ ပါးစပ်တို့ကတော့ အချိုးကျစွာ ကြည့်ကောင်းသည်။ သူမက ခပ်တည်တည်ပင် သူ့အနားသို့ လျှောက်သွားကာ ...

"ရှင်က ဦးသော်က ထင်ပါရဲ့"

သူ့မျက်နှာက ရုတ်တရက် ဇဝေဇဝါ။ ပြီးမှ ပြုံးရင်း မျက်မှန်ချွတ်လိုက်သည်။ ကြည်လင်ထွေးမြသော မျက်လုံးတို့က စိုလက်နေသည်။

သူ၏ နွေးနွေးထွေးထွေး အကြည့်တွေကို အသိအမှတ်ပြု အပြုံးတစ်ခုကို ဖန်တီးလိုက်သည်။





"ကျွန်မက ရွှေနဒီရဲ့ P.A ပါ၊ ရွှေနဒီ အရေးပေါ်ကိစ္စတစ်ခုနှင့် မအားလပ်လို့ ကျွန်မလာကြိုတာပါ၊ ရွှေနဒီက ရှင့်ကို တောင်းပန်ခိုင်းလိုက်ပါတယ်၊ အားလည်းနာတယ်တဲ့လေ"

သူက နားလည်စွာ ပြုံးလိုက်သည်ကို တွေ့ရသည်။

"ရပါတယ်ဗျာ၊ ဒီဒီအကြောင်း သိပြီးသားပါ၊ အလုပ်သိပ်များတာ ရပါတယ်"

ရင်းနှီးသူ အများစုသာခေါ်သော "ဒီဒီ"၏အမည်ကို ...းခွဲကာ ရည်ရည်မွန်မွန် ပြောနေသည်မို့ အနည်းငယ်တော့ ...ညြရလေသည်။ ဒီဒီနှင့် သူ အတော်အတန်တော့ ရင်းနှီးမည် ...င်ပါရဲ့လေ။ ကိုဇော်ထွေးနှင့် သူမခေါ်ရာနောက်သို့ ကိုသော်က ...သူ လိုက်ပါလာသည်။

ဘယ်ကိုပို့ပေးရမှန်းလည်း မသိ။ နောက်တော့ ...ဒီတို့အိမ်ကိုသာ မောင်းခိုင်းရတော့သည်။ တက္ကသိုလ်ရိပ်သာ ...မ်းထဲမှ ဒီဒီတို့အိမ်က ခမ်းနားလွန်းသည်။ အိမ်မှာ ဒီဒီမိဘ ...ဦးလုံးမရှိ။ ကြီးမေနှင့်သာ တွေ့ရ၍ ကိုသော်ကကို ဧည့်ခံစီစဉ် ...င်းရသည်။ ကိုသော်ကနှင့် ကြီးမေကလည်း ရင်းနှီးနေပြန်သည်။ ...ကြီးမေက ဝမ်းပန်းတသာ ကြိုဆိုရင်း နေရာထိုင်ခင်းပေးကာ ...ည်းတွေ သယ်ရှာသည်။

"မိဒီတို့ကတော့ လုပ်ပြီ တကယ်ပဲ၊ သေရင်တောင် ကျွတ်ပါ့မလား မသိဘူး၊ ဒီအလုပ်တွေပဲ ဖက်တွယ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုသော်က ဆိုသူကတော့ သဘောထားကြီးသူပမာ တဟင်းဟင်း ရယ်နေသည်။ သူမနှင့် ကိုဇော်ထွေးတို့ ကြီးမေနှင့် ကိုသော်ကကို နှုတ်ဆက်ကာ ပြန်ခဲ့ကြသည်။ အပြန်ခရီးတွင်တော့ ကိုဇော်ထွေးက မှတ်ချက်ချသည်။

"မရွှေနဒီတို့တော့ အပျိုကြီးစာရင်းက ဖျက်ရတော့မယ် လိုက်တယ်ဗျ"

ဘာရယ်ကြောင့်မှန်း မသိ၊ ဖျတ်ခနဲ ကိုသော်က ဆိုသူ၏ မျက်နှာကို ပြေးမြင်လိုက်ကာ ရင်ထဲ၌ တစ်မျိုးတစ်မည် ခံစားရသည်။ အချစ်ဆိုတာကို ဒီအရွယ်အထိ စိတ်မဝင်စားခဲ့ ဘဝမှာ အဖေ့ကိုသာ ဦးစားပေးခဲ့သည်။ အဖေ့ကို ခွဲမထားခဲ့ချင် ပေ။

❦ ✪ ❦





ဆိပ်ကမ်းက ဝင်လာသည့် ကုန်တွေကို စစ်ဖို့ဆိုကာ ဒီဒီ ထွက်သွားသည်။ ယနေ့ ဒီဒီ အချိန်ဇယားထဲမှာ ကိုသော်က ကို အိမ်တွေလိုက်ပြဖို့ပါသည်။ ဒီဒီပုံစံဆိုရင် ညနေမှ ပြန်ရောက် မည့်သဘော။ ဒီဒီ ဆယ်လူလာဆီသို့ နှိပ်လိုက်သည်။

"ဟယ်လို ပြောပါ၊ ရွှေနဒီ ပြောနေတယ်"

"ဒီဒီ ငါ စိမ့်ပါ၊ နင့်ရဲ့ time table ထဲမှာ ကိုသော်ကကို အိမ်တွေ လိုက်ပြရမယ်၊ တော်ကြာ သူလာရင် ငါဘယ်လို ပြောရမလဲ"

"နင် လိုက်ပြလိုက်ပေါ့"

သူမရင်ထဲ တစ်မျိုးဖြစ်သွားသည်။ ခါတိုင်းလည်း ဒီဒီမအားလျှင် သူမပဲ ဧည့်သည်တွေကို လိုက်ပို့နေကျ။

ယခုမူ ...

"မဟုတ်ဘူးလေ၊ သူက နင်နှင့် ကျတော့"

"ဟာ ... မဆိုင်တာကွာ၊ နင်ပဲ လိုက်ပြလိုက်ပါ၊ ဪ ... ငါ့စားပွဲထဲမှာ ဖိုင်အနီရှိတယ်၊ အိမ်ခြံစာရင်းတွေ သူ့ကိုပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ သူ သဘောကျတာရှိရင် လိုက်ပို့လိုက်ပေါ့၊ ဒီနေ့

တစ်နေကုန်လည်း ကုန်ပစေ၊ နေ့လယ်စာကို ဟိုတယ်မှာ

ကျွေးလိုက်၊ ဒါပဲ၊ ငါကတောင်းပန်တယ်လို့၊ ဒါပဲနော်"

ရင်းနှီးသူ မိတ်ဆွေတွေအတွက်လည်း ဒီဒီဟာ အိမ်၊ မြေ၊ ခြံ၊ ကားပွဲစား လုပ်သေးတယ်လေ။ ဒါပေမဲ့ သူမက လိုက်လံပြသရတာများသည်။ ကုမ္ပဏီမှာ ဒီဒီကို သိပ်မတွေ့ရ တတ်ပါ။ ကားတစ်စီး၊ ဆယ်လူလာတစ်လုံးနှင့် လှုပ်ရှားနေတာ များလေသည်။ ကိစ္စအဝဝကို စိမ့်ကသာ လုပ်ကိုင်တာ များပါ သည်။

"မစိမ့်ညို ... အပြင်မှာ ညော့်သည်ရောက်နေတယ်"

စာရင်းကိုင် နီလာက လာပြောသည်။

"အေး ... တို့လာမယ်၊ လွှတ်မနေနှင့်တော့"

လက်ကိုင်အိတ်နှင့် ဖိုင်အနီကိုယူကာ ရှေ့ခန်းသို့ ထွက်လာခဲ့သည်။ အပြင်မှာရပ်နေသော ကိုသော်ကကို အပြုံးတစ်ခု ဖြင့် နှုတ်ဆက်လိုက်သည်။

"ဒီဒီက မှာသွားတယ်၊ ကိုသော်ကလာရင် အိမ်တွေလိုက် ပြလိုက်ပါတဲ့၊ သူကတော့ မအားလို့တဲ့၊ ကျွန်မ အားနာပါ တယ်၊ ကဲ ... ဒီမှာ ကြည့်လိုက်ရအောင်"

သူ၏ ရွှန်းမြမြ အပြုံးကြောင့် အနေကျုံ့သလို ရှိရ သည်။ နှစ်ယောက်ထိုင် ဆိုဖာတွင် အတူဝင်ထိုင်ရင်း ဖိုင်အနီကို စလှန်လိုက်သည်။





"ဒါက ကိုးမိုင်ကခြံပါ၊ နှစ်ထပ်တိုက်နှင့် ကားဂိုဒေါင်ရှိ တယ်၊ ရေမီးအစုံပဲ၊ ဖုန်းပါတယ်၊ ပိုင်ရှင်က ပြည်ပမှာပါ၊ ရော့ ... ဓာတ်ပုံ ကြည့်ပါဦး"

သူ ဓာတ်ပုံကို လှမ်းအယူမှာ အသားချင်း ထိသွား သည်။ ရွှန်းရွှန်းစားစား အကြည့်တွေအောက်မှာ သူမ ရင်တုန်နေပြီ။

"မဆိုးဘူးနော်၊ ဒီက စိမ့်ညိုနော်၊ အင်း ... စိမ့်ညိုကော ဘယ်လိုသဘောရလဲဟင်"

သူ့အသံက နွေးထွေးနှစ်လိုဖွယ်ရာ။ အကြိဳဘက် တောင်းလာသည့် သူ့ကို မဝံ့မရဲ ပြန်ကြည့်ရင်း ...

"ဟို ... ကောင်းပါတယ်၊ ဒါက ပထမပဲ ရှိသေးတယ်၊ နောက် ခြံတွေရှိသေးတယ်"

"အင်း ... ပြပါဦး"

"ဒါက ခုနစ်မိုင်ကတိုက်က တစ်ထပ်ခွဲလေး၊ ဆောက်ပြီး တာ မကြာသေးဘူး၊ ရေမီးအစုံပါတယ်၊ ကားဂိုဒေါင်က ကားနှစ်စီးစာ ရတယ်၊ ခြံထဲမှာ ဂျပန်မြက်ခင်းတွေရှိတယ်၊ သစ်ခွခြံလည်း ပါတယ်၊ ပန်းပင်တွေလည်း အစုံပဲ၊ သွား ရေး လာရေးလည်း အဆင်ပြေတယ်၊ ပိုကောင်းတာက တစ်ခါမှ လူမနေသေးတာပဲ၊ အသစ်ကြီးလေ"

ဘယ်လိုလဲဆိုသော သဘောနှင့် သူမက မေးဆတ် ပြသည်။ သူက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"အင်း ... ကျွန်တော် ကြိုက်တယ်၊ အဓိက လူမနေသေး တာပဲဗျ၊ ကြိုက်တယ်၊ သွားကြည့်မယ် ရမလား"



www.burmeseclassic.com

www.burmeseclassic.com



သူမက ခေါင်းညိတ်ပြကာ ထရပ်လိုက်သည်။ သူ့ကားနှင့်ပဲ သွားမည်ဟု ဆိုသည်။

"ဒီဒီ အားရင် ဒီဒီက လိုက်ပို့ပါတယ်၊ သူ တကယ်မအားတာနော်"

ဘာရယ်မဟုတ် ပြောစရာစကား မရှိ၍ တွေ့ရာပြောလိုက်ရသည်။ သူက ကားမောင်းရင်း အသာပြုံးကာ ...

"သိပါတယ်ဗျာ၊ ကျွန်တော်က စိမ့်နှင့် သွားရတာ ပိုတောင်ကြိုက်သေး"

"ရှင်"

သူမ ရင်တွေ ထိတ်သွားသလို ရင်ခုန်သံ မြန်သွားသည်။ သူက ဘာမှမဖြစ်သလို အသာပြုံးကာ နေလေသည်။ အိပ်မောကျနေတဲ့ နှလုံးသားက နိုးထလာပြီလား မသိ။ တစ်ခါတစ်ရံမှာ အချစ်ဆိုသော အရာကို မွတ်သိပ်တောင့်တမိပါ၏။ ခုနစ်မိုင်က ခြံလေးရောက်တော့ တော်တော်သာယာသည်။ ခြံစောင့်အဘိုးကြီးက အိမ်တံခါး ဖွင့်ပေးသည်။

"ကျွန်တော် အရမ်းကြိုက်တယ်၊ စိမ့်ရော"

"အဟင်း ဟင်း ကျွန်မ ကြိုက်ဖို့မလိုပါဘူး၊ ကိုသော်က ဝယ်မှာပဲဟာ"

"ဟုတ်ပါတယ်၊ အကြံဉာဏ်တောင်းတာပေါ့"

"ကြိုက်တာပေါ့ရှင်"

သူက အမြန်ဆုံး ဝယ်တော့မည်ဟု ပြောသည်။ ပြီးတော့ အနီးကပ် တိုးတိုးပြောသည်။





"ဒီအိမ်က လက်ထပ်ရင် နေဖို့"

သူမ ရင်အခုန် မြန်သွားလေသည်။ နေ့လယ်စာကို ကိုကာဆူကီမှာ လိုက်ကျွေးတော့လည်း သူ့ရဲ့ဂရုတစိုက် အဆက်အဆံများကြား တိတ်တဆိတ် ကြည်နူးရလေသည်။

အိမ်ပြန်ရောက်တော့ ခါတိုင်းလို မဟုတ်ဘဲ အယောင်ယောင် အမှားမှား ဖြစ်ရသည်။ ကိုယ့်ကိုယ်ကိုယ် ဆယ်ကျော်သက်လေး မဟုတ်တော့ဟု ပြန်သတိပေးရသည်။ နားထောင်ခဲ့လှသော ကက်ဆက်ကို ဖွင့်သည်။ သီချင်းသံကို တိုးတိုးလိုက်ညည်းနေမိသည်။

အိပ်ခါနီးကျတော့မှ အဖေ့ကို သွားကန်တော့သည်။ အဖေက ပြုံးကာဆုပေးသည်။ လုပ်ရိုးလုပ်စဉ်တစ်ခု ဖြစ်ပေမဲ့ ဒီနေ့မှ ပိုကြည်နူးမိသလို။

သြော် ... အချစ်ဆိုတာများလားဟု မလုံမလဲ တွေးကာ ရှက်ရသေးသည်။ အကြောင်းတစ်ခုမဟုတ် တစ်ခုဖြင့် ကိုသော်ကနှင့် ဆုံရသည်။ မျက်ဝန်းဆိုတာ နှလုံးသားရဲ့ပြတင်းပေါက်ဟု ကြားဖူးသည်ပဲ။

မျက်လုံးများဖြင့် အပြန်အလှန် စကားပြောရင်း ကိုသော်ကကို ချစ်မိပြီဆိုတာ ပိုမိုခိုင်မြဲလာရသည်။ တစ်ခါမှ မချစ်ဘူးသော သူမအဖို့ အချစ်ရေးမှာ ကံကောင်းချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်မှာ တစ်ရက်သာ နားရသော ကုမ္ပဏီအား လပ်ရက်တွင် ဒီဒီ့ဖိတ်ကြားမှုကြောင့် ဒီဒီတို့အိမ် ရောက်ခဲ့ရသည်။ ခြံထဲတွင် ခို့အဖြူလေးနှင့် ထိုင်နေသော ဒီဒီ့ကို ကိုသော်ကနှင့်တွေ့လိုက်ရသည်။

"လာလေ စိမ့်ညို"

လွတ်နေသောခုံမှာ အသာဝင်ထိုင်ရင်း ကိုသော်ကကို ပြုံးပြသည်။ သူ့ထံမှလည်း မပြောင်းလဲသော အပြုံးတစ်ခုရသည်။

"စိမ့်ရေ ... နင့်ကို ကိုသော်က,က သိပ်ချီးကျူးနေတာ၊ နင်က အရမ်းတော်တာပဲတဲ့"

ရှက်ရယ်ဟု သတ်မှတ်၍ရသော အရယ်တစ်ခုကို ဖန်တီးလိုက်သည်။

"နင်တို့ ဘာလုပ်မလို့လဲ၊ ငါ့ကို ခေါ်တာ"

ဒီဒီက ရယ်သည်။

"ဒီနေ့ ငါ့မွေးနေ့လေ အရူးမရဲ့၊ ပေး present ငါ့ကို"





လက်ဝါးလေးကိုဖြန့်ကာ ချစ်စဖွယ် ပြောသည်။

"ဟယ် ... ဆောရီး၊ မေ့နေတယ် တကယ်"

"သိပါ့ ... သိပါ့ ... ရပါတယ်၊ စတာပါ ကျွေးမလို့ခေါ်တာ"

မကြာမီ စားပွဲလေးပေါ်သို့ အငွေ့တထောင်းထောင်း စားစရာများ ရောက်လာသည်။

"စားလေ၊ ငါ့မွေးနေ့မှာ သူစိမ်းဆိုလို့ နင်တို့နှစ်ယောက်ပဲ ဖိတ်တာ၊ စား ... စား ... ဂုဏ်ယူပြီး စားနော်၊ ဟင်း ... ဟင်း"

ကလေးလေး တစ်ယောက်လို ချစ်စဖွယ်ပြောရင်း ဒီဒီက ရယ်သည်။ ကိုသော်က,ကလည်း ကလေးလေး ပြောတာကို သဘောကျသလို လိုက်ရယ်ရင်း သူမကိုလည်း တံတောင်နှင့်တွတ်ကာ "စား"ဟူသော သဘောဖြင့် မေးဆတ်ပြသည်။

ဒီဒီ့ထက် ပိုကာ သူမကို ပိုဂရုစိုက်ပြနေ၍ ဒီဒီ့ရှေ့မှာ မလုံမလဲ ဖြစ်ရသည်။ သို့သော် ဒီဒီ ကြည့်ရတာ ပုံစံမပျက် ရယ်မောရင်းနှင့်သာ။

ထိုနေ့က သူက ဒီဒီ့ဖို့ စိန်လော့ကက်လေး လက်ဆောင်ပေးခဲ့သည်။ ဒီဒီကတော့ ကျေးဇူးတင်စကား ပုံမှန်ဆိုကာ သာမန်ပျော်ရွှင်မှုသာ ရှိခဲ့လေသည်။ သူမကသာ မလုံမလဲနှင့် အကဲခတ်နေတာဖြစ်၍ ကိုယ့်လိပ်ပြာ ကိုယ်ရှက်ရသည်။ အပြန်ခရီးတွင် တွေးရင်း ငေးရင်း ရင်ထဲ အလိုလိုနင့်လာသည်။

သေချာပြီ။ ဒါဟာ အချစ်လို့နာမည်တပ်ရမည့် ဆေဒနာသာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးအေးဆေးဆေး စကားပြောချင်တယ်"ဟူသော သူ့စကားအောက်မှာ သူမ မငြင်းဆန်ဝံ့ခဲ့ပေ။ ကန်တော်ကြီးရေပြင်က ပုံမှန်နှုန်းနှင့် တိုက်ခတ်နေပေမဲ့ သူမ ရင်ထဲက ရင်ခုန်နှုန်းကတော့ သာမန်ထက် ပိုနေမည်ဆိုတာ အတတ်သိရလေသည်။ အဝေးဆီသို့ မျှော်ငေးရင်း သူ့နှုတ်ဖျားမှ စကားတချို့ ခုန်ထွက်လာသည်။

"ဘဝမှာ ပထမဦးဆုံး ချစ်ဖူးတာ စိမ့်ညို၊ အရင်က ကိုယ်စီးပွားရေးပဲ စိတ်ဝင်စားခဲ့တာ၊ ပညာသင်ချိန်တုန်းကလည်း ပညာရေးပဲ၊ ကိုယ် စိမ့်ညိုကို ဘဝလက်တွဲဖော်အဖြစ်ထိ ရည်ရွယ်ထားပါတယ်၊ ယုံပါ စိမ့်ညို၊ ကိုယ့်မိဘကလည်း ကိုယ့်သဘောပါပဲ၊ ဖေဖေတို့က ပွင့်လင်းခေတ်မီပါတယ်၊ ဒါ အခုံးစွန်အထိ ပြောပြတာပါ၊ စိမ့်ညို စဉ်းစားနိုင်အောင်လို့ပါ၊ ကျွန်တော့်ကို စဉ်းစားပေးပါနော်"

မွန်ရည်သော အပြောအဆိုတွေကြောင့် ရင်ထဲကြည်နူးရသည်။ ရှက်ပြုံးတစ်ခုကို အသာဆင်မြန်းရင်း ...





"ပြန် ... ပြန်ရအောင်နော်"

သူ အသာပြုံးသည်။

"အဖြေရောဟင်"

"ဆန္ဒ မစောပါနှင့်ရှင်"

"ကျွန်တော် ပျော်ချင်လို့ပါ"

"ခု ပျော်လိုက်တော့"

"ဘယ်လို"

ရှက်ရှက်နှင့် ပြေးထွက်ခဲ့သည်။ ခုချက်ချင်း ရည်းစားစကားပြော ခုချက်ချင်းအဖြေပေးလိုက်လို့ လွန်သလားတော့မထင်။ ရင်ထဲက အချစ်စစ်ကိုဖုံးကွယ်ဖို့တော့ခဲယဉ်းလှပါသည်။ အသက်နှစ်ဆယ့်ခြောက်နှစ်မှ ရည်းစားစထားဖူးကာ တကယ်လည်း ချစ်သော စိမ့်ဟာ မောင့်အပေါ် မြတ်မြတ်နိုးနိုး ချစ်ခဲ့ရသည်လေ။

မောင် ကိုယ်တိုင်ကလည်း စိမ့်အပေါ် တကယ်ချစ်ခဲ့သည်မို့ ပျော်ရွှင်ရသည်။ မောင့်ရင်ခွင်မှာ ပါးအပ်ရင်း လှပသော ဘဝကို စိတ်ကူးယဉ်ရလေသည်။ နဂိုတည်းကလည်း အချစ်တွေ ရည်းစားအကြောင်းတွေ ပြောဖို့ စိတ်မဝင်စားခဲ့တာကြောင့် ဒီဒီ့ကို ပြောရမှာလည်း ရှက်နေ၍ မပြောဖြစ်ခဲ့ပါ။

အချစ်ရဲ့တန်ခိုးတွေကြောင့် လူက အလုပ်ခွင်ထဲမှာ အရင်ထက် လန်းဆန်းပျော်ရွှင်ကာ လောကကြီးသည် လှပခြင်းဖြင့် ပြည့်စုံခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးလတာသော အချိန်တို့သည် ပုံမှန်ပင် တရွေ့ရွေ့နှင့် ကုန်ဆုံးခဲ့လေသည်။ တစ်နေ့သော ညနေခင်း၌ ...

"စိမ့်ရေ ဒီနေ့ညစာ ငါကျွေးမယ်နော်၊ ပြောစရာလည်းရှိလို့ သိလား"

လုပ်လက်စ အလုပ်ကိုတော့ ပြီးပြတ်အောင် လုပ်လိုက်သည်။ ရုံးဆင်းချိန်ထက် တစ်နာရီ ပိုစောဆင်းလာခဲ့သည်။ ကားကို သက်သောင့်သက်သာ မောင်းရင်း ဒီဒီ့ မျက်နှာက ပြုံးမြနေသည်။ အေးဆေးကျယ်ဝန်းသော ခြံဝင်းထဲသို့ မောင်းဝင်ကာ သီးသန့်အိမ်လေးတွေဆီ လျှောက်လာခဲ့သည်။

"ဘာစားမလဲ"

"ရပါတယ်၊ နင်ပဲ မှာပါ"

"ဒီမှာ ငါးရံ့အူ ကောင်းတယ်၊ မြင်းခွာရွက်သုပ်လည်း ကောင်းတယ်၊ မြန်မာထမင်းဟင်း စားရအောင်၊ စားမလား"

ခေါင်းကို အသာညိတ်ပြလိုက်သည်။ မောင့်ကို ရုတ်တရက် သတိရမိသည်။ မောင်နှင့် လာစားဦးမှပဲဟု တွေးမိသည်။

"နင် ဘာပြောမလို့လဲ ဒီဒီ"





ဒီဒီ ကျိတ်ရယ်သည်။ သိလိုက်ပြီ။ ရှက်ရယ်မျိုး။ အသာပြုံးကာ မေးလိုက်သည်။ ထမင်းဟင်းတွေ ရောက်လာ၍ စားဖို့ပြင်ရသည်။ အရသာတွေ့လွန်းသော ထမင်းဟင်းတွေကို ငုံပြိန်မြိန်စားရင်း စကားမဆိုမိကြ။ တစ်ဝက်လောက်ကုန်မှ ...

"ပြောလေ မိဒီရယ်၊ စားနေတာပဲ၊ ကဲ ပြော၊ နင့်ဟာက အလုပ်ကိစ္စ ဟုတ်ဟန်မတူဘူး"

"ပြောမှာပေါ့"

ဟုဆိုကာ အချိုရည်မှာသည်။ အချိုရည်ကို အသာ စုပ်ရင်း ...

"ငါ လက်ထပ်ရတော့မယ်"

"ဘယ်လို"

အံ့သြသွား၍ သောက်လက်စ ဟင်းရည်တောင် သီးမလို။

"ဒယ်ဒီက သမီးလည်း မငယ်တော့ဘူး၊ သင့်တော်တာတွေ့ပြီဆိုတာနှင့် စီစဉ်တော့မယ်ဟ၊ စေ့စပ်တော့မှာ"

"နေပါဦး၊ နင်က အချစ်ကို တွေ့လို့လား"

ဒီဒီ အကြောင်းကို သိသည်မို့ အလောတကြီး မေးလိုက်သည်။ ဒီဒီက ခေါင်းကို တစ်ချက်ညိတ်စဉ် စားပွဲထိုးလေး ဝင်လာ၍ စကားစပြတ်သွားသည်။ ဘီလ်လာပေးကာ လက်ထဲမှာလည်း အထုပ်တွေနှင့်။ စကားစကို အသာထားကာ ...

"ဒါတွေက ဘာလုပ်ဖို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ဖားသားကြီးဖို့လေ၊ အန်ကယ်က ပုစွန်ဆီပြန် သိပ်ကြိုက်တာ မဟုတ်လား၊ ပြီးတော့ တမာရွက်နုနုသုပ်ရော သိပ်မခါးဘူးဟာ၊ လူကြီးတွေနှင့် သင့်တယ်၊ နင်ကျတော့ တီးနေပြီးတော့"

ဒီဒီ့ စေတနာက ကောင်းလွန်းလှပါသည်။

"အိမ်မှာ ရှိသားပဲဟယ်၊ ချက်ပြီးသားတွေ"

"အမယ်လေး ... နင်ကလည်း၊ ဒီဟာပဲစား၊ ငါကစေတနာနှင့်ဟာ"

စားသောက်ပြီးဗိုက်တင်းတင်းနှင့် ပြန်ထွက်လာလေသည်။

"ဆက်ပါဦး ဒီဒီရယ်၊ နှင့်ဟာက ကောင်းခန်းမှ ကြော်ငြာဝင်နေပြန်ပြီ၊ကဲ ... နင်ကအဲဒီလူကို ချစ်တယ်ပေါ့၊ ဟုတ်လား"

"အေး ... သူ့ကို ချစ်တယ်"

"ဟာဟ ... အဆန်းသားပဲ၊ အဲဒီလူဟာ တကယ့် ကံထူးရှင်ပဲ၊ ဘယ်သူလဲ"

"ကိုသော်တလေ"

"ဘယ်လို"

"ကိုသော်ကလေ၊ ကိုသော်က"

လူတစ်ကိုယ်လုံး လေထဲမြောက်တက်သွားသလို ခံစားရသည်။ ဘုရား ... ဘုရား၊ မြတ်နိုးရသော မောင်။ သူမကို ရက်စက်ပြီလား။ ဒီဒီ့မျက်နှာကို မယုံသလို ငေးနေမိသည်။ ဒီဒီ





ဘ ရှေ့ကိုကြည့်ကာ ဂရုတစိုက် ကားမောင်းနေသည်။ ဒီဒီ့မျက်နှာက ပြုံးနေသည်။ ဒီအပြုံးကို သူမ သိသည်။ ရင်ထဲကလာတဲ့ အပြုံး။ ဒီအပြုံးမျိုး သူမ ပြုံးဖူးသည်။

"ကိုသော်ကကို ငါ ချစ်တယ်၊ သူဟာ ငါ့အဖို့ မငြင်းနိုင်တဲ့ လူတစ်ယောက်ပဲ၊ သူ ငါ့ကို စိုးမိုးနေတာ ကြာပြီဟ၊ ဒါပေမဲ့ ငါ့ဘက်က သူ့ကို ဘာမှမဆွဲဆောင်ခဲ့ပါဘူး၊ ရင်ထဲက အချစ်ကို မျိုသိပ်ထားရတာပေါ့ဟာ၊ ဒယ်ဒီက ဟိုတစ်ပတ်ကမှ ဖွင့်ပြောတာ၊ ကိုသော်က မိဘတွေက စပြီး ကမ်းလှမ်းတာဟ၊ ဒယ်ဒီက ငါ့ကို အတင်းတော့ မတိုက်တွန်းဘူး၊ ဒါပေမဲ့ သင့်တော်တယ် မငြင်းသင့်ဘူးတဲ့၊ အဓိက,ကတော့ ငါ သူ့ကိုချစ်လို့ လက်ခံလိုက်တာပါပဲ၊ ဒါ နင့်ကို ပထမဦးဆုံး စ,အသိပေးတာ"

တောင်ဆယ်လုံး ဖြတ်လာရသလို ရင်ထဲမှာ မောဟိုက်နေသည်။ ကားထဲသို့ တိုးဝင်လာသော လေနုအေးတို့က ရင်ကို မအေးမြစေပါ။ မောင် ... မောင် ... သူမကို ညာခဲ့တာသား။ မောင့်ကို မမုန်းရက်ပါ။ သို့သော် ...။ ချက်ချင်းဝဲတက်လာသော မျက်ရည်တို့ကို မျက်တောင်အသာ ပုတ်ခတ်ရင်း စကားတချို့ကို အားတင်းဆိုလိုက်သည်။

"ကိုသော်က,ကရော ဘယ်လိုလဲ၊ သူ့မှာ ချစ်သူတွေ ဘာတွေ ရှိမနေရင်ကော"

ဒီဒီ ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့မိဘတွေက သေချာပေါက် လာပြောတာပဲ၊ သူ့
သဘောလည်း ပါမှာပေါ့၊ ဒီလောက် တုံးမယ်မထင်ပါဘူး၊
သူ့မားသားကြီးက ငါ့ကို တော်တော်သဘောကျနေတာ၊
ငွေအရှာကောင်းလို့လားတော့ မသိဘူး၊ ပြောရဦးမယ်၊
သူ့ဘွားတော်ကြီးက နည်းနည်းမောက်မာချင်တယ်၊ အဘိုး
ကြီးကတော့ ပြည့်ပါတယ်"

ပညတ်ထားတဲ့ မောင့်မိဘရဲ့ သဘောထားကို မောင်
မလွန်ဆန်ရဲပါဘူး ထင်ပါရဲ့လေ။ အိမ်ရှေ့သို့ ကားအသာရပ်ပေး
ကာ ဒီဒီ ပြုံးရင်း ဆိုသည်။

"နင်လည်း ရှာတော့"

ရင်ထဲက ဝေဒနာ ဒီဒီ မသိပါဘူးလေ။ အဖေ့ကို
ကားပေါ်မှ နှုတ်ဆက်သွားသည်။ ပူပူနွေးနွေး ပုစွန်ဆီပြန်ဟင်းက
အဖေ့ကို ခံတွင်းတွေ့စေသည်။ စားရင်းမှ ဒီဒီ့ကို မေတ္တာပို့သည်။
ဒီလောက်စေတနာကောင်းတဲ့ ကလေးမ ဘယ်တော့မှ စိတ်မဆင်းရဲ
ရဘူးတဲ့။ အဲဒီလိုစိတ်မဆင်းရဲရဖို့ အဖေ့သမီးနှလုံးသားနှင့် စတေးရ
မည်ဆိုလျှင် အဖေဘယ်လိုနေမလဲ မသိချေ။

ချက်ချင်း အဖေ့ကို ရင်ဖွင့်ချင်လာသည်။ တားမရ
သော မျက်ရည်တို့က တာကျိုးလာသည့်နှယ်။ အသေးစိတ်ကို
အတိုချုံးကာ အဖေ့ကို ရှင်းပြလိုက်သည်။ ဝမ်းနည်းစိတ်ကြောင့်
မျက်ရည်တို့က ကျဆဲ။ အဖေ့ ရင်ခွင်ကို မျက်နှာအပ်ငိုတော့
အဖေက ခေါင်းကို အသာပွတ်ရင်း ဆိုသည်။





"အဖေတို့ အခြေအနေ သမီး အသိပဲ၊ ကျန်းမာရေးမ
ကောင်းတဲ့ အဖေ ဒီလောက် အသက်ရှင်နေနိုင်တာ၊ သမီး
လည်း သာမန်ဘွဲ့လေးနှင့် လူတန်းစေ့ နေနိုင်တာ၊ အဖေ
တို့ဘဝ ကြွေးရှင်း မြီရှင်း အေးအေးချမ်းချမ်း နေနိုင်တာ၊
ဘယ်သူ့ကြောင့်လဲ ဆိုတာ သမီး အသိဆုံး၊ သမီးကို
အဖေ ဘာလုပ်ပါဆိုပြီး မတိုက်တွန်းချင်ပါဘူး၊ သမီးဘာ
သာ ဆုံးဖြတ်ပါ သမီး၊ တစ်ခုတော့ ပြောမယ်၊ သမီးနှလုံး
သားမှာ အမှန်စစ်စစ် ချစ်သူကိုတွေ့ပြီးပြီ၊ အဲဒီအချစ်ကို
လည်း ရပြီဆိုရင် ကျေနပ်ပါ၊ နှလုံးသားရဲ့ လစ်ဟာမှုကို
ခဏဖြည့်တင်းပြီးပြီပဲကွယ်၊ ပိုင်ဆိုင်ခြင်းက အဓိကမဟုတ်
ပါဘူး၊ ဒီဒီဟာ သမီးသူငယ်ချင်း၊ 'အဖေ့ရဲ့ကျေးဇူးရှင်၊
သမီး မြဲမြဲ မှတ်ပါလေ၊ ကဲ … ကဲ နားတော့၊ အဖေလည်း
ထမင်းစားကောင်းကောင်းနှင့် အိပ်ချင်ပြီကွယ်"

နေ့စဉ်ဝတ္တရားအတိုင်း ကန်တော့လိုက်သည်။ ရင်
…မှာ မချိပါ။ အဖေ့စကားတို့က နားထဲက မထွက်ပေ။ နှလုံး
…က တကယ်ချစ်ခဲ့တဲ့သူကိုလည်း တွေ့ပြီ။ အဲဒီချစ်သူဆီက
…ချစ်ကိုလည်း ရပြီဆိုရင် …။

မျက်ဝန်းကို မှိတ်လိုက်သည်။ ပါးပြင်ပေါ်သို့ ပုလဲ
…များ ဖြတ်စီးသွားသည်။ အရာအားလုံး သူမအပြစ်သာ ဖြစ်
သည်။ မနက်ဖြန်မှာ မောင်နှင့် အကောင်းဆုံး လမ်းခွဲနိုင်ဖို့
…အင်တွေ မွေးရဦးပေမည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ရှင်းပြပါရစေ စိမ့်၊ မေမေ စီစဉ်တာပါ၊ မောင် ဒီဒီကို မချစ်ဘူး၊ မောင်ချစ်တာ စိမ့်ပါ"

မောင် ဘာဆက်ပြောရမှန်း မသိ၍ထင့် စကားရပ် သွားသည်။ ကန်ရေပြင်ကို ငေးကြည့်ကာ တစ်လုံးချင်း ဆိုမိသည်

"မောင်ပြောချင်တာ အကုန်ပြောပါ၊ စိမ့်နားထောင်နေတယ် ဒါပေမဲ့ ပြီးရင် စိမ့်ကို ပြောခွင့်ပေးပါ"

မောင်ဘာမျှမပြော ခေါင်းငိုက်စိုက်နေသည်။ တစ်ဦ လုံးလုံး အသည်းကျွမ်းသည့် ဝေဒနာက မိုးစင်စင် လင်းခါနီး ပြီးသွားသည်။ ငိုလို့လည်း အားရပြီ။ ရင်ထဲမှာလည်း ဘာမှမကျ တော့။ ပြီးပြီ။ အပြင်းထန်ဆုံး ပေါက်ကွဲပြီး ငြိမ်သက်သွားသ သူမ နှလုံးသားလည်း လောင်ကျွမ်းကာ ဘာမှမကျန်တော့။ ခံစာ ချက်ဆိုတာ မရှိတော့။

"ဒီဒီဟာ စိမ့်ရဲ့ကျေးဇူးရှင်ပါ မောင်၊ သူ့ကျေးဇူးတွေ ဆပ်ဖို့လမ်းကို ဒီတစ်သက် ရှာခဲ့ပါတယ်၊ ဒါပေမဲ့ သူ ကျေးဇူးတွေသာ တင်တင်လာတယ်၊ စိမ့်က မဆပ်နိုင်ခဲ့ ဘူး၊ ဒီဒီဟာ မောင့်ကို ချစ်ပါတယ်၊ မောင့်အနေနှင့်လည်





ဒီဒီ့လို သဘောထားပြည့်ဝတဲ့ မိန်းကလေးမျိုးကို အချိန် ကြာလာတာနှင့်အမျှ ချစ်လာမှာပါ၊ မောင့်ဘက်က လက် ထပ်ဖို့ ကြိုးစားပစေဦးတော့ စိမ့် လက်မခံပါဘူး၊ ကိုယ့် ကျေးဇူးရှင်ရဲ့ ခင်ပွန်းလောင်းကို လုမယူရဲဘူး မောင်၊ ပိုပြီး အဓိကကျတာက ကျေးဇူးရှင်ရဲ့ နှလုံးသားကို မနင်း ရက်တာပဲ၊ စိမ့် ကျေနပ်ပါတယ် မောင်၊ မောင့်ဆီကအချစ် တွေကို ပထမဆုံး ရရှိနှင့်တင် ကျေနပ်ရပါပြီ ...

"ဒီတော့ မောင် ကျေနပ်ပါတော့၊ စိမ့်စိတ်ကို မောင် သိပါတယ်၊ စိမ့် ဒါစိတ်ကောက်လို့ စိတ်ဆိုးလို့ ပြောနေတာ မဟုတ်ပါဘူး၊ အေးအေးဆေးဆေး ရှင်းပြနေ တာပါ၊ ဖြစ်နိုင်ဆုံးကို ပြောနေတာပါ၊ မောင်နှင့် အေးအေး ဆေးဆေး လမ်းခွဲချင်ပါတယ်၊ ဪ ... မောင့်ဆီက နောက်ဆုံးတစ်ခု တောင်းဆိုချင်ပါတယ်"

မောင့်မျက်နှာ ဝင်းသွားသည်။ မောင့်ရင်ထဲမှာလည်း ဘေးကြေကွဲနေရမည် ဆိုတာ နားလည်ပါသည်။ ကျေနပ်တယ် မောင်။ မောင့်အချစ်တွေထက် အဖိုးတန်တာ ဘာရှိမှာလဲ။ ကျေ နပ်တယ် မောင်၊ အသည်းကွဲရတာ ကျေနပ်တယ်။

"ပြောပါ စိမ့်၊ မောင် အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးမယ်"

"မောင်နှင့် စိမ့်ရဲ့ ဇာတ်လမ်းကို ဒီဒီ လုံးဝမသိစေချင်ပါဘူး"

မောင် မျက်နှာတည်သွားသည်။

"စိတ်ချပါ စိမ့်၊ မောင် ဖြည့်ဆည်းပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် မောင်၊ ပြန်ကြရအောင်"

ကုန်တော်ကြီးစောင်းမှ ကားလေးကို မောင် အသ မောင်းထွက်လာခဲ့သည်။ မောင့်နံဘေးမှာ အသာထိုင်ရင်း မျ ဝန်းတို့ကို မေးလိုက်လာသည်။ အပြစ်တွေဟာ စိမ့် အပြစ်ပါ ဒါပေမဲ့ ကျေနပ်ပါတယ် မောင်။

မောင့်ရဲ့အရိပ်၊ မောင့်ရဲ့အိပ်မက်တွေက သူမ ရစ်တွယ်ဦးမှာပါ။ နှုတ်ဆက်လမ်းခွဲဟာ ကောင်းကောင်းမွန်မွ ဖြစ်ခဲ့ရတဲ့အတွက် ဝမ်းသာမိတယ်။ ဒါပေမဲ့ သေချာတယ် မော သူမ ရင်ထဲက နှလုံးသားဟာ ကျွမ်းသွားပြီမို့ ဘယ်တော့ အသစ်ပြန်လည် ရှိလာမှာ မဟုတ်တော့ချေ။

မောင့်ကိုလည်း မေးချင်တယ်။ နှလုံးသားက ဖျ တာလား၊ ကျွမ်းသွားတာလား။ မျက်ဝန်းမှာ အဖေ့ရုပ်သွင်နှ ဒီဒီ မျက်နှာကို တွေ့မြင်မိသည်။ သူမနှလုံးသားနှင့် စတေးခဲ့တ ကျေးဇူးတွေ ဒီဘဝ ကျေပါစေလို့ ဆုတောင်းရင်းနှင့်သာ ...

❦ ✪ ❦

အပျိုစင် မဂ္ဂဇင်း

(၂၀၀၀)၊ ဩဂုတ်လ

# ဆုမြတ်မွန်မွန်

## မိုးမနက်ခင်း




www.burmeseclassic.com

www.burmeseclassic.com



# မိုးမနက်ခင်း

ကျွန်မရဲ့ ဒုတိယမြောက် ပုံနှိပ်ဖော်ပြခြင်းခံရတဲ့ ဝတ္ထုတိုလေး ဖြစ်ပါတယ်။ လိုအပ်ချက်တွေ အများကြီးရှိပေမဲ့ လွန်ခဲ့သော ခုနစ်နှစ်ခန့်က အသက် (၁၇)နှစ်အရွယ် ကောင်မလေး တစ်ယောက်အတွက် ကြီးမြတ်သော မျှော်လင့်ခြင်းတစ်ခုပါ။

www.burmeseclassic.com

www.burmeseclassic.com



မိုးတွေ သည်းထန်စွာ ထစ်ချုန်းရွာနေတဲ့ တစ်နေ့မှာ
လောကကြီးထဲကို သူမ စတင်ရောက်ရှိခဲ့လေသည်။ မိုးခေါင်နေ
ရာမှ မရွာစဖူး ထူးထူးကဲကဲ ရွာစဉ်မှာ သူမကို မွေးဖွားခဲ့သည်
အတွက် မင်္ဂလာရှိသော သမီးလေးအဖြစ် သူမရဲ့ မိဘနှစ်ပါးက
လည်း အင်မတန်ဝမ်းမြောက်ဂုဏ်ယူ ကြည်နူးကာ သမီးဦးလေး
သူမအပေါ် အချစ်ပိုခဲ့ရလေသည်။

ထို့ကြောင့်လည်း သူမကို 'မိုးဇကရီ'ဟု လှပစွာ
အမည်သမုတ်ခဲ့လေသည်။ သူမသည် မိုးကို လှုမှန်းသိတတ်စက
ပင် ချစ်ခဲ့သည်။ ဒီပြင်ကလေးတွေ မိုးရွာပြီး မိုးခြိမ်းလျှ
ကြောက်လန့်ငိုယိုကြပေမဲ့ သူမကတော့ မေမေ့ ရင်ခွင်ထဲမှာ
လက်မလေး စုပ်ရင်း ရယ်မောနေခဲ့သည်ဟု မေမေက ပြောပြခဲ့
သည်။

သူမတို့ အိမ်လေးက တက္ကသိုလ်ရိပ်သာလမ်း
တည်ရှိသောကြောင့် သွားတတ်လာတတ်စ ဆယ့်သုံးနှစ်သမီးအရွယ်
မှ စ၍ အင်းလျားကန်ပေါင်ပေါ် ညနေခင်း မိုးအုံ့လျှင် သွားေ





ရှိလေသည်။ မိုးဖွဲဖွဲတွေအောက်မှာ လမ်းလျှောက်ရသောအရသာကို ခပ်ငယ်ငယ်ကပင် မက်မောတွယ်တာခဲ့သည်။

အစပိုင်း၌ မေမေက အင်မတန်ဆူပူခဲ့သည်။ သို့သော် မိုးနှင့် အထုံပါလာသော သူမက ဘယ်လောက်ပဲ မိုးစိုစို မဖျားမနာခဲ့ပေ။ မိုးတွေ ရွဲလာရင် အဝတ်အစားလဲကာ ကော်ဖီပူပူနှင့် ကွေးကာ နှပ်နေခဲ့ရသည့် အရသာကို အင်မတန်မှ နှစ်ခြိုက်ခဲ့လေသည်။

သူမရဲ့ ဖေဖေနှင့် မေမေကလည်း ပြည့်စုံကြွယ်ဝချမ်းသာသော လူများမို့ သူမရဲ့ ဘဝလေးဟာ သာယာချမ်းမြေ့ဖွယ်အတိနှင့် လှုတကာ ငေးမောအားကျစရာပင်ဖြစ်သည်။

တက္ကသိုလ် E မေဂျာ ပထမနှစ်ကျောင်းသူတစ်ဦး၊ ကျောလယ်ခန့်ရှိ ဖြောင့်စင်းနေလက်နေသော ဆံနွယ်ရှည်၊ မြင့်မြင့်မားမား၊ ခပ်ပြည့်ပြည့် ကိုယ်လုံးလေးနှင့် Fancy ဒီဇိုင်းလေးတွေမှ ဝတ်တတ်သော ချစ်စဖွယ် ကောင်မလေးကို ချစ်ခင်သူတွေ၊ ကြင်နာချင်သူတွေ အပြည့်ပင်။ သို့သော် သူမက မိဘနှစ်ပါးရဲ့ အေးမြသော မေတ္တာရိပ်အောက်မှာသာလျှင် ပျော်မွေ့ပါ၏။

တစ်နေ့သောညနေချမ်းတစ်ခု၌ မိုးတွေ ညို့လာလေသည်။ မေမေက မီးဖိုထဲတွင် ဒေါ်လေးမနှင့်အတူ ချက်ပြုတ်တုန်း။

"မေမေရေ မိုး လမ်းလျှောက်ဦးမယ်နော်"

"အေး အေး ... သိပ်အဝေးလည်း မသွားနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

'ဟုတ်'ဆိုသောအသံနှင့်အတူ သူမက တံခါးနား ရောက်နေပြီ။ အပြင်သို့ ရောက်ရောက်ချင်း မိုးနံ့က ဆွတ်ပျံ့လာသည်။ အားရပါးရ အသက်ရှူရင်း ပလက်ဖောင်းအတိုင်း လျှောက်လာခဲ့သည်။ လေတွေက ခပ်ကြမ်းကြမ်း တိုက်လာသည်။ ရုတ်တရက် မိုးမှောင်ကြီး ကျလာလေသည်။ ညနေ ခြောက်နာရီလည်း ထိုးပြီမို့ မှောင်ရိပ်ကျလာသည်။

မိုးစက် ခပ်ကြီးကြီးများက မြေပြင်ပေါ်သို့ ခပ်သွက်သွက် ပြေးဆင်းလာသည်။ ရုတ်တရက် မိုးက တအားကိုသည်းတော့သည်။ ဝတ်လာသည့် အင်္ကျီက ဒီနေ့မှ ခပ်ပါးပါးမို့ သူမ ဘတ်စ်ကားမှတ်တိုင်မှာ မိုးဝင်ခိုလိုက်ရသည်။

မိုးရော လေရော အတူပေါင်းပြီး အားသွန်ချနေသည်ကို သူမက အရသာခံကာ ငေးကြည့်နေလေသည်။ မိုးက နာရီဝက်မျှ ကြမ်းကြမ်းရွာကာ နောက်မှအရှိန်သေသွားသည်။ လက်မှ ရေစိုခံနာရီလေးက ခုနစ်နာရီကို ညွှန်ပြနေသည်။ အတော်ပင် မှောင်နေသည်။ လူသွားလူလာလည်း မရှိတော့။ မေမေလည်း စိတ်ပူနေလောက်ပြီ။ မိုးကလည်း ခပ်မှုန်မှုန်ပဲ ကျနေပြီမို့ သူမ အိမ်ပြန်ရန် ထလိုက်သည်။

လမ်းတစ်ဖက်သို့ ကူးနေစဉ်မှာပင် တစ်ဖက်မှ အသားကုန် မောင်းလာသောကားသည် သူမဆီသို့ အရှိန်မထိန်းနိုင်ဘဲ ပြေးဝင်လာလေသည်။ ကားမီးရောင်ကြောင့် သူမ မျက်လုံး





များ ပြာဝေသွားကာ ရုတ်တရက် ဘာမျှမမြင်ရတော့ချေ။ လမ်းကလည်း ချော်နေသည်မို့ သူမ ဗိုင်းခနဲပစ်လဲကျသွားကာ ခန္ဓာကိုယ်အောက်ပိုင်းဆီမှ အလွန်တရာ နာကျင်မှု ဝေဒနာကို ခံစားရပြီးနောက် ကမ္ဘာလောကကြီးနှင့် သူမ အဆက်ပြတ်သွားလေသည်။ အိပ်မက်ထဲမှာ သူမသည် မိုးရေတွေနှင့် ဆော့ကာ အသူတရာချောက်ကြီးထဲသို့ ကျသွားသည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



နာကျင်မှုးဝေနေသော ခေါင်းကို အသာဖိရင်းမှ သူမ သတိရလာသည်။ လည်ချောင်းတွေ ခြောက်ကပ်မှုဒဏ်ကို ဘယ်နှရက် ခံနေခဲ့ရသလဲမသိ။ ရေကို အတော်ပင်မွတ်သိပ်မိ၏။ သူမ ရေတောင်းစဉ်မှာ မေမေက ဝမ်းသာအားရ ရေတိုက်၏။ တစ်ပေါက်ချင်းကျလာသော ရေစက်လေးများကို အငမ်းမရခံယူရင်း မိုးတွေက တအားသည်းနေပုံကို ပြန်မြင်ယောင်လာသည်။

"မေမေ ... မိုး ဘယ်ရောက်နေတာလဲ"

မို့အစ်နေသော မေမေ့ မျက်နှာကိုကြည့်ရင်း တစ်စုံတစ်ခုကို စိုးထိတ်စွာ မေးလိုက်သည်။

"သမီး ... သမီးလေး"

မေမေသည် ထိန်းထားတာ မရတော့သည့်အလား ရှိုက်ကြီးတငင် ငိုလေတော့သည်။

မေမေ့နောက်မှာ ရပ်နေသော ဖေဖေလည်း မျက်နှာမကောင်း။ ဒေါ်လေးမကလည်း မျက်ရည်တစမ်းစမ်းနှင့်။ ဘာတွေလဲ၊ သူမ ရုတ်တရက် စိတ်တွေ ဆူဝေလာသည်။ ဆတ်ခနဲ အထ





တွင် သူမ အောက်ပိုင်းများ လှုပ်လို့မရတာ သတိပြုမိသည်။ ဘုရားရေ ... သူမ ခြေထောက်တွေ လှုပ်မရပါလား။ တုံ့ဆိုင်းဆိုင်းကြီး။ အို ... ဘာဖြစ်တာလဲ။ မှတ်မိပြီ။ အခြေအနေတစ်ရပ်ကို ပြန်လည်တူးဖော်မိပြီ။ မိုးသည်းညနေခင်း။ ရေစိုကာ ပြောင်ချောနေသော ကျွဲသားရောင် ကတ္တရာလမ်းမ။ အိမ်ပြန်ရန် လမ်းဖြတ်အကူး။ စူးရှသော ကားမီးနှစ်ဖက်။ အို ... ခန္ဓာကိုယ်အောက်ပိုင်းဆီမှ နာကျင်မှု။ အခြေအနေကို သဘောပေါက်ပြီ။

"မေမေ မိုး ခြေထောက်တွေ သွားပြီ၊ မရတော့ဘူးပေါ့နော်၊ ဟာ ... အဟီး ဟီး"

ကမ္ဘာကြီး လည်နေရာမှ ရပ်သွားသည်ထင်၏။ သူမ မျက်ရည်တွေ ဒလဟော စီးဆင်းသွားသည်။ မျက်လုံးတွေတွေ ကျိန်းစပ်လာသည်။ ဖေဖေနှင့် မေမေက သူမအတွက် ကြိုးစားပေးကြပါသည်။

သို့သော် သူမ ခြေထောက်နှစ်ချောင်းက မိမွေးတိုင်း ဖမွေးတိုင်း ပြန်ဖြစ်မလာ နိုင်တော့ပါ။

သူမကို တက်ကြိတ်သွားသော ကားကလည်း ဘဲဥ အစရှာမရသလို လုံးလုံးလိုက်၍ မရခဲ့ပေ။ ညဦးပိုင်း လူပြတ်ချိန်။ သူမဘက်က မျှော်လင့်ချက်ရောင်ခြည်တို့ မှေးမှိန်ခဲ့ရလေသည်။ သူမ ခြေထောက်ကလည်း အခြေအနေတစ်ရပ်ပေါ်မှာ မူတည်ပြီးမှ ပြန်ကောင်းနိုင်မည်တဲ့လေ။ မိဘနှစ်ပါးက ဘယ်လောက်ပဲ ငွေကုန်ခံနိုင်စေတော့။ ဆေးပညာက မီးနီပြလေ၏။



www.burmeseclassic.com

ဖူးပွင့်စပန်းလေး ညှိုးခြောက်ရသည့်အတွက် သူတကာက နှမြောဝမ်းနည်းရလေသည်။ အရင်တစ်ခါက မိုးဇော့ရီ ဟူသော ချစ်စဖွယ်မိန်းကလေးသည် မိုးရေဖွဲဖွဲထဲမှာလည်း မပြေးနိုင်တော့။ ငေးမောကာနေရသည့် သူမကိုယ်ပိုင် Mark IIကားအဖြူလေးကိုလည်း မောင်းနိုင်ခွင့်မရှိတော့။ ဟိုစဉ်က ကွန်ပျူတာခလုတ်များပေါ်တွင် ကျွမ်းကျင်စွာ ပြေးလွှားနေသော လက်ဖြူဖြူလေးများသည် ယခုအခါ Wheel Chair ကို လှည့်နေရလေပြီ။ အရင်အခါက သာလိကာမလေးလို ဘာသာစကားမျိုးစုံ အပြောလေ့ကျင့်သော နှုတ်ဖျားမှ စကားသံများလည်း တိတ်ဆိတ်သွားရပြီ။

အများတကာ ငေးမောချီးကျူး အားကျရသော ကောင်မလေးသည် ယခုအခါ သနားစရာကောင်မလေးအဖြစ်သို့။ ရှင်လျက်နှင့် သေသောဘဝလောက် စိတ်ဆင်းရဲစရာမရှိဟု သူမက ခံယူထားသည်။ အချိန်ကာလ ကြာလာသည်နှင့်အမျှ ရင်ထဲက ဝေဒနာက လျော့စပြုလာပါသည်။ အရင်က ဝင်လာမစဲ တသဲသဲ မေတ္တာစာများ၊ ဖုန်းများ၊ ချစ်စကားများသည်လည်း မှတ်သုံလေနှင့် ပါသွားလေပြီလေ။

ရင့်ကျက်သော အပြုံးများနှင့် တည်ငြိမ်စပြုလာသော သူမ နှလုံးသားသည် လူ့သဘာဝကို နားလည်လာသည်။ ဟန်ဆောင်ကမ္ဘာကြီးကို ငြီးငွေ့ခြင်းနှင့်အတူ သနားကြည့် ကြည့်နေသော မျက်ဝန်းများကိုလည်း ရွံမုန်းလာသည်။ နားလည်ပေးနိုင်





နွမ်းသော အေးအတူပူအမျှ ဟူသော စကားနှင့်အတူ အချစ်စစ်ကို သူမ နှလုံးသားက ချင်ခြင်းတပ်လာသောအခါ ဒီတစ်သက်မရတော့ပါဟူသော အသိနှင့် မျက်ရည်ကျရသည်။

မိုးသံ လေသံနှင့်အတူ အုန်းလက် လေတိုးသံတွေ ကြားရလျှင် ရင်မှာ ချိရလေသည်။ သို့သော် မိုးကို သူမ စိတ်မနာပါ။ ကံကြမ္မာကိုသာလျှင် သူမ ယိုးမယ်ဖွဲ့ရပေမည်။ သူမဘဝ အမှောင်ဖုံးသောနေ့ကို မမေ့ပါ။ မိုးတွေ သည်းထန်နေသော ဇူလိုင် ၁၈ ရက်နေ့သည် သူမ ဘဝတွင် မှတ်မှတ်ထင်ထင် ရှိနေလေသည်။ ဪ ... မနက်ဖြန်ဆို သူမဘဝ ဆိတ်သုဉ်းနေ့ တစ်နှစ်ပြည့်ပြီပဲလေ။

အထီးကျန်ဆန်နေသော သူမ၏ အဖော်များသည် ဒီဓာတ်ပြားများ၊ ဆရာမြသန်းတင့်ရဲ့ ဘာသာပြန်ဝတ္ထုများနှင့် သူမအတွက် ဖတ်ရှုရလွယ်သော သိပ်မခက်ခဲသည့် အင်္ဂလိပ်ဝတ္ထုများဖြစ်သည်။ မနက်ခင်း မိုးလင်းလျှင် ခြံထဲဆင်းကာ မေတ္တာနှုတ်ရွတ်လျက် ပန်းပင်လေးတွေကို ကြည့်ရခြင်းသည်သာ အလုပ်တစ်ခုလို ဖြစ်နေလေသည်။ သူမ ဒီလို တည်တည်ငြိမ်ငြိမ်ရှိတော့သည်း သူမ၏ မိဘနှစ်ပါးမှာ ဝမ်းသာရလေသည်။

သူမ၏ Wheel Chair ကလေးကို အသာတွန်းရင်း ခင်ဖက်ခြံစပ်နားသို့ ရောက်ရှိခဲ့လေသည်။ တစ်ဖက်ခြံမှာ လူမနေသေးသော တိုက်အသစ်လေးဖြစ်သည်။ တိုက်လေးမှာ သွပ်အပြာဆေးတွေ မိုးထားကာ အဖြူရောင်သုတ်ဆေးများဖြင့် နေချင့်စဖွယ်

www.burmeseclassic.com



တိုက်လေးဖြစ်သည်။ သို့သော် တိုက်လေးမှာ သခင်မရှိ၍ သူမလိုပင် ခြောက်သွေ့ အထီးကျန်နေလေသည်။ ညနေခင်း ထမင်းစားချိန်မှာတော့ သူမက စိတ်လိုလက်ရပင် ထိုအိမ်လေးအကြောင်း ပြောပြနေမိသည်။

"သမီးလေးက ကြိုက်လို့လား"

လက်ညှိုးညွှန်ရာ ရွှေဖြစ်စေသော ဖေဖေက သူမကို ထိုအိမ်လေးမှာ နေချင်လားဟု သဘောနှင့် မေးလေသည်။ သူမအတွက် တန်ဖိုးအရှိဆုံးအရာကို ဆုံးရှုံးပြီးနောက် လိုချင်တပ်မက်မှုဆိုတာ မရှိသလောက်ပင်။

"မကြိုက်ဘူး ဖေဖေ၊ အဲဒီအိမ်လေးရဲ့ ပိုင်ရှင်ကိုပဲ သိချင်တာ"

"မေမေ ကြားတာတော့ အဲဒီအိမ်ပိုင်ရှင်က မန္တလေးကပဲကွယ့်၊ သမီး ထမင်းယူဦးလေ"

"တော်ပြီ မေမေ၊ ဝပါပြီ"

သူမက အဲဒီ အိမ်လေးတဲ့ ပြတင်းပေါက်လေးတွေ ပွင့်လာမည့်အချိန်ကိုပဲ စောင့်နေသည်လေ။

❦ ✿ ❦





ပုံမှန်နေ့ တချို့ကို ဖြတ်သန်းရင်း အချိန်တို့ ကုန်လွန်လာခဲ့လေသည်။ တစ်နေ့မှာ သူမက ဆရာတော်ဦးဇောတိက (ဟာမြိုင်တောရ)ရဲ့ ဗုဒ္ဓရဲ့ရင်ခွင်မှာ စာအုပ်လေးကို အေးအေးငြိမ်းချမ်း ဖတ်နေလေသည်။ မေမေက အနားသို့ အသာဝင်ရပ်ရင်း…

"သမီးလေး ဟိုအိမ်လေးကို လူသစ်တွေပြောင်းလာပြီကွယ့်"

"ဟုတ်လား မေမေ၊ ဘယ်သူတွေလဲ"

"မေမေရဲ့ နှစ်ပေါင်းများစွာကွဲနေတဲ့ သူငယ်ချင်း မာလာခိုင်တဲ့ သမီးရဲ့၊ မနက်က ဈေးသွားရင်းနဲ့ တွေ့တာ၊ သူတို့မှာလည်း သမီးနဲ့ရွယ်တူ သားလေး ရှိတယ်၊ M.I.T က တဲ့၊ တတိယနှစ်လို့ပြောတာပဲ၊ အဲဒါ ညနေကျရင် သူတို့ကို မေမေ ညစာစားဖို့ ဖိတ်ထားတယ်၊ သမီးပါ ဝင်ရမယ်နော"

ဟိုးယခင်က မိနစ်ပါးနှင့်အတူ ညစာစားပွဲတွေ တက်ရောက်ခဲ့သော်လည်း သူမ အောက်ပိုင်းသေပြီးနောက် ပတ်ဝန်းကျင်နှင့်ဝေးရာ နေခဲ့လေသည်။ ထို့ကြောင့် မေမေက သူမကို ညွှန်းပြောခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် မေမေ၊ မိုးမှာ သတ္တိတွေ ရှိနေပါပြီ၊ မိုး မေ
မိတ်ဆွေမိသားစုနဲ့ တွေ့မှာပါ"

မေမေရဲ့ စီစဉ်ပေးမှုအရ သူမက အဖြူရောင် ဝ
စုံလေးနှင့် ဆံနွယ်ရှည်တွေကို ဂျူးလိယက်ပုံစံအတိုင်း ခပ်စင်းစ
ချထားလေသည်။ မျက်နှာကိုလည်း ခပ်ရှင်းရှင်းပြင်ထားပါသည်
သူမက ထမင်းစားခန်းထဲမှာပင် စောင့်နေကာ အသံများ
နားစွင့်နေလေသည်။ ရယ်မောသံနှင့်အတူ မေမေနှင့် ဖေ
အပါအဝင် ဥပဓိရုပ် ခပ်ကောင်းကောင်း အမျိုးသားကြီးန
မေမေ့ သူငယ်ချင်းတို့ ဝင်လာကြသည်။ သူတို့နောက်မှ အရ
မြင့်မြင့် အသားဖြူဝင်းဝင်းနှင့် နှစ်လိုဖွယ်ကောင်လေးတစ်ဦးက
တွေ့လိုက်ရလေသည်။

ကဲ ... ကြည့်စမ်း၊ ကောင်လေး မင်း ဘယ်လိုအကြ
တွေနဲ့ ကြည့်မလဲ။ ပထမတော့ ချစ်ခင်ဖွယ် မြတ်နိုးတဲ့အကြ
တွေပေါ့။ ပြီးတော့ အံ့ဩသွားတဲ့အကြည့်၊ သနားတဲ့အကြ
ရှိနေပါပြီကွယ်။ မိုးဇကရီအတွက် ရှိနေပြီ ကောင်လေးရေ

မိုးသည် သူ့ရဲ့ ဘယ်လိုနည်းနှင့် ကြည့်မည်ဆိုသေ
အကြည့်တို့ကို တစ်ဆိတ် ခပ်ငြိမ်ငြိမ်ပင် စောင့်နေလေသည်
အံ့ဩစရာကောင်းစွ။ သူဟာ နွေးထွေးနှစ်လိုဖွယ် အပြုံးတစ်ခုန
မိုးကို လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်ပြရုံကလွဲပြီး မပိုခဲ့ပါဘူ
ထမင်းစားပွဲမှာတော့ မေမေကပင် မိုးနှင့် သူ့ကို မိတ်ဆက်ပေး
ရလေသည်။





သူ့နာမည်က ကြည်ဖြူလွန်းတဲ့လေ။ သူ့ပုံစံလေးက
နာမည်နှင့်လိုက်အောင် ကြည်ကြည်စင်စင်လေး ဖြစ်တာကိုတော့
င်းမရချေ။ သူ့မိဘနှစ်ဦးကလည်း မိုးကို ခင်ခင်မင်မင် နွေးနွေး
ထွေးပင် ဆက်ဆံကြပါသည်။ သူ့မေမေက ...

"လောလောဆယ် ဒီမှာ သားက အဖော်လည်းမရှိဘူးဆို
ပြီး ပျင်းနေတာ၊ သမီးလေးနှင့် အဖော်ရတာပဲ"

"ဟုတ်တယ် မာမီ၊ မိုးက ကျွန်တော့်ကို ခင်ပါတယ်နော်"

မိုးသည် ခပ်ပြုံးပြုံးပင် ခေါင်းညိတ်ပြခဲ့ပါသည်။
ရဲ့ မျက်ဝန်းတွေဟာ နူးညံ့ခြင်းတွေအပြည့်နှင့် ဆိုတာတော့
င်းမရပါချေ။ တစ်ခုသေချာတာတော့ မိုးသည် သူ့ကို ခင်မင်
တာပဲဖြစ်သည်။

သက်မဲ့တွေနှင့်သာ အဖော်လုပ်ရသော မိုးအတွက်
သည် အဖော်ကောင်းဖြစ်ပါသည်။ သို့သော် လူတွေကို မယုံရဲ
သော မိုးတစ်ယောက် သူ့ကို လုံးဝ ဥသုံ မယုံရဲသေးပါ
တစ်ချက် တစ်ချက် သူက မိုးကို စိတ်ပျက်သလိုလိုနှင့် ...

"မိုးက ကျွန်တော့်ကို သိပ်မခင်ဘူးနော်"

"ထင်လို့ပါ၊ မိုးက စကားနည်းတယ်လေ"

"မိုး ညာတာပါ၊ အရင်က မိုးက သိပ် sharpဖြစ်တာပဲတဲ့"

"အရင်ကနဲ့ အခုမှ မတူတာ ကြည်ဖြူရယ်"

ထိုအခါမျိုးတွင် သူ့မျက်နှာက ဆွေးရိပ်သမ်းသွား
သည်။ ကောင်လေးရဲ့ မျက်ဝန်းတွေထဲမှာ သံယောဇဉ်အရိပ်

www.burmeseclassic.com

www.burmeseclassic.com



တွေ မြင်နေရသလိုပဲကွယ်။ ဒီဘဝမှာ ဖေဖေနှင့်မေမေပြီးရင် မိ သံယောဇဉ်တွေ ထပ်မတိုးစေချင်ပါကွယ်။ ဘယ်မိဘကမှလည် ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင် ကိုယ့်သားလေးကို ပွဲမတက်နိုင်တဲ လူတောမတိုးနိုင်တဲ့ ဒုက္ခိတ အောက်ပိုင်းသေမတစ်ယောက်နှ ကြည်ဖြူနေနိုင်မလဲကွယ်။

ဒါတွေဟာ ဘယ်သူ့ကြောင့်လဲ။ လောကကြီးဟာ မတရားပါပေ။ မိုးကို ရက်ရက်စက်စက် ကိုယ်ချင်းမစာဘဲ ကာ နှင့်ကြိတ်လိုက်သည်။ မျက်ရည်တို့က ဝေ့သီလာသည်။ အနောင် တောင်ထောင့်မှာ မိုးတွေ ညိုလာပြီ။

"မိုး ... မိုးရွာတော့မယ်၊ အိမ်ထဲဝင်ရအောင်နော်"

"မဝင်ဘူး ကြည်ဖြူ၊ မိုး ဒီအတိုင်းပဲနေမယ်"

"ဘယ်လို"

သူက အံ့ဩသလို အမူအရာနှင့် မေးသည်။

"ဒီလို မိုးတွေညိုနေတဲ့နေ့ပဲ မိုး ဘဝပျက်ခဲ့တာ"

သူက နားလည်စာနာသွားဟန်နှင့် ခေါင်း တွေးတွေးဆဆ ညိတ်သည်။ နောက် မိုးကို အကြင်နာမျက်ဝန်းမျ နှင့် ငေးကြည့်နေလေသည်။ မိုးဖွဲဖွဲလေးတွေက ကျစပြုလေ မိုးရဲ့ မျက်ဝန်းမှာလည်း ရွာမလိုဟန်နှင့်။ အဲဒီနေ့က မိုး အဖေ သည်းလာမှ အိမ်ထဲဝင်ခဲ့ကြသည်။ ဒူပေ နာပေခံနေကျဖြစ်သေ မိုးက ဘာမှ မဖြစ်ခဲ့ပေမဲ့ နောက်တစ်နေ့ မနက်မှာတော့ သူ ဖျားပြီး အိမ်ရာထဲက မထနိုင်တော့ပါချေ။





ဒါတောင် 'မိုး နေမကောင်းရဲ့လား' လို့ သူက ဖုန်း ဆက်မေးရသေးသည်။ မေမေကတော့ ကြည်ဖြူဟာ မိုးအပေါ်မှာ ကောင်းနိုင်လွန်းသူတစ်ယောက်ရယ်လို့ အမှတ်တွေ ပေးနေရသည်။ မိုး ရင်ထဲက တိတ်တဆိတ် မျှော်လင့်ခဲ့ဖူးတဲ့ အချစ်စစ်ဆိုတာကြီး ကို ဒီအချိန်မှာ မိုး မေ့ထားလိုက်ပါသည်။ ဟူး ... ရင်မောလေစွ။

ကြည်ဖြူ နေမကောင်း၍ သူမထံသို့ မလာနိုင်သော အခါ သူမ၏ စိတ်က ကြည်ဖြူ့ကို တမ်းတမ်းတတ ရှိလှသည်။ သို့သော် ကိုယ့်ဝမ်းနာ ကိုယ်သာသိ ဆိုသောအတိုင်း မေ့ဖျောက် လေသည်။ နွယ်လို မတွယ်ချင်ပါလေ။ သုံးရက်မြောက်သော နေ့ မှာတော့ သူမ မနေနိုင်တော့ဘဲ သတင်းမေးရန် စိတ်ကူးမိလေ သည်။ ထိုစဉ်မှာပင် ဂျာကင်တစ်ထပ်နှင့် အပြုံးနွမ်းနွမ်း ကြည်ဖြူ့ မျက်နှာလေးကို တွေ့လိုက်ရသည်။ ကြည်ဖြူက သူမနားမှာ အသာဝင်ရပ်ရင်းနှင့် ...

"ကိုယ် အရမ်းဖျားနေလို့ မိုးရဲ့၊ မိုးကတော့ မာမာပဲနော်"

"မိုးက အကျင့်ဖြစ်နေပြီ ကြည်ဖြူရဲ့၊ ဆောရီးပဲ ကြည်ဖြူ၊ မိုး စိတ်မကောင်းပါဘူး၊ မိုးကို ခွင့်လွှတ်ပါနော်"

သူက နှစ်လိုဖွယ်ပြုံးရင်း မျက်ခုံးနှစ်ဖက်ကို မြှင့် ကာ ...

"ဘာဆိုင်လို့လဲ မိုးရဲ့"

"အော် ... မိုးကြောင့် သူ ဖျားတာလေ၊ ပြီးတော့ မိုးက လူမမာ လာမမေးလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ကိုယ် နားလည်ပါတယ်၊ မိုးအနေနဲ့ လာရတ
ခက်ခဲမှာပေါ့"

"အင်း ... ဟုတ်တယ်၊ အခုရော ကြည်ဖြူ နေကောင်း
လား"

"ကောင်းပြီ မိုးရဲ့"

စကားဆက်ပြောစရာလည်း မရှိ၍ သူနှင့် သူ
တစ်ခဏမျှ မျက်ဝန်းတို့ ဆုံကြသည်။ အို ... သူ့မျက်ဝန်းတွေဟ
အဓိပ္ပာယ်တစ်မျိုးကို ဖော်ဆောင်နေသလိုပါပဲ။ သူ့ရဲ့ မျက်ဝန်း
ကို ဆက်၍ ရင်မဆိုင်ချင်စွာဖြင့် သူမ မျက်နှာလွှဲလိုက်သည်
သူ့ထံမှ ချိုသာသောစကားသံ ကြားရသည်။

"မိုး ပျင်းနေလား၊ ကိုယ်တို့ စစ်တုရင် ဆော့ရအောင်

"ကောင်းတယ်၊ မိုး ဖေဖေနဲ့ ဆော့နေကျ၊ ဆော့တာ
ဘာကြေးလဲ"

"မိုး ကြိုက်တာလောင်းပါ"

"အင်း ... ကြည်ဖြူ ရှုံးရင် မိုးကို ကြေးအိုးဝယ်တိုက်၊
ရှုံးရင်လည်း ကြေးအိုးတိုက်မယ်"

"အိုကေ ... စိန်လိုက်"

သူ့ဘက်က အခြေအနေ ကစားကွက်ကောင်းတ
ပေးပါလျက်နှင့် သူ တမင်အလျှော့ပေးမှန်း မိုး သိပါသည်
နောက်တစ်နေ့မတော့ မိုးကို သူကိုယ်တိုင်ပင် ကြေးအိုးဝယ်တို
ပါသည်။ အစအဆုံး စိတ်ရှည်လက်ရှည် မိုးကို လုပ်ကိုင်ပေး





သော သူ့ကို မိုး သံသယဝင်ချင်လာသည်။ သူ မိုးကို ချစ်နေ
လား။ မတွေးရဲပါချေ။

မိုးကို ရက်စက်စွာ နှိမ်ကြမည့် မျက်ဝန်းတွေကို မိုး
နိုင်ပါ။ သူကိုယ်တိုင်ကရော ခုချိန်မှာ ချစ်စိတ် မွန်နေပေမဲ့
င်တစ်ချိန်ချိန်မှာ ဂုဏ်တွေ ပွဲတွေအလယ်မှာ ဒုက္ခိတမတစ်
ယောက်ကို ပွဲထုတ်ရဲပါ့မလား။

မျက်တောင်တစ်ခတ်ကို မကြည့်ဘဲ မျက်စိတစ်ဆုံး
ကြည့်စေချင်ပါသည်ကွယ်။ မိုး သူမကိုယ်တိုင်ကရော ကြည်ဖြူကို
ချစ်နေမိပလား။ တစ်နေ့ တစ်နေ့ ကြည်ဖြူ့အရိပ်တွေ မျှော်ရတာ။
ကြည်ဖြူ ရယ်လိုက်တိုင်း ဖွေးခနဲ လက်သွားသော ပုလဲတန်း
သွားတွေကို ကြည့်ပြီး လိုက်ကြည်နူးမိတာ။ ဗဟုသုတကြွယ်ဝ
သော ကြည်ဖြူရဲ့ ပြင်ပအတွေ့အကြုံတွေ၊ ပျော်စရာကောင်းလှ
သော တက္ကသိုလ်ကျောင်းသားဘဝတို့ကို အားကျငေးမောရင်း
မှ တစ်ခါတလေ ကိုယ့်ခြေထောက်တွေတောင် ကိုယ် မေ့
လောက်ပါသည်။

ကြည်ဖြူက တစ်ခုခုကို စလိုက်လျှင် သူမက
ရိုက်ရိုက်ဖို့ ထလိုက်လျှင် အပြိုပြိုအလဲလဲ ပစ်လဲသွားတော့သည်။
အခါမျိုးတွင် သူမသည် သူမရဲ့ ကံခေလှသော ခြေထောက်
တွေကို ငုံ့ကြည့်ကာ ရက်စက်စွာ မောင်းပြေးသွားသော ကား
ဘီးကို မျက်စိထဲတွင် ပြန်မြင်ယောင်ကာ ရင်မှာ တဆတ်ဆတ်
ကျင်ရပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'မိုး ... မိုးရယ်' မချိုတင်ကဲ ရေရွတ်နေသေ
ကြည်ဖြူ့ ရင်ထဲတွင် ချစ်ခြင်းတရား ရှိနေသလားဟု ဝေ့သီဝ
လာသော မျက်ရည်တို့ကြားမှ သူမက တိတ်တဆိတ် တွေးေ
တော့သည်။





ဘုရားပန်း ခူးနေသော မေမေ့နံဘေး၌ သူမက ဟိုအပွင့် ဒီအပွင့်နှင့် ရွေးချယ်ပေးကာ အနား၌ ပျံဝဲနေသော လိပ်ပြာလေးတွေလည်း စရင်း တီဗီကြော်ငြာသီချင်းတစ်ပုဒ်ကို ဟန်ပါပါသီဆိုရင်း ပျော်မြူးနေလေသည်။ မေမေက သူမကို အေးအေးချမ်းချမ်းပြုံးကြည့်ကာ ...

"သမီးလေးဟာ အရမ်းကို ပျော်ရွှင်ချမ်းမြေ့လာလိုက်တာ၊ မေမေ ဝမ်းသာလိုက်တာကွယ်၊ ငါ့သမီးလေး အခုလိုပျော်ရွှင်လာတာ ကြည်ဖြူ့ ကျေးဇူးပဲကွယ်"

မေမေက သူ့ရင်ကို ထွင်းဖောက်သိသူပီပီ ပြောတော့ သူမက ရှက်စနိုးပြုံးသည်။ ခပ်ဟဟလေး ရယ်ရင်း ...

"ကြည်ဖြူက သမီးကို အားပေးတယ် မေမေ၊ ဘဝကို ဘယ်တော့မှ အရှုံးမပေးနဲ့တဲ့၊ အရှုံးမပေးဘဲ ဘဝကို ရင်ဆိုင်ပြီး အောင်မြင်တဲ့သူတွေအကြောင်းလည်း ပြောပြတယ်၊ စာအုပ်တွေလည်း ပေးဖတ်တယ်၊ သူဟာ တကယ် သမီးအတွက် မိတ်ဆွေကောင်းပဲ မေမေ၊ သမီးမှာ ခြေနှင် ဖက် မကောင်းပေမဲ့ လက်တွေက အကောင်းတဲ့၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



ဘဝရှေ့ရေးလည်း အဆင်ပြေအောင် သမီးလည်း ပတ်ဝန်းကျင်နဲ့ နီးစပ်အောင် သူက သမီးကို တက်တင်းထိုးတို့ နှစ်ချောင်းထိုးတို့၊ ဆွယ်တာထိုးတာတွေလေ သင်ပါလားတဲ့၊ စက်ချုပ်ရောပေါ့၊ စက်က မော်တာနဲ့ဆိုတော့ ခြေနင်း စရာမလိုဘူးတဲ့လေ၊ အဲဒါ သမီး သင်ရင်ရမလားဟင်၊ သူက အဲဒါ သမီး သေချာသင်တဲ့၊ ပြီးရင် အိမ်မှာ တစ်နိုင်လေးလုပ်ပေါ့တဲ့၊ မိန်းကလေးတွေနှင့်ပဲ အလုပ်လုပ်ရမှာ ဆိုတော့ အိုးမကွာ အိမ်မကွာနဲ့ သိပ်အဆင်ပြေမှာတဲ့ မေမေရဲ့၊ ဘယ်လိုပဲဟင်"

"အမလေး ဘယ်လိုပြောလိုက်တာလဲကွယ်၊ သိပ်ကောင်းတဲ့ အစီအစဉ်ပဲ၊ ဟုတ်တာပေါ့၊ မေမေတောင် မစဉ်းစားမိဘူး၊ မေမေတို့မှာ သမီးလေး မေမေတို့မရှိရင် ဘဝကို ဘယ်လို ရပ်တည်ရပါ့မလဲဆိုပြီး စိတ်ပူရင်မောနေရတာ၊ မေမေတို့မှာ သမီး ဘယ်လောက်ပဲဖြုန်းဖြုန်း မကုန်တဲ့ စည်းစိမ်တွေရှိနေ ပေမဲ့ ငါ့သမီးလေး ငွေပုံပေါ်မှာ စိတ်ဆင်းရဲနေမှာ မလိုလားဘူး၊ ခု သမီးက ကိုယ်ပိုင်အရည်အချင်းနှင့် အလုပ်လေး နှင့် ဆိုတော့ သမီးဘဝမှာ အဓိပ္ပာယ်ရှိတာပေါ့၊ သင် သင်၊ အမလေး ကြည်ဖြူဟာ သိပ် Sharp ဖြစ်တဲ့ ကလေး ပဲ၊ တွေးတတ်လိုက်တာကွယ်၊ တော်လိုက်တာ၊ ငါ့သမီး အတွက် တကယ့်မိတ်ဆွေပဲကွယ်၊ သမီးဖေဖေ သိရင် သိပ်ပျော်မှာ"





ထိုနေ့က ညစာထမင်းပွဲလေးမှာ အရင်နေ့ကထက် ပိုမိုစည်ကားနေခဲ့လေသည်။

မိဘနှစ်ပါးကလည်း အတော့်ကို ပျော်မြူးဝမ်းသာ နေကြလေသည်။

"သမီးက ဒီတစ်သက် သမီးလုပ်အားခနှင့် ဖေဖေတို့ကို မလုပ်ကျွေးရဘူးဆိုပြီး အရမ်းဝမ်းနည်းနေတာ၊ ခုတော့ သမီး သိပ်ပျော်တာပဲ သိလား"

သူမက ဝမ်းသာအားရ ဆိုလေသည်။ ကြည့်ပါဦး။ သူမ အရမ်းပျော်နေတာပဲ။

ကြည်ဖြူဟာ သူမဘဝရဲ့လမ်းပြကြယ်လေးပဲ။ သူမ ဘဝရဲ့ ရင်ခွင် အလင်းရောင်လေး။ သူမဘဝကို တစ်နေ့ တစ်နေ့ ပျင်းရိဖွယ် ကောင်းလှစွာနှင့် ဖြတ်သန်းရတော့မယ်လို့ ထင်ထား တာ။

ခုတော့ သူမဘဝဟာ အဓိပ္ပာယ်သိပ်ရှိခဲ့ပြီပဲ။

"နေပါဦး သမီး၊ အဲဒီပညာတွေ သင်ပေးမဲ့ ဆရာမကရော ကွယ်"

ဖေဖေက စိတ်ဝင်တစားမေးလျှင် ...

"ကြည်ဖြူ သူငယ်ချင်းရဲ့ အစ်မတဲ့ ဒယ်ဒီ၊ မမိမိရှိန် ဆို လားပဲ၊ သိပ်တော်တာတဲ့၊ ထိုင်းမှာတောင် သင်တန်းတက် လာတာတဲ့၊ ကြည်ဖြူ့မျက်နှာကြောင့် ဒယ်ဒီရဲ့၊ အိမ်လာ သင်ပေးမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီက တပြုံးပြုံးနှင့် ခေါင်းညိတ်၏။ မေမေက ပြုံးမြနေသော မျက်နှာနှင့် ထမင်းထပ်ထည့်ပေးသည်။ မိသားစု အားလုံးပျော်ရွှင်နေကြသည်။ ဒေါ်လေးမ၊ ဒရိုင်ဘာ ဦးဝ၊ ထမင်းချက် တင်တင် အားလုံးပျော်နေသည်။





များမကြာမီ ကြည်ဖြူရဲ့ အဆက်အသွယ်ကြောင့် မမိမိရှိန်နှင့် တက်တင်းထိုး စသင်ခဲ့သည်။ သူမက စိတ်ဝင်စားကာ စိတ်အားသန်ကာ တစ်ပတ်နှင့် တော်တော်တတ်မြောက်သည်။ မမိမိရှိန်ကလည်း သူမကို ချစ်ခင်ကာ သေချာဂရုတစိုက်နှင့် စိတ်ရှည်လက်ရှည် သင်ကြားပေးကာ ဆရာစားမချန်ချေ။ သူမကိုလည်း အားပေးသည်။ ဖေဖေ့ညီမ ဒေါ်လေးမကပါ စိတ်ဝင်တစား လိုက်သင်ကာ ပျော်နေရသည်။

တက်တင်းပြီးလျှင် နှစ်ချောင်းထိုး၊ တစ်ချောင်းထိုး၊ နောက် ထိုးစက်ဝယ်ကာ ထိုးစက်နှင့်နည်းပါ သင်ပေးသည်။ ကြည်ဖြူက ခေါင်းတညိတ်ညိတ်နှင့်။

"ဘယ်လိုလဲ ဆရာမကြီးရဲ့၊ တော်တော် တတ်နေပြီလား"

သူမက ရှက်စနိုး ရယ်သည်။ ပြန်ရန်ပြင်ဆင်နေသော မမိရှိန်က ...

"ကြည်ဖြူ သူငယ်ချင်းက သိပ် bright ဖြစ်တာ၊ ဒီနိုင်းသစ်လည်း မြင်တတ်တယ်၊ ကြိုးစား၊ ကဲ ... ပြန်မယ်"

ဦးဝက မမိကို ကြိုပို့တာဝန် ယူရသည်။



www.burmeseclassic.com

www.burmeseclassic.com



"တတ်ရင်လည်း ပြောဦး၊ ကိုယ် အနွေးထည် အပ်ချင်လို့"

"အမယ် အပ်စရာ မလိုပါဘူး၊ မိုးက မိုးအရမ်းကျွမ်းတာနှင့် ကြည်ဖြူ့ကို အရင် စထိုးပေးမှာ သိလား"

"အားပါး ... တကယ်လား"

"တကယ်ပေါ့"

ကြည်ဖြူက သူမနံဘေးမှာ ဝင်ထိုင်သည်။ သူမရင်ခုန်သံတွေ နွေးသွားသလို။

"စၾကချုပ်တတ်ရင်ကော"

"ကြည်ဖြူ ပုဆိုးတွေ ချုပ်ပေးမယ်၊ ရှပ်အဖြူတွေရော ပဲ"

ကြည်ဖြူက သဘောတကျနှင့် ဟက်ဟက်ပက်ပက်ရယ်သည်။ သူမက မြတ်နိုးစွာ လိုက်ငေးနေမိသည်။

ကြည်ဖြူက ရုတ်တရက် သူမလက်ကလေးကို ဆုပ်ကိုင်လိုက်သည်။ တစ်ခုခုကို ရင်ဖွင့်တော့မလို့။ သူမသည်လည်း အခြေအနေ တစ်ရပ်ကို မေ့လျော့စွာနှင့် နှုန်းမမြန်သော ရင်ခုန်သံကို မသိကျိုးကျွန်ပြုကာ ကြည်ဖြူ့စကားသံကို မျှော်လင့်နေမိသည်။

"မိုး ကိုယ်လေ"

သူမ မျက်ခုံးနှစ်ဖက်မြင့်ကာ နားစွင့်ထားလိုက်သည်။

သို့သော် ကြည်ဖြူက သူမလက်ကို ရုတ်တရက် ပြန်လွှတ်လိုက်ကာ မတ်တတ်ထရပ်လိုက်ပြီး ...





"မိုး လောကမှာ လုပ်တာမဖြစ်ရင် ဖြစ်တာလုပ်တဲ့၊ ဖြစ်ချင်တာ မဖြစ်ရင် ဖြစ်လာတာကို ကောင်းအောင် ကြိုးစားနော်"

ပင့်သက်ရှိုက်မော တစ်ခုနှင့် နှုတ်မဆက်ဘဲ ပြန်သွားသော ကြည်ဖြူ့ကို သူမ နားမလည်နိုင်အောင် ဖြစ်ရပါသည်။ တစ်ယောက်ရင်ထဲ တစ်ယောက် ထွင်းထွင်းဖောက်ဖောက် မြင်နေရဲ့သားနှင့် ကြည်ဖြူဟာ ဘာကို နှောင့်နှေးနေတာလဲ။ သူမရဲ့ ဆန်ပိုနေတဲ့ ခြေသေတွေကိုပဲလား။ ဟုတ်မှာပါ။ သူ့လိုပညာတတ်ချောမောပြည့်ဝနေတဲ့ ယောကျ်ားတစ်ယောက်က နှလုံးသားရဲ့ဆန္ဒကို ဦးနှောက်က မလိုက်လျောဘူး ထင်ပါရဲ့။ ကြည်ဖြူ့ကို အပြစ်မတင်ရက်ပါ။ သူမအပေါ် ကြည်ဖြူဟာ ဒီထက်ကောင်းနိုင်ပါ့မလားလေ။ ထိုညက သူမ တိတ်တဆိတ် မျက်ရည်ကျရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာလာက သမီးကို ချစ်တယ်တဲ့ကွယ်၊ ဘယ်အရာမဆို ကံစီမံလာတဲ့အတိုင်း ဖြစ်လာတာမို့ ဘာကိုပဲဖြစ်ဖြစ် သူ လက်ခံနိုင်တယ်တဲ့၊ ကြည်ဖြူလေး စိတ်ချမ်းသာမယ်ဆိုရင် သူတို့လင်မယားနှစ်ယောက်က ဘာမဆို လိုက်လျောမှာပဲ တဲ့၊ မာလာက သမီးနှင့် ကြည်ဖြူကို သဘောတူတယ်တဲ့ ကွယ်"

မေမေ့စကားသံအဆုံးမှာ သူမ သက်ပြင်းကို အသာ ချသည်။ အားလုံး အဆင်ပြေနေသည့် အချိန်မှာ ကြည်ဖြူဟာ ဘာအနှောင့်အယှက်တွေများ ရှိနေပါသလဲကွယ်။ ခုတလော ကြည်ဖြူ့ကို သိပ်မတွေ့ရ။ တစ်နေ့သော ညနေခင်း၌ သူမက ခြံထဲဆင်းကာ ကြည်ဖြူ့အတွက် ဆွယ်တာထိုးနေတာ ဖြစ်သည်။ စီဒီခွေတက်ပြားထဲမှ ထွန်းအိန္ဒြာဗိုရဲ့ "ခွေတက်ပြားဟောင်းတစ်ချပ်" သီချင်းကိုလည်း လွမ်းလွမ်းဆွေးဆွေး ခံစားနေချိန်ပင်။ ထိုစဉ် မှာပင် ...

"မိုး"





"သြော် ... ကြည်ဖြူ၊ မတွေ့တာတောင် နှစ်ရက်ရှိပြီနော်၊ ဘယ်သွားနေတာလဲ"

"ကိုယ်လား ... အင်း ... ဒီလိုပါပဲ၊ မိုး အဲဒါ ဘယ်သူ့ အတွက် ထိုးနေတာလဲ"

"ကြည်ဖြူ့အတွက်ပေါ့၊ မိုးရဲ့ ပထမဆုံးလက်ရာ၊ ဖေဖေ့ တောင် မိုးက မထိုးပေးသေးဘူး၊ ကြည်ဖြူ့ကို ခင်လွန်း လို့"

သူက မသက်မသာ ရယ်သည်။ ချစ်သူရယ် ဘာ များ စိတ်ညစ်နေရသလဲ။

"သြော် ... မိုး စက်ချုပ်လည်း တော်တော်ရနေပြီနော်"

"အင်း ... ရပြီ၊ မိုး ချုပ်ကျင့်နေတာ မဆိုးပါဘူး၊ တော် တော်တော့ ရပြီ၊ အား ... ကျွတ် ... ကျွတ်"

မျက်ရိုးကိုက်လာ၍ ရုတ်တရက် မိုး မျက်လုံးနှစ်ဖက် ကာ ညည်းညူတော့ ကြည်ဖြူက ပျာပျာသလဲလဲ။

"မိုး ဘာဖြစ်တာလဲဟင်၊ နေမကောင်းဘူးလား"

"မဟုတ်ဘူး၊ မျက်ရိုး ကိုက်တာ၊ မိုးက ဒီဘက်ကို အာရုံ စိုက်တာ များတော့လေ၊ အဲဒါကြောင့် ဟင်း ဟင်း"

"သြော် ... အရမ်းလည်း အိပ်ပျက်ခံ မလုပ်နှင့်လေ မိုး ရယ်၊ မျက်စိထိခိုက်နေမယ်"

သူ့ထံမှ အကြင်နာအပြည့်နှင့် စိုးရိမ်ဟန်လေးမြင် သူမမှာ ရင်ထဲ ပျော်ရွှင်ချမ်းမြေ့ရသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မျက်မှန်များ တပ်ရမလား မသိဘူးနော်

"အင်း"

တွေးတွေးဆဆ ပုံလေးနှင့် သူ ခေါင်းညိတ်သည်

မကြာပါချေ။ နှစ်ရက်လောက်ကြာတော့ သူ့ထံမှ မျက်မှန်လေး တစ်လက်ကို လက်ဆောင်ရရှိသည်။ မျက်မှန်လေးမှာ ဘဲဥပုံ ဝိုင်းဝိုင်းလေးဖြစ်ပြီး မိုး မျက်နှာနှင့် အထူးလိုက်ဖက်ပါသည် ပလက်တီနမ်နှင့် လုပ်ထား၍ တန်ဖိုးက မသေးပါ။

မိုးသည် မျက်မှန်လေးကို ကြည့်ကာ ကြည်နူးစိတ် ဖြင့် ရင်တွေ လှိုက်လှိုက်ခုန်နေသည်။ သူဟာ သိပ်အလိုက် ကြင်နာတတ်တာပဲ။ ဒီလိုချစ်သူမျိုးကို လက်လွှတ်ဖို့အတွက် တီးခဲ့တဲ့ သူမကို ကားနှင့်တက်ကြိတ်သွားတဲ့ သူကိုတော့ သ က သတ်ပစ်ချင်လောက်အောင် ရင်နာရသည်။

"ကြိုက်ရဲ့လား မိုး၊ ကိုယ်လည်း မှန်းလုပ်လာတာ၊ ပါ တော့ သိပ်မများဘူး၊ မိုး ချည်ထိုးရင် တပ်ထားနော်

"အင်း ... ကျေးဇူးပဲ၊ ကြည်ဖြူဟာ မိုးအတွက် တကယ့် best friend"

ထိုအခါမျိုးတွင် သူ့မျက်နှာက ခပ်လေးလေး တစ်ခုခုကို နက်နက်ရှိုင်းရှိုင်းတွေးကာ ပြုံးတတ်သည်။ သူ တော့ သူ့ကို ချစ်တဲ့စိတ်နှင့် ဘာကိုမျှ နားမလည်ပါချေ။

❦ ❂ ❦





သူမသည် စက်ချုပ်နှင့် ချည်ထိုး၊ ဇာထိုး ပညာများ ကို အပြီးကုန် တတ်မြောက်ခဲ့သည်မို့ မမီနှင့် ကြည်ဖြူ့ အကူ အညီနှင့်ပင် ထိုအလှဆင်လုပ်ငန်းလေးကို စတင်လုပ်ကိုင်ခဲ့သည်။ အမေရဲ့ မိတ်ဆွေများ၊ မမီရဲ့ မိတ်ဆွေများနှင့် မိုးရဲ့သူငယ်ချင်း များမှတစ်ဆင့် ရပ်ကွက်တွင်း နီးစပ်ရာ ပတ်ဝန်းကျင်၌ပါ မိုး လုပ်ငန်းက အောင်မြင်ခဲ့သည်။ အကျီပုံကောင်းခြင်း၊ ရက်ချိန်း မှန်ခြင်း၊ တက်တင်းဇာများ ဒီဇိုင်းဆန်းကာ လှပခြင်းနှင့် ဆွယ် တာများ ပုံလှကာ အဖိုးနှုန်းချိုခြင်းတို့ကြောင့် "မိုး အမျိုးသမီး အလှဆင်ရေး"မှာ အောင်မြင်ခမ်းနားလာသည့်နောက် ရပ်ရှင် ရုပ်ဆောင်များ၊ မော်ဒယ်လ်များအတွက်ပါ ချုပ်လုပ်ရတော့ သည်။

အဖော်အလုပ်သမား ကောင်မလေး ငါးယောက်မှ ယောက်အထိ တိုးမြှင့်ရသည်။ သူမရဲ့မိဘနှစ်ပါးကလည်း ကျွင်မဆုံး။ သူမကိုယ်တိုင်ကလည်း အလုပ်ပေါ်မှာ အထူး စား တန်ဖိုးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်ဖြူ့ဆွယ်တာလေး ပြီးသွားပြီမို့ ကြည်ဖြူ့ကို ပေးရန် wheel chair ကို အသာတွန်းကာ ထွက်လာခဲ့သည်။ မလာစဖူး အလာထူးသော သူမကိုကြည့်ကာ ကြည်ဖြူ အံ့သြ သည်။

"မိုး ဒုက္ခပဲ၊ လမ်းမှာ ထိခိုက်မိမှ၊ ကိုယ်လာမှာပေါ့၊ ဖုန်း ဆက်ခေါ်ရင် ရသားနှင့်"

သူက စိတ်ပူသလို ကရုဏာဒေါသနှင့် ဆူတော့ သူမက တိတ်တဆိတ်ပြုံးရင်း ...

"ကြည်ဖြူ့ ဆွယ်တာ လာပေးတာ၊ ကဲ ... ဝတ်ကြည့် ဦး၊ ဘယ်လိုလဲ၊ မိုး ထိုးတာ လှသလား"

သူ့မျက်နှာ ဝင်းပသွားသည်။ သို့သော် မကြာ ညှိုးကျသွားသည်။

ကြည်ဖြူရဲ့ သူမ ဘာမှနားမလည်အောင်ပဲ။

"ဒီအင်္ကျီကို မိုး ကျေကျေနပ်နပ် ဝတ်ခိုင်းမှပဲ ဝတ်တော့ မယ်နော်"

"ဘယ်လို"

"မိုး ကျေနပ်မှပဲ ဝတ်မယ်လို့"

"ခက်ပါလား၊ မိုးက ခုမကျေနပ်ဘဲနဲ့ အိမ်တိုင်ရာရောက် လာပေးပါ့မလား၊ ခက်တာပဲ ကြည်ဖြူ ရှင် ဘာဖြစ် တာလဲ၊ မိုးတော့ နားမလည်နိုင်အောင်ပဲ၊ ဟင် ... ပြော ဦး"





သူမသည် စိတ်လညီးတို ဝမ်းလည်းနည်းကာ ငိုသံ လာသည်။ သူကတော့ ခပ်ဆိတ်ဆိတ်နှင့် သူမကို ပြန်လိုက်ပို့ သည်။ သူမသည် သက်မဲ့တစ်ယောက်လို တွေတွေငေးငေး မျက်ရည်တွေတွေ ကျနေသည်။

ချစ်သူရဲ့ ရှင်မပေးချင်တဲ့ အရာကို ဖွတ်မတောင်း ဘူး၊ ရှင့်အခြေအနေ ရှင့်အဆင့်အတန်းနှင့် သူမကို ဒီလောက် ချစ်နိုင်တာပဲ ကျေနပ်ရပါပြီ။ ဘာလို့များ သူမကို စိတ်ညစ် အောင် ဖန်တီးချင်ရတာလဲ။

သူမကို ရှင့်ဦးနှောက်က လက်မခံဘူးဆိုတာ သိပါ သည်။ ဒါပေမဲ့ အမြတ်တနိုး မျက်စိကိုက်ခံပြီး ထိုးပေးတဲ့ အင်္ကျီ ကို မဝတ်ချင်လောက်အောင်တော့ မိုးအပေါ်မှာ ရက်စက်ဖို့ ကောင်းပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ပဋိပက္ခ အနည်းငယ်သာ ဖြစ်ပွားခဲ့ပြီးနောက် သူ
တို့၏ ဆက်ဆံရေးမှာ ပုံမှန်သာ ရှိလာခဲ့သည်။ တစ်နေ့မှာတော့
သူက ထူးဆန်းစွာပင် သူမကို စကားပြောရန် ချိန်းဆိုလေသည်။
အထူးတလည် ချိန်းဆိုသည်မို့ အပျော်တစ်ဝက်ဖြင့် wheel cha
၏ လက်ကိုင်ကို တင်းတင်းဆုပ်ကိုင်ထားပြီး ရင်ခုန်ခြင်းအပြည့်
နှင့်တည်း။

သူ့မျက်နှာက ထူးထူးခြားခြား တည်ငြိမ်နေပါသည်
အံမယ် သူ့လက်ထဲတွင်လည်း သူမ ထိုးပေးထားသော ဆွယ်တာ
လေးကို ကိုင်ထားလျက်။

"ကိုယ် အခုပြောမဲ့ စကားကို နားထောင်ပြီးမှ ဒီအင်္ကျီ
ဝတ်သင့် မဝတ်သင့် မိုး ဆုံးဖြတ်ပါ"

အံမယ် ... သူပြောတဲ့ ချစ်စကားကို သူမက စိ
ဆိုးရင် အင်္ကျီကို ပြန်တောင်းနိုင်တယ်ပေါ့လေ၊ တော်တော်တုံးသ
ကြည်ဖြူပဲ။ မိုးသက်လေ တစ်ချက်က ဝှေ့ခနဲ တိုက်ခတ်လိုက်
စဉ် သူမရင်ထဲ စိမ့်သွားသည်။





အို ... ဒီနေ့ဟာ သူမ ကားတိုက်ခံရပြီး နှစ်နှစ်ပြည့်
ဲ့ ဇူလိုင် ၁၈ ပဲ။ နေပါစေ ... ဝမ်းမနည်းတော့ပါ။ ဒီနေ့မှာ
ဘဝဟာ အချစ်နဲ့တစ်ဖန် ပြန်မွေးဖွားတော့မှာ။ အတိတ်ဆိုး
ကြီးကို သူမ မေ့တော့မယ်။ သူမသည် သူ ပေးထားသော မျက်
ာလေးကို ဆတ်ခနဲ ပင့်တင်ရင်း ...

"ပြောလေ ကြည်ဖြူ၊ ချမ်းလာပြီ မိုးရွာတော့မယ်"

သူ့မျက်နှာတွင် အရိပ်တစ်မျိုး ဖြတ်သွားသည်။
ကောင်းကင်သို့ တစ်ချက်မော့ကြည့်ရင်း ...

"ဒီနေ့ဟာ ဇူလိုက် ၁၈ နော်၊ မိုး ဒီနေ့ကို မေ့နိုင်ပါ့မ
လား"

"မိုး မေ့ဖို့ ကြိုးစားနေပြီ ကြည်ဖြူ"

"မိုး အဲဒီနေ့ကို မမေ့နဲ့၊ မိုးဘဝကို ဖျက်ခဲ့တာ ကျွန်တော်
ပဲ"

"ဘာ"

သူမအသံသည် မိုးခြိမ်းသံပမာ ဆောင့်ထွက်သွား
သည်။ မဖြစ်နိုင်။ ဘယ်နည်းနှင့်မှ မဖြစ်နိုင်။ ဒီလို ချစ်ခင်ကြင်
ာတတ်တဲ့ ချစ်သူလေးဟာ မိုးကို ရက်ရက်စက်စက် ကားနှင့်
တိုက်သွားတဲ့ သူတဲ့လား။ မယုံ။ သူမ လုံးဝမယုံ။

"မယုံမရှိနှင့် မိုး၊ ကိုယ် အဲဒီတုန်းက ရန်ကုန်ကို ကျောင်း
ကိစ္စနှင့် လာတာ၊ မန္တလေးကနေ ထရန်စဖာနှင့် ပြောင်း
ဖို့ပေါ့၊ အဲဒီနေ့မှာ ကိုယ့်ရဲ့အချစ်ဆုံး သူငယ်ချင်း ပြည်ပ



www.burmeseclassic.com

www.burmeseclassic.com



ထွက်တယ်၊ အဲဒီနေ့က နှုတ်ဆက်ပွဲနေ့ပေါ့၊ ကိုယ်က ဘီယာမသောက်စဖူး အရမ်းသောက်ပြီး မူးတယ်၊ အဲဒီတုန်းက မိုးကလည်း ရွာ၊ လူကလည်း မူး၊ ကိုယ် အရှိန်မထိန်းနိုင်ဘဲ မိုးကို တိုက်မိခဲ့တာ ...

"ကိုယ် ထောင်ကျမှာ ကြောက်တယ်၊ ကျောင်းသားဘဝကိုလည်း အဆုံးရှုံး မခံနိုင်ဘူး၊ ဒါ ... ဒါကြောင့် ကိုယ် မောင်းပြေးခဲ့တာ၊ ကိုယ် တိုက်ခဲ့တာ မိုးမှန်းသေချာတယ်၊ ကိုယ် မိုးမျက်နှာကို မှတ်မိတယ်၊ ပြီးတော့ မိုးကားတိုက်ခံရတဲ့အချိန် နေ့ရက် နေရာ အို ... အားလုံးကွက်တိပဲ၊ ကိုယ်ပဲ ... တရားခံဟာ ကိုယ်ပဲ ...

"ကိုယ့်ကို ခွင့်လွှတ်ပါလို့ မတောင်းဆိုလိုပါဘူး မိုး၊ ကိုယ်ဒီအကြောင်းတွေကို ဖွင့်မပြောလည်း ရပါတယ် ဒါပေမဲ့ မိုး အချစ်ကို လိမ်ညာမိသလို ဖြစ်မယ်၊ ကိုယ့် ကိုယ်ကိုယ် လိပ်ပြာမလုံဘူး၊ ဒါကြောင့် မိုးရဲ့ဖြူစင်တဲ့ စေတနာနှင့် ထိုးပေးတဲ့ ဆွယ်တာကို ကိုယ် မဝတ်ရဲတာ...

"ခုတော့ မိုး စိတ်ကြိုက် ဆုံးဖြတ်နိုင်ပါပြီ၊ ကိုယ် ထောင်ထဲဝင်ဖို့ အဆင်သင့်ပါပဲ"

သူက စကားအရှည်ကြီး ပြောပြီး မောသွားသူပမာ ငေးသွားသည်။

သူမကသာ အာစေးထည့်ထားသလို ဆွံ့အ,ကာ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ။ သူမ ကြည်ဖြူ့ကို မုန်း





သလား။ အဲဒီအချိန်တုန်းက လူမဆန်စွာ ပစ်ထားခဲ့တဲ့ သူဟာ အခု သူမ ချစ်နေရတဲ့ ကောင်လေးတဲ့။

လောကကြီးဟာ တကယ်ပဲ ရက်စက်လိုက်တာနော်။ တကျိုးကျလာသလို စီးကျလာသော မျက်ရည်ကိုသုတ်ဖို့ မေ့လျော့စွာ သူမရင်မှာ ဝေခွဲမရ ဗလောင်ဆူလို့သာနေ၏။

"ကိုယ့်ကို တစ်ခုခု ပြောဦးလေ မိုး၊ ကိုယ် ဒီအကြောင်းတွေကို ပြောပြတာ မိုးကို ချစ်လွန်းလို့ မညာရက်လို့"

မကြားပါရစေနှင့်၊ သူမသည် ကလီစာတွေ ပြုတ်ထွက်သွားသူပမာ ခံစားရသည်။

ဟင့်အင်း ... မကြားပါရစေနှင့်။

မိုးတွေ သည်းလာပြီ။ သူမမျက်လုံးထဲမှာ လွန်ခဲ့သော နှစ်နှစ်ခန့်က မြင်ကွင်းတို့ တစ်ကွက်ချင်း မြင်ယောင်လာသည်။ wheel chair မှ ရုတ်တရက် ထရပ်လိုက်ကာ ခြေဦးတည့်ရာ မိုးရေထဲ ရူးသွပ်စွာ ပြေးထွက်ခဲ့သည်။

"မိုး ... ဟာ၊ မိုး နေဦးလေ"

သူမ ဘာမျှမသိတော့။ ရင်ထဲမှာ နာကျင်ဆို့နင့်ခြင်းသာ ရှိလေသည်။ သူမ ခြေထောက်တွေကိုလည်း သတိမရတော့။ သူမ ခြေလှမ်းတွေသည် အင်းလျားကန်ပေါ်သို့သာ။

"မိုး အရမ်းမပြေးနှင့်၊ နေဦးလေ မိုး မပြေးနှင့်"

အော်သံနှင့်အတူ သူ မိုးကို မီလာသည်။ ထိုစဉ် လမ်းအဆင်းမှ မိုးရေဖြင့် အရှိန်ပြင်းစွာ မောင်းနှင်လာသော



www.burmeseclassic.com

www.burmeseclassic.com



ကွန်တင်နာကားကြီး။ မိုး ရှောင်ချိန်မရတော့။ ထိုစဉ် အားကုန် ဆောင့်တွန်းခံလိုက်ရပြီး ပလက်ဖောင်းပေါ်သို့ သူမ ပစ်လဲသွား တော့သည်။ ကြည်ဖြူရဲ့ အော်သံခပ်ကျယ်ကျယ် အဆုံးမှာတော့ သူမ လောကကြီးနှင့် အဆက်အသွယ် ပြတ်တောက်သွားလေ သည်။

❦ ✪ ❦





ဝမ်းနည်းစရာ ကောင်းသော အဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် သုံးပတ်အကြာမှာတော့ အိပ်မက်ဆိုးကြီးမှ လွတ်မြောက်လာခဲ့သော အမျိုးသမီးလေးသည် ကာလအတန်ကြာ သူမနှင့် ကင်းကွာနေသော Toyota Mark II ကားလေးကို ကိုယ် တိုင် မောင်းနှင်ကာ သုသာန်တွင်းသို့ ဖြည်းညင်းစွာ ဝင်ခဲ့လေ သည်။

အနက်ရောင် ပိုးသားဝတ်စုံနှင့် အတိပြီးသော သူမ သည် အသစ်စက်စက် အုတ်ဂူဖြူလေးပေါ်သို့ နှင်းဆီနီ အပွင့်နှစ် ဆယ် တင်လိုက်လေသည်။ အမျိုးသမီးလေး၏ မျက်ဝန်း၌ မျက် ရည်တွေ တွေတွေစီးကျနေသော်လည်း နှုတ်ခမ်းများကတော့ ပြုံး လျက်ရှိသည်။

အကြောင်းသိသူ တစ်ယောက်ယောက်ကတော့ ကလေးမလေးဟာ သဘောထားကြီးစွာနှင့် သူမကို ဘဝဆုံးအောင် လုပ်ခဲ့တဲ့ သူကိုတောင် ပန်းစည်းလာချသေးတာပဲဟု ဆိုကာ အထင်ကြီးနေပေလိမ့်မည်။ ကောင်မလေးသည် အုတ်ဂူဖြူခြေရင်း



www.burmeseclassic.com

www.burmeseclassic.com



တွင် ဒူးထောက်ထိုင်လိုက်ပြီး ကောင်းကင်သို့ မော့ကာ ခပ်ဟယ လေး ရယ်မောလိုက်သည်။ အမှန်တရားကို ဖုံးကွယ်ထားသော လူသားနှစ်ဦးအကြောင်းကို တွေးမိ၍ ဖြစ်သည်။

ထိုနေ့က သူမ သတိလစ်ပြီး မျောနေသောအချိန် ဖြစ်သည်။ သတိပြန်ရလာသောအခါ ရုတ်တရက် မျက်လုံးမဖွင့် သေးဘဲ ပတ်ဝန်းကျင်မှ အသံများကို နားစွင့်ကာနေတုန်းမှာပင် တီးတိုးပြောဆိုနေသော အသံနှစ်ခုကို ကြားလိုက်ရဟာ ဖြစ်ပါ သည်။

ထိုအသံများမှာ မေမေ့အသံနှင့် ကြည်ဖြူမေမေ၏ အသံတွေမှန်း သူမ ကောင်းကောင်းမှတ်မိပါသည်။ ငိုသံနှင့်ပြော နေသော ကြည်ဖြူမေမေရဲ့ အသံသည် သူမနားထဲသို့ ရက်စက်စွာ စီးဝင်လာခဲ့သည်။

"သားလေးကို မမ အတန်တန် တားပါတယ်ကွယ်၊ ဒီလို မျိုး သွားမပြောဖို့ပေါ့၊ ဒါပေမဲ့ သူက သိပ်စိတ်ပြင်းပြနေ တယ်လေ၊ သမီးလေးမိုးရဲ့ စိတ်တွေ ရှော့ခ်ရအောင်လုပ် ဖို့က ဒီနည်းလမ်းတစ်ခုတည်းပဲ ရှိလို့ပါတဲ့၊ နောက်ပိုင်း အဆင်ပြေမှာပါတဲ့၊ အခုတော့ သားက အားလုံးကို ထား သွားခဲ့ပြီ၊ ဒီအကြောင်းတွေ သမီးလေးကို ဘယ်လိုပြောပြ ရမလဲ ညီမရယ်"

"ဖြစ်နိုင်ရင်တော့ ဒီအကြောင်းတွေ သမီးကို ပေးမသိပါ နဲ့တော့ မမရယ်"





အဲဒီနောက်ပိုင်းစကားတွေ သူမ ဘာမှမကြားတော့ ချေ။ နှလုံးသားကို လက်ကြမ်းကြမ်းကြီး တစ်ခုနှင့် ဆုပ်ခြေလိုက် သလို ခံစားလိုက်ရလျက် ရင်ခွင်တစ်ခုလုံး ဗလာဖြစ်လို့သွားလေ သည်။



www.burmeseclassic.com


www.burmeseclassic.com



သူမရဲ့ချစ်သူသည် လောကကြီးထဲမှ ထွက်ခွာသွား ခဲ့သော်လည်း သူမအတွက်တော့ ဒဏ္ဍာရီဆန်သည့် ချစ်ခြင်းတွေ ကို အပြည့်အသိပ် ထားပေးခဲ့ပါသည်။

သို့သော် သူမက ကြည်ဖြူ တစ်ယောက် လောက ကြီးထဲမှာ မရှိတော့ ဆိုတာကို လက်ခံ၍ မရသေးချေ။ နှုတ်ဆက် စကားလေးတောင် မဆိုဘဲ သူ ထွက်သွားမှာ မဟုတ်။ အထူး သဖြင့် ဆွတ်ပျံ့ဖွယ်ကောင်းသော မိုးမနက်ခင်း တစ်ခုခုမှာ သူ ပြန်ရောက်လာလိမ့်ဦးမည်ဟု ယုံကြည်စွာ လက်ခံထားဆဲ ဖြစ် ပါသည်။






www.burmeseclassic.com

www.burmeseclassic.com



# ချယ်ရီပင်အောက် နောက်တစ်ခေါက် ပြန်တွေ့တဲ့အထိ

ဒီဝတ္ထုတိုလေးကတော့ ကျွန်မရဲ့ဖေဖေ အမြဲနားထောင်နေကျဖြစ်တဲ့ သီချင်းလေးကို ခံစားမိပြီး ရေးဖြစ်သွားတာပါ။ ဒီဝတ္ထုလေးဟာ ကျွန်မဘဝရဲ့ အမှတ်တရတစ်ခုပါ။

ဘာဖြစ်လို့လဲဆိုတော့... ကျွန်မရဲ့ဝတ္ထုတိုလေးတွေကို ဘယ်တုန်းကမှ မချီးကျူးဖူးခဲ့တဲ့ ဖေဖေက "ကောင်းတယ်... အရမ်းကြိုက်တယ်" ဆိုပြီး ပထမဆုံးနဲ့ နောက်ဆုံး ချီးကျူးခဲ့တဲ့ ဝတ္ထုလေး ဖြစ်နေလို့ပါပဲ။

ဒီဝတ္ထုလေးက Fashion Image ရဲ့ (၂၀၀၄) ခုနှစ်၊ စက်တင်ဘာလမှာပါခဲ့တယ်။ ဖေဖေက နိုဝင်ဘာ (၁၀)ရက်နေ့မှာ ဆုံးပါးသွားခဲ့တာပါ။ ကျွန်မရဲ့ဖေဖေကို ဒီနေ့အထိ ဟာစ်နေ့မှ မေ့မရခဲ့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



## ၁

အချစ်ဆိုတာ နီးခြင်း၊ ဝေးခြင်း၊ အထိအတွေ့ သာယာမှုများနှင့် ဆက်စပ်နေသလားဟု သူမ တစ်ခါမှ စဉ်းစားမကြည့်ခဲ့ဖူးချေ။ နားလည်ခြင်းနှင့် သစ္စာရှိခြင်းတို့ကသာ အချစ်ကို ဖွဲ့ဆောင်ထားသော အရာများ၊ ထိုအရာများကြောင့်သာ အချစ်ဟာ ပိုလို့ပင် လှပအသက်ဝင်ခဲ့သည်ဟု ယုံကြည်ခဲ့၏။ ထို့အပြင် နှစ်နှစ်ဆယ်စာ သံယောဇဉ်နှင့် အုတ်မြစ်ချထားခဲ့သော အချစ်ကိုလည်း (သူမလိုပင်) သူ့ဘက်က ခိုင်မာမြဲမြံလိမ့်မည်ဟုလည်း ယုံကြည်ခဲ့ဖူးပါသည်။ ထင်းရှူးရနံ့သင်းကာ ချယ်ရီရနံ့ စွက်လေ့ထု၊ မှိုင်းပြာစွာ သွယ်တန်းလျက်ရှိသော ရှမ်းတောင်တန်းကြီးများ၊ ရိုးသားဖြူစင်သည့် ဒေသခံတိုင်းရင်းသားများ ဒါတွေ ထက်ပိုစွာ အတူတူယှဉ်ကာ ထိုင်ခဲ့ဖူးသော ချယ်ရီပင်အောက်က တစ်နေရာစာလေး၊ အနွေးဓာတ်စီးဆင်းနေသော လက်ဖဝါးတစ်စုံ နှင့် သူမရဲ့ အကြင်နာချစ်ခြင်းများ ပုံအောမြှုပ်နှံထားရာ သူ့ရင်





ဒါတွေအားလုံးနှင့် ခွဲခွာရတော့မည့် ဆိုစဉ်တုန်းက သူမ ...ိုင်းအဆာမရှိ ကြေကွဲခဲ့ရသည်။ ကတိစကားတွေ အထပ်ထပ် ...ာ သစ္စာတွေ တိုင်တည်ရင်း၊ သူမချစ်သောမြို့လေးနှင့် ...င်လေးတစ်ယောက်ကို နောက်ဆုံးအချိန် နှုတ်ဆက်လမ်းခွဲ ...ည်အထိ သူမရင်မှာ အချစ်ကို ယုံကြည်ထားခဲ့သည်။ သူစောင့် ...ါ သစ္စာရှိမှာပါ။ ချယ်ရီပင်အောက်မှာ နောက်တစ်ခေါက် ...တွေ့တဲ့အထိ သူ သစ္စာရှိမှာပါဟု ...။ သူမ ရှုးသွပ်စွာယုံကြည် ...ါသည်။

ဒါပေမဲ့ ...

ယောကျ်ားတစ်ယောက်ရဲ့စိတ်ကို သူမ လိုက်လို့မမီ ... ယောကျ်ားတစ်ယောက်အတွက် နားလည်မှုတွေ သစ္စာရှိခြင်း ...အပြင် ဘာတွေထပ်၍ ဖြည့်ဆည်းပေးရမယ် ဆိုတာကို သူမ ...ာမပေါက်ခဲ့။ ရင်ထဲမှာ စစ်မှန်သော အချစ်တစ်ခုရှိလျှင် ...ိန်ကာလတွေ၊ နီးခြင်း ဝေးခြင်း တံတိုင်းတွေကို အသာလေး ...ကျော်နိုင်မှာပဲဟု ယုံကြည်ခဲ့သည်။ သို့သော် အချစ်ဆိုတာ ...က်ပိုစွာ ယောကျ်ားတစ်ယောက်ရဲ့ စိတ်ဆိုတာ သူမ နားမ ...ည်သည့် အရာပေါင်းများစွာဖြင့် ရှုပ်ထွေးစွာ ဖွဲ့စည်းထားခဲ့မှန်း ... လွဲမှားစွာ အသိနောက်ကျသည်။ ထို့နောက် မျှော်လင့်ချက် ... ပြန်လာခဲ့သူတစ်ယောက်ရဲ့ ရင်မှာလည်း ...။



www.burmeseclassic.com

www.burmeseclassic.com



## ၂

သူမတို့၏ မွေးရပ်မြေဖြစ်သော တောင်ကြီးမြို့လေ
သည် ရာသီဥတု အေးမြသာယာကာ၊ ချယ်ရီတွေဝေဆာပြီး သိ
ကိုလှပသော တောင်ပေါ်မြို့လေးတစ်မြို့ပင်ဖြစ်သည်။ သူမ
သူများတွေထက် ပိုစွာပင် ကိုယ့်မြို့ကို ချစ်ခင်တွယ်တာသည်
ကြိုးတံတားပေါ်က ကြည့်သော နေဝင်ချိန်ရှုခင်းသည် နှစ်
ဘယ်လောက်ပဲကြာနေ၊ သူမအတွက် ရိုးသွားသည်ဆိုတာ မရှိ
မပြီးဆုံးသော ပန်းချီကားတစ်ချပ်ကို ကြည့်ရသလို ရင်ခုန်
အသစ်တွေ အမြဲပေးနိုင်စွမ်း ရှိလေသည်။ ရိုးရာအစားအသော
တွေ၊ ရိုးရာဝတ်စုံတွေ၊ ရှမ်းသီချင်းသံတွေ၊ အိုးစည်သံ
တောင်ပြာတန်းတွေ၊ ထင်းရှူးရနံ့ပါသည့် လေထုနှင့် ချယ်ရီ
ရှိရာမြို့သည် သူမရဲ့ နှလုံးအိပ်မက် မက်ရာ မြို့တစ်မြို့လည်းဖြ
ပေသည်။





ထို့အတူပင် သံယောဇဉ်တွေ အထပ်ထပ် ဖွဲ့တည်ကာ
သော၊ သူမရင်ထဲက ချစ်ခြင်းတစ်ခုဟာလည်းပဲ သူ့အတွက်
ကောင်းဆုံးလက်ဆောင် ဖြစ်ခဲ့ပါသည်။ သူနှင့် သူမတို့နှစ်ဦး
မှာ သူမက သူ့ကို တိတ်တခိုးချစ်၍ တွယ်တာစွဲလမ်းခဲ့တာ
သည်။

အဖြူရောင်ထဲကနေ သူ့ကိုချောင်းကြည့်ကာ ဘယ်
ချိန်များ ရင်ခုန်ချစ်ခြင်းတွေ ပွင့်အန်လာမလဲ ဆိုတာကို ချယ်ရီ
တွေကိုငေးကာ တွေးခဲ့ဖူးသည်။ ချယ်ရီတွေ ပွင့်တဲ့အချိန်မှာ
၊ ဝေဆာစွာ ဖူးပွင့်လာသော ချယ်ရီနှင့်အတူ သူ့အချစ်တွေ
အန်လာမှာလား။

စိတ်ကူးနဲ့ ရှုံးခဲ့ရတာဖြစ်သည်။ သူမဟာ မိန်းကလေး
ယောက် ဖြစ်နေသည့်အတွက် ရင်ထဲက ချစ်ခြင်းတွေတူးဖော်
အတွက်တော့ ဘယ်လိုလုပ် အခွင့်သာမှာလဲ။ သူ့အတွက်
အရာရာ အနစ်နာခံကာ၊ မျက်နှာတစ်ချက် မညိုစေရအောင်
ကြိုက်ခြင်းတို့သည်သာ သူမ၏ အကောင်းဆုံးအချစ်ကို ပြသရာ
ကျခဲ့သည်။

တကယ်တော့ အချစ်ဆိုတာ ချစ်မိသူတစ်ယောက်ကို
ကကြီးက အရှုံးတစ်ခု လက်ဆောင်ပေးလိုက်တာ ဖြစ်ပါသည်။
နှင့်ချီကာ ကြည့်လိုက်ဦး။ အချစ်ကြီး ချစ်ခဲ့သူများသည်
ကြီး ရှုံးခဲ့သူများသာဖြစ်သည်။ သူမလည်း ထိုဂိုဏ်းဝင်တစ်
ယောက်ပဲ ဖြစ်လေသည်။ သို့သော် သူ့မျက်နှာကိုငေးရင်း၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



စကားတွေကို နာခံရင်း တစ်နေ့မှာ သူ သူမစေတနာတွေကို နာ
လည်လျက် မေတ္တာရောင်ပြန်ဟပ်မည့် နေ့တစ်နေ့ကို စောင့်
ခဲ့ဖူးလေသည်။



## ၃

"ချယ်ရီ ... ငါ ဒီနေ့ ကျောင်းမတက်ဘူးနော် အမေ့ကို သွားမပြောနဲ့နော်၊ ပြောလို့ကတော့ အသိပဲ"

"ဟင် ... ဘယ်သွားမလို့လဲ၊ ကျောင်းလစ်တာလား"

သူက မျက်နှာကို ရှုံ့ပစ်လျက် ...

"ဟာ ... ထင်ရာတွေ လျှောက်ပြောမနေနဲ့။ ဘော်ဒါတွေနဲ့ ယင်းတယ သွားမလို့"

"ဟယ် ... ငါလည်း လိုက်ချင်တယ်။ ကျောင်းပိတ်မှသွားဟာ။ ငါ လိုက်ချင်တယ်နော်"

"ဟာ ... မလိုက်နဲ့ ရှုပ်တယ်။ ငါတို့က ယောကျ်ားလေးတွေချည်း သွားမှာ။ မလိုက်နဲ့။ ကျောင်းပိတ်ရင်လည်း ငါ့အမေက လွှတ်မှာမဟုတ်ဘူး"

သူမကအလိုမကျရိုပ်ဖြင့် နှုတ်ခမ်းစူသွားတာကို သူက
ယ်ချင်ဟန်ဖြင့် ပြုံးကြည့်ကာ သူမခေါင်းကို တစ်ချက်ပုတ်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



“မိချယ်က လိမ္မာပါတယ်၊ နင်သာ မပြောရင် မသိ
ဟုတ်ပြီလား”

“ဘာ ... မိချယ်လဲ၊ ငါ့ကို မိချယ် မခေါ်နဲ့နော်၊ မကြို
ဘူး”

“အေးပါ ချယ်ရီမရာ၊ မခေါ်တော့ဘူး၊ သွားတော့မပြော
နော်”

သူမက ချယ်ရီမဟု ခေါ်လျှင် ပိုလို့ပင် မုန်း
သဖြင့်၊ သူက အော်ဟစ်စနောက်ကာ ပြေးထွက်သွားလေသည်
သူမကတော့ သူ့နောက်ကျောပြင်ကို ငေးလျက်ကျန်ရစ်ခဲ့ပါသည်
သူနှင့် သူမမှာ ငယ်စဉ်ကတည်းကမှ ကစားဖော်တွေလည်းဖြ
သလို၊ မိခင်၏မေတ္တာရိပ်နှင့် ဝေးခဲ့ရရှာသော သူမကို သူ့မေ
က သမီးရင်းလေးတစ်ယောက်လို ချစ်ခင်သူလည်းဖြစ်သည်။

သူမရဲ့ဖေဖေနှင့် မေမေက သူမ ငယ်စဉ်ကတည်း
ကမှ Divorce လုပ်ထားသူများဖြစ်ပြီး၊ သူမ မမှတ်မိခင်မှာပင်
မေမေက နိုင်ငံရပ်ခြားကို အပြီးပြောင်းသွားခဲ့တာ ဖြစ်ပါသည်
ထို့ကြောင့် သူမအတွက် အားကိုးတွယ်တာစရာဆို၍ ဖေဖေ
ကြီးကြီးပြီးလျှင် သူက သူမ သံယောဇဉ်အရှိဆုံး သူစိမ်းလေး
ဖြစ်လေသည်။

ထိုဂျစ်တိဂျစ်ကန် သူစိမ်းလေးကိုပင် သူမကတွ
တာလွန်းရသည်။ သူစိမ်းလေးကနေ သူရင်းလေး ဖြစ်လာမည့်
ကို တိတ်တခိုး စောင့်စားနေခဲ့ရပါသည်။ သူ ဘယ်ကောင်မလေး





များ ကြိုက်သွားမလဲဟု တထိတ်ထိတ် စိုးရိမ်ပူပင်ခဲ့ရသည်။
က သိပ်ချောသည် မဟုတ်ပါလားကွယ်။

“ခွန်မင်း ... နင် (အေ)ခန်းက နန်းမြင့်ခိုင်ကို သွားသွား
ရိုက်နေတယ်ဆို”

သူက သူမကို ပြုံးစိစိကြည့်ကာ “အေး”ဟု ဖြေ
သည်။ သူမရင်ထဲမှာ ဘယ်လိုကြီး ဖြစ်သွားမှန်းကို မသိချေ။
ချက်ချင်းပင် လူလောင်ဆူဝေလာလျက် သူ့ကိုကြည့်ကာ ဝဲတက်
လာမည့် မျက်ရည်စတွေကို အသာထိန်းချုပ်ရသည်။

“နင် ဒီအရွယ်နဲ့ မိန်းမပိုးနေပြီပေါ့။ တိုင်မယ် ဒီတစ်ခါ
တကယ်တိုင်မယ်။ အန်တီဂျူးနဲ့ ခုကိုတိုင်မယ်”

ဖျတ်ခနဲ လှည့်ထွက်သွားသော သူမရဲ့လက်တွေကို
သူက လှမ်းဆွဲထားခဲ့သည်။

“မတိုင်ပါနဲ့ဟာ၊ နင်ကလည်း။ ငါ သူ့ကိုမကြိုက်ပါဘူး”

“မကြိုက်ရင် ဘာလို့သွားကြည့်လဲ၊ နင် ငါ့ကိုလာညာမနေ
နဲ့နော်။ ဖယ်ဟာ တိုင်မှာပဲ”

“နင် ဘယ်လိုနေမလဲလို့ လုပ်ကြည့်တာ၊ နင် ငါ့ကို
သဝန်တိုနေတယ် မဟုတ်လား။ ဟား ဟား မညာနဲ့”

“သွားသေလိုက်၊ တော်ပြီ ... နင်နဲ့ငါ မခေါ်တော့ဘူး။
နင် လုံးဝလာမခေါ်နဲ့”

တကယ်တော့ သူမက အနာပေါ် တုတ်ကျသွားခြင်း
သာဖြစ်သည်။ သူ့ကို တိတ်တခိုးချစ်လှသည် ဆိုသော်လည်း သူ



www.burmeseclassic.com

www.burmeseclassic.com



သိသွားမှာကိုတော့ အမှန်ပင် ကြောက်လှပေသည်။ သူ သိမှာ သိသွားပြီလားဟု တွေးကာ သူ့ကို ရင်မဆိုင်ရဲ။ သူလာလျှ ပုန်းနေလေ့ရှိသည်။ သူတို့အိမ်ဘက်လည်း မသွားတော့။

စိတ်ထဲမှာတော့ သူ့ကို လွမ်းဆွတ်လှပေမဲ့ ဘာ ကြောင့် မျက်နှာချင်း မဆိုင်ဝံ့သလဲဆိုတာ သူမ ဘာသာ အဖြေမသိခဲ့ပါ။ တစ်နေ့မှာတော့ မလွဲသာမရှောင်သာပင် သူ သူမရှေ့မှ ပိတ်ရက်လျက် ခပ်တည်တည်ဖြင့် စူးစူးရှရှကြည့်ကာ

"ချယ်ရီ … နင် ဘာဖြစ်နေတာလဲ။ ငါ့ကို မခေါ်ရင်လည် တစ်သက်လုံး မခေါ်နဲ့။ အပြတ်ပြော။ ပြော … နင်ဘာ ဖြစ်နေတာလဲ။ အလုပ်ကို မဟုတ်ဘူး"

အံ့သြစရာ ကောင်းလေစွ။ သူမကို သူကချော နေနေသာသာ သူကပင် မျက်မှောင်ကုတ်ချီလျက် တစ်ပြန်စိတ် ဆိုးလျက် ရှိလေသည်။ သူ အဲဒီလို စိတ်ဆိုးတော့လည်း သူမက မနေနိုင်ပါ။

"ဘာမှ မဖြစ်ပါဘူးဟာ၊ ငါ စိတ်ညစ်လို့"

"နင့်မှာ ဘာစိတ်ညစ်စရာရှိလို့လဲ၊ အပိုတွေ"

"တကယ်ပြောတာ၊ ခုတလော ငါ မေမေ့ကို သတိရလို့"

ထိုအခါ သူ့မျက်ဝန်းတွေထဲမှာ သူမအပေါ် ကရုဏာ သက်ခြင်းတွေ အထင်းသား ပေါ်လွင်လာတတ်လေ့ရှိသည်။ အမြဲ တစေ ဂျစ်ကန်ကန်ရှိသော သူ့ရုပ်သွင်သည် အဲဒီအခါမျိုးတွေမှာ ဆိုလျှင် စွဲမက်ဖွယ်ကောင်းအောင် နူးညံ့သိမ်မွေ့နေတတ်သည်။





"နင် စိတ်ညစ်နေရင် ငါ ဂစ်တာတီးပြမယ်လေ၊ နားထောင် မယ်မို့လား၊ လာ …"

သူက သူမလက်ကိုဆွဲလျက် ခြံနောက်ဘက်ရှိ ချယ်ရီပင်ကြီးအောက်သို့ ခေါ်သွားကာ ဂစ်တာတီးပြတတ်သည်။ သူက ဂစ်တာတီးတာ အလွန်တော်သလို အသံလည်း သိပ်ကောင်း သူ ဖြစ်သည်။ အထူးသဖြင့် အချစ်ကို ဦးစားပေးခဲ့သူ။ စိတ်ညို့ ရှင်၊ လေညာအရပ်ကအချစ် စသော သီချင်းများဆိုလျှင် သူမ မှာ အသက်တောင် ရဲရဲမရှူဘဲ ဒူးခေါင်းနှစ်လုံးပေါ်မှာ လက်နှစ် ဖက်တင်ပြီး ခေါင်းလေးငဲ့စောင်းကာ တမေ့တမော နားထောင်ရ လေသည်။

အဲဒီအခါမျိုးတွင် ရင်ထဲမှာ ဘာနဲ့မှ မတူအောင် လှိုက်ခုန်တတ်စမြဲ။ သူမအတွက် ရင်ခုန်ချစ်ခြင်းကို သူက ဆောင် ယူလာခဲ့တာ ဖြစ်ပါသည်။ သီချင်းဆိုတာ ပြီးသွားခဲ့လျှင် သူက …

"ငါ့တစ်သက်မှာ ဘယ်မိန်းမကိုမှ သီချင်းဆိုပြတာ မဟုတ် ဘူး။ နင့်ကိုမို့ ဆိုပြတာ။ နင် စိတ်ညစ်တာ ပျောက်ပြီလား"

"အေးပါဟယ် ပျောက်ပါပြီ။ ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ရင် ကျေးဇူးဆပ်ရတယ်၊ ငါ့ကို ရှမ်းခေါက်ဆွဲ လုပ်ကျွေး၊ နေကြာစေ့ အခွံနွှာပေး၊ ကော်ဖီဖျော်တိုက်၊ လက်ဖက်သုပ်ပေးပြီးရင် ငါ အင်္ဂလိပ်ကားကြည့်မယ်၊ နင်ပါ လာကြည့်၊ ပြီးရင် နင် ငါ့ကို ဘာသာပြန်ပြ၊ ဟုတ် ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးဟယ်၊ နင် တောင်းဆိုတာတွေက မနည်းလွန်းဘူးလား"

"ဘာလဲ၊ လုပ်မပေးဘူးလား"

"လုပ်ပေးပါ့မယ်ဟယ်၊ တကတဲ သူ့စိတ်ချည်းပဲ ဟွန်း"

သူ့အတွက်ဆိုလျှင် သူမက ဘာမဆို မငြိုငြင်ခဲ့ချေ။ သူ့အသံလေးကို သူမ တစ်ယောက်တည်း မူပိုင်နားထောင်ခွင့် ရထားတာဆိုသော အသိလေးနှင့်ကို သူမမှာ မမောနိုင်မပန်းနိုင် မုန့်လုပ်ကျွေးခဲ့ရသည်။ ကြည်နူးစွာဖြင့် နေကြာစေ့တွေ အခွံခွာ ပေးခဲ့ရသည်။ ကော်ဖီတစ်အိုးနှပ်ကာ လက်ဖက်ကောင်းကောင်း သုပ်ပေးပြီး သူ့ဘေးမှာထိုင်လျက် သူမ မကြိုက်သော ပျင်းစရာ ကောင်းသည့် ဒရမ်မာကားတွေကို အတူထိုင်ကြည့်ပေးရင်း၊ သူ့ အနားမှာ နေခွင့်ရသော အခိုက်အတန့်လေးကို သူမ ဘာနှင့်မျှ မလဲနိုင်အောင် မက်မောခဲ့ရဖူးပါသည်။

ဒီလို ပျော်စရာကောင်းသော အချိန်တွေနှင့်အတူ သူ့အနားမှာ သူမအမြဲရှိနေလျှင် တစ်နေ့နေ့မှာတော့ သူ့အချစ်တွေ ဖွင့်အန်လာနိုး မျှော်လင့်ခဲ့သော်လည်း ထင်မှတ်မထားသော ကံ တရားဟာသူနှင့် သူမကို ဝေးကွာစေဖို့ အကြောင်းဖန်လာ ပေးခဲ့ပါသည်။ သူမတို့ ဆယ်တန်းဖြေပြီး သိပ်မကြာသောအချိန် မှာပင် ထိုသတင်းစကားကို ဖေဖေက ပြောလာခဲ့တာဖြစ်သည်။

"သမီးရဲ့မေမေဆီကို တစ်လှည့်သွားနေရမယ် သမီး။ အဲဒါ ဟိုးအရင်တည်းက ဖေဖေတို့ နားလည်မှုယူထားတဲ့





ကတိပဲ။ သမီး ဆယ်တန်းဖြေပြီးတဲ့ အချိန်မှာ သူလာခေါ်မယ်လို့ ပြောသွားခဲ့တယ်။ ရှေ့လထဲမှာ သမီးမေမေ သမီးကို လာခေါ်လိမ့်မယ်။ ဟိုမှာပဲ သမီးကျောင်းဆက်တက်ရလိမ့်မယ်"

အားလုံး အစီအစဉ်တကျ စီစဉ်ထားပြီးသားလည်းဖြစ်၊ နှစ်ပေါင်းများစွာ ခွဲခွာနေရသော မေမေ့ရဲ့ဆန္ဒလည်းဖြစ်သဖြင့် သူမ ငြင်းလည်းမငြင်းဆန်ချင်၊ ငြင်းဆန်ဖို့လည်း မသင့်တော်လှပါ။

သူနှင့်အတူတူ ကျောင်းတက်ဖို့ အခွင့်အရေး၊ နှစ်တိုင်း နွှဲပျော်နေကျ တန်ဆောင်တိုင်ပွဲတော်နှင့်အတူ မီးအလင်းဆီ နွှဲပျော်ဖူးသော သူမတို့ရဲ့ ရိုးရာမီးပုံပွဲ၊ အဲဒီမှာ သူဆိုခဲ့သော "တွဲကတဲ့ ညလေးတစ်ည"သီချင်းနှင့်အတူ တကယ်ကို သူနှင့်သူမ အမှန်ကို တွဲကခဲ့ကြတဲ့ မမေ့နိုင်စရာ အမှတ်တရည။ ဒါတွေအားလုံးကို စွန့်ခွာသွားရတော့မည်။

နောက်ဆုံးတော့ သူမ မရောက်ချင်သည့် အချိန်သည် အမှန်ကိုပင် ရောက်ရှိလာခဲ့သည်။ ချယ်ရီပင်အောက်မှာ သူ့ကို နှုတ်ဆက်သောညသည် အကြေကွဲဆုံး ညတစ်ညဖြစ်ခဲ့သည်။ သူ့မျက်နှာမှာလည်း စိတ်မကောင်းသည့် အရိပ်သဏ္ဌာန်တွေနှင့် မခွဲခွာချင်သည့် အရိပ်အယောင်တွေ ပြည့်နှက်နေလျှင် သူမရင်မှာ တိုးလို့ပင် နာကျင်ရလေသည်။ သူမက တဆတ်ဆတ်တုန်နေသောလက်ဖြင့် အင်္ကျီအိတ်ကပ်ထဲမှ လက်စွပ်လေးကို

www.burmeseclassic.com



ထုတ်ယူလိုက်သည်။ ထိုလက်စွပ်လေးက သူ့ကိုပေးဖို့ မွေးနေ့ လက်ဆောင်ဖြစ်သည်။

အခုတော့ သူ့မွေးနေ့မတိုင်မီ သူမက သွားရတော့မှာ မို့ သူ့အတွက်နှုတ်ဆက်လက်ဆောင်လည်း ဖြစ်လေသည်။ မောင် ကွင်းလက်စွပ်လေးကို သူ့ရဲ့လက်သူကြွယ်မှာ ဝတ်ဆင်ပေးရင်း

"ခွန်မင်း ဒီလက်စွပ်လေးကို ဘယ်တော့မှ မချွတ်ဘူးလို့ ကတိပေးပါဟယ်၊ မချွတ်ပါနဲ့နော်"

"အင်းပါကွာ၊ မချွတ်ပါဘူး၊ ငါ အမြဲဝတ်ထားမှာပါ"

"ပြီးတော့လေ၊ ငါ့ကိုလည်း နင်မေ့မသွားပါနဲ့နော်"

"မမေ့ပါဘူးဟာ၊ မေ့စရာလားဟ"

"ငါ ဆက်ဆက်ပြန်လာခဲ့မယ် သိလား၊ ငါ့ကိုစောင့်မယ် မဟုတ်လားဟင်၊ ဒီလို ချယ်ရီတွေပွင့်တဲ့ အချိန်မှာပဲ ငါ ပြန်လာခဲ့မယ်၊ ပြီးတော့လေ ... ငါ ... ..."

နောက်ဆုံးတော့ သူမ စကားဆက်မပြောနိုင်ဘဲ သူ့ရင်ခွင်ထဲမှာ ချုံးပွဲချ ငိုကြွေးခဲ့တာ ဖြစ်ပါသည်။ သူမရင်ထဲ မှာ မျိုသိပ်ရလွန်း၍ ပင်ပန်းလှပြီဖြစ်သည်။ နင့်ကိုသိပ်ချစ်တယ် ဆိုသော စကားသံတွေ၊ သူမရင်ထဲမှာ အကြိမ်ကြိမ် မြည်ဟည်း လျက်ရှိသည်။ ဘာကြောင့်များ ပြောခွင့်မရှိရတာလဲ။ အချစ်နှင့် ပတ်သက်လာလျှင် သူမတို့မိန်းကလေးတွေက အမြဲပင် တစ်ပန်း ရှုံးလေ့ရှိပါသည်။ သူက နားလည်စာနာစွာဖြင့် သူမရဲ့ဦးခေါင်းကို ချော့မြူသလို ပွတ်သပ်ပေးပြီးမှ ...





"နင်ပြန်လာမဲ့အချိန် ငါစောင့်နေပါ့မယ် ချယ်ရီရယ်၊ စိတ်ချပါ၊ သွားရအောင်နော်၊ မှောင်တော့မယ်"

ဒီထက်ပိုသော အကြင်နာတွေနှင့် စကားသံတွေ ကျော်လင့်ခဲ့သော်လည်း ဒီအတိုင်းအတာနှင့်ပဲ သူမကျေနပ်စွာ နှုတ်ဆက်ထွက်ခွာလာခဲ့ရပါသည်။ ချစ်သောမွေးရပ်မြေ၊ ချစ်သော ချယ်ရီပန်းနှင့်အတူ ချစ်သောသူ့ကို ချန်ထားရစ်ခဲ့ကာ ချယ်ရီတွေ မရှိသော အခြားနိုင်ငံတစ်ခုကို မေမေနှင့်အတူ လိုက်ပါလာခဲ့ရ သော်လည်း၊ သူမနှလုံးသား တစ်ခုလုံးကတော့ သူနှင့်အတူ ကျန် ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၆

လေးနှစ် ဆိုသော အချိန်ကာလသည် သူမကို တက္ကသိုလ်တစ်ခုမှ ဘွဲ့ရစေခဲ့ပြီး အသိဉာဏ်၊ ဗဟုသုတ တိုးပွားလာစေရုံကလွဲ၍ ထူးထူးခြားခြား ပြောင်းလဲခြင်းမျိုး မရှိပါ။ အထူးသဖြင့် သူမရင်ထဲမှ အချစ်ကို ရွေးသားမှု ပြောင်းလဲစေခြင်း မရှိခဲ့။

သူ့အတွက် သူမထံမှအချစ်သည် အမြဲစိမ်းသစ်တောတစ်ခုလို အစဉ်စိမ်းစို လတ်ဆတ်ကာ လှပနေမြဲပင် ဖြစ်ပါသည်။

ချစ်သောမြို့လေးနှင့် သူ့အပေါ်မှာဆိုလျှင် နှလုံးသားသည် အချိန်မရွေး ပူနွေးအသက်ဝင်လို့သာ ရှိသည်။ ဖူဂျီတောင်ကို မြင်လျှင် ရှမ်းရိုးမတောင်တန်းတွေကို လွမ်းဆွတ်သလို၊ ချယ်ရီတွေ ဝေနေလျှင်လည်း ထိုင်ခဲ့ဖူးသော ချယ်ရီပင်အောက်ကို သတိရတတ်သည်။ သူတစ်ယောက်တည်း ထိုင်နေမှာလားဟု တွေးမိသည်။





ဂျပန်မှာ ရိုးရာပွဲတော်တွေ-ကျင်းပတိုင်း သူမတို့နှစ်ယောက်လုံး ရိုးရာဝတ်စုံတွေဝတ်ကာ တွဲကခဲ့သော ညလေးကို လွမ်းမိခဲ့ရသည်။

မီးရှူး မီးပန်းတွေ၊ ဗျောက်အိုးတွေ ပစ်ဖောက်ပြီး၊ အလှချင်းပြိုင်နေသော မီးပုံးပျံတွေကို အတူငေးကြည့်ကာ နွဲ့ပျော်ခဲ့ဖူးသော တန်ဆောင်တိုင်ပွဲတော်ကိုလည်း လွမ်းသည်။

သူမ ရင်မှာ အလွမ်းတွေနှင့်သာ ပြည့်နှက်နေတာ ဖြစ်ပါသည်။

သူ စောင့်မှာပါ။ သစ္စာရှိမှာပါ။ သူ့အပေါ်မှာ သူမလောက် ဘယ်သူကများ ပေးဆပ်ချစ်နိုင်မှာမို့လို့လဲ။ တစ်သက်လုံး ပေးဆပ်ချစ်လာခဲ့သော သူမရဲ့ သံယောဇဉ်တွေကို သူ အသိအမှတ်ပြုမှာပါ။

နောက်ဆုံး သူ့တွင် သူမလို ကြီးမားတဲ့ အချစ်တစ်ခု မရှိခဲ့ဘူးဆိုလျှင်တောင် ဟိုးငယ်စဉ်ကတည်းက သံယောဇဉ်တွေကတော့ အများကြီးပဲ မဟုတ်လား။

သူမ ယုံကြည်ခဲ့ပါသည်။

ချယ်ရီတွေလည်း ငုံနေပြီ ခွန်မင်းရယ်။ အနေကြာသွားရင် စိတ်ပြောင်းသွားမှာကိုလည်း ငါ စိုးရိမ်မိတယ်။ ငါ့ထက် ချစ်ရမဲ့သူ မရှိပါစေနဲ့လို့ ဆုတောင်းပြီး ငါ နှင့်ဆီကို ပြန်လာခဲ့တော့ဖို့ အချိန်နီးနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီတွေ မပွင့်မှာကို ငါမပူပေမဲ့၊ နင့်ရင်ထဲက အချစ်ကို သူများယူသွားမှာကိုတော့ ငါ သိပ်ကိုပူပင်ခဲ့တယ်လေ။ မျှော်နေသူနဲ့ ပြန်ချင်သူ မတွေ့မချင်း ငါစိတ် အေးရမှာ မဟုတ်ပါဘူး ခွန်မင်းရယ်။





# ၁

"အန်တီဂျူး နေကောင်းတယ်နော်"

သူ့ရဲ့မေမေက သူမကို ရုတ်တရက်မြင်လိုက်ရလျှင် ပျော်အဟောင်းသားပွင့်ကာ အံ့သြသွားပြီးနောက်၊ ဝမ်းသာအားရ ဆက်လှဲတကင်း နှုတ်ဆက်လေသည်။

"ကြည့်စမ်း ချယ်ရီရယ်။ အကြောင်းမကြား ဘာမကြားနဲ့ ဘယ်လိုပေါက်ချလာတာလဲ၊ ခွန်မင်း သိရင် ဝမ်းသာမှာပဲ၊ ကြည့်ဦး ... အသားတွေကလည်း ပန်းရောင်ထပြီး လှလာလိုက်တာ။ တကယ့် ဂျပန်မလေး အတိုင်းပဲ။ သမီးမေမေ ရော ပါလား"

"မေမေက နောက်လမှ Off ရမှာ။ သမီးက မစောင့်နိုင်လို့အရင်ပြန်လာတာ။ အန်တီ့ဖို့ လက်ဆောင်တွေ အများကြီးပါတယ်။ ဟို ... ဟိုလေ ... ခွန်မင်းရော အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ခွန်မင်း ခုနလေးတင် ရှိသေးတယ်၊ ဩော် ... မော့ အစောနကတင် ဂစ်တာကိုင်ပြီး ခြံနောက်ဘက် ထွက်သွ တယ် သမီးရဲ့၊ သွား ... သွား အဲဒီမှာ ရှိလောက်တယ်"

သူမက တဖျပ်ဖျပ် ခုန်နေသော ရင်အစုံနှင့်အ အိမ်ဘက်သို့ ပြန်ကူးလာလိုက်သည်။ ဒီအတိုင်း ဆင်းသွားရ သူ့ရှေ့ကို တန်းရောက်မှာမို့ သူမတို့ခြံရဲ့ အနောက်ဘက် က မြင့်ပေါ်ကနေ ပတ်သွားလျှင် သူထိုင်နေမည့် ချယ်ရီပင်ကြီး နောက်ကို ရောက်မှာဖြစ်သည်။ သူ့နောက်ကနေမှ သူ့အံ့သြအော လုပ်မည့် အစီအစဉ်ပင် ဖြစ်လေသည်။

ကြည့်စမ်း ... တိုက်ဆိုင်လိုက်တာကွယ်။ ဒီနေ့ဟ သူ့မွေးနေ့လည်း ဖြစ်သည့်အပြင် သူနှင့် သူမတို့ရဲ့ ပြန်ဆုံတွေ့ ဟာ ကတိပြုခဲ့ကြသည့်အတိုင်း ချယ်ရီပင်ရဲ့အောက်မှာ၊ သူ့လ ထဲမှာလည်း သူမကို သီဆိုပြဖို့ ဂစ်တာက အဆင်သင့်။ ဘ လောက်တောင်များ လှပတဲ့ ဆုံစည်းမှုလေးလဲ။

အပျော်တွေနဲ့အတူ သူမက ချယ်ရီပင်ကြီးရဲ့အနော တဖြည်းဖြည်း အသံမမြည်အောင် တိုးကပ်လာခဲ့သည်။ နော ကနေ သူ့မျက်လုံးကို ပိတ်ထားရင် ကောင်းမလား။ ဒါမှမဟုတ် ယောင်တတ်သော သူ့ခါးကို တို့ပြီးစ,ရမလား။

တဖြည်းဖြည်း တိုးကပ်လာသော သူမဟာ ဂစ်တာ အစား ကြားရသော စကားသံတချို့နှင့် မြင်လိုက်ရသော မြင်ကွ ကြောင့် ဖျတ်ခနဲပင် အတွေးစတို့ ငြိမ်သက်သွားခဲ့ပါသည်။





"ခွန့်ကို မွေးနေ့လက်ဆောင်ပေးမလို့ ဇင်ပေးမှာက လက်စွပ်လေး။ ဒီလက်စွပ်ကိုတော့ မဝတ်တော့နဲ့နော်၊ ဇင်ပေးတဲ့ လက်စွပ်လေးကိုပဲ အမြဲဝတ်ထား။ ဟုတ်ပြီလား"

ဘုရားသခင်။ ထိုမိန်းကလေးက သူမပေးခဲ့သော လက်စွပ်လေးကိုချွတ်ကာ အခြားလက်စွပ်တစ်ကွင်းကို ခွန်မင်းရဲ့ လက်မှာ ပိုင်ပိုင်နိုင်နိုင် ဝတ်ပေးလိုက်တာပါလား။ သူကရော။ သူကလည်း တစ်ချက်လေးမှ ငြင်းဆန်ခြင်း မရှိဘဲ ခေါင်းညိတ်ပြကာ၊ သူမရဲ့ လက်စွပ်လေးကို အိတ်ကပ်ထဲ အလွယ်တကူ ထည့်လိုက်တာကို သူမ မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရလေသည်။

မိုက်ခနဲဖြစ်သွားသော သူမကိုယ်သူမ ပြန်ထိန်းလျက် ထွက်လာသော မျက်ရည်တွေက ချက်ချင်းပင် အိုင်ဖွဲ့လာခဲ့ပါသည်။ ရက်စက်လိုက်တာကွယ်။ နင် ငါ့ကို ဒီလိုနည်းနဲ့ စောင့်ခဲ့တာလား။

"ကဲ ... ခွန်က ဇင့်ကို သီချင်းဆိုပြမယ်ဆို၊ နောက်ပြီးတော့ ပြောရဦးမယ်နော် ခွန်၊ ဇင်ကလွဲလို့ ဘယ်မိန်းကလေးကိုမှ သီချင်းဆိုမပြရဘူး။ ဘယ်သူ့ကိုမှလဲ မချစ်ရဘူး၊ အဲဒီကတိကိုပေး"

"ပေးပါတယ် ဇင်ရာ၊ စိတ်ချ"

"ဟို ... ဂျပန်ရောက်နေတယ်ဆိုတဲ့ ခွန့်သူငယ်ချင်း ဆိုတာကိုလည်း မဆိုပြရတော့ဘူးနော်။ သူငယ်ချင်းက သူ



www.burmeseclassic.com

www.burmeseclassic.com



ငယ်ချင်းပဲ။ နောက်ဆို ဒီအပင်ကြီးအောက်မှာ ခွန်နဲ့ဇော်
ထိုင်မယ်၊ ဇင့်ကိုပဲ သီချင်းဆိုပြရမယ်၊ ဒါပဲ”

“အင်းပါ … အင်းပါ။ သူကလည်း ပြန်လာဖို့ မသေချာ ပါဘူးကွာ၊ ခုလောက်ဆို ဟိုမှာ ယောကျာ်းတောင် ရလော ပြီ၊ ကဲ … ခု ဘာသီချင်းစဆိုရမလဲ ပြော”

“တွဲကတဲ့ ညလေးတစ်ည ဆိုလေ့၊ ဒီတစ်ခါ မီးပုံပွဲကျရင် ခွန်နဲ့ အတူတူ တွဲကဦးမှာ”

သူ ဂစ်တာကြီး စတင်ညှိနေတုန်းမှာပဲ သူမက နေရာမှ တိတ်ဆိတ်စွာ ပြန်လည်ထွက်ခွာလာခဲ့ပါသည်။ နင်ပျော် ပါတော့ ခွန်မင်းရယ်။ နောက်ဆုံးတော့ နင့်ကောင်မလေး ပြော သလို နင်နဲ့ငါဟာ သူငယ်ချင်းပါပဲ။ ငါ့ဘက်က နင့်ကို သူငယ် ချင်းထက်ပိုတဲ့ မေတ္တာတွေ၊ သစ္စာတွေ ထားခဲ့ပေမဲ့လည်း ဒါပေ ဟာ ခုတော့ မြောက်ပြန်လေတွေနဲ့ အတူရောနှောပါသွားခဲ့ပါပြီ ငါ နင့်ကို ဆုံးရှုံးလိုက်ရပါပြီ ခွန်မင်းရယ်။ ဒီတစ်ခါ ငါတို့ပျော် အပြီးဝေးသွားကြပါပြီ။





## ၆

သူမ အိမ်သို့ပြန်ရောက်သောအခါ ကြီးကြီးက မေးမေးပါသည်။

“ခွန်မင်းနဲ့ တွေ့ခဲ့လား သမီး”

“မတွေ့ခဲ့ပါဘူး ကြီးကြီးရယ်”

“သူလည်း မိန်းကလေးနဲ့ ဘာနဲ့ ဖြစ်နေပြီကွယ်၊ ရှေ့လ ထဲမှာတောင် စေ့စပ်ပွဲလုပ်မယ်ဆိုပဲ၊ သမီး ပြန်ရောက်လာ တာနဲ့ အတော်ပဲပေါ့၊ ဟိုမိန်းကလေးနဲ့တွေ့တာ ခြောက် လလောက်ပဲ ရှိဦးမယ်၊ ခွန်မင်းတို့ရဲ့ တစ်ဖက်ခြံကလေ၊ မိန်းကလေးရဲ့အဖေက ရန်ကုန်က ပြောင်းလာတဲ့ အရာရှိ ကြီးပေါ့။ အေးပေါ့လေ တွေ့တာ ကြာ,မကြာက အဓိက မဟုတ်ပါဘူး၊ သူတို့ချင်း မေတ္တာစစ်ဖို့က အဓိကပါ”

ကြီးကြီးက တစ်ဖက်လှည့်ကာ ပန်းကန်တွေ သုတ် နေတာမို့ သူမရဲ့မျက်ရည်တစ်စက်ကို မမြင်လိုက်ပါ။ ခွန်မင်းရဲ့ ကောင်မလေးသည် ခြောက်လလောက် တွေ့ဆုံကာ အရှိန်အဟုန်



www.burmeseclassic.com

www.burmeseclassic.com



ပြင်းသည့် သံယောဇဉ်ကို တစ်ချီတည်းနှင့် အလဲထိုး အနိုင်ယူသွာ
ပါသည်။

ထို့အတူ လေးနှစ်လုံးလုံး စောင့်မျှော်ခဲ့ရသည့် ထုဆ
ခဲ့ရသည့် မျှော်လင့်ချက်တွေသည်လည်း ပြိုကျမဲ့ ပြိုကျတေ
ခဏလေး။ အခိုက်အတန့်မျှသာပင်။ နောက်ဆုံးတော့ ခွန်မင်း
ပတ်သက်၍ သူမ ဘာမှမရခဲ့ဘူး ဆိုလျှင်တောင် အသိတစ်ခုထေ
ရရှိခဲ့သည်။

ဘယ်လောက်ပဲ သစ္စာတရားတွေ ထားရှိခဲ့ပါစေ
ဘယ်လောက်ပဲ အချိန်ကာလများစွာ သံယောဇဉ် ဖွဲ့တည်ခဲ့ပါစေ
ဘယ်လောက်ပဲ ပေးဆပ်ခဲ့ပါစေ၊ တစ်ဖက်လူက တန်ဖိုးမထာ
ခဲ့ရင် အရာမထင်ခဲ့ပါ။


အချစ်ဆိုတာ အဝေးကြီးကို နီးနီးလေး ဖြစ်စေနိ
သလို၊ အနီးဆုံးမှလည်း အဝေးဆုံးကို ရောက်ရှိသွားနိုင်ပါသည်
ဘယ်လောက်ပဲ အတူတူ အကြာကြီးနေခဲ့ နေခဲ့ အချစ်တစ်
ဖြစ်ပေါ်ဖို့ မလွယ်ကူသလို ခဏလေး တွေ့ဆုံရုံနှင့်လည်း ပီပြ
သော အချစ်တစ်ခု ဖြစ်ပေါ်လာနိုင်ပါသည်။ သူမဘက်က ...

မျှော်လင့်ချက်တွေ ထားခဲ့ပေမဲ့လည်း ...

သံယောဇဉ်နှင့်အတူ ပေးဆပ်ခဲ့သော်ငြားလည်း ...

ချယ်ရီပင်အောက် နောက်တစ်ခေါက် ပြန်တွေ့တ
အထိလည်း ... ...။





www.burmeseclassic.com



# ဖူးစာရေးတဲ့ပွဲ

သင်္ကြန်ပွဲတော်ကို အမှတ်တရ ဖြစ်စေချင်တာရော ... လောကကြီးမှာ အဲဒီလိုတစ်ယောက်နဲ့တစ်ယောက်လှည့် ဖြားတတ်တာလေးတွေ ရှိနေတတ်တာ ရောကြောင့် ဒီအကြောင်းအရာလေးကို အမှတ်တရ ရေးခဲ့တာပါ ...။

www.burmeseclassic.com

www.burmeseclassic.com



## ၁

သူမသည် လက်ထဲတွင် အထပ်လိုက်ရှိသော စက္ကူများကိုကြည့်ကာ အကျေနပ်ကြီး ကျေနပ်ပျော်ရွှင်လျ သည်။ ထိုပိုက်ဆံသုံးသောင်းရဖို့အတွက် တစ်နှစ်တာလုံး ချွေတာကာ စုဆောင်းခဲ့ရသည်။ ယခုတော့ သူမရဲ့ဆန္ဒ ပြ ခဲ့ချေပြီ။

မျက်လုံးထဲတွင် ဝတ်ကောင်းစားလှများ ဝတ် ဆင်ယင်ကာ ရောင်စုံရေပိုက်တို့ဖြင့် ပျော်ရွှင်စွာ ရေပက်က နေသော ပုံရိပ်များကား တရိပ်ရိပ် ဖြတ်ပြေးလျက်။ သူမလ သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ဖြတ်သန်းရတော့ပေမည်။ တထိတ်ထိတ် ပျော်ရွှင်ကျေနပ်နေပုံကို သူမရဲ့အခန်းဖော် သူ ချင်း သူဇာက ...

"ရှင့်ကြည့်ရတာ အတော်ပျော်နေပုံပဲ နေညိုရီရဲ့"





"ပျော်တာပေါ့၊ ကျွန်မက သင်္ကြန်ပွဲတော်ကို သိပ်ချစ်တာ၊ မဏ္ဍပ်တွေမှာလည်း သိပ်ရေကစားချင်တာပဲ၊ သူများတွေ လှလှပပ ဝတ်စားပြီး ရေပက်နေတာကို သိပ်အားကျတာ ပဲ၊ မဏ္ဍပ်ကြေးပေးစရာ ပိုက်ဆံမရှိလို့ မနွဲရတာ၊ ဒီနှစ် တော့ ကျွန်မရဲ့ဆန္ဒတွေ ပြည့်ဝပြီပေါ့ကွယ်"

"အမယ်လေး၊ ကျွန်မကတော့ သူများတွေကို ရေပက်ဖို့ များ သုံးသောင်းပေးပြီး မပက်ပေါင်၊ ကိုယ့်ဘာသာပဲ မုန့် အဝ ဝယ်စားပစ်မယ်"

သူမက သူဇာရဲ့အဲပြောကို နှာခေါင်းတစ်ချက်ရှုံ့ ကာ ...

"ရှင်က ဘာနားလည်လို့လဲ၊ ဒီလို မဏ္ဍပ်မျိုးတွေမှာက ပိုက်ဆံရှိတဲ့လူတွေပဲ လာကြတာ၊ ရေပက်တဲ့သူတွေက လည်း ပိုက်ဆံရှိတဲ့လူတွေချည်းပဲ၊ ကောင်လေးတွေဆိုရင် လည်း အသန့်စားလေးတွေ လာတာနော်၊ ရှင် မကြားဖူး ဘူးလား၊ သင်္ကြန်မှာ ဇာတ်လမ်းတွေ ရှိတတ်တယ်ဆိုတဲ့"

သူဇာက သူမရဲ့အပြောကို သဘောပေါက်သွားဟန် ဖြင့် ...

"ဪ ... လက်စသတ်တော့ ရှင်က မာမီးခေါက်ဆွဲကိုး"

"ဟုတ်တယ်၊ အကြံအစည်တစ်ခုတော့ ရှိတယ်၊ ကောင်းမှ ကောင်းပဲ၊ သင်္ကြန်မှာ ချောလည်းချော၊ ထောလည်းထော



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အမျိုးသားလေးတစ်ယောက်နဲ့ မဆုံစည်းဘူးလို့ ပြောနိုင်လား၊ ရှင်ကြည့်နေ၊ ဒီနှစ်သင်္ကြန်က ဖူးစာရေးမဲ့ပွဲပဲ”

သူမက သူ့ဇာ့ကို မျက်နှာလေး မော်ချီကာ ပြောရင်း ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုတွေနှင့် တက်ကြွနေခဲ့လေသည်။ သူမသည် ဘဝပေး အခြေအနေအရ မချမ်းသာ၊ မကြွယ်ဝလှသော်လည်း အများတကာ ငေးမောအားကျရသော ရုပ်ရည်ရူပကာလေးကို ဘုရားက ဖန်ဆင်းပေးသနားထားသဖြင့် ဒီတစ်ခုတော့ ကံကောင်းသည်ဟု ဆိုနိုင်လေသည်။

နေညိုရီဟူသော သူမသည် ဘဝမှာ ချမ်းချမ်းသာသာနှင့် ပြည့်ပြည့်စုံစုံနေလိုသော မိန်းကလေးလည်း ဖြစ်ပြန်သေးသည်။ ဒါကြောင့် ဗဟုသုတနည်းပါးသော နယ်မြို့လေးမှနေ၍ မိဘများကို ဖွတ်ပူဆာကာ ရန်ကုန်၌ အလုပ်လာလုပ်ခြင်းပင်ဖြစ်သည်။ သူမရဲ့ အရည်အချင်းနှင့်တော့ ဒီတစ်သက်မှာ ကြွယ်ဝစရာလမ်း မမြင်ချေ။

ဘဝမှာ မတောင့်မတနှင့် ချမ်းသာပြည့်စုံဖို့က ပိုက်ဆံချမ်းသာသော ယောကျ်ားတစ်ယောက်ကို လက်ထပ်မှသာ ဖြစ်နိုင်တာမို့ သူမသည် အချစ်ရေးကို ဦးနှောက်နှင့် ဆုံးဖြတ်မည့် မိန်းမတစ်ယောက်လည်း ဖြစ်ပြန်ပါသေးသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူမကတော့ မကြာခင် ရောက်လာတော့မည့် သင်္ကြန်ပွဲတော်အတွက် ကြိုတင်၍ ရင်ခုန်လို့ နေချေပြီ။





တစ်နှစ်တာလုံး ဝတ်လုမတတ် စုဆောင်းကာ ဝယ်ထားသော ဖက်ရှင်အဝတ်အစားများ၊ နေကာမျက်မှန်များ၊ ဒီနပ်များ၊ ဦးထုပ်များနှင့် အလှပြင်ပစ္စည်းများကိုကြည့်ကာ ကျေနပ်မဆုံးတော့။ ဒါတွေ ဝတ်ဆင်လိုက်လျှင် သူမကို အထက်တန်းလွှာမှ သူဌေးသမီးတစ်ဦးဟု ထင်ကြမည်မှာ မလွဲချေ။

ဘယ်သူကမှ တစ်လမ်းဝင် တစ်လမ်းထွက် Marketing လုပ်ရသော မိန်းကလေးဟု ထင်ရက်ကြမှာ မဟုတ်တော့။

ဒီနှစ်သင်္ကြန်သည် သူမရဲ့ဘဝကို ပြောင်းလဲစေမည့် သင်္ကြန်အဖြစ် မျှော်လင့်ရင်ခုန်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂

"ဟော့ကောင် ... ငါမှာတာတွေ မမေ့နဲ့နော်၊ ငါ့ခွေးကိုလည်း ဂရုစိုက်၊ ငါ့သား တစ်ခုခုဖြစ်လို့ကတော့ မင်းအသေ သကြၤန်တွင်းလည်း အပြင်ထွက်ပြီး ကဲမနေနဲ့၊ ပြောတာတွေ မှတ်မိလား၊ အိမ်ကို သေချာဂရုစိုက်၊ ကြားလား"

"စိတ်ချပါ ကိုလေး၊ ကိုလေးအတွက်သာ ပျော်ရွှင်တဲ့ခ ဖြစ်ပါစေ၊ Have a nice flight ဟဲ ဟဲ"

သူ့အပြောကို ကိုလေးက မယုံသလို မျက်နှာ ဖြင့် ပြည်ပထွက်ခွာအဆောင်ထဲ ဝင်ရောက်ပျောက်ကွယ်သွား သည်။ သူ့မြင်ကွင်းထဲမှ ကိုလေး ပျောက်ကွယ်သွားလျှင် သူ ခြင်းပင် သူက လေထဲသို့ လက်သီးတစ်လုံး ပစ်သွင်းပစ်လို သည်။

အား ... အခုမှ လွတ်လပ်ခြင်း အရသာတွေ အပြည့်အဝ ခံစားရတော့မယ်။





သူသည် မင်္ဂလာဒုံလေယာဉ်ကွင်းမှ အပြန်တွင် ိလေးရဲ့ Lancrusher ကားကြီးကို Turbo ပွင့်သွားကာ Alarm ာ အော်မြည်လာသည်အထိ တရကြမ်း မောင်းနှင်ပစ်လာလေ ည်။ တစ်ခါမှ ဒီလိုလွတ်လပ်ခြင်း အရသာတို့ကို မခံစားဘူး း‌ချေ။

ယခုတော့ သူ့အတွက် ကံတရားက မျက်နှာသာ းလာခဲ့ပြီ။ သူက လွန်ခဲ့သော နှစ်နှစ်ခန့်ကမှ ကိုလေးတို့အိမ် ရောက်လာခဲ့ခြင်း ဖြစ်သည်။ သူ့မြို့လေးတွင် အလုပ်မရှိဘဲ ာင်လည်လည် လုပ်နေသဖြင့် အမေက ကြည့်မရဖြစ်ကာ လေးထံ ပို့ပေးလိုက်ခြင်းဖြစ်သည်။

ဦးလေးက ကိုလေးတို့အိမ်တွင် ကားမောင်းပေးရ ာသူဖြစ်ပြီး သူ့ကိုတော့ ကိုလေးက တော်ကာတိုမယ်ရ အလုပ် ဆားပေးလိုက်တာ ဖြစ်လေသည်။ သူသည် ကိုလေးရဲ့အနားမှာ ကာ ကိုလေးရဲ့ဘဝကိုလည်း အကြီးအကျယ် အားကျရလေ ည်။

သူ့ကိုယ်သူလည်း ကိုလေးရဲ့နေရာတွင် စိတ်ကူး ်ကြည့်တာ ခဏခဏပင်။ ကိုလေးသည် ရုပ်ကလည်းဖြောင့် ည့်အပြင် ရေလည်း လျှံလွန်းသဖြင့် ဝိုင်းဝိုင်းလည်နေသော ကလေးများလည်း အများစားပင်။ တစ်နေ့ တစ်နေ့ ဒီမိန်းက းတွေနှင့် ဖုန်းပြောရတာ၊ ချိန်းရတာ၊ ဈေးဝယ်ထွက်ရတာနှင့် အနားမရချေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာလည်း ကိုလေးရဲ့ ဝေယျာဝစ္စသာမက ခွေးရဲ့ ဝေယျာဝစ္စပါ လိုက်လံလုပ်ဆောင်ပေးရသဖြင့် ဖတ်ဖတ်မောကာ နေတတ်သည်။ အခုတော့ ကံတရားက သူ့ကို တဒင်္ဂတော့ လွတ်လပ်ခြင်း ပေးခဲ့ပြီ။ ကိုလေးတို့ တစ်မိသားစုလုံး အမေရိကား သို့ အလည်အပတ် ထွက်သွားသလို ဦးလေးနှင့် အဒေါ်ကလည်း ခွင့်ရတုန်း မြို့သို့ အလည်ပြန်သွားကြသဖြင့် သူသာ အိမ်စောင့် ကျန်ခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် သင်္ကြန်ရက်တွေနှင့် သွား တိုးနေသဖြင့် သူ့မှာ နှစ်ဆတိုးကာ ဝမ်းမြောက်ရပြန်သည်။ ကိုလေးတို့လမ်းထဲတွင် မဏ္ဍပ်တွေထိုးကာ ကားတွေတိုးမပေါက် အောင် အကြီးအကျယ် စည်ကားလှသဖြင့် သူ့မှာ ထိုအခွင့်အရေး ကို စောင့်မျှော်နေခဲ့သည်မှာ ကြာခဲ့ပြီ။

သူ ခဏခဏ စိတ်ကူးယဉ်ခဲ့ရသော ကိုလေးရဲ့ ဘဝကို တစ်ခဏတော့ အစားဝင်ရောက်ကာ သင်္ကြန်ဓာတ်လမ်း တစ်ပုဒ် ဖန်တီးဖို့ ကားမောင်းရင် တွေးလာခဲ့မိတာ ဖြစ်လေသည်။





## ၃

ဘူးပို့တေးသံတွေနှင့်အတူ သင်္ကြန်ကျခဲ့ပြီဖြစ်သည်။ နေညိုရှိသည့် မဏ္ဍပ်တစ်ခုလုံးက စိတ်ဝင်တစား ကြည့်ကြတာ၊ ကောင်လေးတွေက မကြာခဏ ရေမွှေးလာဖျန်းတာ၊ တီးတိုးစကား လာဆိုတာ လာရောတာတွေကို ကြုံရလျှင် တစ်နှစ်လုံး အငတ် ခံတာ စုခဲ့ရသမျှအတွက် အတိုးချ ကျေနပ်နိုင်လေသည်။

နေညို့ကို လာအီသော ကောင်လေးများမှာ အသန့် စားလေးတွေချည်းပင်။ သို့သော် ရုပ်သန့်တာလောက်နှင့် နေညို တို့က စိတ်မဝင်စားသေးချေ။ လှတာက ချက်စားလို့ရတာကြ ညို့။

နေညိုသည် ကိုယ့်ကို လာအီသော ကောင်လေးတွေကို အထာပြန်မပေးဘဲ ခပ်တည်တည်ပင် နေလေသည်။

သို့သော် မိန်းကလေးတို့၏ အလိုလို သိနိုင်စွမ်း သော ဗီဇစိတ်အရ ကိုယ့်ကို ရေရေလည်လည် ရှိုးနေသော



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးတစ်ယောက်ကို လှမ်း၍ သတိထားမိသည်။ သူ့ပုံစံမှာ အတော်ကို သားနားလှလေသည်။ လူသားနားတာထက် ပို၍ သားနားသည်မှာ သူ့ရဲ့ Lancrusher ကားကြီးဖြစ်သည်။ အင်း ... အဲဒီကားကြီးကိုသာ စီးလိုက်ရလို့ကတော့ ...။

အတွေးထဲမှာတင် ကျေနပ်ကာ သူ့ကိုလှမ်းကြည့်မိလျှင် နေညိုရဲ့ နှုတ်ခမ်းတွေက အလိုလို ပြုံးသွားသည်ထင့်။ သူကား နေညို့ထံ လျှောက်လာခဲ့ချေပြီ။

သူကစတင်၍ ...

"မင်းကို ကိုယ် ရေလောင်းချင်တယ်၊ ခွင့်ပြုနိုင်မလား"

အမယ်လေး အထက်တန်းကျ ယဉ်ကျေးသိမ်မွေ့လိုက်တာ။

နေညိုသည် စိတ်ထဲမှ လှိုက်ခနဲ ပျော်သွားသော်လည်း ဣန္ဒြေရရပင် သူ့ကို ခေါင်းညိတ်ပြလိုက်သည်။ သူက သူ့လက်ထဲတွင်အသင့်ပါလာသော ရေသန့်ဘူးထဲမှရေဖြင့် နေညို့ကို တစိမ့်စိမ့် လောင်းလေသည်။ နေညိုသည် တိတ်တဆိတ် မျှော်လင့်ခဲ့ရသော အခြေအနေအတွက် ရင်ထဲမှာကျိတ်၍ ပီတိဖြစ်ရလေသည်။

"နာမည် ဘယ်လိုခေါ်လဲဟင်၊ မင်းက ဒီမဏ္ဍပ်ထဲမှာ အလှဆုံးပဲသိလား၊ ကိုယ် Queen ရွေးတယ်"

"လာမြှောက်မနေနဲ့၊ နာမည်မေးတိုင်း ပြောတဲ့အစားထဲက မဟုတ်ဘူးနော်"





နေညိုက မျက်လုံးရွဲကြီးတွေနှင့် စေ့ကြည့်လျက် အီအီလေး ပြောလိုက်လျှင် သူက ထိတ်ပျာပျာဖြင့် ...

"ဟာ ... ကိုယ်က အဲလိုသဘောမျိုးနဲ့ မေးတာ မဟုတ်ပါဘူး၊ တကယ့်ကို မိတ်ဆွေဖြစ်ချင်လို့ပါ၊ ပြောပြပါကွာနော်"

"သင်္ကြန်ဇာတ်လမ်းတော့ လာမလုပ်နဲ့နော်"

"အာ ... လုပ်စရာလားကွယ်၊ ကဲ ... ကိုယ့်ကိုမယုံဘူးလား၊ ကိုယ်က ဟိုးခြံနံပါတ်(၂၀)မှာ နေတယ်၊ ကိုယ့်ရဲ့ မိုဘိုင်းလ်နံပါတ်က(-----) ကိုယ့်နာမည်က လေးမြတ်ထင်၊ ဘာသီချင်သေးလဲ Queen လေးရဲ့၊ ဟင် ..."

သူက အရည်တွေရွှန်းလဲ့ကာ တဖျပ်ဖျပ် လက်နေသော မျက်ဝန်းများဖြင့် နေညို့ရဲ့ မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်ကာ မေးလိုက်လျှင် နှလုံးသားထဲ၌ ဆတ်ခနဲပင် တုန်သွားသည်အထိ ကောင်လေးရဲ့ အကြည့်တွေက ညှို့ယူဖြားယောင်းနိုင်သည်။ အထူးသဖြင့် သူ့အကြည့်တွေထက် နေညို ကြွေသည်ကား သူနေသော ခြံကြီးနှင့် သူစီးသောကား ဖြစ်သည်။ နေညိုသည် ခိုင်မှုမနေတော့ဘဲ ...

"တော်ပါပြီ၊ ရှင့်အကြောင်း ဘယ်သူက မေးနေလို့လဲ၊ ကျွန်မနာမည်က နေညိုရီ"

"ဟား သိပ်လှတာပဲ၊ နာမည်နဲ့ လူနဲ့က ကာရန်လိုက်တယ်နော်၊ ဖုန်းနံပါတ်လေးရော ပြောပါလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



တွေ့လား ယောကျ်ားတွေများ အရောက်ဝင်လို့

တာ။ နည်းနည်းရှောတာနဲ့ တစ်ဆင့်တက်လာတော့တာပဲ။

သည် သူ့ကို အဆောင်ဖုန်းနံပါတ် မပေးလိုသဖြင့် ...

"မပေးနိုင်ပါဘူး၊ ရှင်နဲ့ ကျွန်မတွေ့တာဖြင့် တစ်နာရီတော

မရှိသေးဘူး၊ သွားတော့ ဆရာ"

"ဟာ ... အဲလို အစိမ်းတွေနဲ့ မပက်နဲ့လေကွာ၊ မရက်

ပါနဲ့၊ ကျွန်တော့်ကို မိတ်ဆွေအဖြစ် မသတ်မှတ်နိုင်

လား"

"ရော် ... ဇွတ်ကို နွှယ်နေတော့တာပဲ၊ ကဲ ... ဒါဖြင့်လည်း

ရှင့်ဖုန်းကို ကျွန်မ ခေါ်မယ်၊ ဒါဆိုရလား"

"အိုကေ ရတာပေါ့၊ ဘယ်လိုပဲဖြစ်ဖြစ် စကားပြောဖြ

က အရေးကြီးတယ်၊ Promise နော်"

သူက လက်သန်းလေးတစ်ချောင်း ထောင်ပြ

ခပ်ညုညု ဆိုသည်ကို သူမက နှာခေါင်းရှုံ့ပစ်လိုက်လေသည်။

ထိုညက သူ့ရဲ့ဖုန်းကို အမှန်တကယ်ပင် ခေါ်ခဲ့

ဖြစ်ပါသည်။

သူနှင့် စကားပြောခွင့်ရသောအခါ သူ့အကြောင်း

ပိုမိုသိလာခဲ့ရသည်။

သူ့မိဘတွေက အမေရိကားသို့ အလည်ခရီးသွား

ကြောင်း၊ သူက အိမ်စောင့်ကျန်နေခဲ့ရတာဖြစ်ကြောင်း၊ သူ့မိ

တွေက ဆောက်လုပ်ရေးကုမ္ပဏီတွေ ပိုင်ဆိုင်ကြောင်းတွေ ကြား





နေညိုရဲ့ အိမ်မက်တွေသည် ပို၍ ပို၍ အရောင်လက်လာခဲ့

ပြီ၊ ဒီအတိုင်းဆိုလျှင် နေညို မျှော်လင့်ထားသော အခြေအနေ

ရောက်ဖို့ လက်တစ်ကမ်းသာ လိုတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၄

သူ့အတွက်တော့ လက်ရှိကာလသည် နတ်[...] ရောက်နေသလား မှတ်ရအောင်ကို သာယာပြည့်စုံလေသ[...] ကိုလေး၏ အယောင်ဆောင်ဘဝကို တစ်သက်လုံးတောင် [...] လိုချင်လှသည်။ သူ့ရဲ့ နဂိုရုပ်ရည်ကလည်း ရှိနှင့်ပြီးသား ဖြ[...] ရာ ကိုလေးရဲ့ အဝတ်အစားတွေနှင့် ဆင်မြန်းလိုက်လျှင် [...] ကား အပြတ်ကို သားနားသွားပြီဖြစ်သည်။

ကိုလေးရဲ့ဟန်းဖုန်း၊ ကိုလေးရဲ့ကားတို့ဖြင့် တွဲ[...] သောအခါ သူ့အဖို့ကား မဏ္ဍာပ်တကာတွင် စတားဖြစ်လို့[...] သည်။ သူ့ပုံစံကို ကြွေကျသော ကောင်မလေးတွေက[...] မရှား။ အဲဒီထဲကမှ သူနှစ်ခြိုက်သွားသော ကောင်မလေး[...] နေညိုရီ ဆိုသော မိန်းကလေး ဖြစ်သည်။

နေညိုရီသည် နာမည်လေးနှင့် လိုက်ဖက်အော[...] ညိုဝင်းကာ တစ်မျိုးထူးခြားသော အလှကို ပိုင်ဆိုင်ထားသူဖြစ်[...]





[...]ကနေ၍ ရန်ကုန်သို့ ကျောင်းလာတက်သော မိန်းကလေးဖြစ် [...] ပြည့်စုံမှု အနေအထားမှာလည်း မဆိုးလှချေ။

သူ့ထက်စာလျှင်တော့ အခြေအနေ ပြည့်စုံလေသည်။ [...]ရဲ့နဂိုဘဝနှင့် ဆိုလျှင်တော့ ကပ်၍မရသော အခြေအနေမျိုး [...] ကိုလေးအဖြစ်နဲ့တော့ သူ့အတွက် အလားအလာ တော်တော် [...] ကောင်းပြန်သည်။

အကျနေ့ညက ဖုန်းအကြာကြီး ပြောခဲ့သဖြင့် [...]ကြတ်နေ့ရောက်လျှင် သူ့အတွက်က တော်တော်အဆင်ပြေပြီ [...]ပြာ၍ရလေသည်။ အကြတ်နေ့တွင်လည်း သူက ထုံးစံအတိုင်း [...]လေးရဲ့ အဝတ်အစားတွေဝတ်ကာ ကားနှင့်သူမရှိရာမဏ္ဍာပ်သို့ [...]လာခဲ့သည်။ အနီရောင်ဝတ်စုံဖြင့် နေညိုရီက သူ့ကိုလှိုက်လှဲ [...] ပြုံးပြလေသည်။

"ကိုယ် ရေလောင်းမယ်နော်"

သူမက ခေါင်းညိတ်သောအခါ သူက ရေတစ်ဝက် [...]င်းပြီးလျှင် အိတ်ထဲ၌ထည့်လာသော ကိုလေးရဲ့ရေမွှေးတွေ [...]ပေးလိုက်သေးသည်။

"ကိုယ့်ကိုရော ပြန်မလောင်းဘူးလား နေညိုရဲ့"

"မလောင်းချင်ပါဘူး၊ ရှင်ကရေစိုပြီးသားကြီးပဲဟာ၊ ကျွန်မက ဦးဦးဖျားဖျားပဲ လောင်းချင်တာ"

"ဪ … ဒီလိုလား၊ ဒါဆို ကိုယ်အဝတ်အစား ပြန်လဲလိုက်မယ်လေ၊ ဘယ်လိုလဲ လောင်းမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီ မလဲပါနဲ့တော့၊ ညနေကျတော့မှပဲ လော
မယ်"

သူက နေညိုရဲ့စကားကို ခပ်ပြုံးပြုံးနှင့် ခေါင်းညိတ် ပြကာ နေညို ရေကစားနေသည့် တစ်ချိန်လုံး အနားမှာပဲ နေတာဖြစ်သည်။ နေညို့အတွက် သူ့ကားထဲက အအေးဘူး Snacks တွေ ယူလာပေးလျက် စကားတွေ ရွှန်းရွှန်းဝေအော ပြောနေသဖြင့် နေညိုမှာ ရေတောင်ဖြောင့်ဖြောင့် မပက်နိုင်

သို့သော် နေညိုကလည်း ထိုအခြေအနေကို တိတ်တဆိတ် ကျေနပ်နေတာဖြစ်သည်။ ဒီလိုခပ်ချောချော ခပ်ထောထော ကောင်လေးတစ်ယောက်က ကိုယ့်ကို အသည် အသန် ခိုက်ပြနေသော အဖြစ်သည် နေညို့အတွက်တော့ အိပ်မ တစ်ခုလိုပင်။

သင်္ကြန်ရေနှင့် မြူးကြွနေသော တေးသံတွေသည် လူတွေရဲ့စိတ်ကို ညွတ်နူးအောင် ပို၍ဖမ်းစားနိုင်သည်။ ထို့ကြော လည်း သင်္ကြန်တွင် တစ်ဦးနှင့်တစ်ဦး ပို၍နှောင်တွယ်သွားခြင် ဖြစ်နိုင်လေသည်။ နေညိုသည် အပြိုင်အဆိုင် လုပကာ အဖျော် တွေကို သိမ်းကျုံးယူထားသော ဒီနေရာမှ မစွန့်ခွာချင်တော့ပေ နေညို့အတွက် လေးမြတ်ထင် ဆိုသော လူသားတစ်ဦးသည် အိ မက်တွေကို အကောင်အထည် ဖော်ပေးမည့်သူ ဖြစ်လေသည်။

သူကတော့ ခြေလှမ်းတွေ သွက်လှစွာဖြင့် နေညို့ တောင် သူ့ကားနှင့် မဏ္ဍပ်တွေ လိုက်ကြည့်ဖို့ ဖိတ်နေချေပြီ။





"လိုက်ခဲ့ပါ နေညိုရာ၊ ဒီမှာပဲ ရေပက်နေရတာ ပျင်းစရာကြီး၊ တခြားနေရာတွေလည်း လျှောက်ကြည့်ဦးမှပေါ့၊ ဗိုလ်ချုပ်ဈေးရှေ့မှာ I.C မဏ္ဍပ်က အရမ်းစည်တယ်၊ ကိုယ်လိုက်ပြမယ်နော်၊ လိုက်ခဲ့ပါ"

သူ့ရဲ့အပြောချိုချိုလေးထက် နေညို့ကို ပို၍ဖြား ယောင်းနေတာက သူ့ရဲ့ကားကြီးဖြစ်သည်။ အရင်တုန်းကဆို ချင် နေညိုသည် ထိုကားမျိုး စီးဖူးလျှင် သေပျော်ပါပြီဟုပင် ခဲ့ဖူးသည်။ နေညို့ရဲ့ အိပ်မက်ထဲက ကားကြီးကိုတော့ စီးဖူး ချင်လှသော်လည်း သူနှင့် နှစ်ယောက်တည်း လိုက်သွားဖို့ ထိတော့ အတင့်မရဲသေးချေ။ နေညိုသည် ချမ်းသာချင်လွန်း သော်လည်း ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားသော မိန်းကလေး သည်။

"ဟင့်အင်းကွယ်၊ ကျွန်မ တစ်ယောက်တည်း မလိုက်ရဲပါဘူး၊ မနက်ဖြန်ကျမှ ကျွန်မရဲ့သူငယ်ချင်းကို ခေါ်လာပြီး လိုက်လည်မယ်"

"အိုကေ ... As You Like Baby ။ ဪ ... ညကျရင် ကိုယ့်ဆီ ဖုန်းဆက်ဦးနော်"

အမယ်လေး ဖုန်းဖိုးကတော့ ကုန်ဦးမှာ။ မွဲတော့ ပေါ့ပဲ။ ကိုယ်တော်ချောက ဖုန်းပြောလျှင် တော်တော်နှင့်မပြီး တ်ချေ။ နေညိုသည် ဖုန်းဖိုးတွေရှင်းလျှင် လက်တွေသာမက တွေပါ တုန်လာတတ်သော်လည်း ထောင်မြင့်လျှင် ရာစွန့်ဆို



www.burmeseclassic.com

www.burmeseclassic.com



သော စကားအတိုင်း ကိုယ့်ဘာသာပင် ကျိတ်၍စိတ်ဖြေရလေသည်။

သို့သော် သူ့လို မင်းသားတစ်ပါးက ကိုယ့်ကို ခိုက်နေခြင်းကိုလည်း ဝမ်းမသာဘဲ မနေနိုင်။ တစ်နေ့ကုန် သူနှင့် အတူတူ ရေကစားပြီးလျှင် ညကျ သူဇာ့ကို ရင်ဖွင့်ပြောပြရတာလည်း အမော်ပင်။

"သူဇာရေ သိလား၊ သူက ကျွန်မကို သိပ်ရှုကြွနေတာနော်၊ ချမ်းသာလိုက်တာလည်း ပြောမနေပါနဲ့တော့၊ မနက်ဖြန် သင်္ကြန်နောက်ဆုံးနေ့ဆိုတော့ သူ့ကားနဲ့ လိုက်လည်ဖို့ ကျွန်မ ပြောလိုက်တယ်၊ အဲဒါ ရှင့်ကိုပါ ခေါ်မှာနော်၊ အကဲခတ်ပေးဦး၊ ကျွန်မကတော့ သူ့ကို သိပ်သဘောကျနေပြီ သိလား၊ သူက ကျွန်မရဲ့အိပ်မက်ထဲက မင်းသားလေးပဲ"

"ဖြစ်ပါ့မလား နေညိုရယ်၊ ရှင့်ရဲ့ တကယ့်ဘဝကို သူသိသွားရင်ရော ဘယ့်နှယ်လုပ်မလဲ၊ ကျုပ်ဖြင့် ရှင့်အစား ရင်တုန်တယ်နော်"

"အို ... သိတော့ရော ဘာဖြစ်လဲ၊ ကျွန်မက ဒီသင်္ကြန်ပြီးရင် ကားနဲ့ပဲ ပစ္စည်းလိုက်ဖြန့်ရတော့မှာ၊ ရာထူးတိုးသွားပြီ၊ အရင်လို တစ်လမ်းဝင် တစ်လမ်းထွက် ကုန်းကြောင်းလျှောက်စရာ မလိုတော့ဘူး၊ သူနဲ့ချစ်ပြီးသွားရင် ဘာတတ်နိုင်မှာလဲ"





"ဟွန်း ... မထင်ပေါင်၊ ခုခေတ်ယောက်ျားတွေကလည်း ဈေးကွက်ထွင်လာကြပြီဟော့၊ သူတို့ကလည်း ရယ်ဒီမိတ်ပဲ လိုချင်ကြတာ"

"အို ... ကိုယ်က ရယ်ဒီမိတ်မဖြစ်လည်း သူကဖြစ်နေပြီးသားပဲ၊ ဘာခက်တာမှတ်လို့၊ ကဲ ... ရှင် သိပ်စဉ်းစားမနေနဲ့ ဒေါ်သူဇာ၊ ဒါကြောင့် ရှင် ဘဲမရတာ၊ အချိန်ကျလာပြီ၊ ကျွန်မ သူ့ဆီ ဖုန်းသွားဆက်လိုက်ဦးမယ်"

နေညိုသည် မိုဘိုင်းလ်ဖုန်းနံပါတ်လေးများကို နှိပ်ာကို အရသာထူးတစ်ခုလို ခံစားကာ သူ့ထံသို့ ဖုန်းခေါ်လေည်၊ သူနှင့် စကားပြောရတာထက် သူ့အိမ်အကြောင်း မေးရက အလုပ်ပိုတာဖြစ်သည်။ သူနေသောအိမ်ကိုလည်း မလှမ်းမ်းမှနေ၍ အကဲခတ်ပြီးပြီ။ နန်းတော်ဖြူကြီး တစ်ခုလို ခမ်းည်ဝါလှသော အိမ်ကြီးမှာ ဟီးထ၍နေသည်။ အမှန်တကယ်င် သူကား ချမ်းသာကြွယ်ဝလှလေသည်။

"နေညို့ကို ကိုယ်ပြောစရာရှိတယ်"

"ပြောပေါ့၊ ဘာပြောမလို့လဲ"

သူ ဘာပြောတော့မယ်ဆိုတာ အလိုလိုရိပ်မိလျှင်ွ တလှပ်လှပ်နှင့် ခုန်လာလေသည်။ သူ့ရဲ့ချစ်စကားကို ရမှာ ရင်ခုန်တာထက် ကိုယ်မျှော်လင့်သောဘဝနှင့် တစ်ဆင့်ပ်လာတာကို ရင်ခုန်တာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ တွေ့တာတော့ ရက်ပိုင်းပဲ ရှိပါသေးတယ် ဒါပေမဲ့ အချိန်ကာလက အဓိကမဟုတ်ပါဘူး နေညို၊ စ မှန်တဲ့ ချစ်ခြင်းကသာ အဓိကပါ၊ အချစ်ဆိုတာ မျက် တစ်မှိတ်အတွင်းလည်း မွေးဖွားလာနိုင်တာပဲ ဆိုတာ နေညို လက်ခံမှာလား"

"အင်း ... ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ပြောမတတ်ဘူး"

"ဒါဆို ဖူးစာဆိုတာကိုရော ယုံလား"

"အင်း ... ကြားဖူးတာပဲ၊ ဘာလို့ ဒါတွေ မေးနေတာလဲ"

"ဩော် ... ကိုယ်နဲ့ နေညိုနဲ့က ဖူးစာပါတယ်လို့ ပြောမ တာလေ၊ ကိုယ်ကလည်း သင်္ကြန်ဆို နှစ်တိုင်း နိုင်ငံခြာ ကို သွားလည်နေကျ၊ ဒီနှစ်မှ နေခဲ့တာ၊ နေညိုလည် ကိုယ့်မြို့ကနေ ဒီကို ကျောင်းလာတက်ရင်း သင်္ကြန်ပွဲတော် ကို ဝင်နွှဲရင်းနဲ့ ကိုယ်နဲ့လာဆုံတာဆိုတော့ ဒါဖူးစာပဲပေါ့ သင်္ကြန်ဖူးစာပေါ့၊ မဟုတ်ဘူးလား"

"အံမယ် ... ဖူးစာဆုံရအောင် ရှင်နဲ့ကျွန်မနဲ့က ဘာဖြ သေးလို့လဲ၊ ကျူးကျူးကျော်ကျော်နဲ့"

"မကျူးကျော်ပါဘူး နေညိုရယ်၊ တကယ်ပြောတာ၊ ယုံ ပါကွာနော်၊ တကယ်ချစ်သွားတာ ယုံတယ် မဟုတ်လာ ဟင်"

"မယုံတာ စိတ်လည်းမဆိုးနဲ့၊ သင်္ကြန်လည်းပြီးရော ချ တာလည်း ပြီးရောပဲ၊ သင်္ကြန်တော်လ်ကီတွေ"





"ဟာ ... မဟုတ်ရပါဘူးကွာ၊ နေညို ယုံအောင် ဘာနဲ့ သက်သေပြရမလဲဟင်"

"ဘာနဲ့မှ မပြနဲ့၊ အချိန်က အကောင်းဆုံး သက်သေပဲ၊ အချိန်နဲ့ပဲ ဆုံးဖြတ်မယ်"

သူ့ဘက်မှ တဒင်္ဂတိတ်ဆိတ်သွားဖြင့် ကိုယ်ပြောတာ နည်းနည်းများသွားပြီလားဟု စိုးရိမ်သွားခဲ့သည်။ သို့သော် သူက ...

"ရတယ်၊ နေညို့သဘော၊ မနက်ဖြန်မှာသာ ကိုယ်နဲ့လည်မဲ့ အစီအစဉ်ကို မဖျက်နဲ့"

သင်္ကြန်နောက်ဆုံးနေ့ ဖြစ်သော အတက်နေ့တွင် နေညိုနှင့် သူဇာကို သူက သူ့ကားကြီးဖြင့် မြို့အနှံ့ အလည်အပတ် ပေးလေသည်။ သီချင်းသံလေး ခပ်သဲ့သဲ့လွင့်ပျံ့ကာ အေးစိမ့်နေသော ကားအမြင့်ကြီးပေါ်မှ လမ်းပေါ်ကလူတွေကို လှမ်းကြည့်ရသော အရသာကို အထူးပင် နှစ်ခြိုက်လျက်ရှိလေသည်။

သူက နေ့လယ်စာကို သူ့အိမ်မှာပင် ကျွေးလေရာ သူ့အိမ်ကို နေညို ရောက်ဖူးသွားပြီ။ နေညိုရော သူဇာရောသည် ရုပ်ရှင်တွေထဲမှာသာ မြင်ဖူးသော အိမ်ကြီးကို ရင်သပ်ရှုမောမဆုံး။ အိမ်ကြီး၏ လေသာဆောင်မှနေ၍ လမ်းထဲကမဏ္ဍပ်တွေကို ကြည့်ရတာလည်း အရသာတစ်မျိုးပင်။ နေညို့ရဲ့ဦးနှောက်မှ သူ့ကို ကာကွယ်ခံဖို့ အချက်ပေးသည့် ခေါင်းလောင်းသံတွေ ဆူညံ၍နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေညိုရယ် ကိုယ့်ကို အချိန်မဆွဲပါနဲ့တော့နော်"

သူက သူ့ဇာ့အလစ်တွင် ခပ်တိုးတိုးကပ်၍ ပြောလေသည်။ နေညိုသည် ဆုံးဖြတ်ချက်တစ်ခုကို ပီပီပြင်ပြင် ချလိုက်ကာ ...

"နောက်တစ်လနေရင် ရှင့်ကို အဖြေပေးမယ် လေးမြတ်ထင်"

သင်္ကြန်ပွဲတော်သည် လွမ်းစရာကောင်းစွာ၊ တသသမမေ့နိုင်စရာများ ချန်ထားရစ်ခဲ့လျက် ပြီးဆုံးသွားခဲ့လေသည်။ သို့သော် နေညို့အတွက်တော့ သင်္ကြန်သည် ဖူးစာရေးတဲ့ပွဲတော်ဖြစ်သည်။ နေညို မျှော်မှန်းထားသောဘဝကို ရောက်အောင်ခေါ်မည့် လူတစ်ယောက်နှင့် တွေ့ဆုံခဲ့ရသည်ကိုတော့ ဘယ်တော့မှ မေ့နိုင်မည် မဟုတ်တော့။





## ၅

သင်္ကြန်ပြီးဆုံး၍ တစ်ပတ်ခန့်ကြာလျှင် ကိုလေးတို့ ပြန်ရောက်ပြီဖြစ်သဖြင့် သူ့မှာ နဂိုဘဝသို့ ပြန်ရောက်သွားပြန်လေသည်။ သို့သော် သူ ပျော်ရွှင်ကျေနပ်သည်။ တစ်သက်လုံး သူ မရနိုင်သော ဘဝတစ်ခုကို တစ်ခဏတော့ ခံစားခွင့်ရကာ၊ ချောမောလှပသော မိန်းကလေးတစ်ယောက်နှင့်လည်း ဇာတ်လမ်းလုပ်ခွင့်ရသဖြင့် သူ့အတွက်တော့ ကျေနပ်စရာ အတိပင်။ သင်္ကြန်ပြီးသွားသောအခါ နေညိုနှင့် မတွေ့ရသဖြင့် လွမ်းသလိုလိုတော့ ဖြစ်မိတာ အမှန်ပင် ဖြစ်သော်လည်း သူမထံသို့ မဆက်သွယ်ရဲတော့ချေ။ သူမဘဝနှင့် သူ့ဘဝသည် အတော်ကြီး ကွာခြားလေသည်။ တစ်ညနေတွင် ကိုလေးက ...

"ဟော့ကောင် ထူးမြတ်၊ နောက်နေ့ကစပြီး မင်းပစ္စည်းဖြန့်တဲ့ကားကို မောင်းရမယ်၊ ဒရိုင်ဘာက အလုပ်ထွက်သွားလို့ လောလောဆယ် လူလိုနေတယ်လို့ ပြောတယ်၊ အဲဒါ မင်းလခလည်းရမယ်၊ မောင်းမလား ပြော"



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်တော့ ထိုအခွင့်အရေးမှာ မဟာအခွင့်အရေးပင် ဖြစ်လေသည်။ အိမ်ထဲမှာနေလျှင် ကိုလေးရဲ့ခွေးကိုပဲ ရေချိုးပေးရ၊ ထမင်းကျွေးရ၊ ဆေးတိုက်ရနှင့် ခွေးကျွန်ခံနေရတာ ထက်စာလျှင် အပြင်ထွက်ရတာက သူ့အတွက် အခွင့်ကောင်းပင် ဖြစ်သည်။ ကိုလေးတို့ မိသားစုမှာ ချမ်းသာသလောက် လုပ်ငန်းတွေလည်း များလှသဖြင့် ဘာတွေဆိုတာတောင် တိတိကျကျ သူ မသိလှပေ။

သို့သော် ပစ္စည်းလိုက်ဖြန့်သည့်ကားကို မောင်းရမှာ ဖြစ်၍ သူပျော်သည်။ ပစ္စည်းဖြန့်သော ကောင်မလေးတွေနှင့်လည်း ရင်းနှီးခင်မင်ခွင့် ရဦးမှာမို့ သူ့အတွက်တော့ ဖူးစာပဲဖြစ်လေသည်။



နေညိုသည် သကြံန်လည်းပြီးရော ပျောက်ချက်သား ာင်းသွားကာ ပေါ်ကိုမလာတော့သည့် လေးမြတ်ထင် ဆိုသော ကို မေတ္တာတွေ အကြီးအကျယ်ပို့ကာ စိတ်တိုလျက် ရှိလေ ည်။ အလကားလူ ထင်တဲ့အတိုင်းပဲ။ ငါ့ကို သကြံန်တော်လ်ကီ ွ ခြွေသွားတာ။

မခံချင်စိတ်ဖြင့် သူ့ဖုန်းကို ဆက်ကာကြည့်ချင် ာ်လည်း ကိုယ့်ဘက်က စဆက်သွယ်ရမှာ အောက်သည့်ထင် မဆက်သွယ်ချင်ပေ။ ပြီးတော့ ကိုယ့်အကြောင်းကိုယ်လည်း ာ်မလုံ၍ သူ့ကိုလှမ်းမကောရဲချေ။

နေညိုသည် သူမကိုယ်သူမ နယ်တွင်ပွဲရုံကြီးတွေပိုင် င်သော သူဌေးသမီးအဖြစ် ကြွားဝါထားလေရာ အလိမ်ပေါ်မှာ ည်း စိုးရိမ်မိပြန်သည်။ ဒီလိုနှင့်ပင် ဘယ်အချိန်များ သူဆက် ယ်လာမလဲ ဆိုတာကိုသာ စောင့်စားလျက် မျှော်လင့်နေရတာ ်လေသည်။ အတွေး ကောင်းနေသဖြင့် နေညို့ အနားသို့ pervisor ရောက်လာတာပင် မသိလိုက်။



www.burmeseclassic.com

www.burmeseclassic.com



"နေညိုရေ .. ဘာတွေ အတွေးကောင်းနေလဲ၊ အလုပ်ရှ
အာရုံစိုက်ကွယ်၊ ရှေ့မှာ စက်ရုံကကား ရောက်နေပြ
ရော့ ... ဒီမှာက ပစ္စည်းစာရင်းတွေနဲ့ ဖြန့်ရမဲ့ဆိုင်တွေ
ဪ ... ကားမောင်းတဲ့လူက ကိုလုံထွန်း မဟုတ်တော
ဘူးနော်၊ လူမရှိလို့ သူဌေးရဲ့အိမ်က ဒရိုင်ဘာကို ခဏထည့်
ပေးထားတာ၊ မသိရင်တော့ မင်းသားပဲ၊ ဓာတ်လမ်းတေ
လည်း ဖြစ်မနေနဲ့ဦး"

"အိုး ... မမကလည်း ဖြစ်စရာလား၊ ကဲ ... ဒါဆိုသွာ
ပြီနော်"

နေညိုသည် လုလုပပ ကြွကြွရွရွလေးနှင့်ပင် ကာ
ထံသို့ လျှောက်လာခဲ့သည်။ ကားကိုမှီကာ ကျောပေးရပ်နေသော
ဒရိုင်ဘာလူသစ်ဆိုသူသည် နောက်ကကြည့်တာတောင် စတိုင်
ကား ခပ်ဖြောင့်ဖြောင့်ပင်။ အင်း ... လှတာက ချက်စား၍မရတာ
ခက်လှသည်။

"ဒီမယ် သွားကြရအောင်ရှင့်၊ အရင်ဆုံး City Mart
ဝင်ရမယ်"

သူ့မျက်နှာသည် နေညိုဘက်သို့ ဖျတ်ခနဲ လှည့်လာ
လျှင် နှစ်ယောက်စလုံးမှာ လန့်၍အော်မိအောင်ပင် ပါးစပ်တွေ
အလျင်အမြန် ပိတ်ထားလိုက်ရလေသည်။

"ရှင် ... ရှင် ..."

"မင်း ... မင်းက ..."





နှစ်ယောက်စလုံးသည် တစ်ယောက်နှင့် တစ်ယောက်
မျက်လုံးကြီးတွေနှင့် အတန်ကြာစိုက်ကြည့်နေမိကြပြီးလျှင် အခြေ
အနေကို ဆက်စပ်တွေးကြည့်ရုံမျှဖြင့် အဖြေကို ကောက်ချက်
ချသွားကြလေသည်။ ဪ ... လက်စသတ်တော့ ကိုယ်စီ
ကိုယ်စီ ရှေ့မတိုးဝံ့ကြတော့တာ ဆိုင်ရာအားနည်းချက်၊ ဖုံးကွယ်
ချက်တွေကြောင့်ကိုး။

"ရှင့်မိဘတွေ နိုင်ငံခြားက ပြန်ရောက်ကြပြီလား"

"မင်းမိဘတွေရဲ့ ပွဲရုံတွေရော အဆင်ပြေရဲ့လား"

နှစ်ဦးစလုံးသည် တစ်ယောက်နှင့်တစ်ယောက် ပြိုင်
တူ စိုက်ကြည့်ကာ ကြာလာလျှင် တဟားဟားနှင့်ပင် ပြိုင်
တူ အော်ရယ်မိကြလေသည်။ အင်း ... အခုမှပဲ အမှန်တကယ်ကို
လွတ်လပ်ပေါ့ပါးသွားတာပါပဲလား။ လောကတွင် မဖြစ်နိုင်သော
အရာကို ထိုင်ကာ စိတ်ကူးယဉ်နေခြင်းထက် လက်တွေ့ဘဝကို
လက်ခံရင်ဆိုင်လျက် အကောင်းဆုံး ကြိုးစားဖို့ကသာ အရေး
ကြီးသည်ဆိုတာ သူတို့နှစ်ယောက်စလုံး တစ်ပြိုင်နက် သဘော
ပေါက်သွားခဲ့ပြီဖြစ်သည်။

"ကိုယ်တို့ ဖူးစာက အခုမှ စတာဆိုရင် ယုံမလား နေညို၊
ကိုယ်တို့ တကယ်ပဲ ဖူးစာပါတယ်နော်"

"ပြောမပြဘူး"

သူက နေညိုရဲ့စကားကို တဟားဟားနှင့် ရယ်မော
သောအခါ နေညိုပါ သူနှင့်အတူ လိုက်လံရယ်မောမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့် တစ်ယောက်သည် ဘယ်လောက်ပဲ အနေအထ
ချင်း ဝေးကွာကြပါစေ။ ဆုံကို ဆုံစည်းရမည့် ကံတရားသာ
လျှင် တစ်နေ့နေ့မှာ အမှန်တကယ်ကို ပြန်လည်ဆုံတွေ့တတ်
ရလေ့ရှိပါသည်။

ထိုအချိန်သည် ချစ်သူနှစ်ယောက်ကို ကံတရား
လက်ဆောင်အဖြစ်ပေးသော အချိန်လေးလည်း ဖြစ်ပြန်သည်
နေညိုတို့နှစ်ယောက်အတွက်ကတော့ သင်္ကြန်ပွဲတော်သည် ဖူး
ရေးသော ပွဲတော်တစ်ခုပဲ ဖြစ်လေသည်။

"နှစ်သစ်တွင် ချစ်သူများအားလုံး ဖူးစာဆုံနိုင်ကြပါစေ



# ဆုမြတ်မွန်မွန်

အထူးအားဖြင့် ရည်ရွယ်ခဲ့သော

IMAGE

www.burmeseclassic.com

www.burmeseclassic.com



# အထူးအားဖြင့်ရည်ရွယ်ခဲ့သော

အပြင်မှာ ... တကယ်ရှိခဲ့တဲ့ဇာတ်လမ်းလေး တစ်ပုဒ်ပါ။ အခုတော့ ဝတ္ထုထဲက မိုးစက် ဆိုတဲ့ ကောင်လေးက မိန်းမရသွားပါပြီ။

ကဗျာ ဆိုတဲ့ ကောင်မလေးကတော့ သူ့ချစ်သူနဲ့ ပြတ်စဲသွားပြီး အခုထိ တစ်ယောက်တည်းပဲ ရှိနေတုန်းပါပဲ။

အဲဒီတော့ ... တစ်ခါတလေတော့လည်း ယောက်ျားလေးတွေရဲ့ အချစ်ဆိုတာ ...

... ?

... ?

... ?

www.burmeseclassic.com

## ၁

လူငယ်တစ်ဦးဖြစ်သော ကျွန်တော်သည် လူငယ်တွေကြားထဲမှာပဲ တိတ်တိတ်လေး စီးမြောနေလျက်ရှိသော အချစ်ဆိုသည့်အရာကို အမှန်ပင် နားမလည်ခဲ့ပါ။ သို့သော်လည်း ကျွန်တော် မိန်းမတစ်ယောက်ကို ချစ်ခဲ့ပါသည်။ ချစ်တတ်ဖို့အတွက် အချစ်ကို နားလည်ဖို့ လိုသည်ဟုတော့ မထင်ပါ။ အချစ်သည် နားလည်ဖို့ ကြိုးစားလေလေ ရင်မှဝေးရာဆီသို့ ထွက်ပြေးလေလေဟု ထင်မိနေလသည်။

အချစ်ဖြစ်ပေါ်လာဖို့ ဘယ်လိုအကြောင်းတရားတွေ လိုအပ်သလဲဟု ကျွန်တော် မကြာခဏ တွေးဖူးပါသည်။ တကယ်တော့ အချစ်ဖြစ်ပေါ်လာဖို့ ဘယ်လိုအကြောင်းတရားမှ မလိုကြောင်းကို ကျွန်တော်သိစေရန် သူမက ပြောပြသွားခဲ့ပါသည်။

အချစ်အတွက် လူနှစ်ယောက် ဆုံတွေ့ဖို့ပဲ လိုအပ်သည်တဲ့။ မှန်ပါသည်။ သူမနှင့် ဆုံတွေ့ခဲ့ရချိန်မှာ ကျွန်တော်





သည် ချစ်သူရှိသော မိန်းမတစ်ယောက်ကို ချစ်မိသွားလိမ့်မည်ဟု ဘယ်တုန်းကမှ ထည့်မစဉ်းစားခဲ့ဘူးချေ။

သူမဟာ ကျွန်တော့်ရဲ့ အချစ်ဦးမိန်းမနှင့် အင်မတန်ဆင်လို့များလားဆိုတာ အကြိမ်ကြိမ် တွေးမိခဲ့သော်လည်း၊ တကယ်တမ်းမှာ အဲဒီလိုမဟုတ်ကြောင်း ကိုယ့်ဘာသာပင် အသေအချာ သိခဲ့ပါသည်။ သူမက တစ်ဘာသာ ခွဲထွက်နေသော ရင်ခုန်သံများ၏ ပိုင်ရှင်ဖြစ်ခဲ့သည်။

သူမ၏ ချစ်သူအကြောင်းကို စိတ်လိုလက်ရ ပြောပြစဉ်ခိုက်မှာ ဖိတ်ဖိတ်တောက်နေတတ်သော မျက်ဝန်းများနှင့် နှုတ်ခမ်းလှလှ တစ်စုံကို သတိလက်လွတ် ငေးမောခဲ့သောအချိန်တွေမှာ သူမကို ချစ်နေပြီမှန်း ထိတ်လန့်စွာ သိခဲ့ရတာ ဖြစ်ပါသည်။

ကဲ ... ဘယ်လောက် လျို့ဝှက်ပိရိတဲ့ အချစ်လဲ။ ဘယ်အချိန်ကများ ရင်ထဲကို ရောက်လာနေခဲ့ရတာလဲ။ ကျွန်တော် နားမလည်ခဲ့ပါ။

ကျွန်တော်သည် အချစ်နှင့် ပတ်သက်လာလျှင် ရက်မမြင်ပုဏ္ဏားခြောက်ယောက်ထဲမှ တစ်ယောက်ဖြစ်လေသည်။

www.burmeseclassic.com



## ၂

သူမကို စတင်ဆုံတွေ့ခဲ့သည့်နေ့မှာ တိမ်ပြာပြာနေ ဆန်းဒေးလည်း မဟုတ်ပါ။ ခြေခင်းလက်ခင်း သာယာလှပသော ဆွတ်ပျံ့ဖွယ် လိမ္မော်ရောင်ညနေခင်းလည်း မဟုတ်။ ဘာလေပြည် လေညင်းမှလည်း တိုက်ခတ်မနေသော၊ အင်မတန်ပူလောင်သည့် နွေနေ့လယ်ခင်းကြီး တစ်ခုမှာ ဖြစ်သည်။

အဲဒီလို နွေနေပူကြီးနှင့်အပြိုင် ရဲရဲတောက် လှပနေသော သူမကို ကျွန်တော် စတင်တွေ့စမှာ တစ်ခဏ ရှော့ခ်ဖြစ် သွားခဲ့ပါသည်။ သူမသည် ကျွန်တော်ရဲ့အချစ်ဟောင်းမိန်းမနှင့် အတော့်ကိုဆင်သည်။

ကျွန်တော်ကသာ စည်းချက်မမှန်သော ရင်ခုန်သံ တွေကို ကိုယ်စားပြုကာ ခုမှတွေ့ရသော သူ့ကို ပြုံးပြ နှုတ်ဆက်ရို အလစ်ချောင်းနေခဲ့သော်လည်း သူမကတော့ဖြင့် လက်ထဲမှာကိုင် ထားသော ချစ်စရာ ယပ်တောင်အနီလေးလောက်မှ ကျွန်တော်





ပေါ်တွင် အာရုံဝင်စားမှု မရှိဘဲ၊ ၉၅ F ကို လက်တစ်ဝါးစာ ယပ်တောင်လေးဖြင့် တော်တော်ကြီး ခုခံကာကွယ်လျက် ရှိနေခဲ့ သည်။

တစ်ချိန်လုံး ယပ်တောင်ကို လက်မှမချစတမ်း။ ဒီယပ်တောင်လေးမှာ သူမရည်းစား၏ ချစ်သက်လက်ဆောင် နောက်များမှ သိခွင့်ရခဲ့ပါသည်။) ကျွန်တော့်ဦးလေးက ဆက်ပေးတော့မှပင် သူမက ကျွန်တော့်ကို သတိထားမိဖော် ပါသည်။

ကျွန်တော့်ကို ကြည့်လာသော မျက်ဝန်းများသည် တည်တည် စူးရှ။ လေးလေးက ကျွန်တော့်ကို မေးဆတ်ပြ ...

"ကဗျာ ဒါ လေးလေးရဲ့တူ မိုးစက်တဲ့၊ ရန်ကုန်က၊ ဆိုး လွန်းလို့ သူ့အမေက ဒီကိုပို့ထားတာ၊ အပေါင်းအသင်း လည်း မရှိရှာဘူး၊ ငေါင်နေတယ်၊ ခင်လိုက်ပါကွာ၊ ဟုတ် လား"

သူက ကျွန်တော့်ကို ခပ်ပြုံးပြုံး စိုက်ကြည့်လာပါ သည်။ ယပ်တဖျပ်ဖျပ် ခတ်နေသဖြင့် ဆံနွယ်တွေက ဝေ့ဝဲလှုပ် လျက် ရှိသည်ကို ကျွန်တော် ငေးမောကာ နေမိသည်။ ကြည့် လေ သူမဟာ ကျွန်တော့်ရဲ့ ယခင်တစ်ယောက်နှင့် တူလေ ပါပဲလား။

"သနားသောအားဖြင့် ခင်လိုက်ပါ့မယ်၊ ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



သူမ သွင်ပြင်က အစ်မကြီးတစ်ယောက် ...
ကျွန်တော့်ကို ပြုံးစိစိ ကြည့်ပုံမှာ အတော်အသည်းယားဖို့ ကော
ပါသည်။ မာနကြီးမည်၊ ဖော်ရွေမှုကင်းမည်ဟု ထင်ထား
သူမက အင်မတန် နားလည်သဘောကောင်းသော ခင်မင်ချင်
သူတစ်ဦး ဖြစ်ခဲ့လေသည်။

တစ်ခဏအတွင်းမှာပင် သူမနှင့် ကျွန်တော် အ
လေး ခင်မင်ရင်းနှီးသွားခဲ့သည်။ တကယ်တမ်းတော့ သူမ
အချစ်ဟောင်းမိန်းမနှင့် ရုပ်ချင်းသာဆင်လျက် တခြားဘာမှ
မရှိကြောင်း၊ အချိန်ကြာလာတာနှင့်အမျှ ကျွန်တော် သိခွင့်ရ
သည်။

ကျွန်တော့် အချစ်ဟောင်းသည် အချစ်ကိုကစား
သော၊ ငွေကြေးကို ရှေ့တန်းတင်လွန်းသော သူတစ်ယောက်
ခဲ့ပြီး၊ သူမကတော့ အင်မတန်ကို ပွင့်လင်းသော၊ နားလည်မှုတ
ပြည့်ဝသော၊ သဘောကောင်းလွန်းသော၊ ကူညီတတ်လွန်းသော
ပဲမများတတ်သော ချစ်စရာကောင်းသူတစ်ယောက် ဖြစ်လေသ

အချစ်ဟောင်းနှင့် သူမကို ဘာကြောင့် နှိုင်းယှ
သလဲဆိုတာ ကျွန်တော့်ဘာသာပင် မသိပါ။ သေချာတာတ
ကတော့ သူမနှင့် ခင်မင်ခွင့် ရခဲ့ခြင်းသည် ကျွန်တော့်ဘဝအ
အဖိုးမဖြတ်နိုင်သော ဆုလာဘ်တစ်ခုပင် ဖြစ်ခဲ့ပါသည်။ သီး
ရပ်ကွက်ဖြစ်သော ခြံကျယ်ကြီးတွေမှာ အပေါင်းအသင်း
စရာ နည်းပါးလွန်းသော ကျွန်တော့်အတွက်တော့ သူမ





ယောကျ်ားလေးသူငယ်ချင်း တစ်ဦးလိုလည်း အဖိုးတန်လှပါသည်။ ခြံချင်းကပ်လျက် ဖြစ်တာမို့ သူမနှင့် နေ့စဉ်ဆုံတွေ့ခွင့်ရခြင်းသည် သူမအပေါ်မှာ သံယောဇဉ်တွေ ပိုမိုရစ်ဖွဲ့ဖို့ ဖြစ်လာခဲ့သည်လားတော့ မသိပါ။

ပျင်းရိပူပြင်းခြောက်သွေ့လှသော နွေနေ့လယ်ခင်းများတွင် အရိပ်ကောင်းသော သရက်ပင်ကြီးအောက်မှာ သူမနှင့် ချက်ခ်ထိုးရသော အချိန်တွေလောက် ဘဝမှာ နေပျော်စရာကောင်းသော အချိန်မရှိဟု ကျွန်တော် တွေးမိတတ်လာခဲ့သည်။ သူမက ချက်ခ်ကစားတာ အလွန်တော်ပါသည်။ အထူးသဖြင့် ကျွန်တော့်ကို စားခါနီးအချိန်များတွင် မစားမီ ကျွန်တော့်ကို မျက်လုံးလှန်၍ ပြုံးကြည့်ပုံသည် ကျွန်တော့် အရုပ်တွေကိုသာမကဘဲ ကျွန်တော့်နှလုံးသား တစ်ခုလုံးကိုပါ စားသွားကြောင်း နောက်ကျမှ ကျွန်တော် သိခွင့်ရခဲ့သည်။

တစ်ခါတစ်ရံ သူမရဲ့သဘောထားကရော ကျွန်တော့်အပေါ်တွင် ဘယ်လိုရှိလဲ ပြင်းပြစွာ သိချင်မိသည်။ ကျွန်တော့်ကိုများ ပြန်ချစ်နိုင်မလားဟု ခပ်ကြောင်ကြောင် တွေးမိပြီးချိန်တွင် သူမရဲ့သိက္ခာကို အထူးအားနာမိသည်။ ကျွန်တော် အဲလိုတွေးဖြစ်အောင်လည်း သူမက ကျွန်တော့်အပေါ်မှာ သမုဒယဆန်တတ်ပါသည်။

သူမရဲ့လက်သည်းလေးတွေက ဘာဆေးရောင်မှ တင်မထားသော်လည်း ခပ်လက်လက်လေး စိုပြည်နေပုံကို ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် အရမ်းသဘောကျသည်။ ချက်ခ်ထိုးလျှင် ထိုလက်လေးတွေကို လိုက်ငေးနေတာနှင့်ပင် ကျွန်တော် ရှုံးတာ များခဲ့တာဖြစ်သည်။

"ကဗျာ ... နင့်လက်သည်းတွေက အရောင်တွေ လက်နေပါလား"

"အဲဒါ ပေါလစ်ရှိုတင်ထားတာလေ၊ ဒါတောင်မသိဘူးလား ရန်ကုန်သားရဲ့"

"မသိဘူးကွာ၊ အဲဒါ မိန်းကလေးတွေနဲ့ ကင်းရှင်းကြောင်းသာခကပဲ"

သူမက တိုးဖွဖွရယ်ရင်း ဘာမှမဆိုင်ဘူးဟု ရေရွတ်သည်။ သူ့လက်ချောင်းတွေကို နေရောင်မှာ ထောင်ကြည့်ရင်း နင်ရော ဒါမျိုးလုပ်မလား၊ ငါ လုပ်ပေးမယ်ဟု ပြောသည်။ ကျွန်တော်က အားတက်သရော ခေါင်းညိတ်လျှင် သူမက နောက်တစ်နေ့မှာ ကျွန်တော့်လက်တွေကို အရောင်ထွက်နေအောင် ပြင်ဆင်ပေးပါသည်။

ကျွန်တော့်ကို တယုတယ လုပ်ပေးနေချိန်မှာ၊ သူ့ကို ကျွန်တော့်ချစ်သူအဖြစ် စိတ်ကူးယဉ်ပစ်လိုက်သည်။ ဒီလိုသမုဒယတွေသည် ကျွန်တော့်နှလုံးသားကို သို့လော သို့လောတွေ များစေခဲ့တာလည်း ဖြစ်နိုင်ပါသည်။ ကျွန်တော့်လက်တွေမှာ အာရုံကျရောက်နေသော သူမရဲ့မျက်နှာကို တစိမ့်စိမ့်ငေးကာ –

"ကဗျာ ... နင့်ကိုရော တစ်စုံတစ်ယောက်က ဒါမျိုးလုပ်ပေးဖူးလား"





"လုပ်ပေးဖူးတာပေါ့"

သူမက ခပ်သွက်သွက် ဖြေသည်။ အဲဒီအချိန်ထိ သူမမှာ ချစ်သူရှိမှန်း ကျွန်တော် မသိသေးပါ။

"ဘယ်သူလဲ၊ နင့်သူငယ်ချင်းလား"

"နိုး ... ငါ့ချစ်သူက၊ ငါ့ချစ်သူက လုပ်ပေးတာပေါ့ဟာ"

ကျွန်တော့်လက်တွေကို ဆတ်ခနဲ ပြန်မရုပ်မိရုံ ဘစ်မည်ပင်။ သူမကတော့ ဘာအနေအထားမှ မပျက်။ ကျွန်တော့် ရင်ထဲမှာ လစ်ဟာသလို ဖြစ်သွားမှန်း သိသော်လည်း ဒါဟာ အချစ်မှန်းတော့ မသေချာခဲ့သေးပါ။ ပြီးစီးသွားသဖြင့် လက်လက် တောက်ပလှကာ ရှင်းသန့်နေသော ကျွန်တော့်လက်ချောင်းတွေကို ငေးကြည့်ရင်း ...

"ဒါဆို နင့်ဘဝမှာ ပထမဆုံး လက်သည်းပြင်ပေးခဲ့တာ နင့်ချစ်သူကိုပေါ့"

"ဟင့်အင်း ... သူကပဲ လုပ်ပေးခဲ့တာပါ၊ ငါ့ဘဝမှာ ပထမဆုံး လုပ်ပေးတာ နင်ပဲ"

ဒီစကားကို ကျွန်တော် အပြည့်အဝ ဝမ်းသာခွင့်ရခဲ့ပါ။ သူမကိုသာ အထူးအဆန်းလို ငေးနေမိခဲ့ပါသည်။ ကျွန်တော့်အပေါ်မှာ အထူးတလည် ဖော်ရွေသော၊ ဂရုစိုက်ကြင်နာတတ်သော သူမကို ကျွန်တော် ဘယ်လိုနားလည်ရမလဲ။ သူမရဲ့ ချစ်သူအကြောင်းကို ကြုံမှ အမှတ်မထင် သိခွင့်ရခဲ့သည့် အဖြစ်ကလည်း ကျွန်တော့်ကို အတွေးပိုစေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ချစ်သူက ဘယ်မှာလဲ၊ ပြောသံလည်း မကြားပါဘူး"

"သူက ဖောရိန်းမှာလေ၊ မကြာလို့ မပြောဖြစ်တာပါ၊ ရော ..."

သူမက ကျွန်တော့်ကို အမှတ်မထင်စွာ မေးလာ သည်။

"ငါ့မှာ မရှိပါဘူး၊ ဒါနဲ့ နင်က သူ့ကို တကယ်ချစ် လား"

"အင်းပေါ့၊ ဘာဖြစ်လို့ အဲလိုမေးရတာလဲ"

နင် ငါ့ကို ဂရုစိုက်လို့ဟုတော့ ကျွန်တော် ဘယ် မှ ပြောလိမ့်မည် မဟုတ်ပါ။ တိတ်တဆိတ် ခေါင်းခါပြ ကျွန်တော့်ကို သူမက ခပ်ပြုံးပြုံးလေး ငေးကြည့်ပုံသည် ကျွန် နှလုံးသားကို နားလည်နေခဲ့လားတော့ မသိပါ။

ဒါမှမဟုတ် ငါ့ရဲ့ရိုးသားတဲ့ ခင်မင်မှုကို အထင် လွဲပြီးမှ နောင်တရနေလားဟု မေးချင်နေလားလည်း ကျွန်တော်ကတော့ အဲဒီတစ်ညလုံး မပျော်ခဲ့ပါ။ မိုးလင်းခါ ပင် သူမကို ချစ်နေပြီလား သိလိုက်ပြီးချိန်ဝယ် ကျွန်တော့် မတတ်နိုင်တော့။ အချစ်မှာ ကျွန်တော် နောက်ကောက်ကျ ဖြစ်သည်။

အဲဒီနောက်ပိုင်းမှာတော့ သူမ မပြောလည်း ကျွန် တော်ကပင် သူမချစ်သူအကြောင်း စိတ်လိုလက်ရ မေးမြန်း သည်။ အဲဒီလို မေးကြည့်တော့မှပင် သူမရဲ့ သနားကြင်နာ





ကျွန်တော့်ကိုမှ သီးသန့်မဟုတ်ပါဟု ရက်စွဲ့စွာ သိခဲ့ရသည်။ ယ်သူ့ကိုမဆို ယောကျ်ားမိန်းမ သိပ်ခွဲခြားမှုမရှိဘဲ လေးနက် တ်ခြင်းဟာလည်း သူမရဲ့စိတ်ရင်းတစ်ခုဆိုတာ ပိုနားလည်သိ ခဲ့ရလေသည်။

သူငယ်ချင်းတွေပေါ်မှာတောင် ဒီလောက်နက်ရှိုင်း တ်သည့် သူမဟာ ချစ်သူအပေါ်မှာတော့ များစွာခံစားနက်ရှိုင်း မည်ဟု တွေးထားခဲ့သော်လည်း တကယ်တမ်းမှာ အဲလောက် မဟုတ်တာလည်း ကျွန်တော် သိခွင့်ရခဲ့ရပြန်ပါသည်။

"သူ့ကို ... ငါ တကယ်ပဲ သိပ်ချစ်ပါတယ်၊ ဒါပေမဲ့ လုံးဝ မျှော်လင့်မထားဘူးဆိုရင် နင် အံ့ဩမလား မိုးစက်။ ဟုတ်တယ်။ ဒီအချိန်မှာ သူ ငါ့ကို စွန့်ခွာသွားလည်း ငါခံနိုင်ရည်ရှိတယ်၊ အဲဒါ မချစ်လို့တော့ မဟုတ်ဘူး၊ သူနဲ့ပတ်သက်ပြီး ငါ ဘာမှမမျှော်လင့်ထားလို့၊ အေးလေ ... ဒီလိုမမျှော်လင့်တတ်အောင်လည်း သူပဲ သင်ပေးခဲ့တာလေ"

အဲဒီအခါမျိုးတွင် သူမမျက်ဝန်းတွေက အနည်းငယ် ဆွေးလျသွားသည်ဟု ထင်သည်။ အချစ်နဲ့ ပတ်သက်ရင် ခံစားနေရသလားဟု တွေးမိလျှင် ကျွန်တော် သူမ၏ချစ်သူ လိုက်ချင်ပါသည်။ သူမ ဆွေးနေရတာတွေ မျှဝေယူချင်သည်။ ည်းဖြည်းနှင့် ကျွန်တော်နှင့် သူမသည် တစ်ယောက်ရဲ့ခံစား တွေ တစ်ယောက်က မျှဝေခံစားပေးတတ်သောသူတွေ ဖြစ် ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် အနီးကပ် နေရလေလေ အချစ်ဆိုသော
အရာကို ရေးတေးတေး သဘောပေါက်သလို ဖြစ်လာခဲ့ရလေသည်
တကယ်တော့ အချစ်ဆိုသော အရာသည် ကိုယ့်ချစ်သူက အခြား
တစ်ယောက်ကို ချစ်နေခြင်းအား ကြည်ကြည်ဖြူဖြူ ပြုံးကြည့်နေ
နိုင်သော ကြီးမားသည့် ခွင့်လွှတ်စွမ်းအင်တစ်ခုပဲ ဖြစ်ပါလိမ့်မည်

❦ ✿ ❦





၃

သူမနှင့် ပတ်သက်လာလျှင် ဘယ်လောက်ပဲ နား
သည်တတ်ခဲ့သည်ဆိုဆို၊ သူမရဲ့နှလုံးသားတစ်ခုလုံးက တခြားသူ
ဆီမှာဟု တွေးခဲ့မိလျှင် ရင်ထဲမှာ တကယ့်ကို နင့်သွားတတ်လေ
သည်။ ထိုအခြေအနေတွေကို ကြိတ်မှိတ်ဖျောက်နေရင်းမှပင် ထို့
ဆက်ပိုဆိုးတော့မည့် အချိန်တစ်ခုက ကျွန်တော့်အတွက် အမှန်ပင်
ရောက်ရှိလာခဲ့ပါသည်။

ခြံချင်းကပ်လျက်ကိုပင် သူမက ဒီဘက် ကူးမလာ
နိုင်တော့ဘဲ ဖုန်းလှမ်းဆက်ကာ ကျွန်တော့်အတွက် ဝမ်းနည်းစရာ
သတင်းကို ပေးလေသည်။

“မိုးစက် သူ ပြန်လာတော့မယ်တဲ့၊ မနက်အစောကြီးပဲ
ဖုန်းဆက်တယ် သိလား၊ အတော်ပဲ၊ နင်နဲ့ မိတ်ဆက်ပေး
လို့ ရပြီပေါ့”

“ဟုတ်လား၊ အေး ... ဝမ်းသာပါတယ်ဟာ”



www.burmeseclassic.com

www.burmeseclassic.com



သူမက ချက်ချင်း ဖုန်းပြန်ချသွားပါသည်။ သူမ အတော်ပျော်နေမှန်း ကျွန်တော် သိသော်လည်း ကျွန်တော် ကြေကွဲနေမည်မှန်းတော့ သူမ သိမှာမဟုတ်ပါ။ ကြိုတင်စီစဉ်ထားသည့်အတိုင်းပင် ကျွန်တော် ရန်ကုန်ပြန်ဖို့ စီစဉ်ပါသည်။

ကျွန်တော့်ကို အတော်ချစ်သော မေမေက ဆိုးလွန်း၍ မန္တလေး ပို့ထားသော်လည်း ခြောက်လလောက် ကြာသောအခါ မနေနိုင်၍ ဖုန်းဆက်ခေါ်တာ ကြာပြီဖြစ်သည်။ ကဗျာ့ရဲ့ချစ်သူနှင့် ကျွန်တော် မျက်နှာချင်း မဆိုင်လိုပါ။ အင်မတန်ထက်မြက်သည်ဟု သိထားရသော ကဗျာ့ချစ်သူသည် ကျွန်တော့်ရဲ့မျက်လုံးထဲမှ အချစ်တွေကို နားလည်သိမြင်သွားနိုင်ပါသည်။

ကျွန်တော့်အတွက် သူမ၏ ချစ်ခရီးလမ်းမှာ ဘယ်လိုအနှောင့်အယှက်မျိုးမှ မဖြစ်စေချင်ခဲ့ပါ။ ပြန်မည့်အချိန်နားမှ ကပ်အသိပေးဖို့ ဆုံးဖြတ်ထားသော်လည်း သူမက ကြိုသိသွားခဲ့ပါသည်။ သိပ်တော့လည်း အံ့သြဟန်မပြပါ။ ချက်ခ်ကစားရာမှာ ကျွန်တော်ရွှေ့မည့် အကွက်တွေကို ကြိုသိနေတတ်သော သူမသည် ကျွန်တော့်ခံစားချက်တွေကိုလည်း သိချင်သိနေနိုင်ပါမည်။

"နင် ဘာနဲ့ပြန်မှာလဲ"

"ကားနဲ့ပေါ့"

"ပူပါတယ်ဟာ၊ လေယာဉ်လက်မှတ် ငါစီစဉ်ပေးပါ့မယ် အဲဒါရမှ ပြန်ပေါ့၊ ရုပ်ရှင်တွေထဲကလို နင့်အမေ အသည်းအသန်တော့ ဖြစ်မနေဘူး မဟုတ်လား"





ခေါင်းညိတ်မိလိုက်လား၊ မညိတ်ဘူးလား ဆိုတာကို ...တော့်ဘာသာပင် မသိပါ။ အဲဒီလို ဂရုစိုက်တတ်မှု၊ ကြင်နာ...တ်မှုတွေကို တစ်သက်လုံး ကျွန်တော် အပိုင်လိုချင်ခဲ့သော်လည်း ...င်မွယ်လမ်း မမြင်တော့။

သူမသည် ချစ်သူအပေါ်မှာ လွန်စွာသစ္စာရှိသည့် ...တစ်ယောက် ဖြစ်ပါသည်။ ကျွန်တော့်ကို ဂရုစိုက်ခြင်းသည် ...ချစ်သူနှင့် ယှဉ်လာသောအခါ အသေးအဖွဲ့ဖြစ်ကြောင်း ကျွန်...် ကြိုးစားနားလည်ကာ မေ့ရမှာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၄

ကျွန်တော် ပြန်မည့်နေ့တွင် သူမကိုယ်တိုင် လေ
ယာဉ်ကွင်းကို လိုက်ပို့ပါသည်။ ကျွန်တော်က အေးစက်နှုတ်ဆိတ်
နေသလောက် သူမကတော့ ခပ်ပြုံးပြုံး မျက်နှာနှင့်သာ အေးအေ
ချမ်းချမ်း ရှိနေလေသည်။ ဒီအချိန်မှာ သူမအတွက် ကျွန်တော်
တစ်ခုခုက ပြောချင်နေသည်။ ဘာပြောရမှန်း မသိ။

အထူးသဖြင့် မန္တလေးကို နောက်တစ်ခေါက် ပြန်
လာဖို့ မရည်ရွယ်တော့သော ကျွန်တော့်အတွက် သူမကို ရန်ကုန်
လာလည်ဖို့ ဖိတ်ရမလား။ ဒါမှမဟုတ် ကျွန်တော့်နှလုံးသားရဲ့
တချို့တစ်ဝက်ကိုပဲ လှစ်ဟပြခဲ့ရမလား။ ဝေခွဲမရစွာ ရှိနေပါသည်။
သူမက နာရီကို တစ်ချက်ကြည့်ရင်း ...

"လေယာဉ်ထွက်တော့မယ်၊ နင် ဝင်တော့လေ"

ကျွန်တော် သူမကိုပဲ တစ်ခဏ စိတ်လွတ်ကိုယ်လွတ်
ငေးနေလိုက်ပါသည်။ နောက်ဆုံးအနေနဲ့ ကြည့်ပါရစေတော့
ကဗျာရယ်။





"ကဗျာ ..."

သူမက မထူးဘဲ မေးဆတ်ပြသည်။ ကျွန်တော့်
မေးတွေ တဆတ်ဆတ်ပဲ တုန်နေမလား။ ရင်ထဲမှာတော့
ကြွးနေတာ သူမ သိမှာမဟုတ်ပါ။ ကျွန်တော် ကိုယ့်ဘာသာ
မေးခဲ့ဖူးသော မေးခွန်းတစ်ခုကိုပဲ သူမကို မေးလိုက်ပါသည်။

"အချစ်ဖြစ်ပေါ်ဖို့ ဘာတွေလိုအပ်သလဲ"

"အချစ်ဖြစ်ဖို့ လူနှစ်ယောက်တွေ့ဖို့ပဲ လိုတယ် မိုးစက်၊
အဲဒါပဲ"

သူမရဲ့အဖြေက အင်မတန် ရိုးရှင်းလှပပါသည်။
တော် လိုချင်သော အဖြေကို တိတိကျကျနှင့် ထိထိမိမိပေး
နိုင်လေသည်။

မှန်သည်။ အချစ်တစ်ခု စတင်မွေးဖွားလာဖို့အတွက်
ယောက် ဆုံကိုဆုံတွေ့ရပါမည်။

ပြီးတော့မှ ချစ်တာတွေ၊ နားလည်တာတွေ၊ ပေးဆပ်
တွေ ဆင့်ပွားကဲလာမည်။ ကျွန်တော် သူမကို ရိုဝေစွာ တစ်
ကြည့်ကာ နှုတ်မဆက်ဘဲ ထွက်ခွာလာခဲ့ပါသည်။ ကျွန်တော်
ကို ဘယ်တော့မှ နှုတ်မဆက်ပါ။

ကျွန်တော့အချစ်သည် သူမအတွက်ပဲ အထူးအား
ရည်ရွယ်ခဲ့ပါသည်။ အခု ပေးခွင့်မကြုံတောင် တစ်ချိန်ချိန်
ပေးခွင့်ကြုံလာချင် ကြုံလာမည်ဖြစ်သော ကျွန်တော့်အချစ်တွေ
သူမအတွက်ပဲ ရည်ရွယ်၍ ကျွန်တော် သိမ်းထားပါမည်။




www.burmeseclassic.com

www.burmeseclassic.com



အချစ်ဖြစ်ပေါ်ဖို့ လူနှစ်ယောက် ဆုံတွေ့ရန် လိုအ
တယ်ဆိုတဲ့ သူမရဲ့စကားကိုပဲ အထူးရည်ရွယ်ကာ ကျွန်တော
သူမကို မျှော်လင့်ချက်မဲ့စွာ ဆက်ချစ်သွားမှာ အသေအချာပဲဖြ
လေသည်။






www.burmeseclassic.com

www.burmeseclassic.com



# ချစ်နှလုံးသားတွင်
# စွဲထင်ရစ်သော

တောင်ကြီး တန်ဆောင်တိုင်ကို
နောက်ခံထားတဲ့ကျွန်မ သိပ်ကြိုက်သော
ဝတ္ထုတိုလေး တစ်ပုဒ်ပါ ...

ကိုယ်ချစ်ထက် သူချစ်က ပိုစိတ်
ချမ်းသာရတယ် ဆိုတဲ့ အတွေးလေးနဲ့
ရေးဖွဲ့ဖြစ်ခဲ့တဲ့ ...

တန်ဆောင်တိုင် အမှတ်တရ ...
ဝတ္ထုတိုတစ်ပုဒ်ပေါ့ ...။

www.burmeseclassic.com

www.burmeseclassic.com



## ၁

ကျွန်မရဲ့ဘဝတွင် ခရီးပေါင်းမြောက်မြားစွာကို သွ
ခဲ့ရဖူးပါသည်။ သွားခဲ့ရသော ခရီးတိုင်းတွင် ပျော်ရွှင်မှုများ
ခဲ့သော ခရီးစဉ်များလည်း ရှိသလို စိတ်ညစ်ညူးဖွယ်ရာကော
သော ခရီးစဉ်များလည်း ရှိခဲ့သည်။ ယခုတစ်ကြိမ် ခရီးစဉ်ကတေ
ဖြင့် ကျွန်မဘဝ၏ စိတ်လှုပ်ရှားမှုကို အပြည့်ပေးနိုင်သော ခ
စဉ်တစ်ခုဟူ၍ပဲ ဆိုကြပါစို့။

အဘယ်ကြောင့်ဆိုသော် ခရီးပေါင်းများစွာ သွာ
ဖူးသည့်အနက်မှ ယခုခရီးစဉ်မှာ နှလုံးသားရှိသောအရပ်သို့ သွ
ခဲ့သောခရီး ဖြစ်နေခြင်းကြောင့်ပင်။ ခရီးစဉ်တစ်ခုဟာ ပျော်
ဖို့ကောင်းလား၊ ဝမ်းနည်းဖို့ကောင်းလား ဆိုတာကတော့ ခရီ
ဆုံးသွားမှ ဆုံးဖြတ်လို့ရတဲ့ကိစ္စပဲ ဖြစ်သည်။ ဒါဆိုရင် ကျွန်မ
နှလုံးသားရှိရာ အရပ်သို့ သွားသောခရီး၏ အဆုံးသတ်သည်





## ၂

နှင်းငွေ့များ ခြုံလွှမ်းထားသော တောင်တန်းများဆီ
သို့ ပြန်အသွားတွင် သူ့ကို ခမ်း စတင်တွေ့ရှိခဲ့ခြင်း ဖြစ်ပါသည်။
သူ့အတွက်ကြောင့်ပင် ခမ်းရဲ့အိမ်အပြန်ခရီးသည် ပိုလို့ပင် လှပ
အသက်ဝင်ခဲ့ရသည်။

ရာသီဥတုက အအေးပိုင်းထဲသို့ တစိမ့်စိမ့် တိုးဝင်လာ
သလို သူကလည်း ခမ်းရဲ့ဦးနှောက် နာဗ်ကြောလေးများမှတစ်ဆင့်
နှလုံးသားဆီသို့ဆက်သွယ်ထားသော သွေးကြောများထဲသို့ တစိမ့်
စိမ့် စီးဝင်သွားသလား မသိချေ။

ဘာမှသိပ်မကြာလိုက်သော အခြေအနေတစ်ခုမှာ
သူနှင့် ခမ်း၏ ငြိတွယ်မှုသည် အံ့သြစရာကောင်းလောက်အောင်
ကို လျှို့ဝှက်နက်ရှိုင်းခဲ့ပါသည်။ တစ်ခဏလေး ဆိုမေမဲ့ တစ်ဘဝ
စာဟုပင် ဆိုရလေမလား။ သူနှင့် စတင်ရင်းနှီးသွားပုံမှာ နေမ
ကောင်းချင်သလို ဖြစ်နေသော သူ့ပုံစံကြောင့်ပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခမ်းရဲ့ဘေးခုံမှာထိုင်သော သူ့ထံမှ မကြာခဏ နှာချေမှု၊ နှာပိတ်မှုတို့ကြောင့် သူ့ကို ခမ်းက ဂရုထားမိသွားရခြင်း ဖြစ်လေသည်။ သူက နှာတစ်ချက်ချေခိုက် ခမ်းက သူ့ကိုလှည့် အကြည့်တွင် သူက အားတုံ့အားနာ ဖြစ်သွားပုံမျိုးနှင့် ...

"ဆောရီး ... ကျွန်တော့်ကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေရပြီနဲ့ တူတယ်"

"မဟုတ်ပါဘူး၊ ဒါပေမဲ့ ရှင် ဆေးသောက်ဖို့လိုပြီလို့တော့ ကျွန်မ ထင်တယ်၊ ရာသီဥတုကလည်း အေးလာပြီလေ"

သူက ခမ်းရဲ့စကားကို ထောက်ခံဟန်ဖြင့် ခေါင်း တစ်ချက် ဆတ်လိုက်ပြီးမှ အနည်းငယ် ပြုံးလိုက်သည်။ သြော် သူကလည်း ယောကျ်ားလေးတန်မဲ့ ပါးချိုင့်နဲ့ပါလား။ မေးရိုးကျ ကျနှင့် ယောကျ်ားပီသသော သူ့ရုပ်သွင်တွင် မိန်းမဆန်ဆန် ပါး ချိုင့်ပါလာခြင်းမှာ ကိုးရိုးကားရားတော့ ဖြစ်မသွားစေဘဲ ပြုံးလိုက် လျှင် တစ်ဖက်သားကို အတော်ဆွဲဆောင်တတ်စေမှန်း အဲဒီအချိန် တည်းကပင် ခမ်း စတင်သတိထားမိခဲ့သည်။

"ဟုတ်တယ်၊ ဒါပေမဲ့ ဆေးမပါမလာတာပဲလေ"

"သြော် ... ကျွန်မဆီမှာ ပါပါတယ်၊ သောက်လိုက်ပါ အားမနာပါနဲ့"

"ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်ဗိုက်ထဲမှာ အစာမရှိဘူးလေ၊ ထမင်းဆိုင် ရောက်ဖို့ကလည်း တော် တော်လိုသေးတယ်၊ နေပါစေတော့"





သူက နှာခေါင်းတစ်ချက်ရှုံ့ကာ နေမကောင်းသည့် သံဖြင့် ပြောလိုက်လျှင် ခမ်းရဲ့ရင်ထဲ၌ သူ့ကို ဘာကြောင့်များ အားသွားလဲတော့ မပြောတတ်။ အင်းပေါ့လေ၊ ယောကျ်ားလေး တွေတော့လည်း ဆေးတို့၊ အဆာပြေစားသည့်မုန့်တို့ ဘယ်ဆောင် ထားနေပါတော့မလဲ။ အံ့ဩဖို့တော့ ကောင်းသည်။ လူတိုင်းကို အလွယ်တကူ မခင်မင်တတ်သော ခမ်းသည် သူ့ကိုတော့ ထူးထူး ခြားခြား ခင်မင်သွားသည်မှာ ကိုယ့်ကိုယ်ကိုယ်ပင် အံ့ဩမိလေ သည်။

"ကျွန်မဆီမှာ ကော်ဖီနဲ့ပေါင်မုန့် ပါတယ်၊ အဲဒါစားပြီး ရှင် ဆေးသောက်လိုက်ပါလား"

"အာ ... နေပါစေ၊ ကျေးဇူးတင်ပါတယ်"

သူက အလွန်အမင်း အားနာသွားသောပုံနှင့် ငြင်း ဆိုလေသည်။ ခမ်းသည် သူ ငြင်းပယ်တာကို ဂရုမစိုက်တော့ဘဲ အိတ်ထဲမှ ပေါင်မုန့်ကိုယူကာ သူ့ထံသို့ ကမ်းပေးလိုက်သည်။ ထို့နောက် ကော်ဖီဓာတ်ဘူးကိုပါ ဖွင့်ဖို့ပြင်လျှင် ...

"ဟာ ... တော်ပါပြီ၊ ကျွန်တော် ပေါင်မုန့်ပဲစားပါတော့ မယ်။ နေပါစေ ကော်ဖီလည်း သိပ်မကြိုက်လို့ပါ"

သူဆေးသောက်ပြီး၍ သူနှင့်ခမ်းတို့ တစ်ဦးနှင့် တစ်ဦး ပြိုင်တူပြုံးပြမိချိန်ဝယ် ဘာမှပြောစရာ မလိုတော့လောက် အောင် ရင်းနှီးနားလည်မှု ရရှိသွားပြီဖြစ်သည်။

"ဒီက တောင်ကြီးဓာတ်တိနဲ့ တူတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... လူပုံကိုကြည့်ပြီး ပြောတာလား၊ ဟုတ်
ကျွန်မ တောင်ကြီးသူပါ၊ ဒါပေမဲ့ တောင်ကြီးကို မရောက်
ဖြစ်တာ သုံးနှစ်လောက်ရှိပြီ၊ ရှင်ကရော ဧည့်သည်ပဲလား"

"အင်း ... အဲဒီလိုပဲ ပြောပါတော့၊ ကျွန်တော်ကတော့
ပထမဆုံးအကြိမ်ဗျ၊ တောင်ကြီးကို အခုမှစပြီး ခြေချ"

"သြော် ... ဒါဖြင့် တောင်ကြီးမှာ အသိအကျွမ်း မရှိ
ပေါ့"

"ဟုတ်တယ်လို့ ပြောရင်လည်း ရတယ်၊ မဟုတ်ဘူး
ပြောရင်လည်း ရတယ်။ အင်း ... နားရှုပ်သွားပြီလား
ထားလိုက်ပါ၊ မရှိဘူးလို့ပဲပေါ့။ ဒါနဲ့ ဒီကရော တန်ဆော
တိုင်ကို အလည်ပြန်လာတာလား"

ရယ်ဖို့တော့ ကောင်းနေပြီ။ သူနဲ့ ခမ်းရဲ့ကြား
အတော်အတန် ရင်းနှီးခင်မင်မှုမျိုး ရနေပြီ ဖြစ်သော်လည်း အ
ထက်ထိ တစ်ယောက်ရဲ့နာမည်ကို တစ်ယောက်က မသိကြသေး
သူက မေးဖို့အားနာနေမှာကို ရိပ်မိသဖြင့် ...

"အလည်ပြန်တာရယ်တော့ မဟုတ်ပါဘူး၊ ဒါနဲ့ စကား
မစပ် ကျွန်မနာမည်က ခမ်းကြာယံပါ၊ ကျွန်မရဲ့ဇာတိ
တော့ တောင်ကြီးပေါ့၊ ဒါပေမဲ့ ကျွန်မ ဆယ်တန်းဖြေ
တာနဲ့ မိသားစုတစ်ခုလုံး ရန်ကုန်ကို ပြောင်းလာခဲ့ကြတာ
အခုခရီးက အလုပ်တစ်ဖက်ခရီး ဆိုပါတော့၊ တန်ဆော
တိုင်ပွဲအတွက် လာခဲ့တာပါ"





သူက သြော် ... ဟုဆိုကာ တန်ဆောင်တိုင်ဆိုသဖြင့်
သူ့မျက်လုံးများက ပို၍အရောင်လက်သွားသည်။ ဆေးတန်ခိုးပြ
ဘာရာ သူ့ရဲ့ရောဂါပိုးဝင်နေမှုလည်း သက်သာသွားဟန်တူသည်။

"တန်ဆောင်တိုင်ပွဲကို ကျွန်တော် တစ်ခါမှ မကြုံဖူးဘူး
ခင်ဗျ၊ စည်ကားတယ်လို့တော့ သိရတယ်၊ မီးပုံးပျံကြီးတွေ
လွှတ်ကြတာပေါ့၊ ဟုတ်လား၊ ဆုတွေလည်း ပေးတယ်ဆို"

သူမေးပုံက ကလေးဆန်ဆန် မေးပုံမျိုးမို့ သူမက
ကက်ခနဲ တစ်ချက်ရယ်ကာ ...

"ပေးတာပေါ့၊ ရှင် ကြုံဖူးရင် တစ်သက်မမေ့နိုင် ဖြစ်သွား
မယ်၊ မီးပုံးပျံလွှတ်တာတော့ ခုနစ်ရက်ပေါ့၊ နောက်ဆုံး
လပြည့်နေ့ညမှာ ဆုပေးတာပေါ့၊ နေ့ခင်းတွေမှာတော့
အလုမီးပုံးတွေ လွှတ်တာပေါ့ရှင်၊ အရုပ်မီးပုံးမျိုးတွေပေါ့၊
ဆင်ရုပ်တို့ ဘဲရုပ်တို့ ဇီးကွက်ရုပ်တို့ အဲဒီလိုမျိုးပေါ့၊ ည
မှာကျတော့ မီးကျည်တွေမှာ စိန်နားပန်တွေတပ်ပြီး လွှတ်
တယ်၊ အရမ်းကိုလှတာပဲ"

"သြော် ... ပြိုင်ကြတာပေါ့နော်၊ အဲဒီ မီးပုံးပျံတွေကျတော့
အခုမှ လုပ်မှာပေါ့"

"ဘယ်ဟုတ်မလဲ၊ ပွဲမရောက်ခင် လေး၊ ငါးလ အလိုလောက်
တည်းက ကြိုလုပ်ထားရတာပေါ့ရှင်၊ ပြိုင်ပွဲဝင် မီးပုံးပျံတစ်
လုံးကို သိန်းချီကုန်ကြတာ၊ ပြိုင်ပွဲနေ့ကျရင် ရှင်တွေ့ပါ
လိမ့်မယ်၊ အပြိုင်အဆိုင် လုကြတာလေ"



www.burmeseclassic.com

www.burmeseclassic.com



ခမ်းကလည်း တန်ဆောင်တိုင်အကြောင်း၊ မီးပုံး အကြောင်း ပြောရမည်ဆိုလျှင် လွန်စွာမှပင် တက်ကြွလေသည် သူကလည်း ခမ်းရဲ့အပြောနှင့်တင် စိတ်ကူးနှင့် မြင်ယောင် တက်ကြွပျော်ရွှင်လာပုံရသည်။

အဲဒီနောက်မှာတော့ တောင်ကြီးကို တစ်ခါမှမရော ဖူးသော သူ့ကို တခြားဒေသန္တရဗဟုသုတများကိုပါ ပြောပြရ သူကလည်း စိတ်ဝင်တစား မေးမြန်းရင်းနှင့်ပင် နေ့လယ်စာ ဖို့ ကားရပ်နားသည့် အချိန်ထိပင်ဖြစ်သည်။

ထမင်းအတူတူစားဖို့ကိုလည်း သူကပင် ယဉ်ကျေ ပျူငှာစွာ ဖိတ်ခေါ်ခဲ့တာဖြစ်သည်။

"ခမ်းကြာယံကို လေးလေးစားစားနဲ့ ပြောတာပါနော် ကျွန်တော်ကပဲ ထမင်းကျွေးပါရစေ၊ ဘာလို့လဲဆိုတော့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေအဖြစ်ရော၊ နောက် ကျွန်တော့် ဆေးတိုက်ခဲ့တဲ့ အတွက်ရော၊ ကျွန်တော် မသိသေး အကြောင်းအရာတွေကို ပြောပြပေးတဲ့အတွက်ရော အား အားလုံးအတွက်ပါ"

"ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေက နာမည်တောင် မသိရ လားရှင်"

"ဟာ ... ဟုတ်သားပဲ၊ ဆောရီး ဆောရီး၊ တခြားအကြော အရာတွေကို ပြောနေတာနဲ့ပဲ ကိုယ့်နာမည် ကိုယ်ပြော မေ့သွားတာ၊ အင်း ... ကျွန်တော့်နာမည် စွဲထင်ပါ"





စွဲထင် ... ခမ်းက စိတ်ထဲမှ တိုးတိုးရေရွတ်ကာ နာမည်ကို ရင်ထဲမှာပင် အဓိပ္ပာယ်ဖော်နေမိသည်။ တကယ်ပဲ ရဲ့ရုပ်သွင်နဲ့ ပါးချိုင့်လေးက ပညတ်သွားရာ ဓာတ်သက်ပါ သလို ကျွန်မရဲ့စိတ်မှာ စွဲထင်နေပြီပဲလေ။ ထမင်းအတူတူစား ရင်းမှနေ၍ သူက ခမ်းရဲ့အကြောင်းကို စပ်စုလာပြန်ပါသည်။

"ခမ်းကြာယံက တောင်ကြီး ဘယ်နေရာမှာ နေတာလဲ ဟင်"

"အရင်တုန်းကတော့ ကျွန်မတို့က ပြည်တော်သာရပ်ကွက်မှာ နေတာပါ၊ ကျွန်မတို့ရပ်ကွက်က မီးပုံးပျံလွှတ်တာ နာမည်ကြီးပဲရှင့်၊ အင်း ... အခုတော့ ကျွန်မ သံလွင်ဟိုတယ်မှာပဲ တည်းမယ်၊ အဲဒီကနေပြီး ကျွန်မရဲ့သူငယ်ချင်းကိုစောင့်ရမယ်၊ ပြည်တော်သာမှာတော့ ကျွန်မရဲ့အမျိုးတွေရှိပါတယ်၊ ဒါပေမဲ့ မတည်းတော့ဘူး၊ ဟိုတယ်တွေမှာ တည်းနေကျဆိုတော့ ဟိုတယ်ပါးဝနေပြီ ... ဟင်း ဟင်း"

သူက တစ်စုံတစ်ခုကို စဉ်းစားနေဟန်ဖြင့် အတန် ငြိမ်သက်လျက်ရှိသည်။ ပြီးတော့မှ ...

"ဟို ... ဘယ်လိုမှတော့ မထင်ဖို့ ကျွန်တော် ကြိုပြီးတောင်းပန်ထားပါရစေနော်၊ ကျွန်တော်ရော အဲဒီ သံလွင်ဟိုတယ်မှာ တည်းလို့ရမလားဟင်"

သူ့စကားကြောင့် ခမ်းသည် ငိုအားထက် ရယ်အား ဆိုသလိုပင် ဖြစ်သွားခဲ့ရလေသည်။ အင်း ... သူ့ကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ တစ်ခုခုဆို ခမ်းအတွက် သင့်တော် မသင့်တော်၊ ပြောသင့် မပြောသင့်ဖြင့် ချိတုံချတုံ စဉ်းစားနေတဲ့ပုံပဲ။ အင်းပေါ့လေ ... ခရီးသွားလာရင်း ခင်မင်တာ ဆိုတော့လည်း သူ့ဘက်က အမှား ပါသွားမှာကို စိုးရိမ်တာ နေမှာပေါ့။

ဘာရယ်ကြောင့်တော့ ခမ်း အတိအကျ မပြောတတ်။ သို့သော် လူပေါင်းများစွာနှင့် တွေ့ကြုံဆက်ဆံ အလုပ်လုပ်နေရသော ခမ်းရဲ့လူကဲခတ်ပညာနှင့် ဝေဖန်ရလျှင် သူ့အသွင်သဏ္ဌာန်က ရည်မွန်ယဉ်ကျေးကာ အထက်တန်းကျလှ၍ တည်ငြိမ်အေးဆေးသော ပုံစံမှာ အပြည့်အဝကို ပေါ်လွင်လေသည်။

"စွဲထင်ရယ် အများပိုင်တဲ့ ဟိုတယ်ပဲဟာ ဘယ်မှာပဲတည်းတည်း ဘယ်သူက ဘာပြောမှာမို့လဲ"

ခမ်းက အကဲပိုရန်ကောဟူသော အပြုံးမျိုးနှင့်ပြော လိုက်လျှင် သူက လေးလေးနက်နက် ပုံစံမျိုးဖြင့် ...

"ခမ်းကြာယံက ကျွန်တော် တွေ့ဖူးတဲ့ မိန်းကလေးတွေနဲ့ သိပ်မတူဘူး၊ တကယ်တော့ ဒီခရီးကို ကျွန်တော်လာ သာလာရတာ လုံးဝစိတ်ပါလက်ပါရှိတာ မဟုတ်ဘူး မလွဲသာ မရှောင်သာလွန်းလို့ လာခဲ့ရတာ၊ ဒါပေမဲ့ စိတ်ဝင်စားစရာကောင်းတဲ့ ပွဲတော်နဲ့ ကြုံတွေ့ရမဲ့အပြင် ခမ်းကြာယံလို ဒေသခံတစ်ယောက်နဲ့ပါ သိကျွမ်းခွင့်ရတဲ့ အတွက် ကျွန်တော့်အတွက် ပျော်စရာကောင်းတဲ့ ခရီးစဉ် တစ်ခု ဖြစ်လာမယ်လို့ ထင်တယ်"





"အဲဒါ အမှန်ဆုံးပဲ၊ ရှင့်မှာ ဘယ်လိုပြဿနာတွေ ကြုံတွေ့နေရသလဲတော့ ကျွန်မ မသိဘူးပေါ့နော်၊ ဒါပေမဲ့ တန်ဆောင်တိုင်ပွဲတော်ကတော့ ရှင့်စိတ်တွေကို လန်းဆန်းစေမှာပါ၊ အင်းလေ ... တန်ဆောင်တိုင်ပွဲတော်တင် မကပါဘူး အဲဒီဘက်တစ်ဝိုက်က ရောက်လာတဲ့သူတိုင်းကို အေးချမ်းစေတယ်၊ အချိန်ရမယ်ဆိုရင် ပင်းတယတို့၊ ကလောဘက်တို့ကိုပါ သွားလည်သင့်တယ်"

"ဟုတ်တယ်နော်၊ အဲဒီဘက်တွေက အရမ်းနာမည်ကြီးပေမဲ့ ကျွန်တော် တစ်ခါမှ မရောက်ဖူးဘူး၊ အင်း ... ခမ်းကြာယံက ကျွန်တော့်ကို တိုက်တွန်းတာတော့ ဟုတ်ပါပြီ၊ ကျွန်တော်က မသွားတတ်၊ မလာတတ်နဲ့"

ဒီတစ်ခါတော့ ခမ်းသည် သူ့ကို မျက်စောင်းဝဲဝဲ တစ်ချက်တော့ မသိမသာပင် ထိုးလိုက်တော့ကာ ...

"ရှင် အကူအညီ တောင်းမယ်ဆိုရင်တော့ ကျွန်မ ကူညီနိုင်မှာပါ"

ဒီတော့ကျမှပင် သူ့မျက်နှာက လပြည့်ညရဲ့ လမင်းကဲ့သို့ နီး ဝင်းပသွားတော့ကာ ...

"ဟာ ... အနူးအညွတ် တောင်းဆိုပါတယ်ဗျာ၊ ကျွန်တော်က ခမ်းကြာယံရဲ့အလုပ်ကို အားနာလို့ပါ"

"ကျွန်မရဲ့အလုပ်က သိပ်မသေချာပါဘူး၊ ပြောရရင်တော့ ကျွန်မရဲ့သူဌေးကို ရှမ်းပြည်နယ်တစ်ဝိုက် အပန်းဖြေခရီး



www.burmeseclassic.com

www.burmeseclassic.com



ပို့ဖို့ပါ၊ သူက အရမ်းအလုပ်များတော့ ရောက်ချင်မှရော[illegible]
လာနိုင်မှာပါ"

ခမ်းရဲ့ တိုးသက်သက် စကားသံလေး အဆုံးတွ[illegible] သူက ခမ်းကို ကျေးဇူးတင် ကျေနပ်နေသော အပြုံးမျိုးဖြင့် [illegible] ကာပြုံးကြည့်လာခဲ့ပါသည်။ အင်း ... ခမ်းရဲ့ခရီးစဉ်တွေထဲမ[illegible] ဒီခရီးစဉ်ကတော့ဖြင့် ကိုယ့်နှလုံးသားရှိသော အရပ်သို့ ကိုယ်ဖြ[illegible] လျှောက်သွားသော ခရီးတစ်ခုလို့ပဲ ခမ်းက တင်စားချင်တော့[illegible] သည်။



## ၂

အဲဒီနောက်တွင်တော့ သူနှင့်ခမ်းသည် ထင်ထား[illegible]ာထက်ကို ပို၍ရင်းနှီးမှုအတိုင်းအဆမှာ နက်ရှိုင်းလာခဲ့တော့[illegible]ာ ဖြစ်သည်။ ညနေခင်းဘက် ရောက်ချိန်ဝယ် သူနှင့်ခမ်းတို့[illegible]ြုံးတံတားပေါ်တွင် လမ်းလျှောက်ကာ တောင်ကြီးမြို့၏အလှကို [illegible]တူတူ ခံစားကြသည်။

အဝေးမှကြားရသော ဖြောက်အိုးဖောက်သံများ၊ ဆိုင်[illegible]ယ်စီးသွားသော လူငယ်အုပ်စုထံမှ ပျော်ရွှင်မြူးထူးမှုများက [illegible]ထံသို့ ကူးစက်လာပုံရသည်။

"ခမ်းကြာယံရေ ဒီက လူငယ်တွေ တော်တော်များများက ဆိုင်ကယ်စီးကြတယ်နော်၊ ခမ်းကြာယံရော စီးတတ်သလား"

"အိုး ... သိပ်စီးတတ်တာပေါ့၊ ဒီမှာက မစီးတတ်တဲ့လူ မရှိသလောက်ပါပဲ"





www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ခမ်းကြားတွင် ငယ်ပေါင်းကြီးဖော်တွေ
ရင်းနှီးမှု ရှိနေပြီဖြစ်သော်လည်း သူကား အခုချိန်ထိ ခမ်း
နာမည်အပြည့်အစုံပင် ခေါ်မြဲတည်း။ ဒါကိုကပင် တစ်မျိုးနှ
ထောင်လို့ ကောင်းသည်ဟု ခမ်းကတော့ သတ်မှတ်ပါသည်
ညဘက်ရောက်လျှင် သူနှင့်ခမ်းတို့ မီးပုံးပျံလွှတ်တာကို သွားကြည့်
ဖို့ စီစဉ်ကြသည်။

အားလုံးပြင်ဆင်အပြီး အခန်းကနေ၍ အောက်သ
ဆင်းလာချိန်တွင် သူက အောက်ထပ်ရှိ ဧည့်ကြိုကောင်တာမှာ
အသင့်ရပ်စောင့်နေကာ ...

"ခမ်းကြာယံ ကားမောင်းတတ်လားဟင်"

"မောင်းတတ်ပါတယ်၊ ဘာလို့လဲဟင်"

သူက ခမ်းရဲ့လက်ထဲသို့ ကားသော့တစ်ချောင်း
ကမ်းပေးလာကာ ...

"မောင်းတတ်ရင် ခမ်းကြာယံပဲ မောင်းလိုက်ပါ၊ ကျွန်တော်
မှ လမ်းတွေမကျွမ်းကျင်ပဲ"

ခမ်းသည် အနည်းငယ် အံ့သြသွားသော်လည်း
ဘာမှမပြောတော့ဘဲ သူ ကမ်းပေးသော ကားသော့ကိုသာယူလျက်
သူနှင့်အတူတူ အပြင်သို့ ထွက်လာခဲ့သည်။ ခမ်း မောင်းရမည့်ကား
မှာ တောက်ပသစ်လွင်သော မာစီဒီးစ်ကားကြီး ဖြစ်သဖြင့် နည်း
နည်းတော့ လက်တွန့်သွားတာ အမှန်ပင်။ သို့သော် ခမ်းက သ
ဝင်ထိုင်ပြီးတာနှင့် တစ်ပြိုင်နက် ကားကိုကျင်လည်စွာ မောင်းထွက်





ခဲ့သည်။ အနည်းငယ် မောင်းလာပြီးသည်အထိ သူကလည်း
စကားမှ မစလာသလို၊ ခမ်းကလည်း ဘာစကားမှ မပြောဖြစ်။
ခဏကြာမှ သူကစတင်ကာ ...

"ခမ်းကြာယံရဲ့ စိတ်ထဲမှာ ကျွန်တော့်ကို တစ်မျိုးပဲလို့
တော့ တွေးထင်နေမှာပဲနော်"

"အဲဒါကတော့ လူတစ်ယောက်မှာ တစ်မျိုးဆိုတာတော့
ရှိတာပဲလေ၊ ဒီလိုပါပဲ"

"မဟုတ်ဘူးလေ၊ ကျွန်တော်က အဲဒါမျိုးနဲ့မှ မတူတာ၊
အခုကိုပဲကြည့် လာတုန်းက Express နဲ့ လာပြီး၊ အခုမှ
ဒီကားက ဘယ်လိုလုပ် မိုးကျရွှေကိုယ် ရောက်လာလည်း
ခမ်းကြာယံ တွေးတော့ တွေးနေမှာပဲ မဟုတ်လား"

ခမ်းက ဟုတ်နေသဖြင့် ဘာမှပြန်မပြောမိချေ။
... သူဟာ လူတင်မကဘဲ စိတ်နေစိတ်ထားနှင့် သူ့အကြောင်း
စိတ်ဝင်စားဖွယ် ဖြစ်နေတော့တာပါပဲလား။

"တကယ်တော့ ဒီကားက ကျွန်တော့်ကားပါ၊ ဒီကားနဲ့
ခရီးမသွားချင်လို့ကို ကျွန်တော် တမင်ထားပစ်ခဲ့တာ၊
ဒါကို နောက်ကနေပြီး ဒီထိရောက်အောင် ပို့လိုက်တယ်၊
အင်း ... သူ့အတွက် လိုအပ်လို့လည်း ဖြစ်ချင်မှဖြစ်မှာပါ"

နောက်ဆုံးစကားကိုတော့ သူက သူ့ဘာသာသူ
သလိုနှင့် အဆုံးသတ်လိုက်သည်။ ခမ်းသည် သူ့ရဲ့ပြောပုံ
ဆိုပုံစားပုံတွေကို လေ့လာမိရသလောက်ကတော့ဖြင့် သူ



www.burmeseclassic.com

www.burmeseclassic.com



သည် အတော့်ကို ကြွယ်ဝချမ်းသာသောသူမှန်း အလိုလိုကို မိလျက်သားပင်။

အင်း ... ရှင့်ကို ဘာမှ မစပ်စုတာပဲ ကောင်း တယ် စွဲထင်ရယ်၊ ရှင် သိပ်ချမ်းသာတယ်ဆိုတာ ရိပ်မိ သလောက် ရိပ်မိပေမဲ့ ရှင့်ကို ခင်မင်မိတာတော့ တကယ် ဖြူစင်တဲ့စိတ်အခံနဲ့ပါ။

"ဒါနဲ့ မီးပုံးပျံတွေက ဘယ်မှာလွှတ်ကြတာလဲ ခမ်းကြာ

"ဘုရားခြေရင်းက (၂၁၂)တပ်ရဲ့ ရှေ့မြေကွက်လပ်မှာ ရောက်တော့မှာပါ၊ လပြည့်နေ့ရောက်ရင်တော့ မီးပဒေ တွေနဲ့ ဘုရားကိုပူဇော်ကြမှာ၊ အရမ်းသပ္ပာယ်ဖို့ကောင်းတ ဩော် ... ဒါနဲ့ ဟိုရောက်ရင် ရှင်နဲ့ကျွန်မ လူမကွဲဖို့ လိုတယ်နော်"

"အင်း ... ကျွန်တော်တို့နှစ်ယောက် လက်ထိပ်နဲ့ တွဲထာ နဲ့တူတယ်"

ဒီလိုကျပြန်တော့လည်း သူက နောက်တတ်သေ သည်။ မီးပုံးပျံတွေလွှတ်ကြသည့် မြေကွက်လပ်ကြီးနားသို့ မရော ခင် ခပ်လှမ်းလှမ်းတွင် ခမ်းက ကားကိုရပ်ကာ အတူဆင် လမ်းလျှောက်လာခဲ့ကြသည်။ ညသည် မီးရောင်စုံများနှင့်အ အထူးသက်ဝင်ကာ လှပလို့နေလေသည်။ ရှမ်းအိုးစည်သံမ လူတွေတက်ကြွလှုပ်ရှားနေမှုများ၊ မီးရှူးမီးပန်းတွေ အပြိုင်အ ကောင်းကင်သို့ ပျံတက်ကာ လှပနေပုံတို့ကို သူမ တစ်ခါမှမ





သော မျက်လုံးများဖြင့် အထူးအဆန်း ကြည့်နေလေသည်။ ကျပြန်တော့လည်း ခုနက စိတ်ရှုပ်သည့် အရိပ်သဏ္ဍာန်တွေ င်းစင်ကာ အတော့်ကို ပျော်ရွှင်တက်ကြွလာပုံ ပေါက်လာသည်။

"ခမ်းကြာယ် ကြည့်ပါဦး၊ ဟိုမှာ မီးပုံးပျံတစ်လုံး တက် တော့မယ်"

"ဟုတ်တယ်၊ ကမ္ဘောဇဘဏ်ရဲ့ မီးပုံးပျံကြီးလေ၊ အရမ်း လှတာပဲနော်"

"ဟော ... တက်ပြီ။ တက်ပြီ။ မီးကျည်တွေတောင် ဖောက်နေပြီ"

မီးပုံးပျံများလွှတ်သည်ကို အားပေးကြည့်ရှုပြီးနောက် တို့နှစ်ယောက်မှာ ဘုရားကုန်းတောင်ပေါ်တက်ကာ ဘုရားဖူး သည်။ လေတစိမ့်စိမ့် တိုက်ခတ်ကာ အေးမြလှသော ရာသီ ကို သူကအတော်ကြီး နှစ်သက်သည်ဟု ပြောပြသည်။ အေး သော နေရာလေးတွင် အတူထိုင်လိုက်ကြပြီး သူကစတင်၍ ရဲ့မျက်လုံးများထဲသို့ နွေးနွေးထွေးထွေး စိုက်ကြည့်လာကာ ...

"တကယ်တော့ လောကကြီးက ထင်မှတ်မထားတာတွေ လည်းဖြစ်တတ်တယ်နော်။ အမှန်ဆို ဒီခရီးကို ထွက်မလာခင် က ကျွန်တော် တော်တော့်ကိုစိတ်ပျက်နေမိခဲ့တာ။ ဒါကြောင့် အအေးတွေဘာတွေမိပြီး ဖျားချင်သလိုကိုဖြစ်တာ၊ ကျွန်တော့် အတွက် ဘာအဓိပ္ပာယ်မှ ရှိမလာမဲ့ခရီးလို့ ထင်ခဲ့တယ်၊ အခုတော့ အဓိပ္ပာယ်အရှိဆုံး ခရီးတစ်ခုဖြစ်ခဲ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ခမ်း ရင်တစ်ချက် ခုန်သွားသည် ခပ်ဝေးဝေးမှ အသည်းပုံဒီဇိုင်းထုတ်ထားသည့် မီးပုံးပျံတစ် တက်သွားသည်ကို သူရော ခမ်းပါ အသေအချာ မြင်တွေ့လို ပြီးမှ သူက စကားထပ်ဆက်သည်။

"ခမ်းကြာယံကတော့ ထင်လိမ့်မယ်၊ ကျွန်တော့်ကို နာ တစ်ခုကလွဲပြီး ဘာမှမသိရတဲ့ လူတစ်ယောက်လို့၊ အ တော့ ကျွန်တော့်ကိုယ် ကျွန်တော် မေ့ထားချင်တာ ခမ်းကြာယံက ထက်မြက်တဲ့ မိန်းကလေးတစ်ယောက် ကျွန်တော့်ပုံရိပ်ကို ဖမ်းတဝ်မှာပါ၊ သေချာတာတစ်ခု တော့ ကျွန်တော့်အပေါ်ကို ယုံကြည်နားလည်ပေးတဲ့အတွ ရင်နဲ့ရင်းပြီး ကျေးဇူးတင်ကြောင်း ပြောပါရစေ"

သူ့စကားနှင့်အတူ သူ့မျက်ဝန်းအစိမ့်ပွာယ်တွေက လိုက်လှဲလွန်းသဖြင့် ခမ်းသည် သူ့စကားအတွက် ရင်မှာဝမ်းနည်း သလို ဖြစ်သွားခဲ့ရလေသည်။

ရှင့်မှာ ဘယ်လိုစိတ်ထိခိုက်စရာ အကြောင်းတွေ ရှိနေလဲ စွဲထင်ရယ်။

"အဲဒီလောက်လည်း မဟုတ်ပါဘူး စွဲထင်ရယ်၊ မိတ် ဆိုတာ တစ်ဦးခံစားချက်ကို တစ်ဦးက ရိပ်မိသိရှိနေ နားလည်ပေးနိုင်တာပါပဲ၊ ကျေးဇူးတင်ဖို့ မလိုအပ်ပါဘူ

သူက ခမ်းရဲ့မျက်လုံးတွေထဲသို့ နားလည်ရ သော အကြည့်တွေဖြင့် ငေးမောကြည့်နေခဲ့ပါသည်။ သူ့မျက်





ောင့်၌ လက်ခနဲတစ်ချက် ဖြစ်သွားတာ ဘာများပါလိမ့် ရောင်ကြောင့်လား ဒါမှမဟုတ်။

"ကျွန်တော် ခမ်းကြာယံရဲ့ ထာဝရမိတ်ဆွေ ဖြစ်ခွင့်ပေး မလားဟင်"

"ထာရဝမိတ်ဆွေ !"

သူ့စကားကို ခမ်း သံယောင်လိုက်မိသည် အထိ ခုန်းပင့်ကာ အံ့သြသွားရလေသည်။ အင်း ... ဒါပေမဲ့ ဒီစကား ာ ဘာများအံ့သြစရာရှိလို့လဲလေ။ ခမ်းကရော သူ့ထံက မိတ် ွေထက် ဘာတွေများ ပိုမျှော်လင့်ထားမိလို့လဲ။ ကိုယ့်ကိုယ်ကိုယ် န်မေးကြည့်မိချိန်ဝယ် အဖြေကို ရင်မဆိုင်ရဲစွာဖြင့် ခမ်းဆက် တွေးဖြစ်တော့။

"ဟုတ်တယ်၊ ကျွန်တော် ခမ်းကြာယံရဲ့ ထာဝရ မိတ်ဆွေ ဖြစ်ချင်ပါတယ်၊ တစ်သက်လုံးပေါ့၊ သေချာတာကတော့ ကျွန်တော် မသေမချင်း၊ အသက်ရှင်နေသရွေ့ ခမ်းကြာယံ ရဲ့ ထာဝရမိတ်ဆွေ ဖြစ်ချင်ပါတယ်"

ရဲရင့်ပြတ်သားလှချည်လား စွဲထင်ရယ်၊ တစ်သက် အတွက် ထာဝရမိတ်ဆွေ မသေမချင်း ထာဝရမိတ်ဆွေတဲ့လား။

"အိုကေလေ၊ ကျွန်မ ကတိပေးပါတယ်၊ ကျွန်မလည်း ရှင့်ကို ခင်တာပဲလေ စွဲထင်ရဲ့"

ခမ်းရဲ့ပေါ့ပေါ့ပါးပါး ကတိပေးမှုထဲတွင် မိန်းမတစ် ောက်၏ မာနအချို့ ပျော်ဝင်နေသည် ဆိုတာကိုတော့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာပဲ သိလေသည်။ မျက်လုံးဆိုတာ စိတ်ရဲ့ပြတင်းပေါ
တစ်ခုပါ စွဲထင်ရယ်။ ရှင် ဘယ်လို ကြီးကြီးကျယ်ကျယ်တွေ
လျှောက်ပြောပြောပါ။

"ကျွန်တော် အများကြီး ဝမ်းသာပါတယ်၊ ကျွန်တော်
တော့ ခမ်းကြာယံကို ခင်တယ်လို့ ပြောတာထက် ယုံကြ
မှုတစ်ခုပါ ပိုပါတယ်၊ ကျွန်တော့်အတွက် ယုံကြည်ရ
မိတ်ဆွေတစ်ယောက်ရဖို့ အကြောင်းဖန်လာပေးတဲ့ ဒီ
ဆောင်တိုင်ပွဲကိုရော ကံကြမ္မာကိုပါ အမြဲကျေးဇူးတင်
မှာပါ"

ညက ပိုအေးလာပြီဖြစ်သဖြင့် ခမ်းက လက်
တင်းတင်းပိုက်ကာ ကိုယ်ခန္ဓာကို နွေးစေလိုက်သည်။ သူက
ဘက်သို့ ငုံကြည့်ရင်းမှ အချိန်ကို သတိထားမိသွားဟန်ဖြင့်

"ပြန်ချင်ပြီလား ခမ်းကြာယံ၊ ပိုအေးလာသလိုပဲနော်၊ ပြ
ကြမလားဟင်"

"ပြန်ကြတာပေါ့"

အပြန်လမ်းတွင်တော့ ကားကို သူကပဲ မောင်းလာ
ခဲ့သည်။ သူက စတင်၍ ...

"သန်ဘက်ခါဆို လပြည့်ညရောက်ပြီနော်၊ တန်ဆောင်မုန်း
လပြည့်ညမှာ လမင်းကြီးကိုကြည့်ပြီး ကိုယ်လိုချင်တဲ့ဆု
တောင်းရင် ပြည့်တယ်ဆို ဟုတ်လား ခမ်းကြာယံ"

"ကြားဖူးတာပဲလေ၊ တောင်းကြည့်ပေါ့"





သူက အသာပြုံးကာ ဘာမှပြန်မပြောတော့။ ခမ်းသည် အလိုလိုနေရင်း သူ့ကို စိတ်ကောက်ချင်သလို ဖြစ်နေမိတာ ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်ချေ။ ရှင်က ဘာဆုတွေများ တောင်းဦးမှာလဲ ထာဝရမိတ်ဆွေကြီးရယ်။

"ဒါထက် ခမ်းကြာယံရဲ့ သူဌေးကလည်း ရောက်မလာဘူးနော်၊ မြို့သားစုနဲ့ လာမှာလား"

"မပြောတတ်ပါဘူး၊ သူဌေးဆိုပေမဲ့ ကျွန်မရဲ့သူဌေးစစ်စစ်ကြီးရယ်တော့ မဟုတ်ပါဘူး၊ ကျွန်မတို့ကုမ္ပဏီရဲ့ ရှယ်ယာဝင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးပါ၊ ကျွန်မက အထွေထွေမန်နေဂျာလည်း ဖြစ်တဲ့အပြင်၊ ဒေသခံလည်း ဖြစ်တယ်လေ၊ အထွေထွေမန်နေဂျာ မဖြစ်ခင်ကလည်း ခရီးစဉ်တွေ လိုက်ခဲ့ရဖူးတော့ ကျွန်မရဲ့သူဌေးက တောင်းဆိုတာနဲ့ အဲဒီဒါရိုက်တာအဖွဲ့ဝင်ကို တိုးဂိုက်သဘောမျိုး လုပ်ပေးဖို့ လက်ခံလိုက်တာပါ၊ အခုထိမှ ရောက်မလာရင်တော့ တန်ဆောင်တိုင်ပြီးတာနဲ့ ကျွန်မ ပြန်ရမှာ"

သူက ခမ်းရဲ့စကားတွေကို တလေးတနက် နားထောင်သော်လည်း ဘာမှတော့ ပြန်မပြောတော့။

"ဪ ... ဒါနဲ့"

ခမ်းက သူ့ကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ သူက ခမ်းကို အဓိပ္ပာယ်အပြည့်ပါသော မျက်ဝန်းများဖြင့် ငေးကြည့်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"လပြည့်နေ့ကျရင် ကျွန်တော် ခမ်းကြာယံကို ပြောပြစ
တွေရှိတယ်၊ အဲဒါတွေ ပြောပြီးသွားရင် ကျွန်တော်
တစ်ဆုတောင်းမယ်၊ ပြည့်မပြည့်ကို ကျွန်တော် စောင့်ကြ
ရမှာပဲ၊ အဖြေကတော့ ညတွင်းချင်းပဲ သိနိုင်မှာပါ၊ ဘ
လိုလဲ၊ ခမ်းကြာယံ စိတ်ဝင်စားလား"

ရှင် ဘယ်လိုလူလဲ စွဲထင်ရယ်။ ကျွန်မရဲ့နှလုံးသာ
တွေလည်း ရာသီဥတုလိုပဲ အလိုက်သင့် အေးစက်ပြီးတော့ နေ
ရစေ။ ကျေးဇူးပြုပြီး ရှင့်ပါးချိုင့်လေးနဲ့ နှလုံးသားပူနွေးအော
လာမလုပ်စမ်းပါနဲ့။ သို့သော် ခမ်းသည် သူ့ကိုမညာချင်ပါ။
မှန်သော အဖြေတစ်ခုကိုပဲ ပေးခဲ့ပါသည်။

"ကျွန်မ ရှင်နဲ့ပတ်သက်သမျှ အရာအားလုံးကို စိတ်
စားပါတယ် စွဲထင်"

သူနှင့် ခမ်း အကြားတွင် ရုတ်တရက် အကြီးအကျ
တိတ်ဆိတ်သွားခဲ့ပါသည်။ အဝေးမှ မီးကျည်ပစ်ဖောက်သံ
သဲ့သဲ့ကြားနေရခိုက်တွင် ခမ်းရဲ့နှလုံးသားသည်လည်း ...။





၄

သူနှင့် ခမ်းတို့ မောဒီဇင်ဘာ၌ ထမင်းသွားစားပြီး
ပြန်အလာမှာပင် ဧည့်ကြိုကောင်တာမှ ခမ်းကို သတင်းတစ်ခုဖြင့်
စောင့်ကြိုနေခဲ့ပါသည်။ အလုပ်ကိစ္စဖြစ်သဖြင့် သူက ဘာမှမစပ်စု
ဘဲ ခမ်းကို နှုတ်ဆက်ကာ သူ့အခန်းသို့ တက်သွားသည်။ ခမ်း
သည် ပေးခဲ့သော ဖုန်းနံပါတ်ကို ပြန်ဆက်သွယ်လိုက်လျှင် ခမ်း
ရဲ့လက်ထောက်ဖြစ်သူ မိမိနှင့် တန်း၍ဆုံသည်။

"မိမိလား၊ ရှင် ဘယ်တုန်းက ရောက်တာလဲ၊ သူဌေးရော
ပါသလား"

"ပါတာပေါ့၊ သူဌေးက လပြည့်ညကို အမီလာတာ။
သူဌေးရဲ့ ဟန်းနီးမွန်းခရီးလေ ခမ်းရဲ့၊ တကယ့်ကို လရည်
ဆမ်းမှာ ... ဟဲ ဟဲ"

"ဟင် ... ရှင်ကတော့ လုပ်ပြီ၊ ဒါဆို အသက်ငယ်ငယ်
စုံတွဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ သူဌေးက တခြားသူ မဟုတ်ဘူး ခမ်းရဲ့။ Aden Shopping Mall တို့၊ Aden Construction တို့ ပိုင်တဲ့ ဒေါ်ဝင်းယုယုထိုက်ပဲ။ တလောတုန်းကမှ မင်္ဂလာဆောင်ထားတဲ့ အမျိုးသမီးပေါ့"

"အင်း ... ကြားပါတယ်၊ ဒါနဲ့ ရှင်တို့က ဘယ်မှာတည်းတာလဲ၊ ဒီမှာ ဘာလို့မတည်းတာလဲ"

"မသိဘူး၊ သူဌေးက အေးသာယာမှာ သူ့ခြံရှိတာကိုး။ အခု မီတို့က အဲဒီမှာ၊ ဟော ... သူဌေးက လှမ်းပြောနေတယ် ခမ်းရေ၊ ရှင် အားရင်လာခဲ့ပါဦးလားတဲ့၊ ရှင့်ကို မတွေ့ဖူးသေးလို့တဲ့ ကားလွှတ်လိုက်မယ်တဲ့၊ ရှင်က တောင်ကြီးသူဆိုတော့ ရှင့်ကို ဖူးချင်တယ်နဲ့ တူတယ်"

"ကားမလွှတ်ပါနဲ့၊ ဒီမှာ ဆိုင်ကယ်ရှိတယ်၊ ခမ်း လာခဲ့မယ်၊ လိပ်စာပြော အေးသာယာ ဘယ်အပိုင်းလဲ"

ခမ်းသည် မီမီ့ထံမှ လိပ်စာသိပြီးတာနှင့် တစ်ပြိုင်နက် အေးသာယာဘက်သို့ ချက်ချင်းသွားဖို့ ပြင်ဆင်သည်။ သူ့ကို ဖျတ်ခနဲ သတိရသွားပြီးမှ ပြောမနေတော့ပါဘူးဟု ဆုံးဖြတ်ကာ ညှော်ကြိုဏောင်တာကိုပဲ မှာခဲ့လေသည်။ သိပ်မကြာခင်မှာပဲ ခမ်းသည် အေးသာယာရှိ သူဌေးမကြီးပိုင်ဆိုင်သည်ဟူသောခြံကို ရောက်သွားခဲ့သည်။

အင်း ... တော်တော့်ကို ချမ်းသာတဲ့ မိန်းမပါလား။ ထိုမိန်းမသည် ရန်ကုန်မြို့ပေါ်တွင် နာမည်ကြီးဖြစ်သဖြင့် ကြာ





နေသော်လည်း အခုမှပင် မြင်ဖူးမှာဖြစ်သည်။ ဘယ်လိုများပါလိမ့်။ မာနကြီးကြီးပဲလား။ သို့သော် ထင်ထားတာနှင့် လွဲစွာ ဒေါ်ဝင်းယုယုထိုက်က ခမ်းကို ပျူငှာစွာ ဆီးကြိုခဲ့ပါသည်။

"ဒီမှာပဲ လာတည်းပါလား ခမ်းရဲ့"

"နေပါစေ မမ၊ နောက်ထပ် တစ်ရက်၊ နှစ်ရက်ပဲ ကျန်တော့တာပါ၊ ခမ်း ဟိုတယ်မှာပဲ နေပါ့မယ်"

"တစ်ရက်၊ နှစ်ရက် မဟုတ်ဘူးလေ ခမ်းရဲ့၊ 'မ'ကို ပင်းတယတို့၊ အင်းလေး၊ ကလော အဲဒီဘက်တွေ လိုက်ပို့ပေးဦး၊ အဲဒီဘက်တွေမှာ စိတ်ရှိလက်ရှိ အနားယူပစ်လိုက်ဦးမယ်၊ 'မ'ရဲ့ ဟန်းနီးမွန်းအဖြစ်နဲ့ပေါ့၊ 'မ'လည်း အလုပ်တွေများလွန်းလို့ ဘယ်ကိုမှ မသွားနိုင်ဘူး၊ ဒါကြောင့် အမျိုးသားကတောင် စိတ်ကောက်နေတာ၊ ဟင်း ဟင်း ... သူ့ကိုလည်း 'မ'က အချိန်သိပ်မပေးနိုင်ဘူးကိုး"

ခမ်းသည် ဘာပြန်ပြောရမှန်း မသိတာနှင့် ခေါင်းပဲ ညိတ်ကာ ပြုံးနေရသည်။ စိတ်ကတော့ သူ့ထံမှာ ဝဲပျံလို့သာပင်။ အင်းလေး၊ ပင်းတယ ဆိုသဖြင့် သူ့ကို သတိရသွားခြင်းဖြစ်သည်။ ...င်သွားချင်တဲ့ နေရာတွေလေ စွဲထင်ရဲ့။ ကျွန်မရဲ့မိတ်ဆွေပါဆို ... ရှင့်ကို ခေါ်မယ်ဆိုရင်တော့ ရကောင်းမှာပါ။ ဒီအမျိုးသမီး ... သဘောကောင်းပုံပါပဲ။

"ဒါထက် ခမ်းရေ၊ မီးပုံးပျံလွှတ်ပွဲက မနက်ဖြန်နောက်ဆုံးပေါ့နော်၊ မနက်ဖြန် လပြည့်ညပေါ့၊ အားပါး ... ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



အဲဒီညကို အမိလာတာ၊ အဲဒီညက ဆုတောင်းပြည့်တယ် ဆို ဟုတ်လား"

လာပြန်ပြီတစ်ယောက်။ ခုတလော အရမ်းချမ်းသာ တဲ့လူတွေကပဲ လောဘတွေကြီးပြီး ဆုတောင်းပြည့်ချင်နေတော့ တာပါပဲလား။

"ကြားဖူးပါတယ်၊ တောင်းကြည့်ပေါ့ မမရယ်၊ ပြည့်မှာပါ"

"အိုကေ ... အိုကေ။ ဟော ... မောင်တောင် ရောက်လာ ပြီ။ မောင်ရေ Full Moon Dayက ဆုတောင်းရင် တကယ် ပြည့်သတဲ့၊ အတူတူ ဆုတောင်းကြည့်ကြစို့၊ ဩော် ... အဲဒါ 'မ'ရဲ့အမျိုးသားပဲလေ ခမ်းရဲ့၊ သူက တန်ဆောင်တိုင် ပွဲကို နွှဲချင်လွန်းလို့ 'မ'ကိုတောင် မစောင့်ဘဲ ရှေ့ကနေ ထွက်သွားနှင့်တာ"

ခမ်းသည် ထိုအမျိုးသမီးက ရွှန်းရွှန်းဝေဝေ ပြောပြ နေသဖြင့် ဝင်ပေါက်ကို ကျောပေးထိုင်နေသော်လည်း မတ်တတ် ထရပ်ကာ လှည့်ပြီးနှုတ်ဆက်ဖို့ ဆုံးဖြတ်လိုက်သည်။ ကိုယ့်ရှေ့ ရောက်လာမှ မိန့်မိန့်ကြီး ပြုံးပြရမှာ သိပ်မကောင်းတတ်လှပါဘူး လေ။ အဲဒီလိုတွေးပြီးနောက် ခမ်းသည် အပြုံးတစ်ခုကို နှုတ်ခမ်း မှာ ကြိုတင်တပ်ဆင်ကာ မတ်တတ်ထရပ်လျက် နောက်ဘက်သို့ လှည့်ကာ လူတစ်ယောက်ကို ပြုံးပြနှုတ်ဆက်လိုက်ပါသည်။

သို့သော် ခမ်းရဲ့အပြုံးသည် နှုတ်ခမ်းထက်မှနေ၍ အောက်သို့ ဖရိုဖရဲ၊ ရုပ်ပျက်ဆင်းပျက် ပြုတ်ကျ၍ သွားခဲ့လေ





သည်။ ထို့အတူ တစ်ဖက်မှလည်း ကြိုတင်မြိုးပြထားဟန် တူခဲ့ သော ပါးချိုင့်နက်နက် အပြုံးလေးသည်လည်း ...။ ဟင့်အင်း အဲဒီအပြုံးလေး လွင့်ကျမသွားပါနဲ့လားကွယ်။ နောက်ဆုံးအနေနဲ့ အဲဒီအပြုံးလေးတော့ ခမ်းကို ပေးသနားခဲ့ပါ။ အပြစ်မရှိတဲ့ ခမ်း နှလုံးသားနဲ့ အဲဒီအပြုံးလေးကို ဆီးဖမ်းထားပါရစေ။ တစ်သက် စာအတွက် သိမ်းထားပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



## ၁

တန်ဆောင်တိုင်ပွဲတော်၏ နောက်ဆုံးညဖြစ်သော လပြည့်ညတွင် လမင်းသည် ရှိရှိသမျှသော အစွမ်းကုန် အလင်းရောင်နှင့် အေးချမ်းမှုတို့ကို လောကဓာတ်တစ်ခုလုံးအား ဖြိုလွှမ်းလို့ ပေးထားလေသည်။ နှင်းငွေများနှင့် ထင်းရှူးရနံ့သင်းပျံ့ သော လေထုကြောင့် ဝန်းကျင်တစ်ခုလုံးသည်လည်း အေးစိမ့်မှုက လွှမ်းမိုးထားသည်။

ခမ်းသည် အဝေးကိုသာ ငေးကြည့်လျက် ဘာစကားမှမဆိုမိ။ သူကတော့ အကဲဖမ်းရခက်လွန်းသည့် မျက်နှာနှင့် ခမ်းကို တည်ငြိမ်စွာပင် စကားပြောနိုင်လေသည်။

"ရှေ့မှာ ဘယ်လို အခြေအနေမျိုးတွေပဲ ကြုံခဲ့၊ ကြုံခဲ့ ခမ်းကြာယံကို ဒီနေရာ၊ ဒီအချိန်မှာတော့ ကျွန်တော့်ဘ အကြောင်းကို အကုန်အစင်ပြောပြဖို့ ရည်ရွယ်ထားပြီးသ ပါ။ ဘာလို့လဲဆိုတော့ ခမ်းကြာယံကို ကျွန်တော့်ဘဝ





မိတ်ဆွေစစ်အဖြစ် တစ်သက်လုံး ခင်မင်သွားချင်လို့ပါ။ ပြီးတော့ ခမ်းကြာယံက ကျွန်တော်အပေါ် အပြည့်အဝ နားလည်ပေးနိုင်လိမ့်မယ်လို့လည်း မျှော်လင့်မိပါ။ တကယ်တော့ ကျွန်တော်ဟာ မထိုက်တို့ မိသားစုရဲ့ မွေးစားသားပါ၊ ကျွန်တော့်ရဲ့ ကျေးဇူးရှင် မွေးစားမိဘနှစ်ပါးလုံး မရှိတော့ပါဘူး၊ ဒါပေမဲ့ သူတို့ရှိစဉ်တည်းက မထိုက်နဲ့ လက်ထပ်ပေးခဲ့တာပါ၊ ဒါကလည်း ကျွန်တော်တို့မိသားစုပဲသိတဲ့ ကိစ္စပါ၊ ကျွန်တော်နဲ့ မထိုက်ဟာ လက်ထပ်ထားပေမဲ့ မောင်နှမတွေလိုပဲ နေခဲ့ကြတာပါ၊ ပြောရရင် အခုချိန်ထိလည်း မောင်နှမလိုပါပဲ ...

"ကျွန်တော် မထိုက်ကို မချစ်ဘူး ခမ်းကြာယံ၊ ဒီစည်းစိမ်တွေကိုလည်း မမက်မောပါဘူး၊ ဒါကြောင့် အားလုံးစွန့်ခွာပြီး တစ်နေရာကို ထွက်သွားဖို့ အမြဲစဉ်းစားခဲ့တယ်၊ ဒါပေမဲ့ သေခါနီးအချိန်ထိ သူတို့သမီးကို စောင့်ရှောက်ဖို့ ဘဖွဖွ မှာသွားရှာတဲ့ မွေးစားမိဘတွေရဲ့ ဆန္ဒကို ကျွန်တော် ဘယ်လိုလုပ် ဥပေက္ခာပြုနိုင်မှာလဲ၊ နောက် မထိုက်မှာ အားကိုးစရာ ဆွေမျိုးသားချင်း၊ မောင်နှမသားချင်းလည်း ရှိတာမဟုတ်ဘူး၊ ပြီးတော့ ပတ်ဝန်းကျင်ရဲ့စကားတွေကြောင့် ကြာလာရင် မထိုက်မှာ သိက္ခာကျစရာတွေ ဖြစ်လာမယ် ...

"နောက်ဆုံးတော့ ကျွန်တော်နဲ့ မထိုက် လူသိရှင်ကြား မင်္ဂလာဆောင်လိုက်ရတာပါပဲ၊ မထိုက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ အပြောမခံရပေမဲ့ ကျွန်တော်ကတော့ သိုက် တဲ့ကောင်၊ သားရေပေါ်အိပ် သားရေနားစား၊ အများ ပဲပေါ့ဗျာ၊ လူတွေက ကျွန်တော့်ကိုကြည့်တဲ့ အကြည့် က လှောင်ပြောင်သရော်နေသလိုပဲ။ ပြီးတော့ ဘယ် သွား၊ ဒေါ်ဝင်းယုယုထိုက်ရဲ့ ယောက်ျားဆိုတာမျိုးပဲရှိတ ယောက်ျားတစ်ယောက်ရဲ့ ခံစားချက်ကို ခမ်းကြာယံ လည်နိုင်မှာပါ ...

"မထိုက်နဲ့ လက်ထပ်ပြီးကတည်းက ပြော ကျွန်တော့်စိတ်တွေ Depression ဝင်လာသလိုပဲ၊ အ အားလုံးကို စိတ်ကုန်တယ်၊ စိတ်ပျက်တယ်၊ ငွေကြေ ကျေးဇူးတရားတွေ ဖုံးထားတာ ကျွန်တော် တစ်သက် အသက်ရှူမဝခဲ့ဘူး၊ ကျွန်တော့်ပတ်ဝန်းကျင်မှာ ကျွန် ကို နားလည်ပေးနိုင်မဲ့ မိတ်ဆွေစစ် မရှိဘူး၊ အားလုံး ဟန်ဆောင်မျက်နှာဖုံးတွေနဲ့ ဆက်ဆံကြတာ။ ဒါကြော ခမ်းကြာယံနဲ့ တွေ့လာရတာဟာ ကျွန်တော့်အတွ အဓိပ္ပာယ်ရှိတယ်လို့ ကျွန်တော် ပြောချင်တာပါ။ တစ်သ လုံးအတွက် မိတ်ဆွေစစ်အဖြစ် ကျွန်တော် ရှုးသွ လိုလားတာပါ"

"ဟုတ်တာပေါ့ စွဲထင်ရယ်၊ ရှင် သိပ်မှန်တာပေါ့၊ ရှ မြင့်မြတ်တည်ကြည်တဲ့ ယောက်ျားတစ်ယောက်အ ကျွန်မ ချီးကျူးပါတယ်"





ခမ်းသည် ရင်ထဲကသော စကားတွေပြောလျက် သော်လည်း နှုတ်ဖျားကတော့ဖြင့် ဘာမှမပြောနိုင်တော့ချေ။ သည် အပြိုင်အဆိုင် လှပလင်းလက်နေသော မီးပုံးပျံများကိုသာ ကြည့်လျက်မှ ...

"သီချင်းတွေထဲမှာလည်း ကြားဖူးတယ်၊ အပြင်မှာလည်း ပြောကြတယ်၊ လူတစ်ယောက်မှာ အချစ်ကို အနည်းဆုံး တစ်ခါတော့ တွေ့ခဲ့ဖူးကြတယ်တဲ့၊ အဲဒါ ကျွန်တော့် အတွက်တော့ လုံးဝမှားနေတယ်နော်၊ ကျွန်တော့်ဘဝမှာ အချစ်ဆိုတာကို တစ်ခါမှ မကြုံဖူးဘဲ့ဘူး ခမ်းကြာယံ၊ အဲဒါ လုံးဝအသေအချာပဲ၊ ဘယ်တော့မှလဲ တွေ့လာတော့ မှာ မဟုတ်ဘူး ...

"တစ်ခါတစ်ရံတော့ သူများတွေပြောတဲ့ ရင်ခုန်စိတ် လှုပ်ရှားရတဲ့ အချစ်မျိုးနဲ့ ကြုံဖူးချင်တာတော့ အမှန်ပါ၊ ဒါပေမဲ့ အခုချိန်မှာတော့ မကြုံချင်တော့ပါဘူး၊ အချစ်ဆို တာ အချိန်မရွေး ပျောက်ပျက်သွားနိုင်ပါတယ်၊ မိတ်ဆွေ စစ်ဆိုတာမျိုးကတော့ ဘယ်တော့မှ မပျောက်ပျက်သွားနိုင် ဘူး မဟုတ်လား၊ ဒီည ကျွန်တော်တောင်းတဲ့ဆုက ခမ်း ကြာယံရဲ့ ထာဝရမိတ်ဆွေ ဖြစ်ရပါလို၏တဲ့၊ ကျွန်တော့် ဆုတောင်း ပြည့်လားမသိဘူးနော်"

ခမ်းသည် ဘာကို ဝမ်းနည်းမှန်းမသိ ဝမ်းနည်းနေ သူ့ရဲ့စကားပြော ကျွမ်းကျင်မှုကို သဘောကျကာ ပြုံးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။ သူကလည်း သူ့စကားသူ ပြန်သဘောကျသွား
ဟန်ဖြင့် တစ်ချက်ရယ်သည်။ အဲဒီနောက် တစ်ယောက်နှင့် တစ်
ယောက် အကြည်လင်ဆုံး ပြုံးပြလိုက်ကြပြီးလျှင် ခမ်းရဲ့ရင်ထဲ
နားလည်မှုဟူသော စကားလုံးကို တွင်တွင်ကျယ်ကျယ်ပင် သဘော
ပေါက်သွားခဲ့တော့တာဖြစ်သည်။ ခမ်းသည် အရာအားလုံးအတွ
လိပ်ပြာသန့်သွားပြီဖြစ်သည်။ သူ့ကို အတောက်ပဆုံး ပြုံးပြလိုက်
ကာ ...

"ရှင့် ဆုတောင်းက လုံးဝကိုပြည့်ပါတယ် စွဲထင်ရယ်"

ထိုအချိန်မှာပင် မီးပုံးပျံ လွှတ်တင်တာကို စိတ်ဝ
တစား သွားကြည့်နေကြသော မီမီနှင့် မထိုက်တို့ ကားအနား
ရောက်လာကြလေသည်။ မထိုက်သည် သူ့လက်မောင်းကို က
တစ်ယောက်လိုပင် ဆုပ်ကိုင်ကာ သူတွေ့ရသမျှ၊ မြင်ခဲ့ရသမျှ
ကို ပြန်လည်ဖောက်သည်ချလျက် ရှိသည်။

အင်း ... အမြင်နှင့်ကို မထိုက်ဟာ သူ့ကို တော
တော်ချစ်ပုံရလေသည်။ လောကကြီးမှာ ကိုယ်က ချစ်ရတာထ
အချစ်ခံရတာက ပိုကောင်းတယ်ဆိုတာ တစ်နေ့နေ့၊ တစ်ချိန်ချိ
ကျ ရှင်နားလည်လာမှာပါ စွဲထင်ရယ်။ မထိုက်သည် သူ့လက်
ကို မဖြုတ်စတမ်း တွဲချိတ်ထားရင်းမှ ...

"ခမ်းရေ ... တို့တော့ ဆုတောင်းပြီးပြီ၊ ခမ်းရော ဘာ
တောင်းလဲ၊ တို့ ဆုတောင်း ပြည့်ပါ့မလား မသိဘူးနော်"

"ပြည့်မှာပါ မထိုက်ရဲ့၊ မယုံရင် စောင့်ကြည့်ပါ"





"အိုကေ ... ခမ်းက တော်တယ်နော် မောင်၊ ခမ်းကို
သဘောကျတယ်၊ မောင်ရေ ... အင်းလေးနဲ့ ပင်းတယဘက်
သွားဦးမယ် မဟုတ်လား၊ ခမ်းရှိတုန်း သွားရအောင်နော်"

"ဟင့်အင်း မထိုက်။ ကျွန်တော် အိမ်ပြန်ချင်ပြီ"

သူ့စကားကြောင့် ခမ်း အံ့သြသွားခဲ့ရပါသည်။
အဲဒီနေရာတွေကို သူ အင်မတန် သွားချင်ခဲ့တာ မဟုတ်လား။
သူ့ကား နှစ်ခါပင် မငြင်းဆန်လိုက်ရ၊ မထိုက်သည် အရာရာကို
သူ့သဘောအတိုင်း ဖြစ်စေသောသူပင်။

"အေး ... အေး၊ ဒါဆိုလည်း ပြန်တာပေါ့"

ဟုဆိုကာ အသာတကြည်ပင် လက်ခံလေသည်။
သူ ဘာကြောင့် စိတ်ပြောင်းလဲသွားသလဲ ဆိုတာတော့ ခမ်းမပြော
တတ်။ သို့သော် အဲဒီအတွက်တော့ သူ့ကို ခမ်း ကျေးဇူးတင်ရ
ပါသည်။ မထိုက်က သူ့ကို မီးပုံးပျံလွှတ်တာ အတူတူကြည့်မယ်
ဟုဆိုကာ ဆွဲခေါ်သွားသဖြင့် သူတို့နှစ်ယောက် အတူတူတွဲသွား
ကြပုံကို ခမ်းသည် နောက်မှနေ၍ အကြည်လင်ဆုံး အပြုံးနှင့်
ကြည့်နေခဲ့ပါသည်။


ရုပ်ရှင်ကားကောင်းကောင်း တစ်ခုကို ကြည့်ပြီးတဲ့
အခါ ရင်ထဲမှာ တစ်ခုခု ကျန်ခဲ့သလိုမျိုးပါပဲ စွဲထင်ရေ။ ရှင်နဲ့
တ်သက်ပြီး ကျွန်မဆီမှာ တစ်ခုခု ကျန်ခဲ့တယ်ဆိုရင် အဲဒါအချစ်
မဟုတ်တာတော့ သေချာပါတယ်။ ထိုအရာသည် သံယောဇဉ်
လည်းမဟုတ်၊ အမှတ်တရလည်း မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအရာများအားလုံးကို မိန်းကလေးတစ်ယောက်
ကျွန်နှင့် သိက္ခာက တံတိုင်းကြီးသဖွယ် အခိုင်အမာ တားဆီး
သား ဖြစ်သည်။ တကယ်တော့ သူနှင့်ပတ်သက်၍ ခမ်း၏နှ
သားတွင် စွဲထင်ရစ်သောအရာမှာ ကိုယ်ချစ်ထက် သူချစ်က
ကောင်းသည်ဟူသော အသိတစ်ခုသာ ဖြစ်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



# မောင့်ရဲ့စက္ကရီတေရီ

မိန်းမ တစ်ယောက်ရဲ့ အရည်အချင်းဟာ လှပမှု တစ်ခုတည်းတင် မဟုတ်ဘဲ ...

အိမ်ထောင်ရှင် အမျိုးသမီးတွေဟာ ဘက်စုံ ထောင့်စုံကနေ ကြိုးစားလှုပ်ရှားနေကြရတယ် ဆိုတာ ...

သတိတရနဲ့ ခံစား ရေးဖွဲ့ခဲ့တာပါ..။

www.burmeseclassic.com

www.burmeseclassic.com

## ၁

ဟိုးအရင်တုန်းကတော့ ကျွန်မ၏စိတ်ထဲတွင် သ[illegible] ရည်းစားဘဝနှင့် အိမ်ထောင်သည်ဘဝဟာ ပြောပလောက်အော[illegible] ဘာမှသိပ်မကွာခြားဟု ထင်ခဲ့မိသည်။ ချစ်သူတွေ ဘဝတုန်း[illegible] လည်း အပြန်အလှန် သစ္စာတွေရှိခဲ့သလို အိမ်ထောင်သည်ဘဝ[illegible] လည်း အပြန်အလှန်သစ္စာတွေရှိလျှင် လုံလောက်ပြီဟုတွေးခဲ့သည် တခြားကြီးကြီးကျယ်ကျယ်တွေ လျှောက်လည်းမတွေးခဲ့ချေ။

မောင်နှင့်အတူနေရလျှင် ပြည့်စုံသည်။ အပြည့်အ[illegible] ပျော်ရွှင်ရမည်။ ဒီလောက်ကိုသာ မြင်တတ်ခဲ့သူဖြစ်၏။ အဲဒီတု[illegible] တည်းက ကျွန်မရဲ့ချစ်သူမောင်ကလည်း ကျွန်မကို ကလေးတ[illegible] ယောက်လို သဘောထားကာ အစစအရာရာ နားလည်ခွင့်လွှ[illegible] ပေးတတ်သဖြင့် ကျွန်မကလည်း မောင့်ကို အတိုင်းမသိ ချစ်မြတ်[illegible] ခဲ့ရပါသည်။ ဒါအပြင် အားကိုးလေးစားရတာလည်း ပါသေး[illegible] သည်။





ကျွန်မနှင့် တစ်ချိန်တည်းလိုလို ရည်းစားရကြသော ကျွန်မသူငယ်ချင်းတချို့ လက်ထပ်ကုန်ကြသည်အထိ ကျွန်မနှင့် မောင်က လက်မထပ်ရသေး။ မောင်က Life Plan ဆွဲထားကာ အစစအရာရာ စနစ်တကျ စီစဉ်တတ်သော လူတစ်ယောက်ဖြစ်လေသည်။

"အစစအရာရာ ပြည့်စုံပြီဆိုတော့မှ ချစ်ကို မောင့်ဘဝထဲကို ခေါ်မှာချစ်ရဲ့"

ဟု အမြဲပြောတတ်သည်။ ကျွန်မကလည်း မောင့်ကိုဆို ယုံကြည်စိတ်ချပြီးဖြစ်သဖြင့် မောင် ပြောထားသော အချိန်တစ်ခုကိုသာ စောင့်နေခဲ့သည်။ မောင်က ကျွန်မနှင့် အောင်မြင်ပျော်ရွှင်သော ဘဝတစ်ခုကို ထူထောင်ဖို့ အလုပ်တွေ ကြိုးစားနေချိန်တွင် ကျွန်မကတော့ မိဘရင်ခွင်မှာ ပျော်ကောင်းတုန်းပင်ဖြစ်လေသည်။

ကျွန်မ နားလည်တာက အချစ်ပဲဖြစ်သည်။ မောင် အလုပ်မအား၍ ကျွန်မကို ဂရုမစိုက်နိုင်လျှင် ကျွန်မ စိတ်ကောက်သည်။ မောင်ကြိုးစားနေတာတွေက ချစ်အတွက်ပါကွာဟု မောင်က ပြန်ချော့လျှင် ကျွန်မ စိတ်ပြေသွားမည်။ ကျွန်မ မျှော်လင့်ထားခဲ့သည်က အချစ်ဖြင့် ထုံမွှမ်းသော၊ အချစ်တို့သာ ကြီးစိုးသော၊ ချစ်ရနံ့တွေ ပျံ့သင်းနေသော ကျွန်မတို့ရဲ့ ချစ်ခြင်းသက်သက် အိမ်လေးကိုသာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၂

ကျွန်မ မျှော်လင့်ထားခဲ့သည့် အတိုင်းပင် မောင့်ရဲ့ စံနှုန်းတွေ ပြည့်စုံသော တစ်နေ့တွင် ကျွန်မနှင့်မောင် လက်ထပ်ခဲ့ကြသည်။ လူတကာက ငေးမောအားကျ ချီးကျူးရလောက်သော လိုက်ဖက်လည်း ညီလှသော ကျွန်မတို့နှစ်ဦးအတွက်လည်း ဂုဏ်ယူရသလို၊ ခမ်းနားကြီးကျယ်သော မင်္ဂလာပွဲကြီးအတွက်လည်း ဝမ်းသာပီတိ ဖြစ်ခဲ့ရလေသည်။

အထူးသဖြင့် ကျွန်မကို အားကျကြသော စကားသံတွေကို နားဝင်အချိုဆုံးပင်။ မိန်းမတစ်ယောက်ရဲ့ အများဆုံးသော ပီတိတွေကို ပေးစွမ်းနိုင်တာ ဒီစကားသံတွေပဲ မဟုတ်လား။

"ကြိုင်နံ့သာတို့မျှား သိပ်ကံကောင်းတာပဲနော်၊ ချစ်တဲ့သူ ချင်းလည်း ပေါင်းဖက်ခွင့်ရတယ်၊ မင်းပျိုလွင်ကလည်း သူ့သတို့သမီးကို ချစ်လိုက်တာမှ တုန်လို့၊ လိုလေသေးမရှိ အောင် ဖန်တီးပေးထားတာ၊ သိပ်ကံကောင်းတာပဲကွယ် တကယ်"





အမှန်တကယ်ကိုပင် မောင်က ပြောထားသည့် အတိုင်း ကျွန်မအတွက် ဘာမှလိုလေသေးမရှိအောင် ဖန်တီးပေး ထားခဲ့တာ ဖြစ်သည်။ လတ်ဆတ်သန့်ရှင်းသော မန်းလှိုင်အိမ်ရာမှ လုံးချင်းတိုက်လေးသည် ခမ်းနားသိုက်မြိုက်သော Decoration အပြည့်အစုံဖြင့် ကြင်စဦးဇနီးမောင်နှံအတွက် နေချင့်စဖွယ်အပြည့်ပင်။ ကျွန်မက သဘောကျသော မျက်လုံးများဖြင့် အိမ်လေးကို လှည့်ပတ်ကြည့်ရှုနေသောအခါ မောင်က ကျွန်မရဲ့နောက်ဘက်မှနေ၍ ခပ်ဖွဖွ သိုင်းဖက်လာကာ ...

"ဒီအိမ်လေးထဲမှာ ချစ်ပျော်သလိုနေ၊ စိတ်ကြိုက်သာနေ၊ ချစ်ဘာမှလုပ်စရာ မလိုဘူး၊ မောင့်အနားမှာ ချစ်ရှိနေရင် အရာအားလုံး ပြည့်စုံတယ်၊ ဟုတ်ပြီလား"

ကျွန်မက ကြည်နူးဝမ်းသာသော အပြုံးများဖြင့် မောင့်ကို ခေါင်းညိတ်ပြလိုက်သည်။ အဲဒီအခိုက်မှာ တစ်ဘဝလုံးစာအတွက် ပြည့်စုံသွားသလိုတောင် ထင်ရလေသည်။ တကယ့်ကိုပင် မောင်နှင့်အတူနေရတာ စိတ်ချမ်းသာမှု အပြည့်အဝရခဲ့သည်။ ကျွန်မအိမ်မှာ နေတုန်းကတောင်မှ စိတ်မထင်ရင် မထင်သလို မေမေက ဆူပူတတ်သေးသည်။

မောင်နှင့်နေရသော ဘဝမှာတော့ ဆူမဲ့ပူမဲ့သူလည်း မရှိ။ ကျွန်မရဲ့တာဝန်ဝတ္တရားဟူ၍လည်း မယ်မယ်ရရ ဘာမှမရှိချေ။ တစ်ခါတလေ ဇာတ်လမ်းကောင်းရင် ကောင်းသလို ကျွန်မက ညဉ့်နက်နက်ထိတိုင် ရုပ်ရှင်ကြည့်တတ်သဖြင့် မနက်ခင်းကျ



www.burmeseclassic.com

www.burmeseclassic.com

အိပ်ရာမှ မနိုးတော့။ ကျွန်မ နိုးသောအခါ မောင်က ရုံးသွားပြ
ဖြစ်သည်။

အဲဒီအခါကျပြန်တော့လည်း မထူးပါဘူးဆိုပြီး ဆက်
နှပ်တတ်သေးလေရာ ထမင်းစားချိန်ရောက်ခါနီးမှပင် ပြန်နိုးတတ်
လေသည်။ အဲဒီကျမှပင် ရေထချိုးကာ နေ့ခင်းစာထမင်းကို တစ်ခါ
တည်း စားရ၏။ ပြီးလျှင်လည်း ကျွန်မရဲ့အလုပ်က ဘာမှမရှိချေ

သီချင်းနားထောင်၊ စာအုပ်ဖတ်၊ Satellite ကြည့်
ဒီလိုနှင့်ပင် တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးခဲ့ကာ ကျွန်မရဲ့အရည်
အချင်းတွေလည်း တုံးမှန်းမသိ တုံးလာခဲ့တာကိုလည်း မသိ
မိန်းမတစ်ယောက်ရဲ့ ထူးခြားထက်မြက်တဲ့ စွမ်းဆောင်ရည်ဆိုတာ
တွေလည်း နားမလည်ဘဲ ကျွန်မရဲ့သူငယ်ချင်း ဖြိုးဖြိုး ရောက်
လာခင်အချိန်ထိ ကျွန်မထံတွင် စိတ်ကျေနပ်မှု အပြည့်အဝ ရှိ
နေခဲ့လေသည်။

❦ ✿ ❦





# ၇

"မမနံ့သာ အောက်မှာ ဧည့်သည်ရောက်နေပါတယ်ရှင့်"

အိမ်မှ ကောင်မလေး လာပြောသော အချိန်တွင်
ကျွန်မ နှစ်ယောက်အိပ် ဒန်းလော့မွေ့ရာကြီးပေါ်တွင် ဝမ်းလျား
ထိုးလျက် ခြေနှစ်ချောင်း မိုးပေါ်ထောင်ကာ နေကြာစေ့ ဝါးရင်း
ဘတ်တလောက်ထဲမှ အင်္ကျီဒီဇိုင်းများ ကြည့်နေချိန်ဖြစ်သည်။
ဘိကတ်တလောက်ကိုလည်း မောင်ကပဲ စင်ကာပူက မှာပေးထား
ခြင်းဖြစ်သည်။

"ချစ်ကြိုက်တဲ့ နံပါတ်တွေ မှတ်ထားလိုက်၊ မောင် ဒီတစ်
ပတ်သွားရင် ဝယ်ခဲ့မယ်"

ဟု ပြောထားသဖြင့် စိတ်ဝင်တစား ရွေးနေရာမှ
ထချင်ပေ။ ဘယ်သူများပါလိမ့်။ မေမေတော့ မဟုတ်နိုင်ပါဘူး။

"ဘယ်သူလဲ၊ ငါနဲ့ သိလား"

"မမရဲ့ သူငယ်ချင်းပါတဲ့၊ မဖြိုးဖြိုးကျော်လို့ ပြောပါတယ်ရှင့်"


www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... မယ်ဖြိုးလား၊ ဒါဆို အခန်းထဲလွှတ်လိုက်၊ ဟော့ ပြီးရင် ကော်ဖီတစ်အိုးပါ လာပို့လှည့်"

ကျွန်မရဲ့သူငယ်ချင်းက ကျွန်မထက် အစောကြီး အိမ်ထောင်ကျခဲ့သူ ဖြစ်သည်။ ကလေးနှစ်ယောက်နှင့် ဒေါင်ချာ စိုင်းနေလျက် လုံချည်တောင် မဝတ်နိုင်တော့ဘူး ထင်သည်။ ကျွန်မဆီကို ဂါဝန်ကြီးနှင့် ရောက်လာတာ ဖြစ်လေသည်။

"ဘယ်ကနေ မျက်စိလည်လာတာလဲ၊ ငါက နင်သေပြီ ထင်နေတာ၊ လူကလည်း ဖက်တီးဖြစ်လို့ပါလား"

သူက မပြောခင် ကျွန်မက ဦးအောင်ပြောထားလိုက်တာ ဖြစ်သည်။ သူကလည်း မခံချေ။

"မပူနဲ့ ရှင်လည်း လာတော့မှာ၊ တစ်နေ့ တစ်နေ့ အိမ်ထဲမှာပဲ အဆီစုနေ၊ ငါက ကလေးနှစ်ယောက် မွေးထားလို့ ဟော့၊ ရှင်က ဘယ်နှယောက် မွေးပြီးလို့တုန်း"

"အယ် ... တော်စမ်း ... တော်စမ်း၊ လာတာနဲ့ ပါးစပ်က အော်ပြီ၊ ပြောစမ်းပါဦး၊ ဘာကိစ္စပျောက်ချက်သားကောင်း နေရတာလဲ"

သူက ကျွန်မကို မျက်စောင်း ပြင်းပြင်းတစ်ချက် လှမ်းထိုးလျက် ...

"အမယ်လေး ... ကျုပ်က မေးရမှာပါနော်၊ ကျုပ်မှာ ယောက်ျားကိစ္စ၊ ကလေးကိစ္စ၊ ဘာကိစ္စ၊ ညာကိစ္စတွေနဲ့ ယားလို့တောင် မကုတ်အားဘူး၊ မှတ်ထားပြီး ညကျမှ





စုကုတ်ရတယ်၊ ရှင်ကသာ တစ်နေ့ တစ်နေ့ ဘာအလုပ်မှ မရှိဘဲနဲ့ အပျင်းထူနေတာ မဟုတ်လား၊ ဟွန်း ... မိန်းမ၊ မသိရင် ခက်မယ်"

သူပြောတာ ဟုတ်နေသဖြင့် ကျွန်မက နှုတ်ခမ်းတွန့်လေးပြုံးကာ အသာနှုတ်ဆိတ်နေလိုက်လေသည်။ သူက ကျွန်မကို အဓိပ္ပာယ်တစ်မျိုးပါသော မျက်လုံးများဖြင့် ကြည့်နေသဖြင့် ...

"ဟဲ့ ... နင် ငါ့ဆီလာတာ ကိစ္စရှိလို့လား"

"အေး ... ရှင် မဆိုးဘူး၊ ဒီလောက်မှန်းတတ်ရင် သိပ်မအ,သေးဘူး"

"အံမာ ... ငါက ဘာကိုအ,ရမှာလဲ၊ မိန်းမစုတ် နင့်ရည်းစားစာ မှန်သမျှ ငါပဲ ရေးပေးခဲ့တာ မဟုတ်လား"

သူက ကျွန်မကို တည်ငြိမ်သော မျက်လုံးများဖြင့် ကြည့်ကာ ...

"အေး ... သမီးရည်းစားဘဝနဲ့ အိမ်ထောင်သည်ဘဝ မတူဘူးဆိုတဲ့အကြောင်း လာပြောပြတာ၊ နံ့သာ နင်နဲ့ငါဟာ သက်တူရွယ်တူ၊ ရထားတဲ့ဘွဲ့ အတူတူဆိုပေမဲ့ ငါက နင့်လောက် ကလေးမဆန်ဘူး၊ ပြီးတော့ အိမ်ထောင်ရေးမှာ နင့်ထက် ဝါကြီးတယ်၊ နင့်ကို ငါ့လိုဖြစ်မှာစိုးလို့ မအားတဲ့ ကြားထဲက လာသတိပေးတာ နံ့သာ။ ခုနင်နေနေတဲ့ပုံစံဟာ တစ်ချိန်မှာ နင့်တို့အိမ်ထောင်ရေးကို ထိခိုက်နိုင်စရာ ဖြစ်လာနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဖြိုးရဲ့ စကားကြောင့် ကျွန်မရဲ့သွေးတွေ ရုတ်တရက် ဆောင့်ခုန်သွားသလိုတောင် ထင်ရလေသည်။ သူပြောတာတွေကို ကျွန်မ နားမလည်ချေ။ သို့သော် ဘာမှန်း ညာမှန်းမသိဘဲ ရင်တွေလည်း ပူလှသည်။

"အား ... နေ ... နေပါဦး၊ တစ်ခုချင်း ပြောကွာ၊ ဒီမှာ Shock ရတော့မယ်၊ နင်က ဘာဖြစ်တာလဲ၊ ကျော်စွာနဲ့ အဆင်မပြေဘူးလား၊ ငါကရော ဘာဖြစ်နေလို့ အိမ်ထောင်ရေးကို ထိခိုက်ရမှာလည်း ပြောစမ်းပါ"

ချက်ချင်းပင် ကျွန်မရဲ့ရင်တွေ အမှန်တကယ်ကို ပူလာတာဖြစ်သည်။ ဟင့်အင်းကွယ် ... ဘယ်လိုမှ မဖြစ်ရဘူး။ မောင်နဲ့ ကျွန်မတို့ရဲ့ သာယာချမ်းမြေ့တဲ့ ဘဝလေးကို ဘာအကြောင်းနဲ့မှ မပြိုကွဲစေရဘူး။ ချက်ချင်းပင် ပျက်ထွက်လာသော ကျွန်မရဲ့ မျက်နှာကို ဖြိုးဖြိုးက စာနာသောဟန်ဖြင့်ကြည့်ကာ သက်ပြင်းချလေသည်။

"ငါလည်း အစကတော့ နင့်လိုပဲ အချစ်ရှိရင် အရာရာ ပြည့်စုံတယ် ထင်ခဲ့တာပဲ နဲ့သာရဲ့၊ ချစ်သူတွေဘဝမှာသာ အချစ်က နေရာအပြည့်အဝ ယူပေမဲ့ အိမ်ထောင်သည် ဘဝမှာတော့ အချစ်တစ်ခုတည်း မပြီးတော့ဘူး၊ တခြား အရေးကြီးတာတွေပါ အများကြီးပါလာပြီ၊ အထူးသဖြင့် ကိုယ့်ယောက်ျားရဲ့ အထာကို အမြဲသိနေနိုင်ပါမှ၊ သူ့ရဲ့ ကိစ္စဝိစ္စတွေကို up to date သိနေနိုင်ပါမှ ok တဲ့ အိမ်





ထောင်ရေးမျိုး ဖန်တီးနိုင်တာ၊ အိမ်ထောင်တစ်ခုကို ထမင်းပွဲလှလှ တစ်ခုတည်းနဲ့ ခိုင်မြဲအောင် ထိန်းသိမ်းလို့မရဘူး နဲ့သာရဲ့၊ အဲဒါဆို အဲဒီမိန်းမ ကျန်ခဲ့မှာပဲ၊ ကိုယ့်ယောက်ျားနဲ့ ရင်ပေါင်တန်းလိုက်နိုင်မှ၊ ကိုယ့်ယောက်ျားရဲ့ စက္ကရီတေရီ ဖြစ်နေမှ ...

"ငါဆို အစက ကျော်စွာရဲ့ အလုပ်တွေကို ဘာမှ နားမလည်တော့ သူပြောသမျှပဲ၊ သူက ဟောက်လည်းခံနေရတာ၊ မင်းဘာသိလို့လဲ၊ မင်းသိတာ ဆန်ဈေး ဆီဈေးပဲ မဟုတ်လား၊ အင်တာနက်ထဲမှာ ဘာတွေရှိလဲ မင်းသိလို့လား၊ အဲဒီလို အမေးခံရတာဟ၊ ဒါမျိုးကို ငါကလည်း အသည်းနာလွန်းလို့၊ နောက်တော့ မရတော့ဘူး၊ အကုန်ကို လေ့လာထားရတယ်၊ ငါတို့မိန်းမတွေဟာ ယောက်ျားရတာနဲ့ တစ်ပြိုင်နက် ကိုယ့်ဘဝကို သူတို့အတွက်ပဲ အသက်ရှင်ပေးလိုက်ရတာမျိုး ဖြစ်နေတယ်၊ ကိုယ်ကတော့ အိမ်ထဲမှာ ဘဝကိုမြှုပ်နှံထားပေမဲ့ သူတို့က ဒါကို အသိအမှတ်ပြုပေးတာ မဟုတ်ဘူး၊ လူရာမဝင်တဲ့ မိန်းမ၊ အောက်ထစ် အောက်ဒိတ်တွေလို့ သတ်မှတ်ကြတာ"

ဖြိုးဖြိုးရဲ့ စကားတွေက ကျွန်မ တစ်ခါမှ မတွေးမိ စကားတွေပင် ဖြစ်လေသည်။

"မောင်က အဲဒါမျိုးတော့ မဟုတ်ပါဘူးဟယ်၊ ငါ့ကိုတော့ သိပ်ချစ်ရှာပါတယ်၊ ဘာမှတောင် မခိုင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီလား ဒီအချစ်၊ ဒီမယ် ဒေါ်ကြိုင်နဲ့သာ၊ ယောက်ျ
မှန်ရင် ဒီပုပ်ထဲက ဒီပဲတွေပဲရှင့်၊ ဘယ်လောက်ပဲ ချစ်
တယ် ပြောပြော အပြုအစု အယုအယကို သူတို့က
ခံချင်ကြတာ၊ မင်းပျို့ကို နင် ဘယ်နှခါ ထမင်းခူးကျွေး
လဲ"

"ဟင့်အင်း ... သူကပဲ ငါးအရိုး နွှင်ပေးတယ်"

"အေး ... ကောင်းတယ်၊ နင့်ကို သူက နွှင်ပေးတ
သူ့ကို တခြားမိန်းကလေးက နွှင်ပေးလိမ့်မယ်"

"ဟာ ... ပေါက်တတ်ကရတွေ၊ မောင်က ဒီလိုလူစား
မဟုတ်ပါဘူးနော်"

ကျွန်မကို ဖြိုးဖြိုးက ငေးကြည့်လျက် ခေါင်းခါ
ကာ ...

"နင့်ကို ငါ အကောင်းဆုံး အကြံပေးချင်တာက
အိမ်ထဲမှာပဲ နေမနေနဲ့ ဆိုတာပဲ နဲ့သာ၊ အပြင်လောက
လည်း ထွက်ပြီးလေ့လာဦး၊ နင့်ကြည့်ရတာ ယောက်
ရုံးတောင် မရောက်ဖူးဘူးနဲ့တူတယ်၊ သူက ကိုယ့်ကို
တယ်ဆိုပြီး မျက်စိမှိတ်ပစ်မထားနဲ့ နဲ့သာ၊ သူ့အတွ
ကိုယ်ဟာ Essential ဖြစ်နေရမယ်၊ ဒီပုံအတိုင်းဆို
အတွက်သာ သူက Essential ဖြစ်ပြီး သူ့အတွက်
ဘာမှဖြစ်ပုံမရဘူး၊ မင်းပျို့ရဲ့ စက္ကရီတေရီလောက်
Essential ဖြစ်ရဲ့လားဆိုတာ စဉ်းစားကြည့်ဦး၊ ငါသေ





ထပ်ပြောခဲ့မယ်နော်၊ အိမ်ထောင်ရေးမှာ အချစ်တစ်ခုတည်း
မပြီးဘူး ဆိုတာပဲ"

ဖြိုးဖြိုးရဲ့စကားက လူသာပြန်သွားသော်လည်း ကျွန်မ
က် အတွေးများစွာ ချန်ထားရစ်ခဲ့တာ ဖြစ်လေသည်။ သို့သော်
နေ့ညနေမှာပင် ကျွန်မရဲ့ညံ့ဖျင်းချက်တချို့ကို စတင်သိမြင်ခဲ့
း ဖြစ်ပါသည်။ မောင်သည် ထိုနေ့က ခါတိုင်းထက် စော
င် အိမ်ပြန်ရောက်လာခဲ့သည်။

"မောင်ပြန်လာတာ စောလှချည်လား၊ ချစ်တောင် ရေမချိုး
ရသေးဘူး"

ခါတိုင်းဆို ရေချိုးပြီး လှလှပပ ပြင်ဆင်လျက်
င်ကို စောင့်ကြိုတတ်သော ကျွန်မသည် ဒီနေ့တော့ ဖြိုးဖြိုးက
ပ်ပေးသွားသဖြင့် အီလေးဆွဲကာ အိပ်ရာပေါ် ဟိုလိမ့်ဒီလိမ့်
ဘူးဒီတွေးနှင့်မို့ တကယ့်ကို ဖရိုဖရဲပင်။

"ဟုတ်တယ်၊ ခေါင်းသိပ်ကိုက်နေလို့ ချစ်ရာ"

"ဟုတ်လား၊ ဆေးသောက်လိုက်လေ၊ ချစ် ဘာလုပ်ပေးရ
မလဲဟင်"

"နေ ... နေ ... မောင် ဆေးသောက်ခဲ့ပြီးပြီ"

ခေါင်းကိုက်တယ်ဟုလည်း ပြောသေး။ မောင်က
ထိုင်နိုင်သေးချေ။ လက်တစ်ဖက်က နားထင်ကို ဖိနှိပ်လျက်
ကလည်း ရှုံ့မဲ့သလို၊ ညည်းတွားသလိုနှင့် နက်ခ်တိုင်ကို
ကာ အိတ်ကိုဖွင့်ဖို့ စိုင်းပြင်းနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ဘာလုပ်နေလို့လဲ၊ ချစ်ကို ပြောပါ၊ ဘာလုပ်ချ တာလဲဟင်"

"အီးမေးလ် ပို့စရာတွေ ရှိသေးတယ်ကွာ၊ အရေးကြီးတယ် ချစ် အီးမေးလ် ပို့တတ်တယ် မဟုတ်လား"

"အီးမေးလ် ... အဲ ..."

အဲဒါမှ တကယ့်ဒုက္ခပင်။ ကျွန်မ အင်တာနက်လည် မဖွင့်တတ်။ အီးမေးလ်လည်း အမှန်ပင် မပို့တတ်။ ကွန်ပျူတာ တောင် ဂိမ်းဆော့ရန်သာ ဖွင့်တတ်ခြင်း ဖြစ်ပေလသည်။ မောင့် ကူညီချင်သော ကျွန်မ ချွေးပြန်ချင်လာခဲ့သည်။

"Please, ဒါလေးတော့ ကူညီပေးဦး မိန်းမရေ၊ ခေါင်း သိပ်ကိုက်လာပြီ၊ မရတော့ဘူး၊ ဒီမှာ စာရွက်၊ ဒါကိုပို့ပြီး ပြီးရင်လည်း ဝင်လာတဲ့ အီးမေးလ်တွေ Check ပါဦးကွ မောင် ဒီညတော့ ကွန်ပျူတာရှေ့ ဝင်ထိုင်နိုင်မှာ မဟု တော့ဘူး၊ ချစ် တစ်ခါတည်းပဲ ပရင့်ထုတ်ခဲ့တော့ ပြီးမှ မောင့်ကိုဖတ်ပြ"

မောင် ပြောတာတွေ ကျွန်မ တစ်ခုမှ မလုပ်တ ချေ။ တကယ်တော့ ထိုအလုပ်များသည် ဘာမှခက်ခဲသော အလ များမဟုတ်ပါ။ သို့သော် ကျွန်မ၏ညံ့ဖျင်းမှုကို ထိုအချိန်မှ စတင်၍ သိမြင်လာခဲ့သည်။ ကျွန်မကား အသံတိမ်တိမ်နှင့် မောင့်ကို မဝံ့မရဲကြည့်ကာ ...

"မောင် ... အဲ ... အဲဒါတွေ ချစ်မလုပ်တတ်ဘူး"





ကျွန်မ၏ အဖြေစကားကြောင့် မောင့်မျက်နှာမှာ ရှုံ့မဲ့သွားခဲ့တာကို အသေအချာပင် တွေ့မြင်လိုက်ရလေသည်။ ရား ... ဘုရား ... ဖြိုးဖြိုး ပြောသလို ငါဟာ ဒိတ်အောက်တဲ့ န်းမတစ်ယောက် ဖြစ်နေခဲ့ပြီလား။

"ဟုတ်လား ... မောင်က ချစ်တတ်တယ် ထင်နေတာ။ ကဲ ... မောင်ရဲ့ဖုန်းပေးကွာ"

ကျွန်မက မောင့်ရဲ့လက်ကိုင်ဖုန်းလေးကို ယူပေး က်သည်။ မောင် ဘယ်ကိုဆက်မှာလဲ။ စက္ကရီတေရီ ဆီကိုလား။ ဒီခါကျမှပင် စက္ကရီတေရီဟူသော စကားကို ကျွန်မစတင်စိတ် စားလာရတာ ဖြစ်သည်။ မောင့်ရဲ့ စက္ကရီတေရီ ဆိုတာ ကြီး လား၊ ငယ်ငယ်လား၊ ချောချောလား၊ ဖြူဖြူလား မည်းမည်း ဘာတစ်ခုမှမသိ။ မြင်လည်း မမြင်ဘူး၊ နာမည်ပင်လျှင် ချေ။ ကြည့်စမ်း ကျွန်မ ချို့ယွင်းချက်တွေ ခုမှတစ်ခုပြီးတစ်ခု လာပြီ။

"ဟေး ... သဉ္ဇာ၊ ကိုယ်ပါ၊ အိမ်မှာ ဘယ်လိုမှ မဟန်နိုင်တော့လို့ကွာ၊ စင်ကာပူကို ပို့ရမဲ့ အီးမေးလ်ကို ခုမြန်မြန် ပို့လိုက်၊ ပြီးရင် ဝင်လာတဲ့မေးလ်တွေကိုလည်း ပရင့်ထုတ်ထားပေးဦး၊ မနက်ကျမှပဲ ဖတ်တော့မယ်၊ ဪ ... ဒါနဲ့ ပို့ရမဲ့ List တွေရော ရှိရဲ့လား၊ ဟုတ်လား၊ သဉ္ဇာက Very Clever ပဲကွာ၊ အိုကေ အိုကေ ဒါပဲကွာ၊ ဆီးယူ တူမောရိုးလ် ဘိုင့် ဘိုင်"



www.burmeseclassic.com

www.burmeseclassic.com



အမယ်လေး … ငါး၊ ခြောက်၊ ခုနစ်၊ ရှစ် လို့
အော်ပစ်လိုက်ချင်တော့တာပဲနော်။ ခုနကတော့ဖြင့် ခေါင်းကို
လို့ ချက်ချင်းပဲ ဘဝကူးတော့မဲ့ရုပ်နဲ့။ ကျွန်မကိုလည်း ဒါ
တောင် မတတ်ဘူးလားလို့ အပြစ်တင်ချင်နေတဲ့ မျက်လုံးတွေ
သူ့စက္ကရီတေရီနဲ့များ စကားပြောတော့ ချက်ချင်းပဲ ရောဂါ
သွားသလို ဖြစ်သွားတာများ အမြင်ကတ်ချင်စရာပင် ကောင်း
သည်။

ဟိုဘက်ကလည်း ဘယ်လောက်တောင်များ အ
စေ့အောင် စီစဉ်ပေးထားလဲ မသိ။ ချီးကျူးနေလိုက်တာများလ
ခပ်ဖြီးဖြီး။

နှုတ်ဆက်စကားဆိုနေတဲ့ မျက်နှာကလည်း … ကျွ
ကျွန်မက ဆက်မတွေးချင်သောစိတ်ဖြင့် ဆံပင်တွေကို ဆွဲ
လိုက်သောအခါ ပို၍ပင် ရုပ်ဆိုးသွားမည်ထင်သည်။ သူက
ခနဲကြည့်လာကာ …

"ရေလေး ဘာလေး ချိုးတော့လေ၊ ကြည့်ဦး … ဘ
ပုံကြီး ဖြစ်နေတာလဲ"

သူက နှာခေါင်းရှုံ့ကာ ပြောလျှင် ကျွန်မ
ဖျင်းခနဲ ဖြစ်သွားရလေသည်။ တွေ့လား။ သူ ကျွန်မကို
ဝေဖန်စ ပြုလာပြီ။

အမြဲကြော့မော့သပ်ရပ်နေတဲ့ သူ့စက္ကရီတေရီနဲ့
ကြည့်တာနေမှာပေါ့။ အလကားယောက်ျားတွေ။





ကျွန်မက သူ့ကို မျက်စောင်းပြင်းပြင်း တစ်ချက်
းကာ ရေချိုးခန်းထဲသို့ ဝင်လာခဲ့သည်။ တဖွားဖွားကျနေသော
စက်တွေကြားထဲမှာ ကျွန်မသူငယ်ချင်း ပြောသွားသော စကား
တွေကို အပြန်ပြန်အလှန်လှန် ကြားမိကာ အိမ်မှာထိုင်နေလို့
ဖြစ်တော့ပြီ ဆိုတာကို တဖြည်းဖြည်း သိမြင်လာခဲ့ချေပြီ။
ဘ် … မောင်တို့ယောက်ျားတွေဟာလေ။



www.burmeseclassic.com

www.burmeseclassic.com



၄

နောက်တစ်နေ့ရောက်လျှင် သူ ရုံးထွက်သွားပြီ
နှင့် တစ်ပြိုင်နက် ကျွန်မကလည်း သူ့နောက်လိုက်ဖို့ အဖြေ
ဆင်ရလေသည်။ ဖြိုးဖြိုးပြောသလိုပင် ကျွန်မ မောင့်ရုံးကို
မှ မရောက်ဘူးသေးချေ။ လမ်းမသိမှာတောင် စိုးသဖြင့်
ကား ထွက်သွားပြီးတာနှင့် တစ်ပြိုင်နက် ကျွန်မရဲ့ကားနှင့်
ချင်းလိုက်ရသည်။ ကြားထဲမှာ ကားနှစ်စီးခန့် ခြားထား၍
လိုက်လာတာကို မောင် သိစရာအကြောင်းမရှိပါ။

သိပ်မကြာသော အချိန်မှာပင် ရုံးသို့ရောက်
သည်။ အဲဒီအထိတော့ ဘာမှမထူးခြားသေးပေ။ မောင့်ကား
သွားသောအခါ လူတစ်ယောက်က. လာကြိုပြီး အထဲဝင်သွ
လေသည်။ အင်း ... စိတ်ရှည်လက်ရှည်နဲ့ စောင့်ရမဲ့ပုံပဲ။
ရဲ့ကားက မောင် အလွယ်တကူ လှမ်းမမြင်နိုင်သော နေ
ရပ်ထားတာမို့ လွတ်လွတ်လပ်လပ်ပင် စောင့်ကြည့်ခွင့်ရလေ



ဘယ်အချိန်များမှ စက္ကရီတေရီနဲ့ ထွက်လာမှာပါ လိမ့်။ ကျွန်မဘဝမှာ စောင့်ဆိုင်းရသော အလုပ်တွေကို မုန်းလှသော်လည်း ကျွန်မချစ်သော ယောကျာ်းအတွက် စိတ်ကိုရှည်နိုင်သမျှရှည်အောင် ဆွဲဆန့်ထားရလေသည်။ တစ်နာရီလောက်အရှိမှာပင် ကျွန်မ စိတ်ဝင်စားရသော ကိစ္စကား စတင်လာတော့သည်။

လူတစ်ယောက်၊ ပြီးတော့ မောင်နှင့်အတူ စတိုင်လ်ခပ်မိုမို အမျိုးသမီးတစ်ဦး။ အင်း... သေချာပြီ။ သူမဟာ မောင့်ရဲ့စက္ကရီတေရီဖြစ်မည်။ ကျွန်မ မသိသောလူက ရှေ့ခန်းကားမောင်းသူနေရာမှာ ဝင်ထိုင်လျက် ဟိုအမျိုးသမီးနှင့် မောင်ကတော့နောက်ခန်းထဲမှာ အတူထိုင်လေသည်။ ကားတံခါးကိုတောင်မိန်းမက ဖွင့်ပေးတာဖြစ်သည်။

နှစ်ဦးသားဟာ ရယ်တမောမော၊ မောင့်မျက်နှာဟာလည်း ခပ်ပြုံးပြုံးနှင့်။ မောင်က နဂိုတည်းကမှ မိန်းမစွံသောသူဖြစ်သည်။ မောင် အဲဒီလိုခပ်ပြုံးပြုံးနှင့်ကြည့်လျှင် တော်ရုံမိန်းမကားစိတ်မလှုပ်ရှားဘဲ မနေချေ။ မောင့်မှာ မမြင်ရသော ဆွဲဆောင်မှုတစ်ခုခု ရှိတယ်ဟု ဟိုအရင်တည်းက ကျွန်မ သိခဲ့ဖူးလေရာ။ မောင့်ရဲ့စက္ကရီတေရီနှင့် မောင့်ကို လုံးဝစိတ်မချနိုင်တော့ချေ။

အိုးချင်းထား အိုးချင်းထိဆိုတဲ့ စကားတောင် ရှိသေးတာပဲ။ ပြီးတော့ ဟိုမိန်းမက လှလည်းလှနေသေးရာ ဒီလိုအမြဲပဲ တပူးတွဲတွဲ တွေ့နေရပုံမျိုးကို ကျွန်မ သဘောမကျချင်တော့ချေ။ နောက်ချင်းမင် ရင်တွေပူလာကာ မျက်ရည်တွေ ဝဲလာသည်အထိ

www.burmeseclassic.com

www.burmeseclassic.com



သောကအလုံးက ဆို့လာခဲ့လေသည်။ မောင့်အနားမှာ ချော့ချော့လှလှ၊ သွက်သွက်လက်လက်နှင့် မောင့်ကို အကူအညီများစွာပေးနိုင်သော မိန်းမတစ်ယောက် ရှိနေခြင်းကို ကျွန်မ အမှန်တကယ်ပင် မမြင်ချင်တော့။

ကျွန်မ ဘာလုပ်ရမလဲ။ မောင်တို့ကား ထွက်သွားပြီး အတန်ကြာမှ ကျွန်မ အိမ်ပြန်ရောက်လာခဲ့သည်။ ရင်ထဲမှာ အတွေးတွေဖြင့် နောက်ကျိကာ ရှုပ်ထွေးနေလေသည်။ မောင်ကရော အဲဒါမျိုးတွေ သာယာတတ်သလား။ ဒီနေ့လည်း မနေ့ကလိုပင် မောင် ပြန်လာချိန်ထိ ကျွန်မ ရေမချိုးနိုင်သေးချေ။ ကျွန်မ ဘာလုပ်ရမလဲဆိုသော အဖြေကိုရှာဆဲ။ နောက်တစ်ပတ်မောင် စင်ကာပူသွားခါနီးမှပင် ကျွန်မအတွက် ရှင်းလင်းသော အဖြေကို ရလေသည်။

“မောင် လေဆိပ်ကို နံ့သာ လိုက်ပို့မယ်နော်”

“ရတယ် ချစ်ရေ၊ မပို့နဲ့၊ ကိုမင်းနိုင်နဲ့ သဥ္ဇာ ပို့လိမ့်မယ်၊ ချစ်အေးဆေးပဲ နေခဲ့ပါ”

ကျွန်မရင်ထဲ ဆစ်ခနဲ နာကျင်သွားခဲ့လေသည်။ ကိုယ့်လင်ယောကျ်ား ခရီးသွားမှာကို မိန်းမလုပ်သူက မပို့ရဘဲ သူ့ရဲ့စက္ကရီတေရီက ပို့ရမတဲ့။ အခြေအနေတွေက မျှော်လင့်ထားတာထက်များ ဆိုးနေခဲ့ပြီလားကွယ်။ ချက်ချင်းပင် ဘယ်ကနေ ဘယ်လို အိုင်ဖွဲ့လာမှန်း မသိသော မျက်ရည်တွေက တပေါက်ပေါက် စီးကျလာခဲ့သည်။





“ဟာ ... ချစ် ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲကွာ၊ ဘာလို့ငိုရတာလဲဟင်”

“မောင်ပဲ စဉ်းစားကြည့်လေ၊ မောင့်ရဲ့ စက္ကရီတေရီ လိုက်ပို့တာကိုပဲ မောင်က လိုချင်တာလား”

“ဟား ... လွဲတယ်ကွာ၊ လက်စသတ်တော့ ချစ်က သဝန်တိုနေတာကိုး၊ ဟား ဟား ဖြစ်ရလေ ကလေးမရယ်၊ ချစ်ကို ပင်ပန်းမှာစိုးလို့ ပြောတာပါကွာ၊ ချစ်လိုက်ပို့ရင် မောင်လည်း ပိုလွမ်းမိမှာစိုးလို့၊ ချစ်တစ်ယောက်တည်း ပြန်သွားတာကိုလည်း မကြည့်ချင်လို့ပါ၊ သဥ္ဇာ လိုက်ပို့တာက အလုပ်နဲ့ပါ ချစ်ရယ်၊ စက္ကရီတေရီ ဆိုတာမျိုးက ဘော့စ်ဆီက နောက်ဆုံး instruction လိုက်ယူရတာမျိုးတွေလေ ချစ်ရဲ့၊ ဘော့စ်နဲ့ စက္ကရီတေရီကြားမှာ Very Special Relationship ဖြစ်တဲ့ ဆက်ဆံရေးမျိုး ရှိတယ်၊ အဲဒါကလည်း အလုပ်ကိစ္စအတွက် ရည်ရွယ်တာပါ ချစ်ရာ။ နော် ... ဘာတွေမှ လျှောက်မတွေးနဲ့။ ချစ်ဆီကို မောင် အိပ်ရာထထချင်းရယ်၊ အိပ်ခါနီးရယ် တစ်နေ့နှစ်ခါ ဖုန်းဆက်မယ်၊ ဟုတ်ပြီလား”

မောင်က ကျွန်မကို ကလေးတစ်ယောက်လို ချစ်ခနဲ့ပြုံးကြည့်ကာ တတွတ်တွတ်ချော့ရင်း လေဆိပ်ဆင်းသွားခဲ့လေသည်။ မောင်က ကျေနပ်အောင် ချော့သွားသဖြင့် စိတ်ထဲ သက်သာသွားသော်လည်း အပြည့်အဝတော့ မကျေနပ်သေးချေ။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ရဲ့နှလုံးသားထဲမှာသာ မကဘဲ မောင့်ရဲ့နေ့စဉ်လှုပ်ရှား
သော ဘဝမှာပါ ကျွန်မက အပြည့်အဝ နေရာယူချင်တာ ဖြ
လေသည်။ အဲဒီအတွက်လည်း အဖြေက တစ်မျိုးပဲရှိသည်
ယူဆမိသဖြင့် …။





# ၁၁

ကျွန်မတွင် စက္ကရီတေရီ တစ်ယောက်၏ အရည်
ချင်းမျိုး အပြည့်အဝ ရှိလာပြီဟု ယုံကြည်သော တစ်နေ့တွင်
ကျွန်မရဲ့စိတ်ကူးနှင့်ဆန္ဒကို မောင့်ကို ဖွင့်ပြောပြခဲ့ပါသည်။ ကျွန်မ
စကားကို ကြားသောအခါ မောင့်ရဲ့မျက်နှာတွင် အံ့သြမှုက
ဘော်တော်နှင့် မပျောက်ချေ။

"ဘယ်လို … ချစ်က မောင့်ရဲ့စက္ကရီတေရီ လုပ်မယ်
ဟုတ်လား၊ဟား … ဘယ်လိုစိတ်ကူးရလာတာလဲကွာ၊
ပြီးတော့ ချစ်က …"

မောင် ဆက်ပြောမည့် စကားကို ကျွန်မကအတတ်
နှာနှင့် လက်ကာပြရင်း ပြုံးလိုက်ကာ …

"ဒီမှာကြည့်၊ ဒါတွေနဲ့ဆို မောင့်ရဲ့စက္ကရီတေရီ ဖြစ်ထိုက်
တယ်မဟုတ်လား"



www.burmeseclassic.com

ကျွန်မ ပြလိုက်သော သင်တန်းလက်မှတ်တွေကို မြင်သောအခါ မောင့်မျက်လုံးတွေ ပို၍ပင် ပြူးသွားခဲ့သည်။

"နေ ... နေပါဦး၊ မောင့်ကိုလည်း ရှင်းပြပါဦး၊ ဘယ်လို စိတ်ကူးနဲ့ ချစ်က မောင့်ရဲ့စက္ကရီတေရီ လုပ်ချင်ရတာလဲ"

"အဓိက,ကတော့ မောင့်အနားမှာ အမြဲတမ်းရှိနေချင်လို့ပေါ့၊ ပြီးတော့ နောက်တစ်ခုက မောင်ပြောသလို ဘော့စ်နဲ့စက္ကရီတေရီကြားမှာ Very Special Relationship ဖြစ်ရမယ် ဆိုရင်လည်း အဲဒါကိုပါ ချစ် လိုချင်တယ်၊ အလုပ်သဘောနဲ့လည်း ဘယ်မိန်းမနဲ့မှ တရင်းတနှီး မဖြစ်စေချင်ဘူး၊ အဲဒီအတွက် မောင့်ရဲ့ စက္ကရီတေရီကို ချစ် လုပ်မယ်၊ စိတ်ချပါ၊ ချစ်ကြိုးစားမှာပါမောင်ရယ်၊ နော် ..."

ကျွန်မက မောင့်ရဲ့လက်မောင်းနှစ်ဖက်ကိုပါ ဆွဲကိုင်လှုပ်ယမ်းကာ အားကိုးတကြီး ဆိုလိုက်သည်။ မောင်က ကျွန်မရဲ့မျက်ဝန်းတွေထဲကို အတန်ကြာ ငေးစိုက်ကြည့်ပြီးနောက် ရင်ခွင်ထဲကို ခပ်တင်းတင်း ဆွဲသွင်းထားခဲ့လေသည်။

"ဖြစ်ရလေ ချစ်ရယ်၊ ချစ်မှာ ဒီလိုခံစားချက်တွေရှိနေမှန်း မောင် တကယ်ပဲ မသိခဲ့ပါဘူးကွာ၊ အဲဒါကလည်း ချစ်ကို ဂရုမစိုက်လို့ မဟုတ်ပါဘူး၊ မောင် ရှာဖွေတာတွေဟာ ချစ် အိမ်မှာ အပူအပင်ကင်းကင်းနဲ့ အေးအေးဆေးဆေး ထိုင်စားနေနိုင်အောင်လို့ပါ၊ မောင် ချစ်ကို လက်ထပ်တာ အလုပ်လုပ်ခိုင်းဖို့မှ မဟုတ်တာ ချစ်ရယ်၊ မောင် မြတ်နိုးလွန်းလို့ လက်ထပ်ထားတာပါ၊ သစ္စာဖောက်ဖို့ ဆိုတာလည်း ဘယ်တုန်းကမှ မစဉ်းစားဖူးဘူး၊ မောင့်ဘဝမှာ ချစ်တစ်ယောက်တည်းကိုပဲ ရင်ထဲမှာထားတယ်၊ ခုလို ချစ်ရဲ့ရင်ထဲက အချစ်ကို ထပ်သိလိုက်ရတော့ မောင် အများကြီးပဲ ဝမ်းသာပါတယ်ကွာ၊ အဲဒီအတွက်လည်း မောင်က ချစ်သဘောအတိုင်း ဖြစ်စေရမှာပါ၊ အတော်ပဲပေါ့လေ၊ မောင်ထပ်ချဲ့ထားတဲ့ လုပ်ငန်းကလည်း မနိုင်ဘူး ဖြစ်နေတော့၊ အဲဒီဘက်ကို မောင်က ဖိဖိစီးစီး လုပ်ဖို့လိုလာတယ်၊ ချစ်မောင့်ကို သိပ်ကူညီချင်နေရင်တော့ အခုလက်ရှိ မောင့်နေရာကို ခဏဝင်လိုက်ပါ၊ သဥ္ဇာက ချစ်ရဲ့စက္ကရီတေရီပေါ့၊ မောင့်ရဲ့စက္ကရီတေရီကတော့ ချစ်ပေါ့၊ မကောင်းဘူးလား၊ အလုပ်လုပ်ရင် ချစ် မောင့်ကို နားလည်လာမှာပါ"

ကျွန်မက ကျေကျေနပ်နပ်ကြီး ခေါင်းညိတ်ကာ မောင့်ကို အားပါးတရ ပြန်ဖက်ထားလိုက်လေသည်။ အဲဒီနောက် ဆိုတော့ ကျွန်မ မောင့်ရဲ့ရုံးခန်းကို ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိသွားခဲ့သည်။ အဲဒီမှာပင် မောင့်ရဲ့မေတ္တာကို ပို၍သံသယ ကင်းနိုင်တော့ပြီဖြစ်သည်။ မောင့်ရဲ့ရုံးခန်းထဲမှာ မောင်နှင့်ကျွန်မတို့၏ မင်္ဂလာပွဲမှ ဓာတ်ပုံကြီးကို ခမ်းနားစွာ ချိတ်ဆွဲထားသည်။ ကျွန်မတို့အိမ်မှ ဓာတ်ပုံထက်တောင် ဆိုက်ကြီးသေးသည်။ ဓာတ်ပုံထဲမှ ကျွန်မတို့ပုံမှာ အသက်ဝင်လွန်းသဖြင့် ကာယကံရှင်တောင် ထားနေမိတာဖြစ်သည်။

www.burmeseclassic.com



"မမနံ့သာကလည်း ဒီဓာတ်ပုံကို ပေးနေတာကိုး။ ဒီအခန်းထဲကို ဝင်လာတဲ့သူတိုင်း ဒီဓာတ်ပုံကို အမြဲပေးကြတယ် မန့်သာရဲ့၊ ဘော့စ်ကလည်း သူ့အမျိုးသမီး ချောကြောင်း မွန်းရတာ အမောပဲလေ"

ကျွန်မ လှည့်ကြည့်လိုက်သောအခါ သဇ္ဈာ ဖြစ်နေခဲ့ပါသည်။ ကျွန်မက ဆန္ဒပြည့်ဝသူတစ်ဦး၏ အပြုံးမျိုးဖြင့် မြသဇ္ဈာကို ကြည်ကြည်လင်လင်ပင် ပြုံးပြလိုက်သည်။ သဇ္ဈာက ကော်ဖီဖျော်ယူလာရင်းမှနေ၍ ...

"ဘော့စ်ကတော့ သဇ္ဈာ ဖျော်ပေးရင် သိပ်မသောက်ဘူး မမရဲ့၊ သူ့ဇနီးလက်ရာမှ ကြိုက်တာတဲ့လေ၊ သူ့ဘာသာပဲ ဖျော်သောက်တာ၊ မမကိုတော့ တော်တော်ချစ်တယ်နဲ့ထင်တယ်၊ သူက ဘာမှမခိုင်းဘဲ ထားတာကို မမက ဖွတ်ဝင်လုပ်တာဆို"

"သူတစ်ယောက်တည်း ပင်ပန်းနေတာ မကြည့်ရက်လို့ပါကွယ်"

"ဟုတ်တော့ ဟုတ်တယ်၊ ဘော့စ်က သိပ်အလုပ်များတာ၊ ဘော့စ် ရုံးဆင်းသွားပေမဲ့ သဇ္ဈာတို့က မဆင်းရသေးဘူး၊ ဘော့စ်ကလည်း လစ်မှာစိုးလို့ အိမ်ကနေ ဖုန်းနဲ့အမြဲ Check လုပ်နေတာ၊ အဲဒါကြောင့်ပေါ့"

မောင် ဘာကြောင့် ရုံးကို ဖုန်းခဏခဏ ဆက်ရလည်း ကျွန်မ နားလည်ပါပြီ မောင်ရယ်။





"မမ ဝင်ကူတာ ကောင်းပါတယ်၊ နို့မို့ဆို ဘော့စ် Stress တွေ ပိလာနိုင်တယ်၊ ဘော့စ်က မမပင်ပန်းမှာစိုးလို့ ဘာမှမခိုင်း၊ မမကလည်း ဖွတ်ဝင်ကူ၊ အင်း ... မမတို့က တစ်ယောက်နဲ့ တစ်ယောက် သိပ်ချစ်ကြတာပဲနော်၊ သဇ္ဈာ အရမ်းအားကျတယ်"

"သဇ္ဈာမှာရော ရည်းစားသူ ရှိလားဟင်"

"ဟုတ် ... အဟိဟိ ... သဇ္ဈာကတော့ မမနဲ့ အလုပ်လုပ်ရမှာ ပျော်တယ် သိလား၊ မမကို ဘော့စ်က သိပ်ချစ်တော့ မမဆီမှာ ဘာဆေးနည်းကောင်းတွေရှိလဲ ကပ်မေးချင်လို့"

ကျွန်မက ဘာမှပြန်မပြောဘဲ ဟိုးအဝေးကိုသာ ...င်း ငေးနေလိုက်ပါသည်။ အခုတော့လည်း ရင်ထဲမှာ အရာ...ုံး ရှင်းလင်း တိကျသွားခဲ့ပါပြီ မောင်ရယ်။ မောင်က ...ကို မတောင့်မတ ထားတယ်ဆိုပေမဲ့လည်း၊ မောင်တစ်ထမ်း ...တစ်ရွက်ဆိုတဲ့ စကားလေးကို ကျွန်မ လက်ကိုင်ပြုထားပါရ ...အိမ်ထောင်တစ်ခုမှာ အချစ်တွေအပြင် မျှတစွာ နားလည်ခံစား ...း:မှု၊ တစ်ဦးနဲ့တစ်ဦး ကူညီမှုတွေကလည်း အရှိန်အဟုန် ... သိအပ်လှပါတယ်။ ဒါမှလည်း ပျော်ရွှင်တဲ့ အိမ်ထောင်ရေး ... အကောင်အထည် ပေါ်လာမှာပေါ့ကွယ်။

ထိုနေ့ညက ကျွန်မရဲ့ ပထမဦးဆုံး အလုပ်အတွေ့...တွေကို အားပါးတရ ပြောပြ၍ ပင်ပန်းတယ်နော်ဟု ပြော...ခါ မောင်က ကျွန်မကို ဇက်ကြောဆွဲပေးခဲ့လေသည်။



www.burmeseclassic.com


www.burmeseclassic.com



တကယ်တော့ မိန်းမတိုင်းဟာ ကိုယ့်ခင်ပွန်းရဲ့ နှလုံးသားထဲမှ
သာမကဘဲ နေ့စဉ်ဘဝတွေကို စက္ကရီတေရီလေးတွေ ဖြစ်ချင်ကြ
တာ အဆန်းတော့ မဟုတ်ချေ။

ရင်ထဲက အချစ်ကြောင့်သာ ဖြစ်လေသည်။





www.burmeseclassic.com



# ယောကျာ်းမတော်ဒါနိုးရင်တော့ ခင်းစားဖို့လိုမယ်

•

ပရိသတ် တော်တော်များများ ကြိုက်သလို ...

ကျွန်မလည်း ကြိုက်တဲ့ ဝတ္ထုတို လေးတစ်ပုဒ်ပါ။

ပတ်ဝန်းကျင်မှာ မြင်တွေ့ရတဲ့ အကြောင်းအရာတချို့ကို ခံစားပြီး ရေး ဖြစ်သွားတာပါ။

နောက်ထပ်လည်း ထပ်ရေးချင်ပါ သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



# ၁

မောင့်ကို စတင်ချစ်မိခဲ့ချိန်မှာ နောက်ဆက်တွဲအကျိ[ုး]
တွေ ဘာတွေဖြစ်လာလိမ့်မလဲ ဆိုတာကို ကျွန်မ တစ်ခါမှ တွေ[း]
မကြည့်ခဲ့ဘူးပါ။ ကျွန်မက လက်တွေ့တရားနှင့် ပစ္စုပ္ပန်ကိုသ[ာ]
တည့်တည့်ကြည့်တတ်သောသူ ဖြစ်သည်။

အရာရာကို ခပ်ရှင်းရှင်း မြင်တတ်ကာ စိတ်ထဲ[မှာ]
လည်း ဘာကိုမှ မျှသိပ်မထားတတ်ချေ။ မောင်နှင့် ချစ်သူဖြ[စ်]
မှာလည်း ချစ်သူတို့သဘာဝ စိတ်ဆိုး စိတ်ကောက်တာမျိုး သိ[ပ်]
တောင်မရှိခဲ့။ မရှိဆို လုံးလုံးပင် မရှိတာဖြစ်သည်။

ကျွန်မ မကျေနပ်လျှင် အဲဒီနေရာမှာတင် ထုတ်ပြော[…]
ရိုက်ပုတ်ပစ်လျက် ခံစားချက်တို့ကို ရင်ထဲမှာအုံဖွဲ့၍ မထား[…]
ခဲ့။ တစ်နည်းဆိုရလျှင် ကျွန်မသည် စိတ်ထဲမှာရော ရင်ထဲမှာ[…]
ခပ်ရှင်းရှင်း နေတတ်ခဲ့သည့် မိန်းမတစ်ယောက်သာလျှင် ဖြ[စ်]
သည်။





ထိုသို့ ခပ်ရှင်းရှင်း နေတတ်ခဲ့သည့် မျှသိပ်နိုင်စွမ်း
[…]အား နည်းလှလေသည့် ကျွန်မလို မိန်းမတစ်ယောက်သည်
[က]ိုယ့်ကိုယ်ကိုယ်တောင် မယုံနိုင်လောက်အောင် မျှသိပ်ထားနိုင်
[စွ]မ်းတွေ ရှိလာပြန်သောအခါမှာလည်း သိပ်တော့ အံ့ဩဖွယ်မရှိ
[လှ]ပြန်ပါ။

ဘယ်ကြောင့်ဆိုသော် ကျွန်မထံသို့ ကိုယ်ချင်းစာနာ
[တ]တ်သည့် စိတ်ထားလေးကလည်း အလုံးအရင်းနှင့်ကို ရှိနေပြန်
သောကြောင့်ပင် ဖြစ်လေသည်။ ဆန့်ကျင်ဘက်အရာနှစ်ခုကို
[ပ]ိုင်ဆိုင်ထားသော မိန်းမတစ်ယောက်အဖို့ ဤမျှလောက် စိတ်ညစ်
[စ]ရာ့ကောင်းသောအရာ ရှိမည်မထင်ပါ။

တကယ်တော့ ချစ်သူ့ဘဝမှာ ကျွန်မ အတော်စဉ်းစား
[…] ကောင်းခဲ့သည်။ အင်းလေ … စဉ်းစားလည်းပဲ ဒီပုံစံမျိုးက
[ဖ]ြစ်ကိုဖြစ်လာမှာပါပဲ။ မောင့်မေမေ ဝင်လာသည့် အကွက်တွေက
[…]ပ်ကို လက်ရာမြောက် လှပလွန်းတာမို့ ကျွန်မ အံ့အားသင့်ခဲ့
[…]တာပဲ မဟုတ်လား။

ကျွန်မ လုံးဝထင်မထားခဲ့တာတွေက ကျွန်မကို
[…]က်လှည့်ပြသလိုပင်။ နောက်ဆုံးတော့ သားကိုသိပ်ချစ်သော
[…]မေနှင့် အချစ်ခံရလွန်းလျှင် မွန်းကျပ်တတ်သဖြင့် ထွက်ပေါက်
[…]ချင်တတ်သော ယောက်ျားတို့ကြားမှာ ကျွန်မက ခံစားခံသက်
[…]က် ဖြစ်ခဲ့ရတာ မဟုတ်ပါလားရှင်။

(***)



www.burmeseclassic.com

www.burmeseclassic.com



## ❧ ၂ ❧

တကယ်တော့ မောင့်ကို စတင်သိစဉ်မှာပင်လျှ သားရွှေဝါဟု ခပ်ကြောင်ကြောင် မှည့်ခေါ်ထားသော နာမည် ဇာစ်မြစ်ကို စုံစမ်းကြည့်ဖို့ ကောင်းသည်။ မှည့်စရာနာမည်ေ ဒီလောက်ပေါပါလျက်နှင့် ကိုယ့်သားကိုယ် သားရွှေဝါဟု အ တပ်ပေးထားသော မိခင်ရဲ့ စိတ်မနောကို လှမ်းကြည့်မိဖို့ ကော လေသည်။

သို့သော် ကျွန်မကလည်း ဘယ်တုန်းကမ ဦးနှောက်ကို ငါးမိနစ်ထက်ပို၍ အလုပ်ပေးဖူးလို့လဲ။ အေးေ သူက "သားရွှေဝါ"ဆိုတော့လည်း ငါ့နာမည်က "ခေတ်ကည နဲ့ ကာရန်ကို ကိုက်လို့ပေါ့ ... ဟူ၍တောင် တွေးခဲ့ဖူးသေးသ

ဖိတ်စာသာ ရိုက်လို့ကတော့ မောင်သားရွှေဝ မခေတ်ကညာဟူ၍ အများကတောင် စိတ်ဝင်စားလိမ့်ဦးမည သော ရူးကြောင်ကြောင် အတွေးပင် ဝင်ခဲ့ဖူးသေးသည်။ ေ





ကျွန်မကို စ,လိုက်နေစဉ် ကျွန်မကလည်း ရင်ထဲမှာ ဘာညာ ဘာညာ ဖြစ်နေချိန်ကတည်းကကို ကျွန်မ၏ချစ်စွာသော ရောင်းရင်း အပေါင်းအသင်းများက သတိပေး တပ်လှန့်နှိုးဆော်ခဲ့ကြပါသည်။

"ဟဲ့ ... ကညာ၊ သားရွှေဝါရဲ့ မားသားကြီးက တစ်ဦး တည်းသော သားထဲက ခင်သန်းနုထက် ဆိုးတယ်နော်၊ သူ့သားကို ချစ်တာများ နေစရာမရှိဘူးတဲ့၊ ဒီတော့ ဘယ် ချွေးမကိုမှ ကြည်ဖြူမယ်လို့ တယ်မထင်လှဘူး"

"မကြည်ဖြူလည်း နေပေါ့၊ သူနဲ့ပေါင်းမှာမှ မဟုတ်တာ၊ ကိုယ်တို့က အဲလိုယောက္ခမျိုးနဲ့ တွေ့ချင်နေတာ"

ကျွန်မတို့ ပတ်ဝန်းကျင်တွင် ဆိုးသောယောက္ခမျိုး တွေ အတော်များသည်။ သမက်နှင့်မတည့်သော၊ ချွေးမနှင့်မတည့် သော ယောက္ခမမျိုးတွေ အပုံကြီးပင်။ တချို့ ဘွားတော်ကြီးတွေ ဆိုလျှင် ကိုယ့်သားနှင့် တော်ရုံမိန်းမကို တန်တယ်မထင်လှပေ။

ကိုယ့်သားက လျှမ်းလျှမ်းတောက် ဆိုလျှင်လည်း ကျွန်မ ဘာမှမပြောလိုပါ။ ကိုယ့်သားက သူလိုငါလို သာမန်ဘွဲ့ လေး တစ်ခုနှင့် တော်ရုံလောက် ချမ်းသာကြွယ်သည့် အခြေအနေ သို့ သာမန်လူလတ်တန်းစား မိန်းမပျိုလေးတစ်ဦးနှင့် သဘော တူဘူးလေး ဘာလေး လေသံပစ်ကာ သားဖြစ်သူက လက်တွဲ သွားလျှင်လည်း ချွေးမကို သိပ်ဟက်ဟက်ပက်ပက် မဆက်ဆံ သာမျိုး၊ ဂရုမစိုက် အရေးမလုပ်ဘဲ နေပြတာမျိုးတွေလည်း ကြုံ ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မိဘမဆို သားသမီးကို ဆင်စီးပြီး မြင်းရံ
တော့ မြင်ချင်ကြတာချည်းပင်။ ဒါပေမဲ့ မိဘမေတ္တာကို ဗန်
ကာ အတ္တတွေ တစ်လှေကြီးတော့ ရှေ့တန်းမတင်စေချင်လို
ကျွန်မရဲ့ မေမေက သားရှင်ရော သမီးရှင်ပါ ဖြစ်သော်လည်း
ကိစ္စနှင့် ပတ်သက်၍ ကျွန်မတို့ မောင်နှမကို လွတ်လပ်
အပြည့်အဝ ပေးထားကာ အကျင့်စာရိတ္တ ကောင်းမွန်လျှင် ဘ
လိုလူမျိုးပင် ဖြစ်ပါစေ ဘာသာတူဖြစ်ပါက ဆင်းရဲချမ်းသာမ
ဝဲလ်ကမ်းဟူ၍ပင်။

သို့သော် မေမေ့လို ယောက္ခမမျိုးကတော့ ရှား
ထင်သည်။ ကျွန်မတွေ့ကြုံနေရသော ယောက္ခမတွေက သိပ်
မစွံလှ။ အိမ်ထောင်ကျသွားသော သူငယ်ချင်းတွေထံမှလ
ယောက္ခမဟူသော စကားက တစ်ထောင့်တစ်ည ပုံပြင်များ
ကြားနေရသောအခါ ကျွန်မလည်း ယောက္ခမရှိလာလျှင်ဟူ
အတွေးမျိုး မကြာခဏ ဝင်ခဲ့သလို ကျွန်မအပေါ်ဆိုးလျှင်လ
ဆယ်ဆပြန်၍ ဆိုးမည်ဖြစ်ကြောင်း ကျိတ်တေးထားခဲ့လေသ

သို့သော် ကျွန်မကလည်း မိန်းမထဲကမိန်း
ကိုယ့်ခံစားချက်တွေကို လူမသိစေရ။ အထူးသဖြင့် မောင့်
သူ့အမေအကြောင်း တစ်ခွန်းမျှ မဟချေ။ သူပြောလျှင် အ
သင့် ခေါင်းညိတ် ဖော်လိုလိုက်ပေးသည်မှလွဲ၍ သူ့အမေအ
တစ်ခွန်းတစ်ပါဒမှ မဝေဖန်ခဲ့ချေ။





မောင့်စကားများအရတော့ မောင့်မေမေသည် မောင့်အပေါ် သမီးမိန်းကလေးကို ဂရုစိုက်ချစ်သလို ချစ်သူဖြစ်သည်။ ကျွန်မရဲ့မောင်နှမတွေနှင့်အတူ ညဘက်စတိတ်ရှိုးပွဲတွေ ကျွန်မ ပျော်ရွှင်စွာ ခံစားနေချိန်မှာ မောင်က အိမ်ထဲမှာ ငုတ်တုတ်။

ကျွန်မက ကိုယ့်ကားကိုယ်မောင်းလျက် လူငယ်ဘဝရဲ့ အရသာကို အပြည့်အဝ ခံစားနေရချိန်မှာ မောင်က ဒရိုင်ဘာ မောင်းသော ကားနောက်ခန်းထဲမှာ မှုန်မှုန်သုန်သုန် လိုက်ပါလျက်။ ကြာတော့ ကျွန်မ မအောင့်နိုင်ဘဲ မေးမိတော့သည်။

"မောင် ... မောင်ဘာလုပ်လုပ် မောင့်အမေက သိတာပဲလား၊ ဒါဖြင့် ကညာ့ကိုရော"

"မသိဘဲ နေပါ့မလားကွာ၊ မောင့်ဘဝရဲ့ ဒီလောက်အရေးပါတဲ့ ကဏ္ဍတစ်ခုကို မေမေက လျစ်လျူရှုထားပါ့မလား"

"ဟင် ... ဒါဖြင့် မောင့်ကို ဘာမှမပြောဘူးလား"

"ဘာပြောရမှာလဲ"

"ဟိုကွာ ... ကညာနဲ့ သဘောမတူဘူးတို့ ဘာတို့ပေါ့၊ မောင့်မေမေက မောင့်ကို သိပ်ချစ်တာဆိုတော့ ကညာထင်တာကလေ အိမ်ထောင်တွေ ဘာတွေ မပြုစေချင်ဘူး၊ အဲလိုလားလို့"

မောင်က နှစ်ခြိုက်စွာဖြင့် ရယ်မောကာ ကျွန်မရဲ့ ...ဘက်လေးတွေကို ဆွဲယူဖျစ်ညှစ်ပစ်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝလွဲသွားပြီ ကလေးမ၊ မေမေက အဲလိုလည်း လုံး
မဟုတ်ဘူး၊ သဘာဝကို နားလည်တယ်၊ ကညာနဲ့ချစ်တာ
ကို အေးအေးဆေးဆေးပဲ၊ ဒါပေမဲ့ အားလုံးတော့ ပြော
ရတယ်၊ အခု ဒီမှာ ကညာနဲ့တွေ့နေတာ ဘုသိတယ်"

"ဘုရားရေ ... အကုန်ပြန်ပြောရတယ် ဟုတ်လား"

"ဒါပေါ့၊ ဘယ်အချိန်ထိ စကားပြောတယ်၊ ဘယ်သွား
တယ်၊ ဘာစားတာ ဆိုတာကအစ"

ကျွန်မ အံ့သြလွန်းသဖြင့် ပါးစပ်ကို မပိတ်နိုင်ေ
အံ့သြရသည်က အမျိုးမျိုး။ မောင့်အမေက ကျွန်မနှင့်ကိစ္စ
အေးဆေးပဲဆိုတာက တစ်ကြောင်း၊ သားဖြစ်သူရဲ့ ချစ်ရေးချစ်
ကိစ္စကိုပါ အတိအကျ ထောက်လှမ်းထားတာကိုတစ်ကြော
အံ့အားသင့်ရလေသည်။

ပတ်ဝန်းကျင်ရဲ့ စကားတွေ၊ ကျွန်မ ထင်မြင်ထာ
တာတွေနှင့် တခြားဆီပင်။ အစစအရာရာသည် အဆင်ပြေသည်
ဆိုကာ မောင်က လက်ထပ်ဖို့ လောဆော်လာတော့လည်း ကျွ
သည် ဝမ်းမသာနိုင်အားသေးဘဲ ဘာကိုထင့်မှန်းမသိ စိတ်ထဲ
ထင့်နေခဲ့ပြန်သေးသည်။

မောင်လက်ထပ်ချင်နေပုံက အလောတကြီး နိုင်
ကာ မောင့်မေမေရဲ့ အခြေအနေက ပကတိငြိမ်သက်နေသည်
ကျွန်မ တွေဝေနေခဲ့တုန်းမှာပင် မောင့်မေမေနှင့် ဆုံတွေ့ခဲ့ရ
ဖြစ်ပါသည်။ ကျွန်မ မျှော်လင့်ထားခဲ့သော သားရှင်အတ္တ





နေသည့် မျက်ဝန်းများ၊ ငွေကြေးဂုဏ်တက်နေမည့် အကြည့်များ
နှင့် လုံးဝသွေဖီစွာ ကျွန်မအပေါ် နှစ်သက်လိုလားသော အပြုံးတွေ
နှင့် လှိုက်လှဲစွာ တွေ့ခဲ့ရသည်။

"သမီးဖြစ်ချင်တာသာ ပြောပါကွယ်၊ မင်္ဂလာပွဲကို ဘယ်လို
ဖြစ်ချင်လဲ၊ ခုခေတ်ပုံစံအတိုင်းလေး ပွဲလုပ်ချင်လား၊ ထိုင်
မသိမ်းကို ဘယ်လောက်တန် ဝတ်ချင်လဲ၊ အားလုံး သမီး
စိတ်တိုင်းကျ တောင်းဆိုပါ"

ကျွန်မမှာ ကိုယ့်ပေါင်ကိုယ် အသာလက်နှင့် ဆိတ်
ကြည့်ရလေသည်။ အိပ်မက် မက်နေတာလည်း မဟုတ်။ သူ့အမေ
က လာလှည့်ဖြားနေတာလည်း မဟုတ်။ အားလုံးဟာ အမှန်အကန်
တွေချည်းပင်။ မောင့်ကို လှမ်းကြည့်တော့လည်း မောင်က
သဘောတူသောပုံစံဖြင့် မေးဆတ်ပြသည်။

အို ... ဘယ်လိုလဲကွယ်။ ကျွန်မကပဲ သိပ်ကံကောင်း
နေတာလား။ ကျွန်မချစ်သော ချစ်သူကို အသာတကြည် ပိုင်ဆိုင်
ခွင့်ရသည့်အပြင် သားကို ငုံထားမတတ် ချစ်ရှာသော သူ့မိခင်က
ပါ လှိုက်လှိုက်လှဲလှဲ ရှိနေသော အဖြစ်ဟာ သိပ်တော့မဆန်းကြယ်
လှပေမဲ့ နည်းနည်းလေးတော့ အံ့သြစရာ စွက်နေခဲ့သလိုပါပဲ။

ကဲပါလေ ... အတွေးတွေ ခေါင်မနေတော့ပါဘူး။
မောင့်မေမေဟာ မောင့်ကို သိပ်ချစ်လှတဲ့စိတ်နဲ့ ကျွန်မကိုပါ ချစ်
ခင်ကြည်ဖြူတာ နေမှာပါလေနော်။ ဘယ်လိုပဲ ကြည်ဖြူပါလေ။
ကျွန်မ အများကြီး မျှော်လင့်ထားခဲ့တဲ့ အချစ်ရေးဟာ ထင်ထား



www.burmeseclassic.com

www.burmeseclassic.com



တာထက် အဆပေါင်းများစွာ သာလွန်မြင့်မားခဲ့ပြီး၊ မောင့်မေ
က ကျွန်မကို နှစ်သက်ကြည်ဖြူစွာနဲ့ အလေးအနက် ထားခဲ့တ
ဟာ မောင့်ကို ပိုင်ဆိုင်ရတာနဲ့ထပ်တူ ကျွန်မ ဂုဏ်ယူခဲ့မိတာပေ

ဒီလိုနဲ့ အများတကာ ငေးမောအားကျလောက်တဲ့
ကျွန်မတို့ရဲ့ ခြိမ့်ခြိမ့်သဲ မင်္ဂလာကို ဆင်နွှဲလို့အပြီး၊ ဟိုတယ်က
ချီးမြှင့်တဲ့ တစ်ညတာ တည်းခိုခွင့်ကို ရင်ခုန်စွာနဲ့ နှစ်ဦးသာ
မျှော်လင့်နေတဲ့ အချိန်မှာပဲ ကျွန်မရဲ့အိမ်ထောင်ဦးအစ ဘဝ
မျက်ဝါးထင်ထင် တွေ့ရတော့တာပါပဲ။





၃

ဧည့်သည်တွေ အားလုံးကိုလည်း နှုတ်ဆက်အပြီး ကျွန်မတို့လည်း ကိုယ့်အခန်းကိုယ် တက်တော့မည့် အချိန်ဆဲဆဲမှာပဲ မောင့်မေမေက ရောက်လာခဲ့သည်။

"သားနဲ့ သမီးတို့ဖို့ ကားရောက်လာပြီနော်၊ အိမ်ရောက်မှ အေးအေးဆေးဆေး နားတော့"

ကျွန်မနှင့်မောင်က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ကျွန်မက ဘာမှမဖြစ်သေးသော်ငြားလည်း မောင်က မျက်နှာရှုံ့မဲ့သွားပြီဖြစ်သည်။

"သားတို့ ဒီည ဟိုတယ်မှာပဲနေမယ် မေမေ၊ မနက်မှလာခဲ့မယ်"

"ဟိုတယ်ကအခန်းနဲ့ အိမ်ကမင်္ဂလာအခန်းနဲ့ တူတူပါပဲ သားရယ်၊ ကိုယ့်မင်္ဂလာဦးညက ကိုယ့်အခန်းမှာပဲ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ဒီမှာဆို သားလေးရဲ့ ဝေယျာဝစ္စကို ဘယ်သူ
လုပ်ပေးမလဲ၊ လာပါကွယ်”

နောက်ဆုံးတော့ မောင်က မငြင်းဆန်နိုင်တော့ဘဲ လိုက်ပါလာခဲ့ရတာပင်။ မောင့်မျက်နှာ သိပ်မကြည်တော့မှန်း ကျွန်မ ရိပ်မိသော်လည်း. ကျွန်မကတော့ အဲဒီလောက် မခံစားမိသေးချေ။ ကျွန်မတို့ရဲ့အိပ်ခန်းကလည်း ဟိုတယ်ကအခန်းထက်တောင်ပင် ပို၍သားနားစွာ ပြင်ဆင်ထားသေးသည်။

မောင်က သက်သက်ဆိုးတာ နေမှာ။ သို့သော် ကျွန်မအတွေးတွေ တက်တက်စင်လွဲမှန်း၊ မောင်ဘာကြောင့် ဟိုတယ်မှာပဲ နေချင်မှန်း ကျွန်မ သိပ်မကြာသော အချိန်လေးတွင်မှာပင် သိရှိခဲ့ရလေသည်။ မောင့်အဖို့တော့ မောင့်အိမ်မှ တစ်ရက်ဝေးရလည်း တစ်ရက်နိဗ္ဗာန်ပဲဆိုတာ ကျွန်မ ယုံခဲ့ရသည်။

ဦးဆုံး ထမင်းကို အချိန်နှင့် အတိအကျ စားရသည်။ ညစာစားပြီးသည့်အချိန် ကျွန်မနှင့်မောင်တို့ အေးအေးဆေးဆေး တီဗီကြည့်ဖို့ ပြင်စဉ်မှာပင် မောင့်မေမေက တံခါးခေါက်လျက် ရောက်လာခဲ့ပါသည်။

“သားရေ ဝတ်တက်ချိန် ရောက်တော့မယ်နော်၊ ခြေလက်သန့်စင်တော့၊ သမီးလေး ပြီးရင် ဒီဝတ်စုံ ဝတ်ခဲ့နော်၊ သား ... သမီးကို ပြောပြလိုက်ဦး”

ကျွန်မက ကြောင်ကြည့်နေတုန်းမှာပင် မောင်က အသာလက်တို့ကာ မြန်မြန်လုပ်ဖို့ ပြောသည်။ ကျွန်မတို့နှစ်ဦး





...ာ မျက်နှာသစ်၊ ခြေလက်သန့်စင်လျက် ကျွန်မက မောင့်မေမေ ...း‌သော ဝတ်စုံကို လဲလှယ်ဝတ်ဆင်ရလေသည်။ ဝတ်စုံမှာ ...ကျီအဖြူနှင့် ယောဂီထဘီညိုဖြစ်သည်။ မောင်ကလည်း စတစ် ...ဖြူနှင့် ပုဆိုးဝတ်သည်။

“ဒါ ဘာလုပ်ရမှာလဲ မောင်၊ ဘုရားရှိခိုးရမှာလား”

“အင်း ... နေ့တိုင်းပဲ ကညာ၊ လာ ... လာ ... ခုနစ်နာရီ အတိအကျ သွားရတာ”

မောင်တို့အိမ်က ဘုရားခန်းကတော့ အလွန်တရာ ...ယ်ဝန်းကာ အတော်သပ္ပာယ်စရာ ကောင်းလှပါသည်။ ဘုရား ...းထဲမှာလည်း အိမ်ရှိလူကုန်ပင်။ သာမန်ဘုရားရှိခိုး ဝတ်တက် ...သည့်လောက် အထင်ရှိခဲ့သော ကျွန်မအတွက် ဘုရားစဝတ်တက် ...ည့် အချိန်ကတည်းက အိုးနင်းခွက်နင်းပင်။

မောင်တို့အိမ်ရဲ့ ဝတ်တက်ပုံက တော်ရုံမဟုတ်ဘဲ ...ပင့်၊ နတ်ပို့၊ ဩကာသမှ အစပြုကာ ဓမ္မစကြာအထိ ရွတ် ...ရလေသည်။ ပြီးလျှင် မေတ္တာပို့ အမျှဝေရသည်။ ထို့နောက် ...ားထိုင်။ ကျွန်မရဲ့ သက်တမ်းတလျှောက်မှာ ကိုယ်ခန္ဓာကို ...မတ်ထားလျက် စိတ်တည်တည်ငြိမ်ငြိမ်နှင့် တရားထိုင်ဖို့ဝေးစွ။ ...သောက်သက်သာ အနေနှင့်တောင် ရုပ်ရှင်တစ်ကားပြီးအောင် ...မကြည့်ဘူးချေ။

အတော်ဆိုးသော ဒုက္ခပဲဖြစ်ပါသည်။ ဘုရားခန်းထဲ ...တစ်နာရီကျော်မျှ ဝင်ခဲ့ပြီးသောအခါ ကျွန်မအခန်းထဲသို့ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအချိန်၌ အိပ်ချင်စိတ်တွေပျောက်ကွယ်ကာ ငိုချင်စိတ်တွေသာ ရှိတော့လေသည်။

"မောင် ဒါတွေက နေ့တိုင်း လုပ်ရမှာလားဟင်၊ ပြောပါဦး"

"မနက်ခင်းကျ ငါးနာရီ ထရမယ် ကညာ၊ မနက်မှာ ပဋ္ဌာန်းရွတ်ရတယ်၊ ဒါ နေ့စဉ်ပဲ"

"ဘုရားရေ"

ကျွန်မ အမေ့အိမ်ကို တစ်ခါတည်း ပြန်ပြေးချင်စိတ်ပေါက်သွားလေသည်။ ကျွန်မလည်း ဗုဒ္ဓဘာသာပီပီ ဘုရားတရားကို ရှိသေကိုင်းရှိုင်းတတ်ပါသည်။ သို့သော် ဤမျှသော စည်းစနစ်ဘောင်မျိုး၊ မလုပ်မနေရ သတ်မှတ်ထားသော အလေ့အကျင့်ကြီးတစ်ခုကို မလုပ်လိုချေ။ မောင့်ကို အားကိုးတကြီး လှမ်းကြည့်လိုက်တော့ မောင်က ပြုံးမဲ့မဲ့ဖြင့် ...

"မောင်က ဒီဟာတွေ ခံစားလာတာ မောင့်တစ်သက်ပဲ ကညာရဲ့၊ မောင် ညတွေ အပြင်မထွက်ရတာ ဝတ်တက်ပျက်မှာစိုးလို့လေ"

"ဟင် ... ဒါဖြင့် ဒါကြီးက တစ်သက်လုံးပေါ့၊ ဟာ မဖြစ်ပါဘူး၊ ကညာတို့ အိမ်ခွဲနေကြမယ်ကွာ"

"ကညာ ကြိုးစားကြည့်လေ၊ မောင်က ကညာ့ထက် ပိုချင်ပါတယ်၊ မောင်ပြောလို့ကတော့ ရမှာမဟုတ်ဘူး"

သိပြီးသားပဲ မဟုတ်လား ဟူသော သဘောဖြင့် မောင်က ပြုံးစစလုပ်ကာ ပခုံးတွန့်ပြလေသည်။ မောင့်ရဲ့ပြုံး





ကျွန်မ တယ်ပြီးသက်သာလှချေ။ ကြည့်စမ်း ... ဒါတွေကို သူပြောပြမထားခဲ့ပါလား။

"မောင်ရေ လက်စသတ်တော့ ရှင်က ကညာ့ကိုပါ လှောင်ချိုင့်ထဲ အဖော်ခေါ်လိုက်တာပေါ့လေ"

မောင်က မင်းမဆိုးပါဘူး ဆိုတာကို အပြုံးလေးနှင့် ခေါင်းညိတ်ကာ ...

"မောင်က ကညာရဲ့ ဘာမထီစိတ်ဓာတ်ကို သဘောကျတယ်၊ မောင်တစ်ယောက်တည်း တော်လှန်နေရတဲ့ တော်လှန်ရေးမှာ ကညာကိုပါ အဖော်ခေါ်လိုက်တာပဲ၊ ကညာရဲ့ အစွမ်းတွေကို ယုံကြည်တယ်"

ထိုအခိုက်မှာ ကျွန်မ ယောကျ်ားတွေ၏ အတ္တစိတ်သစ်ခနဲ မြင်တွေ့သွားခဲ့ပါသည်။ မောင်က ကျွန်မရဲ့ဘာမထီစိတ်ဓာတ်ကို သဘောကျသတဲ့။

ဘုရားရေ ...။ ဒါဆို သူက ကျွန်မကို လူမိုက်ငှားခဲ့တဲ့သဘောပေါ့နော်။

သူပိုင်၍ ငြင်းဆန်မဝံ့တဲ့ သူ့အမေကို သူ့ရဲ့ရသင့်တက်တဲ့ လွတ်လပ်မှု အခွင့်အရေးတွေရဖို့ ကျွန်မကို မိုက်မိုက်ကန်း တောင်းဆိုစေတဲ့ သဘောပေါ့။ ဩော် ... လည်လိုက်တဲ့ယောကျ်ားသားပဲရှင်။

သူချစ်ခင်တွယ်တာတဲ့ မိန်းမသားဟာ သူ့ထက်များတဲ့ လွတ်လပ်မှုတွေကို စားသုံးနေတဲ့အခိုက်မှာ သူကတော့



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် နို့နံ့မစင်သေးတဲ့ ကလေးတစ်ယောက်လို စောင့်ကြည့်ခံနေခဲ့ရတာ။ သူ ကျွန်မဘဝကို အားကျနေခဲ့မှာပါ။ အားကျရုံအပြင် တပ်မက်လာလို့ သူ့ဘဝထဲ ဆွဲသွင်းပြီး လှုမိုက်ဝှားခဲ့တာတဲ့လေ။ အံ့ဩလေစွ။





## ၄

ကျွန်မရဲ့ စိတ်တွေကို တွန်းအား ပေးလိုက်သည့် အချက်ကတော့ မနက်လေးနာရီခွဲတွင် အိပ်ရာမှ အနှိုးခံလိုက်ရခြင်းပဲ ဖြစ်လေသည်။ ကျွန်မ ကျောင်းသူဘဝ စာမေးပွဲတွင်းမှာတောင် ခြောက်နာရီလောက်မှ ထသူဖြစ်သည်။

တကယ့်ကို အိပ်ကောင်းနေသော အချိန်မှာ အနှိုးခံရတာ ညကဝတ်တက်သည့် ဝတ်စုံကိုပဲ ပြန်ဝတ်ရပြီး ဘုရားခန်းသို့ ငါးနာရီ အရောက်သွားရသည်။ မျက်လုံးတွေက အိပ်ရေးမဝဖြင့် ကျိန်းစပ်ကာ အတော် ဒေါသထွက်စရာကောင်းလေသည်။

ကျွန်မအဖြစ်က ကုသိုလ်ကဖြင့် တစ်ပဲဖိုးတောင် ညည်မထင်ဘဲ ငရဲတွေသာ အထပ်ထပ် ကြီးနေမှာ သေချာလောက် ရှိပါသည်။ ဒီလိုပုံစံအတိုင်းဖြင့် နံနက်ခင်းတိုင်းမှာသာ နေရလျှင် အိပ်ရေးမဝသည့် ဝေဒနာဖြင့် စောစောသေပြီး ငရဲသာကျဖို့ ရာခိုင်နှုန်း များပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ရော...။ မောင်လည်းပဲ ကသိုလ်တော့ အပြည့်အဝရမည် မထင်ပါ။ နံနက်ခင်းပိုင်း ဘုရားဝတ်တက်တာသည်လည်း အချိန်အားဖြင့် နှစ်နာရီလောက် ကြာလေသည်။ အားလုံးပြီးစီးသွားသည့်အခါ နံနက်စာ Breakfast ဝိုင်းမှာတော့ ကျွန်မက သူ့အမေကို တည့်တည့်ရင်ဆိုင်လိုက်တော့သည်။

အိပ်ရေးမဝသည့် ဒေါသကြောင့် ကျွန်မအသံမှာ အနည်းငယ် မာဆတ်ဆတ် နိုင်နေမည် ဖြစ်သော်လည်း သူ့အမေ မျက်နှာကတော့ ထူးခြားစွာ ပြုံးလို့သာတည်း။ ကျွန်မက သွယ် ဝိုက်မနေတော့ဘဲ ...

"မေမေ ကျွန်မတို့ အိမ်ခွဲနေချင်ပါတယ်"

ပြောပြီးတာနှင့် မောင့်မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သောအခါ မောင်လည်း သဘောကျ ကျေနပ်သွား ကို လှစ်ခနဲ သိလိုက်ရလေသည်။ ဟွန်း ... မုန်းဖို့ကောင်းလိုက် တာ။

မောင့်မေမေရဲ့ မျက်နှာတွင် အရောင်တစ်မျိုး ခနဲ ပြောင်းသွားတာကို ကျွန်မ အသေအချာ တွေ့လိုက်ရသည် ကျွန်မက အသေအချာ အကဲခတ်နေခဲ့တဲ့သူကိုး။ သို့သော် ခဏမျှတာပင်။

အပြုံးရိပ်လဲ့လဲ့ဖြင့် ကျွန်မကိုကြည့်ကာ ...

"သမီးအတွက် အဆင်မပြေတာ ဘာရှိလဲကွယ်၊ ဖြစ် တာကိုသာပြောပါ၊ အိမ်ခွဲနေဖို့တော့ မဖြစ်စေချင်ပါ





ကွယ်၊ ပြော ... သမီး ဘာအဆင်မပြေတာရှိလဲ၊ ဘာလို အပ်သလဲ"

မောင့်မေမေရဲ့ လေသံက အင်မတန် နူးညံ့သိမ်မွေ့ သည်။ အထူးသဖြင့် တောင်းပန်ရိပ်တောင် စွက်နေသည့် က်လုံးများဖြင့် ကျွန်မကို အသာအယာ ငေးစိုက်ကြည့်နေခဲ့တာ သည်။ ထိုမျက်ဝန်းများထဲမှ မိခင်မေတ္တာစိတ်ကို ဖျတ်ခနဲ ့မြင်လိုက်ရသည်။

သားကိုအလွန်ချစ်သော မျက်ဝန်းများ၊ သားကို တ်စိအောက်က အပျောက်မခံချင်သော မျက်ဝန်းများ၊ သားနှင့် တူ မခွဲမခွာနေချင်သော ဆန္ဒများ ပြည့်နှက်နေသည့် မျက်ဝန်း ကို ကျွန်မသေသေချာချာ တွေ့မြင်လိုက်ရသောအခါ နံနက်က သများလည်း ဘယ်ဌာနသို့ လွင့်ပျောက်သွားပြီလဲ မသိတော့။

ကျွန်မရင်ထဲမှာ မောင့်မေမေအပေါ် စာနာနားလည် စိတ် တစ်ခုကသာ လှည့်ပတ်နေရာယူလျက် ရှိလေသည်။ မ ဘာမှမပြောဘဲ အသာနှုတ်ပိတ်သွားတာကို ခုံအောက်က မောင်က လှမ်းတို့သတိပေးတော့မှ အစက မရည်ရွယ်ထား စကားတို့ကို ဆိုဖြစ်လေသည်။

"အို ... ကျွန်မတို့အနေနဲ့ ကိုယ့်အိမ်ထောင်နဲ့ကိုယ် ဖြစ် လာပြီဆိုတော့ အိုးခွဲအိမ်ခွဲ နေသင့်တယ်လို့ ယူဆမိလို့ပါ မေမေ၊ ပြီးတော့ ဒီအိမ်ရဲ့ စည်းကမ်းတွေနဲ့လည်း သိပ် fit ဖြစ်မယ် မထင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အိုး ... ဘာမှ fit ဖြစ်စရာ မရှိပါဘူး သမီးရယ်၊ သ
သဘောကျသာ နေပါ၊ ဘာလဲ ... မနက်အစောထရတာ
ညအချိန်မှန် ဝတ်တက်ရတာမျိုးကို ပြောတာလား၊
သမီး ဆန္ဒမရှိလည်းပဲ နေပါကွယ်၊ ရပါတယ်၊ ဒီအတွ
နဲ့ အိမ်ခွဲနေဖို့ မကြိုးစားပါနဲ့ သမီးလေးရယ်နော်၊ သ
စိတ်တိုင်းကျသာနေပါ"

မောင့်မေမေ ပြောနေပုံက တောင်းပန်တိုးလျှိုးသ
အရိပ်အယောင်တွေနှင့် ပြည့်နှက်နေလေသည်။ ကိုယ့်အမေအ
အမျိုးသမီးကြီး တစ်ယောက်က ဤမျှလောက် request လုပ်
သည့် အဖြစ်ကို သူမရဲ့နှလုံးသားက လက်ခံနိုင်စွမ်း မရှိ
အိုးတိုးအမ်းတမ်း သွင်ပြင်နှင့်ပင် ဟုတ်ကဲ့ မေမေ့ဆန္ဒအတိုင်း
ဟု ပြောဖြစ်သွားတာကို မောင်က မယုံသလို ငေးကြည့်နေခဲ့
သည်။

အဲဒီနောက် ကျွန်မနှင့်မောင် စောစောစီးစီး
ဘုရားဝတ်တက်ခြင်း မပြုတော့။ မောင်က သဘောတွေ အ
အကျယ်ကျယ်လျက် နှစ်ခြိုက်စွာ အိပ်ပျော်နေသော်လည်း တင်
မှ နှစ်ရက်၊ သုံးရက်၊ လေးရက် ကြာလာသောအခါ ကျွန်မ
နိုင်တော့။

အိမ်ရှိလူကုန် ဘုရားဝတ်တက်နေချိန်မှာ ကျွန်
နှစ်ဦးတည်း အိပ်ရာထဲ ဇိမ်ကျနေရသည့် အဖြစ်ကို ကျွန်မ
လာခဲ့သည်။





ဘယ်သူကမှ ဘာမှမပြောသော်ငြား ကျွန်မ လိပ်ပြာ
လုံချင်တော့။ နံနက်လေးနာရီထိုးသောအခါ မောင့်ကို အိပ်ရာမှ
တ်အတင်းနှိုးသည်။ မောင်က ဗလုံးဗထွေးဖြင့် ...

"ဟာ ... ဘာလဲကွ၊ ဒီမှာ အိပ်ကောင်းနေတဲ့ဟာ ဘာလဲ
ပြော"

"ပြောစရာ မရှိဘူး၊ ထ ... ထ၊ ဘုရားသွားရှိခိုးမယ်၊
ထကွာ မြန်မြန်"

မောင်က ကျွန်မကို မယုံကြည်သော မျက်ဝန်းများ
င် မျက်မှောင်ကြုတ်ကြည့်ကာ ...

"ဟား very wonderful ! ၊ ဘာလဲ ကညာ၊ ဘာထွင်ပြန်
တာလဲ"

"ဘာမှမထွင်ဘူး၊ တစ်အိမ်လုံး ဘုရားဝတ်တက်နေချိန်မှာ
အိပ်နေရတာ ရှက်လာပြီ၊ ထကွာ သွားမယ်"

နောက်ဆုံးတော့ မောင်က လက်လျှော့လျက် ရှုရှု
အောင့်အောင့်နှင့်ပင် ထလေသည်။ ဖြူစင်သောဝတ်စုံကိုယ်စီဖြင့်
ရားခန်းထဲ အချိန်မီရောက်လာသော ကျွန်မတို့နှစ်ဦးကို မောင့်
မေ လှမ်းကြည့်လိုက်သော အကြည့်ကား ကျွန်မ တွေ့ဖူးသမျှ
ထဲတွင် အတောက်ပဆုံးပင် ဖြစ်လေသည်။

ကျွန်မကို ပြုံးပြသော အပြုံးများထဲတွင် ကျေးဇူးတင်
တွေ အများဆုံး ပါဝင်နေတာကိုလည်း လှမ်းမြင်နေရသည်။
င့်မေမေနှင့် ကျွန်မ အပြန်အလှန် ပြုံးပြကြသော အပြုံးများ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် နံနက်ခင်းဟာ ပိုမိုလှပ သက်ဝင်သွားခဲ့သလို တဖြည်းဖြည်း ကြာလာသောအခါ နံနက်စောစော ဘုရားဝတ်တက်ရခြင်းသည် တစ်နေ့တာအဖို့ ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပို ပြည့်စုံတတ်ကြောင်း ကျွန်မ ကြည်နူးစွာ လက်ခံလာတတ်လာ ပြီဖြစ်ပါသည်။





၅

မျှဝေခံစားပေးတတ်ကာ စာနာနားလည်သော စိတ်လည်း ထားတတ်သော ကျွန်မအတွက် မောင့်မေမေနှင့် အံဝင်ခွင်ကျ ဖြစ်မှန်းမသိ ဖြစ်လာခဲ့သော်လည်း ပို၍ဝေးကွာသွားသူမှာ မောင်ပဲ ဖြစ်လေသည်။

ကျွန်မတို့ရဲ့ အိမ်ထောင်သက် ငါးလကျော်လာသော အချိန်မှာ မောင့်ရဲ့ မကျေနပ်ချက်တွေ ပို၍ ပို၍ တစ်နေ့တခြား ပွင့်အန်လာချိန်လည်းဖြစ်သည်။ မောင် အဲဒီလို မကျေနပ်လေလေ မောင့်ရဲ့မေမေက မောင့်ကို ပို၍အရိပ်တကြည့်ကြည့်ရှိလေ၊ မောင်က ကျွန်မကို ပို၍ရစ်လေ ဖြစ်သည်။

“ကညာ အင်မတန် ရဲဝံ့ခဲ့တဲ့ မင်းရဲ့စိတ်ဓာတ်တွေ ဘယ်ပျောက်သွားပြီလဲကွာ”

“ဘာတုံးကွာ၊ ပြောချင်ရာကို တည့်တည့်ပဲပြော၊ ဘာဖြစ်နေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို သိပ်အံ့သြတယ်၊ freedom နေလာခဲ့တဲ့ မိန်းမ တစ်ယောက်က ဒီလိုအိမ်မျိုးထဲမှာ နေနိုင်တယ် ဟုတ်လား ကျွတ် ... ကိုယ်တော့ မှားပြီထင်တယ်ကွာ၊ လုံးဝမှားသွား ပြီ"

"ဘုရားရေ ... ရှင် ဆိုလိုနေတာက ကျုပ်က ရှင့်အမေကို တော်လှန်ရမဲ့ သဘောလား၊ ဘာလဲ ရှင်မကျေနပ်တာရှိ ရင် ရှင့်အမေကို တိုက်ရိုက်ပြောပေါ့၊ ဘာကိစ္စ ကျွန်မကို လူမိုက်ဗိုလ်မွားနေရတာလဲ"

ထိုစကားကြောင့် သူက ကျွန်မကို မကျေမချမ်း ကြည့်ကာ တောက်တစ်ချက်ခေါက်၍ ထွက်သွားခဲ့သည်။ ကျွန်မ တဖြည်းဖြည်းနှင့် မောင့်ကိုရော မောင့်မေမေကိုရော ပို၍နားလည် လာခဲ့သည်။ သူက သူ့ဘဝရဲ့ လွတ်လပ်ခွင့်တွေအတွက် အမေ ဖြစ်သူကို မာမာထန်ထန်ဖြင့် တိုက်ရိုက်မပြောရဲ။

အင်းလေ ... မပြောရဲတာထက် မပြောရက်တာဖြစ် မှာပါ။ သူတစ်နှစ်သားလောက်ကတည်းက မုဆိုးမဘဝဖြင့် ရုန်း ကန်လာခဲ့ရသော သူ့အမေရဲ့မေတ္တာကိုလည်း သူသိနေပြန်သေး သည်လေ။ အဲဒီမေတ္တာတွေကို ထောက်ထားသောအားဖြင့် သူတတ် သိနားလည်လာသည့် အခါမှာ သူ့အမေရဲ့ ရင်ခွင်ထဲက ခွဲမထွက် သွားခြင်းဖြစ်သည်။

အရိပ်တကြည့်ကြည့်ရှိသော မိခင်ရဲ့အချစ်တွေကို မွန်းကျပ်စွာနှင့်ပင် အချိန်အတိုင်းအတာ တစ်ခုထိ သည်းခံစော





ခဲ့ပုံရသည်။ သူ အိမ်ထောင်ကျသွားလျှင်တော့ ဒါတွေပျောက်ဆုံး သွားတန်ကောင်း၊ ဒါမှမဟုတ် လျော့နည်းသွားတန်ကောင်းဟု မောင် မျှော်လင့်ခဲ့ပါမည်။ သို့သော် သူထင်သလို ဖြစ်မလာခဲ့။ သူ့အမေကလည်း အရိပ်ကြည့်ချစ်သည့်အဖြစ်မှ တစ်ပြားသားမှ မလျော့ခဲ့သလို ကျွန်မကလည်း သူ့ဘက်မှ မပါဝင်ခဲ့သော အခါ။

သိပ်ချစ်ကြသည်ဟု နာမည်ကြီးခဲ့သော ကျွန်မနှင့် မောင်သည် နေ့တိုင်းလိုလို ရန်ဖြစ်ခဲ့ရသည်။ ရန်ပွဲတွေ ဆက်လာ ခဲ့သည်။ ကျွန်မဘက်ကရော မျှဝေခံစားပေးကြည့်ကြဖို့ ကောင်း သည်။ လူကြီးသူမ တစ်ယောက်၊ ကိုယ့်အမေအရွယ် မိန်းမသား ကြီးတစ်ယောက်ရဲ့ တောင်းပန်တိုးလျှိုးမှုတွေကို ကျွန်မကရော ဘယ်လိုအင်အားတွေနှင့် ဥပေက္ခာပြုပစ်ရမလဲ။ မာမာထန်ထန် ပြန်ပြောရမလဲ။

ကျွန်မမှာလည်း သားလေးရှိလာလျှင်ဆိုသော ခံစား ချက်တွေဖြင့် သူ့အမေပေါ် စာနာနားလည်ပေးခဲ့တာကို သူက မသိချေ။

နောက်ဆုံး သူနှင့်ကျွန်မ အကြီးအကျယ် စကား များကာ သူ အိမ်ကထွက်သွားခဲ့လေသည်။ အဲဒီနောက်မှာ သူ့ အမေလည်း အိပ်ရာထဲ ဗုန်းဗုန်းလဲတော့သည်။ မောင်ကလည်း သတင်းအစအန ရှာမရအောင် ပျောက်ဆုံး။ မောင့်မေမေကလည်း နေ့စဉ်နှင့်အမျှ မျက်ရည်နှင့်မျက်ခွက်။ မောင်တို့ရဲ့လုပ်ငန်းတွေ

www.burmeseclassic.com



ကို ကြည့်ရတာတစ်ဖက်နှင့် တကယ်တမ်း သနားစရာအကောင်းဆုံးလူမှာ ကျွန်မပဲ ဖြစ်နေခဲ့လေသည်။

"သားလေးကို တွေ့အောင်ရှာပေးပါ သမီးရယ်၊ သတင်းစာထဲကနေ ထည့်ခေါ်ပါ"

"ဟုတ်ကဲ့ပါ မေမေ၊ သမီး စီစဉ်ပါ့မယ်"

"သားကို လိုလေသေးမရှိ ထားခဲ့တာ ဘာတွေများ စိတ်ညစ်စရာ ရှိခဲ့လို့လဲကွယ်"

မောင့်မေမေရဲ့ မေးခွန်းကို ကျွန်မ ဖြေနိုင်ရန် အင်အားမရှိခဲ့ပါ။ မွန်းကျပ်လွန်းလှတဲ့ အချစ်တွေကြောင့်ဆိုတာ ကျွန်မ ပြောမထွက်ရက်ခဲ့ချေ။ နောက်ဆုံး မောင်ရှိနိုင်မည့်နေရာကို အပြင်းအထန် စုံစမ်းတော့မှ မောင် ဘယ်မှာရှိနေလဲဆိုတာ ကျွန်မ ထိတ်လန့်စွာ သိခဲ့ရသည်။

ချက်ချင်းပင် ထိုနေရာသို့ အပြေးတစ်ပိုင်း သွားခဲ့သည်။ မောင်ကား အင်မတန် ငြိမ်းချမ်းသော နေရာတစ်ခုမှာ ငြိမ်းချမ်းသော သွင်ပြင်နှင့်။

"ဦးပဥ္စင်းဘုရား ဘယ်လိုလုပ်လိုက်တာပါလဲ။ ဦးပဥ္စင်းရဲ့ မိခင် အိပ်ရာထဲ လဲနေပါတယ်၊ ဦးပဥ္စင်းကိုလည်း နေ့စဉ်တိုင်း တမ်းတနေပါတယ်၊ တပည့်တော် တစ်ယောက်တည်း လုပ်ငန်းတွေလည်း မနိုင်ပါဘူးဘုရား၊ အထူးသဖြင့် ဦးပဥ္စင်းရဲ့မိခင်ကို ငဲ့ပါဦး၊ ဒကာမကြီး အတော်ကို ခံစားနေရှာပါတယ်၊ ဆင်ခြင်ပါဦး ဘုရား"





"ကောင်းပါပြီ၊ ဒကာမကြီးဆီကိုလည်း ဦးပဥ္စင်း ကြွလာဖို့ စိတ်ကူးပြီးသားပါ၊ အခု ဒကာမလေးလာတော့ အဆင်သင့်သွားတာပေါ့၊ ဒကာမလေးရဲ့ကားနဲ့ပဲ ဦးပဥ္စင်းကြွပါ့မယ်"

"လူဝတ်လဲမယ်ဆိုရင် ကျောင်းမှာပဲ လဲခဲ့ပါလား ဘုရား"

"ဦးပဥ္စင်းက ရာသက်ပန်ဝတ်ဖို့ ဆုံးဖြတ်ပြီးပါပြီ ဒကာမလေး"

"ရှင် ... ဟို စဉ်းစား"

"ကန့်ကွက်ဖို့ မစဉ်းစားပါနဲ့တော့ ဒကာမလေး၊ အကုသိုလ်ဖြစ်ပါမယ်၊ ဦးပဥ္စင်း အမှန်ဆုံးဖြတ်ပြီးပါပြီ"

ကျွန်မသည် ဝမ်းနည်းရမှာလို၊ ဝမ်းသာရမှာလို ဘာမှန်းမသိသော ခံစားချက် ဆန်းဆန်းကြီးတစ်ခုနှင့် ကတုန်ကယင် ဖြစ်လာသောစိတ်ကို ငြိမ်အောင်ထားကာ သပ္ပာယ်လှသော ဦးပဥ္စင်းကို အိမ်သို့ပင့်ဆောင်လာရသည်။

ကျွန်မပင့်ဆောင်လာသော ဦးပဥ္စင်းကို မြင်သောအခါ မေမေ့မျက်နှာ၌ အမျိုးမျိုးသော အရိပ်သဏ္ဍာန်တွေ ဖြတ်ပြေးသွားပြီးလျှင် ငေါက်ခနဲ ထထိုင်ကာ တုန်တုန်ယင်ယင်ဖြင့် ရှိခိုးတော့ရှာလေသည်။ နောက်မှ ဦးပဥ္စင်းက ရာသက်ပန် သင်္ကန်းဝတ်မည့်အကြောင်းကို ပြောသောအခါ ရှိုက်ကြီးတငင် ငိုတော့သည်။

ဦးပဥ္စင်းက တည်ငြိမ်သောလေသံဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စဟာ ငိုစရာကိစ္စ မဟုတ်ပါဘူး ဒကာမကြီး၊ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရမှာပါ၊ ဦးပဥ္စင်း လူ့လောကကြီးကို စိတ်ကုန်နေတာ ကြာလှပါပြီ၊ ဦးပဥ္စင်းဟာ လွတ်မြောက်ရာလမ်းကို အမြဲရှာဖွေ ကြံဆခဲ့တယ်၊ ခုတော့ တကယ်စစ်မှန်တဲ့ လွတ်မြောက်ရာလမ်းကို ရှာတွေ့သွားခဲ့ပါပြီ၊ ဒကာမကြီးတို့လည်း ကြိုးစားကြပါ၊ ဒကာမကြီးနဲ့ ဟောဒီက ဒကာမလေးတို့ဟာ ရေးရေစက်ပါကြသူတွေပါ၊ သားအရင်းတောင် နားလည်မပေးနိုင်တဲ့ ဒကာမကြီးကို ဒီကဒကာမလေးက သိပ်နားလည်ပေးနိုင်ပါတယ်၊ ဒါကြောင့်လည်း ဒကာမကြီးကို စိတ်ချလက်ချ ထားနိုင်ခဲ့တာပါ၊ ဒကာမလေးအနေနဲ့လည်း ဦးပဥ္စင်းကို နားလည်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"

"တင် ... တင်ပါ့ ဘုရား"

ကမ္ဘာကြီးသည် နေကို တစ်ပတ် ပတ်နေရာမှ တစ်စက္ကန့်လောက်တော့ ရပ်တန့်သွားသည်ဟု ထင်ပါသည်။





၆

နောက်များမကြာမီတွင် ရန်ကုန်မြို့စွန်ရှိ အင်မတန်အေးချမ်းသော ကျောင်းသင်္ခမ်းလေးသို့ အမျိုးသမီးကြီးတစ်ဦးနှင့် အမျိုးသမီးငယ်လေး တစ်ဦးတို့ တနင်္ဂနွေနေ့တိုင်း ဆွမ်းပို့လာကြသည်ကို တွေ့မြင်ရနိုင်လေသည်။ တနင်္ဂနွေနေ့တိုင်း ဆွမ်းပို့ခွင့်ကိုပင်လျှင် ဒကာမကြီးက အနူးအညွတ် မေတ္တာရပ်ခံထားသဖြင့် ဦးပဥ္စင်းလေးက ခွင့်ပြုထားခြင်းဖြစ်၏။ ဦးပဥ္စင်းလေး၏ ဆန္ဒအရဆိုလျှင် အကြောင်းကိစ္စမရှိဘဲ မလာရဟုတောင် တားမြစ်ထားသေးသည်။

ယခုဆိုလျှင် ဦးပဥ္စင်းလေး၏ "မိဘနဲ့သားသမီးကြားက မေတ္တာတောင် မထားတတ်ရင် ပူလောင်လှတယ်"ဟူသော စကားပြမှုကြောင့် ဒကာမကြီးကား တရားစခန်းသို့ မကြာခဏ ဝင်ရောက်ကာ ငြိမ်းချမ်းတတ်နေချေပြီ။ ဒကာမလေး ခေတ်ကညာကတော့ လုပ်ငန်းများကို ဦးစီးအုပ်ချုပ်ပြီး နေမြဲအတိုင်းပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com




တစ်ခါတစ်ရံမှာ ဘဝဆိုတာသည် ကိုယ်မျှော်လင့်ထားတာနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကွာခြားသွားတတ်ပါသည်။ ကျွန်မသည် ချစ်သောသူတစ်ယောက်နှင့် လက်ထပ်ကာ ပျော်ရွှင်စရာ မိသားစုဘဝလေးတစ်ခုကို စိတ်ကူးယဉ်ခဲ့ဖူးသည်။ သားကို အလွန်ချစ်သည်ဟု နာမည်ကြီးသော ယောက္ခမတစ်ဦးကိုလည်း စိတ်ထဲကနေ ကျိတ်စိန်ခေါ်ခဲ့ဖူးသည်။

ယခုတော့ အရာတိုင်းသည် ကျွန်မ၏ယောက္ခမကြီးကြောင့် ပြောင်းလဲသွားခဲ့ရတာတွေသာ ဖြစ်လေသည်။ ကျွန်မနေရာမှာသာ တခြားမိန်းမတစ်ယောက်ဆိုလျှင် ထိုပြောင်းလဲမှုကို လက်ခံနိုင်ချင်မှ လက်ခံပေလိမ့်မည်။ ကျွန်မကတော့ ကျေကျေနပ်နပ်ကြီး လက်ခံခဲ့သည်။ သူ့အတွက်လည်း ဝမ်းမြောက်ဝမ်းသာပေးခဲ့သည်။

ကျွန်မ မကူညီနိုင်ခဲ့သော လွတ်မြောက်ခြင်းကို သူရှာဖွေတွေ့ရှိသွားခဲ့သည့်အတွက် ကျွန်မ လိုက်လိုက်လှဲလှဲကြီးကို သာစုခေါ်ခဲ့ပါသည်။ သို့သော် ကျွန်မလို စိတ်ဓာတ်မျိုး မိန်းကလေးတိုင်း ထားချင်မှ ထားနိုင်မည်။ ထို့ကြောင့် ယောက္ခမတော်ခါနီးရင်တော့ စဉ်းစားဖို့ လိုပါလိမ့်မည်။






www.burmeseclassic.com

www.burmeseclassic.com



# အဖြေပေးတဲ့ နေ့

မိန်းကလေးတစ်ယောက်အတွက် ဆင်ခြင်သင့်တဲ့ အကြောင်းလေး တစ်ခု ကို တွေးတတ်စေချင်တဲ့ စေတနာနဲ့ ရေးဖွဲ့ထားတာပါ။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေဟာ ချစ်သူတစ်ယောက်ကို ရွေးချ
ကြတော့မည်ဆိုလျှင် ဘယ်လိုစံနှုန်းတွေနဲ့ ရွေးချယ်တတ်ကြသ
ဆိုတာတော့ အပြည့်အစုံအတိုင်းကို သူမ မသိချေ။

ဘာလို့လဲဆိုတော့ တစ်ယောက်နဲ့ တစ်ယောက်
အကြိုက်ချင်းလည်း သိပ်မတူညီတတ်ကြသောကြောင့် ဖြစ်သည်
သူမကတော့ ရှင်းပါသည်။

ငွေကြေးဥစ္စာရှိသူ၊ တိုင်းတိုင်းထွာထွာ မသုံးစွဲရ
နောက်ဆုံး ကျိုကျိုတက်မချမ်းသာတောင်မှ အတိုင်းအတာတ
ထိ အဆင်ပြေပြေ သုံးစွဲနိုင်သူ၊ အဲဒီလိုလူမျိုးကိုသာ ရွေးချယ်
ဆုံးဖြတ်ထားခဲ့သည်။

ဒါကြောင့် တော်တန်ရုံလောက်ကို အနားသို့
အကပ်မခံချေ။ သူမအကြောင်းကို သိနေသော အခန်းဖော်သူ
ချင်း ညိုလင်းကတော့ အမြဲဖျောင်းဖျတတ်သည်မှာ ...

"မွေးလွန်းရယ် လူတစ်ယောက်မှာ ငွေကြေးဥစ္စာက အ
မကျပါဘူးဟယ်၊ ရိုးသားမှုနဲ့ အကျင့်စာရိတ္တကသာ အ
ကြီးတာပါ၊ ယောကျ်ားလေးတစ်ယောက်မှာဆိုရင် အ





စာရိတ္တက အရေးအကြီးဆုံးပဲ၊ ငွေရှိတိုင်း အထင်ကြီးစရာ
မှ မဟုတ်တာ"

ဟူ၍ ဖြစ်သည်။

ထိုအခါမျိုးတွင် သူမက ညိုလင်းရဲ့ ညိုညိုသွယ်သွယ်
ကိုနာလေးကို ရှုံ့မဲ့ကြည့်ပစ်တတ်လျက် ...

"ညိုလင်းရေ ... ရှင်ကတော့ အဲဒီစိတ်နဲ့ပဲ တင်းတိမ်ရောင့်ရဲ
နေ သိလား၊ ဒါကြောင့် ရှင် အဲဒီ Sale Girl ဘဝက
မတက်တာ၊ လူဆိုတာ မြင့်မြင့်မားမားကိုပဲ မှန်းရတယ်
ကွယ့်၊ ယောကျ်ားတစ်ယောက်ဟာ အကျင့်စာရိတ္တကောင်း
တာတော့ ဟုတ်ပါပြီ၊ ဘာမှအစွမ်းအစ မရှိဘဲ ခပ်တုံးတုံး
ဆိုရင် ဘာသွားသုံးရတော့မှာလဲ။ ကျွန်မကတော့ အဲဒီရိုးပုံ
ရိုးလက်တွေကို ပိုတောင်သဘောမကျသေး။ ယောကျ်ားဆို
တာ သွက်လက်ထက်မြက်နေမှ၊ အဲဒါမျိုးကိုပဲ ရွေးချယ်မှာ"

"ဟင် ... ဒါဆို ရှင့်ကို လာလာတွေ့နေတဲ့ မြတ်မင်းကို
ရော"

သူမက ချက်ချင်းပင် မျက်လုံးထဲ၌ မြတ်မင်းရဲ့ပုံစံ
မြင်ယောင်လာကာ နှာခေါင်းရှုံ့ပြမိသည်။ သူမနှင့်အတူတူ
ဌာနတစ်ခုတည်းမှာ အလုပ်လုပ်လျက်ရှိသော မြတ်မင်းဟာ
တို့နှင့် မနီးမဝေးရှိ အဆောင်မှာနေလျက် သူမတို့လိုပဲ နယ်
ဖြစ်သည်။ ဒီလိုလူမျိုးကိုတော့ သူမက နှုတ်ခမ်းပဲ့ချင်း မီးမှုတ်
စိတ်ကူးမရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘာသာ လာတွေ့နေတာပဲ၊ အနည်းဆုံးတော့ သူ... တာ အကြော်တို့၊ နေကြာစေ့တို့ စားရတာပေါ့ဟာ၊ ... ဟင်းမချက်ရင်လည်း လမ်းထိပ်ကို ဟင်းထွက်ဝယ်ခိုင်း... ရတာပေါ့၊ မဟုတ်ဘူးလား"

သူမက အရေးမပါသလိုပုံစံနှင့် ပြောလျှင် ညို... ၏ မျက်လုံးတွေမှာ ပုစွန်မျက်လုံးလောက် ပြူးထွက်လာလျှ...

"အယ် ... ရှင်က အဲဒီလိုတော့ မလုပ်ပါနဲ့ဟယ်၊ သူ့... သနားပါတယ်၊ ရှင် မချစ်နိုင်ရင်လည်း မျှော်လင့်ချက်... ပေးမနေနဲ့ပေါ့၊ ကြိုးရှည်ရှည်နဲ့ လှန်ထားတာ မကောင်း... ဘူး၊ သူက ငွေမရှိပေမဲ့ ရိုးသားပြီး ရှင့်ကို တကယ်... တဲ့သူပါ"

"ကဲ ... ဒီလောက်တောင် ဖြစ်နေရင်လည်း ရှင်ပဲယူ... တော့။ မှတ်ထား ဒေါ်ညိုလင်းရေ၊ ရိုးသားတာက ဘာ... လို့ မရဘူးဟဲ့၊ သိလား"

သူမက အနိုင်မခံဘဲ ပြန်အော်လျှင် ညိုလ... သက်ပြင်းသာချလျက် ဘာမှဆက်မပြောတော့ပေ။ သူမက... အဲဒီလို ရိုးသားရုံမျှလေးနှင့် စိတ်တိုင်းမကျနိုင်ခဲ့ပါ။ ချစ်ဖို့... စိတ်မကူးခဲ့သေးပေ။

နောက်တစ်ယောက်ကိုတော့ သိပ်မကြာခင်မှာပဲ ... ခဲ့တာဖြစ်၏။ ပထမတော့ သူ့ကို သတိမထားမိသေးချေ။ ... သွားဖို့ ဘတ်စ်ကားဂိတ်သို့ လမ်းလျှောက်သွားလျှင် လက်...





...င့်ရှေ့က အမြဲဖြတ်သွားရလေရာ ထိုဆိုင်ထဲကနေ၍ စောင့်စောင့် ...ည့်တတ်သော မျက်ဝန်းတစ်စုံကို အတန်ကြာမှ သတိထားမိ ...ရခြင်းဖြစ်သည်။

မြင်လိုက်တာနှင့် တန်ဖိုးကြီးမှန်း သိသာစေသော ...တ်အစားတွေကြောင့် သူ့ပုံစံဟာ သပ်ရပ်ကြော့ရှင်းလို့နေသည်။ ...တ်မင်းလို ပြည့်တွင်းဖြစ် ရုပ်အင်္ကျီနှင့် ဈေးသိပ်မပေးရသော ...င်းဘောင်းဘီမျိုးကို သူ မဝတ်ပေ။

ရက်အနည်းငယ်ကြာလျှင် သူက သူမရဲ့နံဘေးသို့ ...ည်လို ရောက်ရှိလို့လာလေသည်။ အရောင်လွင်လွင် တီရှပ် ...ကောင်းစားနှင့် ဘောင်းဘီအိတ်ထဲ လက်နှိုက်ကာ All Star ...် စီးထားသော သူ့ကို သူမက အကဲခတ် ကြည့်ရုံမျှဖြင့် သူ ...မခေဘူးဆိုတာကို ချက်ချင်းသိ၏။ အမယ် ... သူ့လည်ပင်း ... Sony MP.3 ဆွဲထားသေးတယ်တော့။

ဒီလိုနှင့် မြတ်မင်းနှင့်တုန်းက မခုန်ခဲ့သောရင်သည် ...င်တစ်စ လှုပ်ရှားသက်ဝင်လို့လာသည်။ ဒါတောင် သူက ...ပုန်းနှင့် ကားမပါသေး။ အဲဒါဆိုလျှင်တော့ ရင်တွေခုန်ရ ...သဖြင့် ပွင့်သွားမလားတောင် မသိချေ။

"ကိုယ့်နာမည် နိုင်ရဲညီပါ"

သူက ဘေးကနေလိုက်၍ မိတ်ဆက်စကား စပြော ...် သူမက အသာပြုံးလျက် ...

"ဘယ်သူက မေးနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိစေချင်လို့ပါ မွေးလွန်းခင်၊ ကျေးဇူးပြုပြီး မိတ်ဆွေဖြ ခွင့် ပေးပါနော်"

သူမနာမည်ကို သူက သိနေသဖြင့် ရင်ထဲမှာတော့ ကျေနပ်သွားရသေးသည်။ ဒါဆို သူမအကြောင်းတွေကို သူစုံစမ်း ထားပြီးသားနေမှာပဲ။ ထင်သည့်အတိုင်းပင် သူက ဆက်ပြောသည် မှာ ...

"မွေးလွန်းခင်က ရုံးကို နေ့တိုင်း သွားရတယ်နော်၊ အဲ ကျွန်တော် အကြိုအပို့ လုပ်ပေးပါရစေ"

"ဟင့်အင်း ... မလိုပါဘူး၊ တို့က မြင်မြင်ရာနဲ့ မခင်တတ် ဘူး"

"အာ ... အဲဒီလိုတော့ မရက်စက်ပါနဲ့၊ ပေါင်းကြည့်မှ အကြောင်းသိမှာပါ၊ ခင်ကြည့်ပါနော်"

ထိုအချိန်တွင် ဘတ်စ်ကား လာပြီဖြစ်သဖြင့် သူမ က ပခုံးအသာတွန့်ပြကာ ကားပေါ်သို့ ခပ်သွက်သွက် ပြေးတက် လိုက်လျှင် သူကပါ လိုက်တက်၍လာသည်။ သူမက မသိချင် ဟန်ဆောင်ကာ တစ်ဖက်သို့ လှည့်နေလျှင် သူက အလိုက်သိစွာ ပင် စကားတွေ လာမပြောတော့။

သို့သော် ရုံးရောက်၍ ခြင်းထဲသို့ အမှတ်မထင်ကြည့် လိုက်မိလျှင် ဝက်ဝံရုပ်သေးသေးလေးနှင့် ကတ်လေးတစ်ကတ် အံ့သြစရာ တွေ့ရလေသည်။ ချက်ချင်း မြင်ယောင်လာမိသည်မှာ သူ့ကိုပဲဖြစ်၏။ ထင်သည့်အတိုင်း ကတ်ကိုဖွင့်ကြည့်လိုက်သော





"မျှော်လင့်နေမယ် နိုင်ငံရဲ"ဟူသော စာသားလေးတွေကို တွေ့လိုက် ရတာဖြစ်သည်။

အင်း ... ဒီကတ်မျိုးဟာ စီးတီးမတ်မှာ တွေ့ဖူးတာ အနည်းဆုံး တစ်ထောင့်ငါးရာလောက်တော့ ရှိသည်။ ဝက်ဝံရုပ် လေးကလည်း နှစ်ထောင်လောက် ရှိမှာပဲ။ ဒါလေးနှင့်တောင် ဒီလောက်ဖြုန်းနိုင်သော ထိုကောင်လေးကို သူမက စိတ်ထဲမှာ ထည့်ထားလိုက်လေတော့သည်။

သူမ ထင်သည့်အတိုင်း နောက်နေ့တွေမှာလည်း သူက တစ်နေ့တစ်မျိုး မရိုးရအောင် ခြင်းထဲသို့ ပစ္စည်းတွေ ထည့်ထည့်သွားတတ်ပါသည်။ တစ်ခါတလေ ချောကလက်အပြား ကြီးတွေ၊ တစ်ခါတလေလည်း ခေါင်းစည်းကွင်း လှလှလေးတွေ၊ တစ်ခါတလေ ဖန်စီနားဆွဲလေးတွေ၊ မွေးပွလက်ကိုင်ပဝါ အကောင်း စားလေးတွေ တစ်မျိုးပြီးတစ်မျိုးဖြင့် ဆွဲဆောင်တတ်သူဖြစ်၏။ ထိုအကြောင်းလေးတွေကို သူမက ညိုလင်းအား ...

"ညိုရေ ဒီတစ်ခါတော့ အမိုက်စားလေးဟ သိလား၊ ရုပ် တော့ မဟုတ်ပေမဲ့ ငါ့ကိုချဉ်းကပ်သမျှထဲမှာတော့ အမိုက် ဆုံးပဲပေါ့ဟယ်၊ မဆိုးပါဘူး၊ ရုပ်လေးက သန့်တယ်သိ လား၊ ဝတ်စားတာလည်း တကယ့် Brand တွေချည်းပဲ၊ မြတ်မင်းနဲ့ ဘာမှမဆိုင်ဘူး၊ ငါ့ကို ပိုးနေတာတောင် ဒီလောက်ပေးနေရင် ချစ်သူများဖြစ်ရင် ဘယ်လောက်များ ပေးမလဲမသိ"



www.burmeseclassic.com

www.burmeseclassic.com



"မွေးရယ် အဖြေပေးတော့မလို့လား၊ သေချာစုံစမ်းပြီး စဉ်းစားပါဦး"

"ညိုကလည်း သိပ်အဘွားကြီးဆန်တာပဲ၊ ဒီခေတ်မှာ ဒီလို ပဲဟာကို၊ သူက ငါ့ကို အဖြေတောင်းနေပြီဟ၊ ဒါပေ ငါက တစ်လစောင့်ခိုင်းထားပါတယ်"

သူမက အဲဒီတစ်လအတွင်းမှာ သူ့ကိုသေချာအက ခတ် စောင့်ကြည့်ခဲ့သေးသည်။ သူ့အစ်ကိုနှင့်အတူ ကားအရောင်း အဝယ် လုပ်နေသည်ဆိုသော အဖြေကလည်း မြတ်မင်းထက် လျှင် ကောင်းသောအခြေအနေ ဖြစ်သည်။

ဒီလိုနှင့် တစ်လပြည့်သောနေ့ ရောက်ဖို့အတွက် အချိန်က တစ်ပတ်မျှခန့်ပဲ လိုတော့ပါသည်။ ထိုအချိန်မှာ သူ က မြတ်မင်းကိုလည်း ကြိုးတိုတိုနှင့် ဖြတ်ချလိုက်ပြီဖြစ်သည် ဘယ်လောက် ရက်စက်သလဲဆိုလျှင် ...

"မြတ်မင်းရေ ... ငါချစ်သူထားတော့မှာဟ၊ အဲဒါ နင်တော မဟုတ်ဘူးနော်၊ နင်မယုံမှာစိုးလို့ သူလာရင် ငါ မိတ်ဆက် ပေးမယ်၊ ဒီတော့ နင် ငါ့ကို မျှော်လင့်မနေပါနဲ့တော့ဟာ"

သူက သူမရဲ့ရုံးကို ညနေပိုင်း လာကြိုလျှင် သူ က သူနှင့် မြတ်မင်းကို မိတ်ဆက်ပေးလိုက်သည်။ တောက်ပသ လွင်စွာ ဝတ်စားထားသော သူ့ကို မြတ်မင်းက သေချာ အကဲခတ်လျက် သူမအနားနားသို့ တိုးတိုးလေးကပ်ကာ ပြောသည် မှာ "နင် ရွေးမယ်ဆိုလည်း ရွေးလောက်ပါတယ်"တဲ့။





သူမက အဲဒီအပြောအတွက် တိတ်တဆိတ် ကျေနပ် လို့နေခဲ့ပါသည်။

သူမတို့ရုံးက စနေ၊ တနင်္ဂနွေပိတ်လေရာ သူမက သူ့ကို အဖြေပေးဖို့အတွက် တနင်္ဂနွေနေ့ကို ရွေးချယ်လိုက်ပါ သည်။ ဒါကြောင့် စနေနေ့ကို ဘယ်မှသွားဖို့ စိတ်မကူးတော့ဘဲ အခန်းအောင်းဖို့သာ စိတ်ကူးတော့သည်။ မနက်ဖြန်အတွက် ကြိုတင် ရင်ခုန်ထားသဖြင့် ညိုနှင့် အလှူလိုက်ဖို့တောင် မလုပ်တော့ပေ။

"ညိုရေ ... ကျွန်မ မလိုက်တော့ဘူးဟယ်၊ ရှင်ပဲ သွားလိုက် တော့နော်၊ ပိုစားခဲ့ သိလား"

ညိုက သူ့အဒေါ်ရဲ့ မြောက်ဒဂုံနေအိမ်မှအလှူကို သွားမှာဖြစ်သည်။ သူမအပြောကို ရိပ်မိဟန်ဖြင့် ...

"အေးပါ သိပါတယ်၊ အတွေးနဲ့ ပျော်ပေဦးပေါ့၊ ကျွန်မဖို့ ထမင်းမချက်နဲ့တော့နော်၊ ညမိုးချုပ်မှပဲ ပြန်ရောက်မှာ"

"အင်းပါ၊ ဟဲ့ ... ရှင့်လည်ပင်းကလည်း ပြောင်သလင်း ကြီး ဖြစ်နေတယ်၊ နေဦး ... ကျွန်မဆွဲကြိုးလေး ဆွဲသွား ပါဦး"

သူမက အမေ့အမွေမို့ သေချာစွာ ထုပ်သိမ်းထား သော ရွှေဆွဲကြိုးနှင့် အသည်းပုံလော့ကက်ကလေးအား ညို့လည် ပင်းမှာ ဆွဲပေးလိုက်လေသည်။ ညိုက ဆွဲကြိုးဝင်းဝင်းလေးဖြင့် ခန့်ရသွားတာကို ငုံ့ကြည့်ရင်း ...

"ကျေးဇူးပဲ မွေးရေ၊ သွားပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



ညို ထွက်သွားလျှင် သူမကလည်း ခုတင်ပေါ်မှာ နမ့်ပေါ် လက်တင်လျက် စိတ်ကူးတွေယဉ်ကာ ကျန်ရစ်ခဲ့၏။ သူ့ကိုအဖြေပေးလျှင် ပြုံးပြုံးပဲ ခေါင်းညိတ်ပြရမလား။ ချစ်ပါတယ် ဟု တိုးတိုးလေးပဲ ကပ်ပြောရမလား။ အို ... တခြားမိန်းကလေး တွေရော ဘယ်လိုပေးကြတာပါလိမ့်။

တနင်္ဂနွေနေ့ရောက်လျှင် သူမက သူ့ကို ချစ်တယ် ဟု တိုးတိုးလေး ပြောလိုက်ရုံမျှဖြင့် အဖြေပေးခြင်းဟူသော အမှု က ပြီးမြောက်သွားခဲ့သည်။ သူက မျှော်လင့်ထားသော်လည်း ကျေနပ်ရွှင်ပျသည့် မျက်နှာဖြင့် သူမကို တစိမ့်စိမ့် ငေးစိုက်ကြည့် ကာ ...

"ဒီနေ့ ကိုယ်တို့ ချစ်သူစဖြစ်တဲ့နေ့ မွေးက ကိုယ့်ကို အဖြေပေးတဲ့နေ့၊ အမှတ်တရအနေနဲ့ မွေးကို လက်ဆောင် ပေးစရာရှိတယ်"

"ဘာပေးမလို့လဲဟင်"

သူမက မျှော်လင့်ထားပြီးသား ဖြစ်သော်လည်း မသိသလို မေးလိုက်လျှင် သူက လျှို့ဝှက်အပြုံးတစ်ခုဖြင့် ...

"မျက်လုံးခဏမှိတ်"

"အာ ... ဘာလုပ်မလို့လဲ၊ ရှင်နော် အခုမှ အဖြေပေးထား တာ၊ အခွင့်အရေး မယူနဲ့"

သူမက သူများဆိုကရလျှင်သာ မက်မောတတ်သူ ဖြစ်၍ ကိုယ့်ဘက်ကျတော့ နည်းနည်းမှ အပွန်းခံချင်သူ မဟုတ်ပေ





"ဘာမှ မလုပ်ပါဘူးကွာ၊ မျက်လုံးလေးသာ ခဏမှိတ်ထား ပေးပါ ပလိစ်"

သူက မျက်လုံးတစ်ဖက်ပင် မှိတ်ပြကာ အကဲပိုပို ပြောလျှင် သူမက မျက်စောင်းပျော့ပျော့ တစ်ချက်ဖြင့် အသာ မျက်လုံးမှိတ်ပေးလိုက်ရသော်လည်း သတိကတော့ အပြည့်ဆွဲ ထားလေသည်။

သို့သော် သူက မသင်္ကာစရာ ဘာမှမလုပ်ပါ။ သူမ လည်ပင်းမှာ တစ်စုံတစ်ရာကို ချိတ်ဆွဲပေးလိုက်တာဖြစ်၏။ မျက်လုံး ဖွင့်သော်လည်း သူဆွဲပေးသောကြိုးက ခပ်တိုတိုမို့ ကိုယ့်ဘာသာ ပြန်မမြင်ရချေ။

"ဟာ ... မွေးနဲ့ အရမ်းလိုက်တယ်၊ ကိုယ်က သေချာမှာ ပြီး မွေးနာမည်တောင် ထိုးခိုင်းထားတာ"

"ဟုတ်လား၊ ဘာလေးလဲဟင်"

"အဆောင်ရောက်မှ မှန်ကြည့်တော့ကွာ၊ လော့ကက်လေးမှာ M လို့ ထိုးထားတယ်"

မွေးသည် မထူမပါး ကြိုးလေးနှင့် ဖုတုတု လော့ ကက်လေးကို ရွှေလားဟု မေးချင်စိတ်ကို အတော်အောင့်အည်း ထားရသည်။

လော့ကက်ကလည်း ဘာပုံမှန်းမသိ။ ထိုတစ်နေ့လုံး သူနှင့်လျှောက်လည်နေရသော်လည်း အဆောင်ပြန်၍ မှန်ကြည့် ချင်စိတ်ကို အတော်ကြီး အောင့်အည်းထားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ အဆောင်သို့ ပြန်ရောက်လျှင် ညို့ကိုမတွေ့ရဘဲ ညို့ကိုယ်စား စာတစ်စောင်က ဆီးကြို၍နေလေသည်။ အဆောင်မှူးက ပြောသည်မှာ ...

"မွှေးရေ ညိုတစ်ယောက် မွှေး အပြင်ထွက်သွားပြီး မျက်နှာမသာမယာနဲ့ ပြန်ရောက်လာတာ၊ အဲဒါ မြို့ကိုခဏ ပြန်မယ်ဆိုပြီး ခွင့်တိုင်သွားတယ်၊ မွှေးအတွက် စာတစ်စောင်တော့ ရေးပေးခဲ့တယ်"

သူမက ညိုနှင့် ညီအစ်မတွေလို နေသူဖြစ်လေရာ ညို့အတွက် ချက်ချင်း စိတ်ပူသွားပြီး စာကို ချက်ချင်းပဲ ဖောက်ဖတ်ကြည့်လေသည်။

"မွှေးရေ ဒီစာကို အလွန်အားနာစွာနဲ့ ရေးထားခဲ့ပါတယ်၊ မနေ့ကညနေမှာ ဘတ်စ်ကားစီးဖို့ ထွက်လာတုန်း လမ်းကြားထဲမှာ ဆွဲကြိုးကို ဖြတ်အလုခံရတယ်။ နေဝင်ရီတရောအချိန်ဆိုတော့ လူကိုလည်း သေချာမမှတ်မိဘူး၊ ကျွန်မလေ တစ်ညလုံး ငိုလိုက်ရတာ၊ အထူးသဖြင့် မွှေးအမေရဲ့အမွေဆိုတော့ ပိုပြီး မျက်နှာပူ အားနာမိတာပါ။ ဒါကြောင့် မွှေးကို အလျော်ပေးဖို့အတွက် အိမ်ကိုခဏပြန်ပြီး ပိုက်ဆံသွားယူပါတယ်၊ တစ်ပုံစံတည်းပြန်လုပ်ပေးပါ့မယ်၊ ကျွန်မကို စိတ်မဆိုးပါနဲ့နော်"

မွှေးသည် ညို့စာကိုဖတ်ပြီးလျှင် ရင်ထဲမှာ မော၍သွားလေသည်။ ဘာမှမတတ်နိုင်တော့ချေ။ ညိုက ရိုးသားသူမို့





အလျော်ပြန်ရမှာ သေချာသော်လည်း ဘယ်လိုပဲ အသစ်ပြန်လုပ်လုပ် အမေ့အမွေ မဖြစ်လာနိုင်တော့ချေ။ အမေ မဆုံးခင် မွှေးဆယ်တန်းကျောင်းသူဘဝမှာ ရှိစုမဲ့စုလေးဖြင့် လုပ်ပေးခဲ့သောဆွဲကြိုးမျှင်လေးနှင့် အသည်းပုံလော့ကက်လေးကို အတော်နှမြောရလေသည်။ အသည်းပုံ လော့ကက်လေးတွင် မွှေးရဲ့နာမည်အတိုကောက် M ဟု ထိုးထားလေရာ မွှေးဟာ ခါးပိုက်နှိုက်ကို ပျစ်ပျစ်နှစ်နှစ်ပဲ ကျိန်ဆဲမိသည်။

ချစ်သူကို အဲဖြေပေးသောနေ့မှာမှ စိတ်အနှောင့်အယှက်က ဖြစ်ရတယ်။ ကျွတ် ... ကံများနေ့ယ်။ မွှေးက တက်တစ်ချက်ခေါက်ကာ အခုမှ သူပေးသော ဆွဲကြိုးကို သွားသတိရမိသည်။ ဟုတ်သားပဲ။ မွှေး အရူးအမူး ကြည့်ချင်ခဲ့သော ဆွဲကြိုးလေးပဲ။

မွှေးဟာ မှန်ရှေ့သို့ အပြေးသွားရပ်၍ ကြည့်မိစဉ် တစ်ခဏမျှတော့ ကြက်သေ သေသွားရလေသည်။

ဘုရား ... ဘုရား ... ဟူသော အသံတွေ ရင်ထဲမှာ ညံ၍သွားသည်။ မွှေး မျက်လုံးတွေကပဲ အမြင်စွဲနေလို့လား၊ ဒါမှမဟုတ် ဆင်တူနေတာလား။ လည်ပင်းနှင့်အတိ အသည်းပုံလော့ကက်ပေါ်မှ M စာလုံးလေးသည် မွှေးကို တစ္ဆေတစ်ကောင်ပမာ ပြုံးပြုံးကြီး ခြောက်လန့်လို့ နေလေသည်။ တစ်သက်လုံးကိုင်တွယ်ခဲ့သော ပစ္စည်းလေးသည် မွှေးကို ရင်းနှီးစွာ နှုတ်ဆက်နေသလိုရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆုံးရှုံးခဲ့ပြီဟု ထင်သော အမေ့အမွေကို ချစ်သူက အဖြေပေးသည့်နေ့အတွက် အမှတ်တရလက်ဆောင် ပေးခဲ့သည်ကို မွေး ဝမ်းသာစွာဖြင့် ညို့ကို ကြွားရဦးမှာလား။ ညိုရေ ...။





# ဆုမြတ်မွန်မွန်

ယောကျ်ားလေးတစ်ယောက်ကိုချစ်မိတဲ့အခါ



IMAGE မဂ္ဂဇင်း
(၂၀၀၅)၊ အောက်တိုဘာလ

Design L လင်း

www.burmeseclassic.com

www.burmeseclassic.com



# ယောက်ျားလေးတစ်ယောက်ကို ချစ်မိတဲ့အခါ

ယောက်ျားလေး တစ်ယောက်ကို ချစ်မိတဲ့အခါ ...

ကိုယ့်စိတ်တိုင်းကျထက် ...

သူ့စိတ်တိုင်းကျ ပိုနေပေးတတ်တဲ့ သူငယ်ချင်းတစ်ယောက်ကို ကြည့်ပြီး ရေးဖွဲ့ထားတာပါ။

www.burmeseclassic.com

www.burmeseclassic.com



၁

ထိုနေ့သည် ရန်ကုန်တက္ကသိုလ်၏ မောင်မယ်သစ် လွင်ကြိုဆိုပွဲနေ့ ဖြစ်သည့်အလျှောက် ကျောင်းဝင်းထဲတွင် အထူး စည်ကားပါသည်။ Fresher Welcome တွင် ခေတ်မီဒီဇိုင်းနှင့် နသစ်သော ကောင်လေးတွေ၊ ကောင်မလေးတွေကို ဘယ်ဟာ အလှဆုံး ဆိုတာကိုပင် ရွေးမြဲဖို့ ခက်ခဲလှသည်။

ယောကျ်ားတွေကလည်း တစ်ယောက်ကို ဒီဇိုင်းတစ် မျိုးစီနှင့် စတိုင်လ်ကျသူများသလို မိန်းကလေးတွေကလည်း သူ ထက်ငါ အပြိုင်အဆိုင်ပင် ဝတ်စားထားကြသည်မှာ ဖက်ရှင်ပွဲတော် တစ်ခုနှင့်ပင် ဆင်တူနေလေသည်။ အားလုံးဟာ သောကကင်း ကင်းနှင့် ပျော်ပျော်ရွှင်ရွှင် လူငယ်များ ဖြစ်ကြသည်။

သို့သော် တစ်နေရာတွင် ငြိမ်သက်ကာ ပုန်းလျှိုး နေသူတစ်ယောက်လည်း အမှန်တကယ်ကို ရှိနေခဲ့ပါသည်။ သူ တကာတွေ ပျော်နေသော ထိုပွဲသည် သူမနှင့် ဘာမှမဆိုင်သလို





ားရသည်။ လူရှေ့ထွက်ပြရမှာကို မဝံ့မရဲရှိလှသော သူမအတွက် သိုပွဲမျိုးကို အမှန်တကယ်ကို မသွားချင်ပေ။ မေမေက ဖွတ် တင်း လွှတ်၍သာ လာခဲ့ရသော်လည်း ဒီပွဲမှာ သူမအတွက် ော်ရွှင်စရာ ဘာတစ်ခုမှ ဖြစ်လာလိမ့်မည် မဟုတ်ဆိုတာ ကြိုသိ ခဲ့သည်။

လူတွေက သူမကိုမြင်လျှင် ပြုံးချင်သော မျက်လုံး ။ စနောက်ချင်သော အကြည့်တွေဖြင့် ကြည့်တတ်ကြတာကို မကြိုက်ချေ။ ဒီထက်ပိုစွာဖြင့် ရွယ်တူကောင်လေးတွေ၏ ောက်ခြင်းကို ခံရလျှင် သူမ အတော်ဒေါသထွက်ရလေသည်။ ါတလေကျလျှင် ဝမ်းနည်းရလွန်းသဖြင့် မျက်ရည်တောင် ျင်သည်။ သူတို့ စ,နောက်ချင်စရာ ကောင်းလောက်အောင်ကို ည်း သူမက ဝလွန်းသောသူတစ်ယောက် ဖြစ်သည်။

သူမရဲ့ မျက်နှာလေးက ကလေးဆန်စွာနှင့် ချစ်စရာ ောင်းသည်ဟု လူတိုင်းက ပြောတတ်ကြသော်လည်း ခန္ဓာကိုယ် ကြောင့် ဘယ်လိုမှ ကြည့်မကောင်းနိုင်ခဲ့ချေ။ မျက်နှာလေး ချောမောလျက် လူကဝလွန်းနေသောအခါ ပို၍စိတ်ဝင်စား ဖြစ်လျက် လူတွေက အထူးသဖြင့် ကောင်လေးတွေက ပို၍ ောပြောင်ကြလေသည်။ တချို့ ရွယ်တူကောင်မလေးတွေက း သူမကိုတွေ့လျှင် ပြုံးစိစိဖြင့် လှောင်ချင်သလိုလို၊ ရယ်ချင် င် ကြည့်တတ်ကြတာကိုလည်း သူမ အတော်မုန်းတီးမိ



www.burmeseclassic.com

www.burmeseclassic.com



သွယ်သွယ်လျလျ ပါးပါးလျားလျားလေးတွေမှ ရ ရာဝင်သလို ခေတ်ကြီးထဲမှာ သူမက ဖက်တီးဘုတ် ဖြစ်နေခြင် သည် တစ်ဦးတည်းသော သမီးလေးမို့ ချစ်အားပိုလွန်းလှစွာဖြ ငယ်စဉ်ကတည်းက အားဆေးမျိုးစုံတိုက်၊ အစားမျိုးစုံကျွေး ဝဝကစ်ကစ်လေးဖြစ်အောင် ဖန်တီးပေးခဲ့သော မိဘနှစ်ပါးကို အပြစ်တင်ရမလား။

ဒါမှမဟုတ် ဝမ်းမီးတောက်နေချိန် ကိုယ်တိုင် အစားကို စားရကောင်းမှန်းသိကာ အရသာခံစားတတ်လာသေ ဆယ်ကျော်သက်အရွယ် ကလေးဘဝက ကိုယ့်ကိုယ်ကိုယ်ပဲ အပြ တင်ရတော့မလား ဘာကိုမှ မဝေခွဲနိုင်တော့။

သေချာတာကတော့ လှချင်ပချင်သည့် အပျိုအရွ လေးမှာ သူမက တော်တော်ဝဖြိုးနေခဲ့လေပြီ။ ကလေးဘဝတု ကသာ ဝဝကစ်ကစ် ဆိုတာမျိုးလေးသည် လူတကာချီချင်၊ န ချင်စဖွယ် ဖြစ်ခဲ့သော်လည်း၊ အပျိုအရွယ်လေးမှာ ဝဝကစ်က ဆိုတာမျိုးသည် ဘယ်လိုမှ လှနိုင်စရာ အကြောင်းမရှိတော လှလို့ဝလို့ဟူသော ခေတ်ကား သူမရဲ့အသွားလက်ထက်မှာ က ခဲ့ပြီ။

ကမ္ဘာကြီးကို ရွာတည်ထားသော ဂလိုဘယ်လိုက် ရှင်းခေတ်ထဲတွင် သူမအတွက် နေရာမရှိတော့။ အဲဒီအတွ သူမသည် အစအနောက်တွေ၊ အလှောင်အပြောင်တွေ ခံရဖန် လာသောအခါ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနည်းပါးလာခဲ့သ





ူတောမတိုးချင်တော့။ ရွယ်တူကောင်မလေးတွေ သေးသေးသွယ် ွယ်လေးတွေဖြင့် Fancy ကျကျ ဝတ်စားထားနေချိန်မှာ သူမ င့်တန်သော Fancy ဝတ်စုံဆိုတာ မရှိတော့။

မေမေက Gym မှာ သွားကစားလို့ ပြောသော်လည်း ူမက အပင်ပန်းလည်း မခံနိုင်ပြန်ချေ။ လူက အဆီပိတ်နေသလို စ်လျက် နည်းနည်းလုပ်တာနှင့် မျှားမျှားမောလျက်ရှိကာ လေ့ င့်ခန်းလုပ်ဖို့ ဆိုတာလည်း ခေါင်းထဲမထည့်တော့။ နောက်ဆုံး ာ့ အစားကောင်းကောင်း ဘယ်မှာရသလဲ ဆိုတာသာ အာရုံ က်လျက် လောကကြီးကို အရွဲ့တိုက်ပစ်ချင်စိတ်ဖြင့် အစား သောက်ဘက်ကိုသာ အပြီးတိုင် အာရုံနှစ်မြုပ်လိုက်သည်မှာ ယ်တန်းစာမေးပွဲ ဖြေပြီးသည့်အချိန်မှစ၍ ဖြစ်လေသည်။

ယခုလို တက္ကသိုလ်တွေ ပြန်ဖွင့်သောအချိန်မှာ င်စုံအလှအပတောထဲ သူမ မဝင်ချင်တော့။ အဝေးသင်တက် ာ ရည်ရွယ်ချက်ရှိတော့သော သူမကို မေမေက တစ်ခွန်းတည်း ပြောလိုက်သည်မှာ ...

"အဝေးသင်တက်ရင် လစဉ်သုံးနေတဲ့ နင့်အသုံးစရိတ်တွေကို အကုန်ဖြတ်ပစ်မယ်၊ ကားလည်း မသုံးရတော့ဘူး၊ ကိုယ့်ဘာသာ ဘတ်စ်ကားပဲ စီးသွားတော့။ ဘယ့်နှယ်တော် သမီးလေး တစ်ယောက် မွေးထားပါတယ်။ ထက်ထက်မြက်မြက်နဲ့ Sharp ဖြစ်မလား မှတ်တယ်၊ တစ်နေ့တစ်နေ့ စားဖို့ပဲ စိတ်ကူးနေတဲ့ အီးပေါ်လောပဲ ဖြစ်နေတော့တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



နှင့် လူတောထဲဝင်မှ ကိုယ့်ကိုယ်ကိုယ် ပြုပြင်ရကောင်း မှန်း သိလာမှာ၊ ဒါ တစ်ချက်လွတ် အမိန့်ပဲ”

မေမေက သူမကို အညာကိုင်လိုက်တာမှန်း သဘော ပေါက်သော်လည်း မငြင်းဆန်နိုင်တော့။ မေမေကား ပြောလျှင် ပြောသလိုလုပ်သော အမေဖြစ်သဖြင့် သူမကား မေမေ့ကိုတော လန့်လှလေသည်။

သူမ အကြောက်ဆုံးကတော့ ဘတ်စ်ကား တိုးစီး မည့်ကိစ္စပဲဖြစ်သည်။ သူမရဲ့ခန္ဓာကိုယ်နှင့်သာ ဘတ်စ်ကားစီးရလျှင် သက်သာမှာ မဟုတ်ချေ။

ထို့ကြောင့် နောက်ဆုံးတော့ စိတ်ညစ်ညူးစွာနှင့် ဤပွဲသို့ ရောက်ရှိနေရခြင်း ဖြစ်ပါသည်။ ပွဲသို့ရောက်နေသော် လည်း သူမမှာ လူမြင်သူမြင်နေရာ၌ မထိုင်ဝံ့ချေ။ အားလုံး မြင်နိုင်သော်လည်း တိုင်နှင့်ကွယ်နေသော နောက်ဘက်ကျ ထောင့်စွန်းစားပွဲမှာသာ ခပ်ကုပ်ကုပ်ထိုင်ကာ ရွှင်မြူးတက်ကြွ ကြသော ကောင်မလေးတွေကို ငေးနေမိတာဖြစ်သည်။

သြော် ... သူတို့များကျတော့လည်း အဆင်ပြေ လိုက်ကြတာ။ ဟော ... တချို့ကောင်လေးတွေ၊ ကောင်မလေး တွေဆိုရင် ဇာတ်လမ်းလေး တွေတောင်ဖြစ်လို့။ သူမကတော့ ဒီနေ့ဒီအချိန်ထိ စိတ်လှုပ်ရှားမှု ဆိုတာမျိုးတောင် ဝေးပါသည် သူမကိုလည်း ဘယ်ကောင်လေးကမှ စိတ်မဝင်စားသလို သူမ လည်း ဘယ်သူ့ကိုမှ စိတ်မဝင်စားခဲ့။ အချစ်ဆိုတာ အလကား





ပဲတွေ။ မုန့်ဟင်းခါးတစ်ပွဲလောက်တောင် စိတ်ဝင်စားဖို့ မကောင်း ဘူးလေ။

တွေးမိတွေးရာတွေ တွေးနေတုန်းမှာပဲ သူမတို့မေဂျာ King ရွေးချယ်ပွဲ စတင်နေပြီဖြစ်ကြောင်း သတိပြုမိလေသည်။ တွေကိုဖြည့်လျက် အမှတ်ပေါင်းနေကြပြီဖြစ်သည်။ Queen ကို တော့ အရင်ရွေးပြီးသွားပြီဖြစ်ရာ Queen ရသော ကောင်မလေး သည် မော်ဒယ်လ်လိုလို ဘာလိုလိုပုံစံလေး ဖြစ်သည်။ ခဏကြာ သောအခါ King ရသောသူကို ကြေညာသည်။

“မုတ်သုန် ဖြစ်ပါတယ်ခင်ဗျာ၊ ကဲ ... မတ်တတ်ရပ်ပြပါ ဦး”

ကျောင်းသားခေါင်းဆောင်က ကြေညာသောအခါ ကောင်လေးက မတ်တတ်ရပ်ပြလေသည်။ သူမက ထိုကောင် ကိုကြည့်ကာ စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်ရသည်။ ထို King သူမ တစ်နေရာရာမှာ ရင်းရင်းနှီးနှီး မြင်ဖူးနေသလိုပင်။ အဆိုတော်လား၊ မော်ဒယ်လ်လားဟု စဉ်းစားသော် သည် တစ်ခုမှမဟုတ်။

ဒါဆို သူမရဲ့သူငယ်ချင်းလား။ ဒါလည်းမဖြစ်နိုင် သူ ဘယ်သူလဲ၊ ဘယ်မှာမြင်ဖူးတာလဲ။ ကျွတ် ... သူမရဲ့ က်တွေပါ အဆီပိတ်ကုန်ပြီ ထင်ပါရဲ့။ သူမရဲ့အတွေးတွေ က်ယက်ခတ်နေတုန်းမှာပဲ လုံးဝမထင်မှတ်ထားသော ကိစ္စ ကို ကြုံလိုက်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကတော့ ကျောင်းသားခေါင်းဆောင်က King ရဲ့လက်ထဲကို နှင်းဆီပန်းတစ်ပွင့် ထည့်ပေးလျက် သူနှစ်သက် သဘောကျသော မိန်းကလေးကို ပန်းပေးခိုင်းတာပဲ ဖြစ်လေသည်။ King သည် ခန်းမကျယ်ထဲသို့ တစ်ချက်မျှ ဝေ့ဝဲကြည့်လိုက်ပြီး လျှင် နှင်းဆီပွင့်ကိုကိုင်ကာ စင်ပေါ်မှ ခပ်ပြုံးပြုံး ဆင်းလာခဲ့သည်။

သူမကတော့ တိုင်ကွယ်မှနေ၍ King ကို စိတ်ဝင် တစား အကဲခတ်ရတာ အမောပင်။ သူသည် King ရလော အောင်ကိုပင် သူ့အသားအရေမှာ မြန်မာပြည်မှာ နေခဲ့ဖူးသော မဟုတ်သလို ပန်းရောင်ပြေးနေသည်။ ဆံပင်ပုံစံကအစ ပုံကျ သူနှင့် အတော်လိုက်ဖက်သည်။

သူ့ခန္ဓာကိုယ်မှာ ပိန်လည်းပိန်၊ ဝလည်းမဝ၊ ကြွ သားတွေ ထနေတာမျိုးလည်း မဟုတ်ဘဲ ခပ်မတ်မတ်နှင့် ကြည့် ရတာ အတော်စတိုင်လ်ကျလှသည်။ သူ ဘယ်သူ့ကိုများ ပန်းပေ မှာပါလိမ့်။

သူမက စိတ်ဝင်တစား ရှိနေတုန်းမှာပင် သူ သူမ ရှေ့သို့ တန်းတန်းမတ်မတ်ပင် ရောက်လာခဲ့လေသည်။

သူက သူမကို ခပ်ပြုံးပြုံး စိုက်ကြည့်ကာ သူ့လက် က နှင်းဆီပွင့်ကို သူမထံသို့ ကမ်းပေးလိုက်လေသည်။ ရုတ်တရ ဘယ်လိုမှ မျှော်လင့်မထားသော ကိစ္စဖြစ်သဖြင့် သူမက သူ့ ကြောင်စီစီနှင့် မော့ကြည့်လျက် ...

"ရော့ ... ယူလေ၊ ကိုယ့်ကို အရှက်တော့မခွဲလိုက်နဲ့နော်





သူက သူမရဲ့လက်ထဲသို့ ထည့်ပေးလိုက်ကာ စင် ဘက်သို့လှည့်၍ လက်နှစ်ဖက် ဖြန့်ပြလိုက်သေးသည်။ သူနှစ် သက် သဘောကျတဲ့သူကို ရွေးချယ်ပြီးပါပြီဆိုတဲ့ သဘောပေါ့။ အဲဒီအခိုက်မှာပဲ သူ ဘယ်သူ့ကို ပန်းပေးမလဲဆိုတာ အာရုံစိုက် နေကြသော ကောင်မလေးတွေထံမှ ဝေါခနဲအသံတွေ ညီစီ၍ ထွက်လာလေသည်။

ကျောင်းသားအားလုံးရဲ့ အကြည့်တွေက သူနှင့် သူမထံမှာဖြစ်သည်။ အားလုံးထဲမှ ပြုံးစိစိအကြည့်တွေ၊ ခပ်တိုး တိုး ရယ်သံတွေနှင့် စနောက်သံတချို့ ပျံ့လွင့်လာသောအခါ နေ ရာမှ အငွေ့ပျံကာ ပျောက်သွားချင်သည်အထိ သူမ ရှက်ရွံ့ရလေ သည်။ စဉ်းစားကြည့်ပါဦးလေ။ သူနှင့် သူမဟာ အများရယ်စရာ ကောင်းလောက်အောင်ကို ဆန့်ကျင်ကွာခြားနေခဲ့တာ မဟုတ်လား။

သူက မင်းသားတစ်ယောက်လိုလို၊ မော်ဒယ်လ်ဘွိုင်း တစ်ယောက်လိုလို ကြည့်ကောင်းလျက် သူမကတော့ သူနှင့်မလိုက် ဖက်လှစွာ အများရယ်မောချင်စရာ ခန္ဓာကိုယ်နှင့် မဟုတ်ပါလား။ သူ ဘာသဘောနဲ့များ ...။ အဲဒီအခိုက်မှာ ကျောင်းသားခေါင်း ဆောင်က မိုက်ခ်ကိုကိုင်လျက် အနားရောက်လာပြီးလျှင် သူ့ကို ဟန်ပါပါ ဗျူးတော့သည်။

"ကဲ ... မုတ်သုန်၊ သဘောအကျဆုံးလေးကို ရွေးချယ်ပြီး သွားပြီပေါ့၊ ပြောပါဦး၊ ဘာကြောင့် သူ့ကိုသဘောကျရ တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက သူမကို တစ်ချက်ငဲ့ကြည့်ကာ နူးနူးညံ့ညံ့ပြုံးပြ
သည်။ သူ ပေါ်ပြူလာဖြစ်ချင်သည့်စိတ်ဖြင့် သူမကို အသုံးချ
တာလားဟု တွေးမိသော်လည်း အဲဒီလို မထင်ရက်ရအောင် သူ့
ပုံစံဟာ ယဉ်ကျေးသိမ်မွေ့ကာ စာနာမှု၊ ဖော်ရွေမှုရှိသည့် အဆင်
သဏ္ဌာန်ပဲ ပေါက်ပါသည်။

သူတကာတွေလို ရယ်မောချင်တာမျိုး၊ နောက်ပြောင်
ချင်သည့် အရိပ်ယောင်မျိုးကို သူ့မျက်နှာထံတွင် အနည်းငယ်မျှ
ကို မတွေ့ရပါ။ သူက သူမကို ပြုံးပြသော အပြုံးထဲတွင် ခင်မင်
ကြည်နူးရိပ်တွေကို ထူးထူးခြားခြား မြင်တွေ့နေရလေသည်။

"သူ့မျက်နှာလေးက ချစ်စရာကောင်းလို့ပါ"

"ဪ ... ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ဒီကညီမရဲ့
နာမည်လေးကိုလည်း ပြောပြပေးပါဦး"

"မြူမင်းကိုကိုပါ"

သူမအသံက သူတို့လို တက်ကြွမနေပါ။ ဖြစ်နိုင်
လျှင် နေရာကနေ မြန်မြန်ထွက်ပြေးချင်ပြီ ဖြစ်သည်။ တချို့ကောင်
မလေးတွေက သူ့ကို လှမ်းကြည့်ကာ လက်တခါခါ၊ ခြေတခါခါ
ဖြင့် ရှုံ့ရှုံ့မဲ့မဲ့ လုပ်နေကြတာကို သူမ စိတ်လည်းအတော်တိုလျက်
ရှိပေပြီ။ သူ့ကိုလည်း အနားက သွားစေချင်လှပြီ ဖြစ်သည်။

သို့သော် သူက သူမရဲ့စားပွဲမှာပင် ဝင်ထိုင်လေ
သည်။ သူမအတွက်တောင် ကြာဆံကြော်ဖေ့ာဘူးနှင့် အအေးတစ်
ပုလင်း ယူလာပေးခဲ့သေးသည်။ သူဘာကြောင့် သူမကို ဂရုတစိုက်





ရှိနေမှန်း သူမနားမလည်နိုင်ချေ။ သူမထံမှာ သူစိတ်ဝင်စားစရာအလှ
အပများနှင့်လည်း မပြည့်စုံရှာပါ။ မျက်နှာလေးကချောမောသော်ငြား
ဘယ်လိုမှကဗျာမဆန်နိုင်သော ကိုယ်လုံးနှင့်ပင်ဖြစ်လေသည်။

"စားလေ၊ တစ်ဘူးနဲ့ မဝရင် ကိုယ့်ထဲက တစ်ဝက်ယူစား
ပေါ့၊ အားမနာနဲ့နော်"

"အောင်မယ် ... မစားပါဘူး၊ ဒါနဲ့ ရှင်က လူကိုဘာကိစ္စ
လာရောနေရတာလဲ"

"မင်းကို ခင်မင်လို့ပေါ့၊ ဘာလဲ မခင်ရဘူးလား"

"ဟင့်အင်း ... ကျွန်မ လူတွေနဲ့ မခင်ချင်ဘူး"

"ဟာ ... ဘာလို့လဲ၊ မင်း မျက်နှာလေးကတော့ Sweet
ဖြစ်ပြီး ခင်ဖို့ကောင်းသားပဲ"

"ကျွန်မက လူတွေကို ခင်ချင်ပါတယ်၊ ဒါပေမဲ့ လူတွေက
ကျွန်မကိုမြင်ရင် စ,စရာ၊ နောက်စရာအဖြစ် သတ်မှတ်ကြ
တာ၊ စကြနောက်ကြတာကိုတော့ မခံချင်တော့ဘူး၊ အဲဒါ
ကြောင့် လူတွေနဲ့လည်း မခင်ချင်တော့ဘူး၊ အဲဒါကြောင့်
လူတွေနဲ့လည်း မခင်ချင်တော့ဘူး၊ ရွယ်တူယောကျ်ားတွေ
က ကျွန်မကိုမြင်ရင် စဖို့လောက်ပဲ စိတ်ဝင်စားတယ်၊
မိန်းကလေးတွေကလည်း ရယ်ချင်သလို ကြည့်ကြတယ်၊
ဒီထဲကမှ ရှင်က ထူးထူးခြားခြား ပန်းလာပေးသေးတယ်၊
ကျွန်မက လူတွေကိုရော၊ ကိုယ့်ကိုယ်ကိုယ်ရော ယုံကြည်မှု
မရှိတော့ဘူးရှင့်"



www.burmeseclassic.com

www.burmeseclassic.com



အခုမှ တွေ့မိသော လူတစ်ယောက်ကို ဘာကြောင့် ဒီလိုရင်ဖွင့်စကားတွေ ပြောဖြစ်သွားလည်းဆိုတာ သူမကိုယ်တိုင် ပင်လျှင် မရေရာတော့ချေ။ သူကတော့ သူမကို နားလည်စာနာသော မျက်ဝန်းများဖြင့် အသာငေးကြည့်လို့ နေခဲ့လေသည်။ သူ့မျက်ဝန်းတွေထဲမှာ သူမအပေါ် ကရုဏာသက်သွားသော အရိပ်အယောင်တွေပါ လှဲဖြာဝေလျက် ရှိတာကို သိလိုက်ရလျှင် ရင်မှာ ဖျတ်ခနဲ တုန်ယင်သွားခဲ့သည်။ ဘုရားရေ ... ဒါ ရင်ခုန်တာလား။ အို ... မကျီစားပါနဲ့ ကံတရားရယ်။ အတော့်ကို ရယ်ချင်စရာ ကောင်းတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်သွားမှာပါပဲ။





## ၂

အဲဒီနောက်မှာတော့ ကျောင်းတွင် သူ့သတင်းက တစ်မုဟုတ်ချင်းကို ကျော်ကြားလာခဲ့ပါသည်။ သူ့ရဲ့ဘယ်သူနှင့် မှမတူသော ရုပ်ရည်ရူပကာကြောင့်လည်း ဖြစ်သလို၊ သူ့ရဲ့ကြွယ်ဝသော ပိုင်ဆိုင်မှုကြောင့်လည်း ဖြစ်နိုင်လေသည်။

သူက ဆယ်နှစ်သားထဲက ကနေဒါကို ရောက်နေခဲ့တာဖြစ်လျက် ယခုမှ မိခင်ဖြစ်သူနှင့်အတူ မြန်မာပြည်သို့ ပြန်ရောက်လာသောသူလည်း ဖြစ်သေးသည်။ မည်သို့ပင်ဖြစ်စေ သူ့ကို မိန်းကလေး တော်တော်များများက ချစ်ခင် သဘောကျကြသည်။

တချို့က ပေါ်ပေါ်ထင်ထင်ကို ရိသဲ့သဲ့နှင့် အတင့်ရဲကြသလို တချို့ကျပြန်တော့လည်း မြဲစိစိနှင့် တိတ်တခိုးကျိတ်ပိုးနေကြသော သူများလည်း ရှိသေးသည်။ သူကား ပျို့တိုင်းကြိုက်သော နှင်းဆီခိုင်ပင် ဖြစ်လို့နေလေသည်။ သူကတော့ အားလုံးကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံရုံကလွဲ၍ အထူးတလည် ပိုမိုမပတ်သက်ချေ။



www.burmeseclassic.com

www.burmeseclassic.com



အံ့သြစရာ ကောင်းလောက်အောင်ကို သူစိတ်ဝင်တစားနှင့် ခင်မင်ပတ်သက်သူမှာ သူမသာလျှင် ဖြစ်လို့နေလေသည်။ သူနှင့် မပတ်သက်ချင်၍ ရှောင်တိမ်လို့လည်းမရ။ သူက သူမသွားလေရာ လိုက်ပါလာတတ်သဖြင့် ပိုလို့ပင် စိတ်ညစ်စရာကောင်းသေးတော့သည်။ သူက သူမကို စိတ်ဝင်တစားရှိသောအခါ နဂိုကမှ လူတွေစချင်စရာဖြစ်သော သူမကို လူတွေက ပိုလို့ပင် စ,တော့သည်။

အထူးသဖြင့် သူမနှင့် ဟိုးငယ်ငယ်ကတည်းက မတည့်သော နွဲ့ဒါလီယမင်းတို့ အုပ်စုကဆိုလျှင် မကြားတကြားရွဲ့ပြောတတ်ကြသဖြင့် ဒေါသဖြစ်ရပေါင်း မနည်းတော့ချေ။ သူနှင့်ပတ်သက်လာလျှင် ထိုမိန်းမတွေအုပ်စုက အကဲဆုံး၊ ..သည်းဆုံးတွေ ဖြစ်လို့နေလေသည်။

သူမက သူ့ကို ဘယ်လိုပဲ ရှောင်ဖယ်စေကာမူ သူက ဖွဲမလျှော့ချေ။ သူ့အပြုအမူသည် ဘော်ရုံမိန်းကလေးတစ်ယောက်အတွက် ရင်ခုန်ချင်စရာ ဖြစ်သော်လည်း သူမကတော့ ရင်မခုန်ရဲပါချေ။

ဒါကြောင့် ညပိုင်း သူ့ထံမှ ဖုန်းလာသောအခါ...

"မုတ်သုန် ... ရှင် ကျွန်မနဲ့ ဘာကိစ္စ ဇွတ်လိုက်ပတ်သက်ချင်နေရတာလဲ"

"ဘာဖြစ်လို့လဲ မြူမင်းရယ်၊ မင်းနဲ့ကိုယ်က သူငယ်ချင်းပဲမဟုတ်ဘူးလား၊ မင်းတစ်ယောက်တည်း လောကကြီးကို





အလိုမကျ ဖြစ်နေတာကိုလည်း မလိုလားဘူး၊ မင်းအတွက် ကိုယ်က သူငယ်ချင်းကောင်း ဖြစ်စေရပါမယ်"

"ကျွန်မက လူတွေကို အယုံအကြည်ကို မရှိတော့တာ"

"အဲလိုမျိုး မဖြစ်ရဘူးလေ မြူမင်းရယ်၊ လူတွေထဲမှာနေတဲ့ သူတစ်ယောက်က လူတွေနဲ့ အံဝင်ခွင်ကျ ဖြစ်ရမှာပေါ့၊ မြူမင်းက လောကကြီးကို အရွဲ့တိုက်ပစ်ချင်စိတ်နဲ့ ကိုယ့်ကိုယ်ကိုယ် ပစ်စလက်ခတ် နေပစ်တာ ဘယ်ကောင်းမလဲ၊ လူဆိုတာ ဘာမဆို ဖန်တီးနိုင်တာပဲလေ၊ ကိုယ့်ကို ပတ်ဝန်းကျင်က စ,စရာ၊ နောက်စရာ အဖြစ် သဘောထားရင် ကိုယ့်ကို Appreciate လုပ်တဲ့'ပတ်ဝန်းကျင်ဖြစ်လာအောင် မြူမင်းက ပြောင်းလဲယူပစ်နိုင်ရမှာပေါ့၊ ဒါဟာ မြူမင်းဘဝအတွက် စိန်ခေါ်မှုတစ်ရပ်လည်း ဖြစ်တယ်၊ မကြိုးစားချင်ဘူးလားဟင် မြူမင်း၊ လူတွေ အံ့သြသွားအောင်လေ"

သူ့အသံတွင် အကြင်နာများ လှိုက်လှိုက်လှဲလှဲပါဝင်နေမှန်း အလိုလိုကို ခံစားသိနိုင်လေသည်။ မမျှော်လင့်ခဲ့ပါဘူးကွယ်။

သူမရဲ့ ဘဝတစ်သက်တာမှာ သူမအပေါ် ဤမျှလောက် ကြင်နာနွေးထွေးတတ်မဲ့ ယောကျ်ားလေးတစ်ယောက်နဲ့ သာရောက်ဆုံစည်းခွင့် ရလိမ့်မည်လို့။

သူဟာ ကောင်းခြင်းတွေကို ယူဆောင်လာခဲ့သလို သူမအတွက် ယုံကြည်မှုများစွာ ပေးစွမ်းနိုင်သောလူ ဖြစ်လာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်တွေ၊ ခွန်အားတွေကို တပွေ့တပိုက်ပင် ဆောင်ကြဉ်းပေးနိုင်လေသည်။

"အင်း ... ကြိုးစားတော့ ကြည့်ချင်ပါတယ်၊ ဒါပေမဲ့ ..."

"ဟိတ် ... အပျင်းမကြီးရဘူးလေ ကလေးမ၊ လူဆိုတာ ကိုယ်လိုချင်တာကို ရဖို့ကတော့ ထိုက်တန်တဲ့ ရင်းနှီးပေးဆပ်မှုတစ်ခု ရှိရမှာပဲလေ၊ No Pain, no gain ဆိုတာလည်း မြူမင်း ကြားဖူးမှာပဲ မဟုတ်လား၊ မြူမင်းမှာ အစစအရာရာ ပြည့်စုံနေ ပြီးသားပဲ၊ မျက်နှာလေးကလည်း ချောလိုက်တာမှုလို့၊ မြူမင်းသာ ဇွဲရှိရှိနဲ့ကြိုးစားလိုက်ရင် လက်ရှိ Queen လောက်ကတော့ ပျင်းသနားတယ် ဖြစ်သွားမှာ အမှန်ပဲ"

"အံမာ ... လာမြှောက်မနေပါနဲ့၊ ရှင်က ကူညီမှာမို့လို့လား"

"ကူညီမှာပေါ့၊ အစအဆုံး ကူညီမှာ၊ မြူမင်းသာ လှသွားရင် ကိုယ့်ကိုမေ့မသွားနဲ့"

မေ့စရာလား ပုဂ္ဂိုလ်လေးရယ်၊ ရှင်ဟာ ကျွန်မရဲ့ဘဝမှာ မရှိမဖြစ် အရေးပါတော့မဲ့ လူတစ်ယောက်ဖြစ်မှန်းမသိဖြစ်လာခဲ့တာ ဒီလိုလူမျိုးကို မေ့ပစ်စရာလား။ သူ့ရဲ့အားပေးစကားတွေ၊ သူထည့်ပေးတဲ့ ယုံကြည်ချက်တွေ၊ ခွန်အားတွေကြောင့် သူမရဲ့နေ့ရက်တွေဟာ အခုမှ အဓိပ္ပာယ်ပြည့်ဝ ပိုမိုအသက်ဝင်လာခဲ့တော့တာ ဖြစ်ပါသည်။ ယောကျ်ားလေးတစ်ယောက်ကို ချစ်မိတဲ့အခါ ပြောင်းလဲသွားတဲ့ အရာတွေပေါ့ ...။





# ၃

အဲဒီနောက်မှာတော့ သူ့ရဲ့ကြိုးဆွဲမှုအောက်မှာ သူမက အချိုးမကျ၊ ဖောက်တိဖောက်ထိုး ကခဲ့ရသာ ရုပ်သေးရုပ်လေး တစ်ရုပ် ဖြစ်ခဲ့ရတော့လေသည်။ မနက်ဆိုလျှင် ကျောင်းသွားခါနီးမှ အိပ်ရာထတတ်သော သူမကို သူက ငါးနာရီခွဲဆိုလျှင် ဖုန်းဆက်၍ နှိုးချေပြီ။

ဝ,သောသူတို့၏ ထုံးစံအတိုင်း ဘယ်လိုပင် ကြိုးစားလိုက်မဟဲ့ဟု ခွဲတင်းထားပါစေ တကယ့် တကယ်တမ်း နှပ်၍ အကောင်းဆုံးအချိန် ငါးနာရီမှာတော့ ဘယ်သူမှ အိပ်ရာထဲက မထွက်ချင်ကြပေ။ သူမက ပေတေပြီး ဆက်အိပ်နေလျှင် သူဘယ်လိုများ စွမ်းဆောင်လိုက်လဲ မသိ။ မေမေ ကိုယ်တိုင်က သူမကို နားရွက်ဆွဲကာ လာနှိုးလေသည်။

"ဟဲ့ ... မြူမင်း၊ ထစမ်း ... သူငယ်ချင်း ရောက်နေတယ်၊ ညည်းနဲ့ လမ်းလျှောက်ဖို့ ချိန်းထားတာဆို၊ ထ,ထပျင်းမနေနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာ ယောကျာ်းလေးကတောင် ဝီရိယကောင်းကောင်းနဲ့ ရောက်နေပြီ"

သူမ ဘယ်လိုမှ ဆက်အိပ်၍ မရတော့ချေ။ နှုတ်ခမ်းတစူစူနှင့်ထကာ သူနှင့်အတူ လမ်းလျှောက်ရသည်။ လမ်းလျှောက်ရင်း အိပ်ငိုက်သဖြင့် ခလုတ်တိုက်မိတာလည်း ခဏခဏ။ သူ့မှာ မကြာခဏပင် ဖမ်းဆွဲပေးရလေသည်။ လမ်းလျှောက်တာ နည်းနည်းကြာလာလျှင် သူမက ဗိုက်ဆာချေပြီ။

"မုတ်သုန် ... မြူမြင်း ဗိုက်ဆာပြီ၊ မုန့်ဟင်းစားရအောင်ကွာ"

"ဒါပဲ ... အစားပဲ ချောင်းနေတာ၊ နေဦး အပြန်မှစားရမယ်"

မနက်ခင်း လမ်းထလျှောက်တာသည် တစ်ပတ်ပင် မပြည့်သေး။ သူမက လက်လျှော့ချင်လာပြီ ဖြစ်သည်။ အဆိုးဆုံးက မနက်ခင်း အိပ်ရာထရခြင်းပင် ဖြစ်လေသည်။ သူမအတွက် မျက်လုံးက ဘယ်လိုမှ အကျင့်မဖြစ်နိုင်ပေ။

"မုတ်သုန် ... မြူမြင်း မနက်အစောကြီး မထနိုင်တော့ဘူးကွာ၊ ညနေဘက်လောက် Gym မှာ သွားကစားမယ်၊ ဟုတ်ပြီလားနော်"

သူမက သူ့ကို ဘယ်လိုပင် မျက်နှာချိုသွေးပါစေ မရရေးချ မရပေ။ သူက ခေါင်းခါပြလျက် ...

"မြူမြင်းကိုပဲ ကိုယ့်စကားကို နားထောင်မယ်ဆို၊ မဖြစ်ဘူး မြူမြင်း၊ ကိုယ် ပြောသလိုလုပ်၊ မြူမြင်းကို exercise တွေ ချက်ချင်းလုပ်ခိုင်းလို့ မရသေးဘူး။ ဒါအလွယ်ဆုံးနဲ့ အထိ





ရောက်ဆုံး exercise ပဲ မြူမြင်း၊ ဒါကို ပင်ပန်းနေရင် ဟိုမှာကစားတော့မှ ဟိုနားက နာတယ် ဒီနားက နာတယ် ဖြစ်ပြီး ပိုစိတ်ပျက်မှာ၊ Walking is the Best Exercise တဲ့၊ မပျင်းစမ်းပါနဲ့ ဝတုတ်ရယ်"

သူက မြူမြင်းကို နှာခေါင်းရှုံ့ကာပြောလျှင် စိတ်ဆစ်ရသည့်ကြားမှ ရင်ခုန်ရသေးကာ သူနှင့်အတူ ကြိုးစား၍ ...က်တိုင်း လမ်းလျှောက်ရလေသည်။ စိတ်ပင်ညစ်သော်ငြားလည်း ...ဘောင် ဘာမဆိုင် ညာမဆိုင် ကိုယ့်အတွက်နှင့် လမ်းထလျှောက် ...ရသည်မို့ အားနာပါးနာနှင့်ပင် မနက်ခင်းစောစော လမ်းလျှောက် ...သည်ကို သူမ ပျော်မွေ့ကျေနပ်၍ နေချေပြီ။

သူကား တကယ့်ကိုပင် သူမကို ထောင့်စုံအောင် ...ိုက်နိုင်သော သူတစ်ဦးပင်။ သူမရဲ့လက်ထဲမှာ အာလူးကြော် ...မြင်လျှင် ချက်ချင်းဆွဲယူကာ အနီးနားက ကလေးတစ်ယောက် ...ပေးပစ်တတ်သည်။

"ဟယ် ... အဲဒါ ဘာလုပ်တာလဲ၊ ပြီတ္တာဖြစ်မဲ့ မုတ်သုန် ပဲတော့၊ သူများစားနေတဲ့ဟာကို"

"အဲဒီ fast food တွေ မစားရဘူးလို့ ကိုယ် ဘယ်နှခါ ပြောထားရမလဲ မြူမြင်း၊ ဒါတွေက ဘယ်လောက်အဆီ တက်တယ်ထင်လဲ၊ ဗိုက်ထဲက တကယ်ဆာတာလည်း မဟုတ်ဘဲနဲ့ အဲလိုတွေ ဆိတ်ပါးစပ်လို စားနေလို့ဝတာ၊ နောက်တစ်ခါ စားတာမြင်ရင် ရေပါကူးခိုင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



“ကြောက်ပါတယ် အဖေရယ်”

တကယ့်ကိုပင် သူ့ကိုတော့ သူမ အဟုတ်ကိုပင် လန့်လှလေသည်။ သူမရဲ့မိဘတွေကလည်း သူ့ကိုဆိုလျှင် ဘာတွေသဘောကျနေတတ်သလဲတော့ မသိ။ သူလုပ်သမျှ ပြောသမျှ အရာရာ အကောင်းချည်းပင်။ အခုမှပင် သူမသည် ရှေ့နေဗူး တော့မှ ထောင်လုံးလုံး ကျရလေတော့သည်။ သို့သော် သူမကျေနပ်လှသည်။

သူမကိုဆိုလျှင် ခေါင်းဖျားကနေ၍ ခြေဖျားထိတိုင် ဂရုစိုက်လှသော သူ့အကြင်နာတွေကို သူမက ဘယ်လိုအင်အားတွေနှင့် တွန်းလှန်နိုင်မှာမို့လို့တဲ့လဲ။ သူမရဲ့တစ်သက်မှာ ရင် မမျှော်လင့်ခဲ့သော ယောကျ်ားလေး တစ်ဦးထံမှ စစ်မှန်သည့် မေတ္တာတစ်ခု။ ဟုတ်သည်လေ။

သူမမှာက သူတွယ်တာမက်မောစရာ ဘာအလှအ တွေများ ရှိလို့လဲ။ သူလိုချင်လျှင် သူမထက် အပြစ်တစ်ရာလှသော မိန်းကလေးတွေ ရှိပါနှင့်လျက်က သူမကိုမှ အပင်ပန်းခံကာ ပုံစံပြောင်းလဲယူနေသော သူ့ရဲ့မေတ္တာ။ မေတ္တာလို့ပဲ ဆိုရစေတော့။ ဘာမျှော်လင့်ချက်မှ မပါတာမို့ သူ့မေတ္တာကို သူမ ကြက်သီးမွေးညင်းထသည်အထိ ကျေနပ်ပီတိ ဖြစ်ရလေသည်။

တစ်ခါတလေကျတော့လည်း သူမက သူ့မျက် ချောချောကို ခိုးငေးကာ သူများ ငါ့ကိုချစ်နေလို့လားလို့ စိတ် ယဉ်မိတာလည်း ခဏခဏပဲ ဖြစ်လေသည်။ သို့သော် အဲဒီအ





ကို သူမ ရင်ထဲမှာ တိတ်တိတ်လေးပင် သိမ်းထားရသည်။ သူကတော့ ဘာမှသိမှာမဟုတ်ချေ။ သူမကသာ ရင်ထဲက တိတ်တခိုးအချစ်ကို သိမ်းဆည်းထားကာ သူ့ရဲ့ Guide Line အောက်မှာ ကြိုးစားရှင်သန်ခဲ့တော့တာ ဖြစ်သည်။

ဒီလိုနှင့် သူနှင့် သူမ လမ်းလျှောက်သော သက်တမ်း နှစ်လပြည့်အပြီးမှာပင် သူက သူမကို Gym မှာစတင်၍ ကစားစေတော့တာ ဖြစ်သည်။ ဒီအတောအတွင်းမှာလည်း သူမသည်သူ့ရဲ့ အစီအမံနှင့် အစားအသောက် ထိန်းချုပ်မှုတွေကြောင့် အံ့သြစရာကောင်းလောက်အောင် ဆယ်ပေါက်လောက် ထိုးကျသွားခဲ့သည်။

မကျဘဲ နေနိုင်ရိုးလား။ ထမင်းစားလျှင်လည်း သူက အကျင့်လုပ်ပေးထားသဖြင့် ဟင်းအနှစ်တွေဆို သူမက လုံးဝ မစားတတ်တော့။ ခါတိုင်းနှစ်သက်တတ်သော ဝက်သားသုံးထပ်သား ဆိုတာလည်း မြင်သာမြင်ရ မကြင်ရတော့။ အရင်ကထက်စာလျှင် အတော်ကြီး ကိုယ်ရေစစ်သွားသော သူမကို သူက အင်မတန် ဖြူစင်သော မျက်ဝန်းများဖြင့် ခြေဆုံးခေါင်းဆုံးကြည့်ကာ...

“တွေ့လား၊ အခုဆိုရင်ကို မြူမင်း ဘယ်လောက်ကြည့်ကောင်းသွားလဲ၊ ဆက်ကြိုးစားရင် ဒီထက် အများကြီးလှလာမယ်၊ သတ်မှတ်ထားတဲ့ Weight ကို ရောက်ရင် ကျန်တာနောက်ပိုင်းက မြူမင်း Body Beauty ဆက်ကစားလို့ရပြီ။ Body Beauty ပါ ဆက်ကစား၊ အစားလည်း ဒီအတိုင်းပဲစား၊ ဟုတ်ပြီလား”



www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ သူ့ဘာပြောပြော ခေါင်းညိတ်ဖို့သာပင်။ တကယ်လည်း သူမက ကိုယ့်ကိုယ်ကိုယ် အများကြီး ကျေနပ်ရတာပဲ ဖြစ်သည်။ သူမ ပြောင်းလဲသွားမှုမှာ ယုံချင်စရာပင်မကောင်းချေ။ တကယ်တော့ သူ့အပေါ်မှာ ထားရှိသော သူမရဲ့စိတ်ကြောင့်လည်း ပါပါသည်။

သူ့ကို ချစ်မိသွားချိန်ဝယ် သူဖြစ်စေချင်သလို တွေ့အပြင် လှချင်သောစိတ် အထူးသဖြင့် ဝတုတ်ကြီး မဖြစ်လိုသောစိတ်က သူမထံမှ အကြီးအကျယ်ကို ရှိတော့တာပဲဖြစ်သည်။

နောက်ဆုံးတော့ မြူမင်းကိုကို ဆိုသော သူမသည် ရှစ်လခန့်အကြာတွင် ဖျက်၍အသစ်ပြန်လုပ်လိုက်သော အရုပ်တစ်ရုပ်လို လုံးဝကို ပုံစံပြောင်းလဲသွားခဲ့တော့တာ ဖြစ်လေသည်။ အားကစားဖြင့် လေ့ကျင့်ယူထားသော သူမရဲ့ခန္ဓာကိုယ်သည် ပိန်သည်ဆိုတာထက်ပင် ရင်သပ်ရှုမောဖွယ်ကောင်းအောင် အချိုးအစားကျ လှပနေတော့သည်တာဖြစ်သည်။

သူမကိုယ် သူမပင်လျှင် မယုံနိုင်ချေ။ သူကတော့ ကဲ ... ဘယ့်နှယ်ရှိစဟူသော အပြုံးလေးနှင့် မျက်စပစ်ကာ ပြုံးပြတတ်ရုံကလွဲ၍ ဘာမှထူးထူးခြားခြား ပြောင်းလဲမသွားချေ။ ပြောင်းလဲသွားတာက ပတ်ဝန်းကျင်ပဲဖြစ်သည်။ အရင်တုန်းက သူမကို စ,စရာ နောက်စရာ သဘောထားခဲ့သော ယောက်ျားလေးများသည်လည်း အခုတော့ သူမရဲ့အလှကို ခံစားကောင်းမှန်း သိလာကြဟန်တူသည်။ သို့သော် သူမက အရေးကိုမလုပ်ချေ။





သူမရဲ့နှလုံးသားတွင် ဖွဲ့ထင်ရစ်သော ပုံရိပ်လေးကား တိတိကျကျကို ရှိပြီးသားဖြစ်သည်။ သူကရော ဒီလိုကြီးပဲနေနေတော့မှာလား။ အင်းလေ ... သူက ဥယျာဉ်မှူးကြီးဆိုတော့ ပန်းခူးရမှာ ရှက်နေသေးလို့ နေမှာပေါ့။ ဒါပေမဲ့ သူသည် ဥယျာဉ်မှူးလား၊ တစ်စုံတစ်ရာ အမျှော်အကိုးနှင့်လား ဆိုတာကိုတော့ သူမ တစ်နေ့မှာ အသေအချာပင် သိခွင့်ရခဲ့တော့လေသည်။

ထိုနေ့က သူမသည် သူနှင့် သူ့သူငယ်ချင်းတွေ စကားပြော ရယ်မောနေသော စာသင်ခန်းထောင့်သို့ တိတ်တိတ်လေးပုန်းကာ လျှောက်သွားခဲ့တာ ဖြစ်သည်။ သူနှင့် သူမကို ဘော်တော်များများက ဟိုးအရင်တည်းက တွဲ၍စတတ်ကြတာမို့ တစ်ခါလည်း သူ့သူငယ်ချင်းတွေနောက်လျှင် သူဘာပြန်ပြောမလဲဆိုတာကို သူမက သိချင်စိတ်ဖြင့် ချောင်းနားထောင်ချင်တာလည်း ပါလေသည်။ သူမ အနားကပ်သွားချိန်တွင် သူ့အသံကိုလည်း သဲ့သဲ့ကြားရသည်။

"ဟော့ကောင်တွေ ... မင်းတို့ အကြွေးရှိသေးတယ်နော်၊ မေ့ချင်ယောင် ဆောင်မနေနဲ့"

"မင်းကလည်းကွာ၊ ဘော်ဒါအချင်းချင်း မှတ်ထားတုန်းပဲလား၊ ဒီလောက် အမိုက်စားကို ရထားပြီးသားပဲဟာ"

"မဆိုင်ဘူး ဟော့ကောင်၊ ဒါ ငါ့အကန့်နဲ့ငါ၊ ငါတော်လို့ ငါရတာ၊ မင်းတို့ ရှုံးတယ်၊ ပြောထားပြီးသားပဲ၊ လောင်းကြေးဟာ လောင်းကြေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့စကားတွေကို သူမ ရုတ်တရက်တော့ နားမ လည်ချေ။ စဉ်းစားတွေးတောနေတုန်းမှာပင် ...

"ဟ ... မင်းက တကယ်ယူမှာလား၊ အား ... သေပြီ ဆရာ"

"ဟော့ကောင် ... ဘာအခုမှ ကြောက်ပါပြီလဲ။ မင်းတို့ပဲ ဒီတစ်သက် မြူမင်းကို ပိန်အောင်မလုပ်နိုင်ဘူးဆို၊ ငါလုပ် ပြခဲ့တယ် မဟုတ်လား။ ဒါ ငါ့အရည်အချင်းပဲ၊ ငါနိုင် တယ်"

"မင်းအရည်အချင်းကြီးလည်း မဟုတ်ပါဘူးကွာ၊ မြူမင်း ကလည်း မင်းကိုကြွေနေတော့ မင်းခိုင်းသမျှပေါ့ ဟား ... ဟား"

ဘုရား ... ဘုရား ... ဘာတွေလဲ။ သူမက မကြား စွာနှင့် ယောင်ယမ်းကာ နားပိတ်ပစ်လိုက်မိသည်။ ဒီလောက်ဆို လျှင် သူတို့တွေ ဘာကိုဆိုလိုနေကြသည်ဆိုတာ သူမ ကောင်း ကောင်းသဘောပေါက်ပြီဖြစ်သည်။

လုပ်ရက်လိုက်တာ မုတ်သုန်ရယ်။ ကျွန်မကတော့ ရှင့်ကို အထင်တကြီးနဲ့ လေးစားချစ်ခင်လိုက်ရတာ။ ဒီကမ္ဘာ မှာ တစ်ဦးတည်းပဲရှိတဲ့ သူမရဲ့လမ်းပြကြယ်လေးအဖြစ် သ မှတ်ရင်ခုန်ထားခဲ့ရတာ။ အခုတော့ သူမရဲ့သိက္ခာတွေကား ကျပ်ဖိုးမှမရှိတော့လောက်အောင် သူတို့ရဲ့ ပါးစပ်များမှာ ကျ ခဲ့ချေပြီ။ ရက်စက်လိုက်တာ မုတ်သုန်။





သူမက မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာ ရင်းမှ ချာခနဲ လှည့်ထွက်အပြေးမှာပင် ယခုမှစ၍ စီးတတ်ခါစ ဖြစ်သော ပန်ဆယ်ဟီးလ်က အထာမကျစွာဖြင့် ခြေခေါက်လဲကျ သွားတော့တာဖြစ်သည်။ သူမ လဲပြိုသွားသံ၊ စာအုပ်တွေ လွတ် ကျသွားသံကြောင့် သူတို့ချက်ချင်းပင် သိသွားကြသည်။

"ဟာ ... ဟိုမှာ မြူမင်း"

"မြူမင်း ဘာဖြစ်တာလဲ"

သူက သူမထံ စိုးရိမ်တကြီး ပြေးလာကာ သူမကို ဆွဲထူဖို့ ကြိုးစားသည်။ သူမသည် ရှက်ရွံ့သည့်ကြားမှပင် နာကျင် သည့်ဒဏ်ကို အံကြိတ်ကာ ထရပ်ရင်း သူ့လက်တွေကို ပုတ်ထုတ် ပစ်လိုက်သည်။ သူ့ကိုကြည့်သော အကြည့်များမှာ အေးစက်ကာ နာကြည်းနေပေလိမ့်မည်။ သူက သူမကို ထိတ်လန့်စွာ ငေးကြည့် နေတုန်းမှာပင် ...

"နင့်ကို သိပ်မုန်းတယ် မုတ်သုန်"

သူမက နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ကာ ချာ ခနဲလှည့်ထွက်လာခဲ့သည်။ ဩော် ... ယောကျ်ားလေးတစ်ယောက် ကို ချစ်မိတဲ့အခါ အသည်းလည်း ကွဲတတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ၄၆

အဲဒီနောက်ပိုင်းတွင်တော့ စာမေးပွဲကြီး ဖြေကြ
သည်မို့ သူနှင့် သူမ သိပ်မဆုံဖြစ်ကြတော့ချေ။ သူက သူမထံ
ဖုန်းဆက်သော်လည်း သူမက ချချပစ်တတ်သဖြင့် စကားလည်
မပြောရတော့။ နောက်ဆုံး ကျောင်းပိတ်သွားတဲ့ အထိပင်။ သူ
ကို အရိပ်ယောင်လေးမျှတောင် မမြင်ရတော့လည်း သူမရဲ့ရင်မှာ
သူ့ကို လွမ်းဆွတ်ရတာလည်း အကြိမ်ကြိမ်ပင်။

တကယ့်တကယ်တမ်းတွင် သူမ သူ့ကို ဘယ်လို
မမုန်းနိုင်ဘူး ဆိုတာလည်း ကိုယ့်ဘာသာကိုယ် သိသားပဲ
သို့သော် သူက ပို၍ပင် စိတ်ကြီးပြနေကာ သူမရှေ့သို့ ပေါ်
မလာတော့။ သေချာပါတယ် မုတ်သုန်ရယ်။ ရှင်ဟာ ကျွန်
အပေါ်မှာ သံယောဇဉ်မရှိတာကို ကျွန်မ အသေအချာသိလိုက်
တာပဲ။ သူမ တိတ်တဆိတ် မျက်ရည်ကျနေတုန်းမှာပင် မေမေ
သူမအနားသို့ ရောက်လာခဲ့ကာ ...





"မြူမြင်း အောက်မှာ အန်တီသစ်သစ် ရောက်နေတယ်၊ လာနှုတ်ဆက်ချေ"

"ဘယ်က အန်တီသစ်သစ်လဲ"

"ဟဲ့ ... နင်ငယ်ငယ်က ထိန်းခဲ့တဲ့ အန်တီသစ်သစ်ပေါ့၊ ကနေဒါကို ပြောင်းသွားတဲ့ အန်တီလေ၊ သူ့သားလည်း ပါတယ်၊ သူ့သားနဲ့ နင်နဲ့ ငယ်ငယ်က ဆော့ဖော်ဆော့ဖက်တွေပေါ့"

မေမေ ပြောသော အန်တီသစ်သစ်ကို သူမ ချက်ချင်း သတိရသွားသည်။ သူ့သားဆိုတာကိုတော့ သူမ မျက်လုံးထဲ ပုံဖော်၍ မရတော့။ သူမက ကိုယ့်ကိုယ်ကိုယ် အနည်းငယ်ကြည့်ကောင်းအောင် ပြုပြင်ပြီးလျှင် ဧည့်ခန်းထဲ ဆင်းလာခဲ့သည်။

အဲဒီအချိန်မှာပင် သူ့ကို ဧည့်ခန်းထဲမှာ ပြုံး၍ထိုင်နေတာကို တွေ့လိုက်ရတာ ဖြစ်လေသည်။ သူမ ပါးစပ်အဟောင်းသား ပွင့်သွားတာကို သူရော အန်တီသစ်ရော မေမေကရောပါ အရယ်မျက်နှာတွေနှင့် ကြည့်လာလျက် မေမေက စတင်ကာ ...

"ကဲ ... ကဲ ပါးစပ်အဟောင်းသား ပွင့်မနေနဲ့၊ လာထိုင်၊ သမီး မုတ်သုန်ကို မမှတ်မိတာတော့ အံ့သြဖို့ကောင်းတယ်"

"သူက ဘယ်လိုလုပ်ပြီး"

"အဲဒါ သမီးနဲ့ ငယ်ငယ်က ဆော့ခဲ့တဲ့ မုတ်သုန်လေ သမီးရဲ့၊ သူနဲ့ ဆော့ချင်လွန်းလို့ အန်တီသစ်ကို ခဏခဏ လာလည်ပါလို့ အမြဲခေါ်တာပေါ့၊ အန်တီသစ်နဲ့ သမီးမေမေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့က အဆက်အသွယ် ရှိတယ်လေ၊ အန်တီမြန်မာပြည်ကို ပြန်လာခါနီးမှာ သမီးမေမေက သမီးအကြောင်းကို ပြောပြထားတာကြောင့် သားက သမီးဓာတ်ပုံလေးကိုတွေ့ပြီး သူခင်အောင် ကြိုးစားမယ်လို့ ပြောခဲ့တာ"

"ဟုတ်တယ် မြူမင်း၊ မေမေ ကိုယ်တိုင်က မှတ်သုန်ကို အကူအညီ တောင်းခဲ့တာပါ။ ဒါကြောင့် သမီးမသွားချင်တဲ့ Fresher Welcome ကို ဇွတ်လွှတ်ခဲ့တာပေါ့"

"ဟင် ! မေမေတို့ဟာက ဘာတွေလဲ၊ ဒါပေမဲ့ သူ သမီးအပေါ် မကောင်းတာတော့ အမှန်ပဲ"

"ဟဲ့ ... ဘာမကောင်းတာလဲ၊ ညည်းကို ပြုပြင်ပေးရတာငါတောင် တတ်နိုင်တဲ့ အလုပ်လား၊ ညည်းနဲ့အတူတူ သူပါ အပင်ပန်းခံရတာပဲ မဟုတ်လား၊ လောင်းကြေးကိစ္စကလည်း ဆန်းလား၊ ညည်းလို စည်ပိုင်းဘော်ဒီကို ဒီလိုလှအောင် လုပ်ပေးမယ်ဆိုတာ ဘယ်သူက ယုံမှာလဲ၊ သူကညည်းဘက်ကနေပြီး မခံချင်စိတ်နဲ့ လောင်းခဲ့တာ၊ ဒါမျိုးအရေးရာလုပ်လို့၊ တွေ့လား ... သစ်သစ်ရေ ချွေးမတော်မယ် ဆိုရင်တော့ ထပ်စဉ်းစားဦး"

"တွေ့လား မေမေက၊ စကားပြောရင် အကြောကြီးနဲ့"

သူမက စိတ်ကောက်ချင်ဟန်ဆောင်ကာ ခြံထဲလှမ်းခနဲ့ ဆင်းလာခဲ့သည်။ သူလိုက်လာမယ် ဆိုတာကိုသိလို့ တမင်လုပ်တာပင်။ ဪ ... သူက သူမရဲ့ကုစားဖော်လေးတဲ့လား





ဒါကြောင့် သူ့မျက်နှာလေးကို တွေ့စက သူမ ရင်းနှီးနေခဲ့တာပေါ့။

"မြူမင်း"

သူက သူမနောက်နားမှ ခပ်တိုးတိုး ခေါ်လိုက်လျှင် ရင်ခုန်သံတွေ တထိတ်ထိတ် ဆူညံလာလေသည်။

"ကိုယ့်ကို စိတ်မကောက်ပါနဲ့တော့ကွာ၊ ကိုယ်က မြူမင်းရဲ့ဓာတ်ပုံလေးကို တွေ့ကတည်းက ချစ်သွားခဲ့တာပါ၊ ပြီးတော့မြူမင်းကို ဒီထက်လည်း လှစေချင်တယ်၊ ကောင်မလေးတစ်ယောက်ကို လူပုံအလယ်မှာ ဝင့်ထည်နေစေချင်တယ်၊ အဲဒီစေတနာတွေကို မြူမင်း နားလည်ပါကွာ"

"တော်စမ်းပါ၊ ခုမှ အီချောင်ညက်သံနဲ့ လာပြောမနေနဲ့၊ လာဖြင့် မချော့ဘဲနဲ့များ"

"ဟာ ... ဒီလိုလား၊ သိဖူးလေ၊ မြူမင်းများ အရမ်းစိတ်နာနေပြီလားလို့၊ မေမေ့ကိုတောင် ခေါ်လာခဲ့ရတာ"

"ရှင် ဒီလောက်တောင် အ,ရလား မှတ်သုန်ရဲ့"

သူမက သူ့နဖူးကို လက်သီးဖြင့်ထုကာ ပြောလိုက်လျှင် သူက သူမလက်သီးဆုပ်လေးကို ဖမ်းယူထားလျက် ပြန်လွှတ်မပေးတော့ချေ။

"ကိုယ် အ,တယ် မြူမင်း၊ ကိုယ့်ကို စိတ်ဆိုးသေးလား"

သူမက ခေါင်းခါပြလိုက်လျှင် သူက သူမရဲ့လက်လေးတွေကို ပို၍ဖျစ်ညှစ်ပစ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com




"ဟိုတုန်းကတော့ သိပ်မုန်းတယ်ဆို"

"မိန်းကလေးတွေက ယောကျ်ားလေးတွေကို ချစ်မိတဲ့အခါ မုန်းတယ်လို့ ပြောတတ်ကြတယ် တောသားရဲ့"

"ဟာ ... ဘယ်လိုကြီးလဲ"

ရှုံ့မဲ့သွားသော သူ့မျက်နှာကိုကြည့်ကာ သူနှင့်သူမ က ပြိုင်တူရယ်မောမိကြလေသည်။ အခုတော့လည်း အချစ်ကြောင့် ဖြင့် အရာရာဟာ သာယာလှပလို့ နေခဲ့ပြီ။ သူပျော်နေခြင်းဟာ သူမအတွက်လည်း သုခတစ်ခုဆိုတာ ဖြစ်လာခဲ့ရပြီ။ မိန်းကလေး တစ်ယောက်ဟာ ယောကျ်ားလေးတစ်ယောက်ကို ချစ်မိတဲ့အခါ မှာ သူ့စိတ်ချမ်းသာဖို့ ရှေးရှုတတ်တယ်ဆိုတာ နောက်တစ်ခါကြုံ ရင် သူ့ကို ထပ်ပြောပြရဦးမယ်။






www.burmeseclassic.com

www.burmeseclassic.com



# မိန်းကလေးမာနနှင့် မိန်းမသားဘဝ

Fashion Image မဂ္ဂဇင်းရဲ့ အတွေးစကားကဏ္ဍမှာ ပါဝင်ခဲ့ကြတဲ့ အကြောင်းအရာလေး တစ်ခုပါ။

မိန်းကလေးတိုင်းကို ပြောပြချင်တဲ့ ကျွန်မရင်ထဲက တကယ့် အတွေးစကား လည်း ဖြစ်ပါတယ်။

ကျွန်မရဲ့ချစ်သော ညီမလေးများ နားလည်ခံစားပြီး တွေးဆကြည့်စေချင် ပါတယ် ...။

www.burmeseclassic.com

www.burmeseclassic.com

မာနဆိုတာ ကောင်းတဲ့အရာတစ်ခု မဟုတ်ဘူးလို့ လူအများစုက မှတ်ယူထားကြတဲ့ အကြောင်းအရာ တစ်ခုပါ။ တကယ်တမ်းတော့ လောကကြီးမှာ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် ဘာမဆို အရာတိုင်းဟာ အတူတူ ဒွန်တွဲနေတတ်ကြတာပဲ မဟုတ်လား။

မာနထားတာဟာ မကောင်းဘူး ဆိုပေမဲ့ အရာခပ်သိမ်းမှာ မာနမထားဘဲ အောက်ကျို့နေရတော့မှာလား။ မာနမရှိဘဲ ပြောသမျှငုံ့ခံ၊ လုပ်သမျှ ငုံ့ခံနေရရုံပဲလား။ ပြောချင်ရာ ပြောကြစမ်းပါစေ၊ အရှုံးပေး နှလုံးအေးတာပေါ့ ဆိုတာမျိုးပဲလား။ ဒီလိုလည်း မဟုတ်နိုင်ဘူး ထင်ပါတယ်။

ဒါဆို မာနဆိုတာမျိုးဟာ ဘာလဲ။ တကယ်တော့ လူတွေဟာ ဒီစကားလုံးကို ကြားလိုက်ရင်ပဲ အဆိုးဘက်၊ မကောင်းတဲ့ဘက်ကို ပြေးမြင်တတ်ကြတာ မမှတာပါ။ အဲဒီမိန်းမဟာ သိပ်မာနကြီးတာ။ ကြည့်မရပါဘူး။ အဲဒီအကောင်ပေါ့ သူ့ကိုယ်သူ ဘာထင်နေလဲ မသိဘူး မာနကြီး တစ်ခွဲသားနဲ့ ဆိုတာမျိုး





အဲဒီ အဘွားကြီးလေ သိပ်မာနကြီးတာ၊ ဂုဏ်သိပ်မောက်တာပဲ စသဖြင့် ကြားရတဲ့ အကြောင်းအရာတွေက မာနဆိုတဲ့အရာကို မကောင်းတဲ့ဘက် တွန်းပို့နေသလိုပါ။

တကယ်တော့ မာနကြီးတာနဲ့ ဂုဏ်မောက်တာဟာ တူမလိုလိုနဲ့ လုံးဝကွဲပြားခြားနားပါတယ်။ ဂုဏ်မောက်တယ်ဆိုတာမျိုးက ငွေရှိမှ၊ ဂုဏ်ရှိမှ မောက်လို့ရတာပါ။ မာနဆိုတာကတော့ ငွေတစ်ပြားမှ မရှိလည်း မာနတွေ ကုဋေကြွယ်နေလို့ရတာပဲ။

ပိုက်ဆံသိပ်မရှိပေမဲ့ ပညာတတ်ရင် ပညာမာန၊ ရုပ်လေးချောနေရင် ရုပ်ချောရတဲ့မာန၊ ဆင်းရဲသားမှာလည်း ဆင်းရဲသား မာနတော့ ရှိကြတာပဲ မဟုတ်လားနော်။

တကယ်တော့ ဒီကမ္ဘာလောကကြီးမှာ မာနကင်းတဲ့လူဆိုတာ မရှိပါဘူးနော်။ ဟုတ်တယ် မဟုတ်လား။ ကိုယ့် ကိုယ်ကိုယ် မေးကြည့်ပါ။ ဘယ်သူမဆို မာနလေးတော့ ရှိတတ်ကြတာပါပဲ။ သည်းခံခြင်းဆိုတဲ့ ကောင်းမြတ်တဲ့စိတ်လေးနဲ့ ချုန်းအုပ်ထားလို့သာ အဲဒီကောင်လေးက မသိမသာနဲ့ ပုန်းလျှိုးကွယ်လျှိုးနေတာပါ။

တကယ်တမ်း ကိုယ့်ကိုယ်ကိုယ် ပြန်မြင်တတ်မယ်ဆိုရင် မာနတွေသာမက အတ္တတွေ၊ ကိုယ်ကျိုးတွေ၊ တခြားနောက်ဆက်တွဲ အကြောင်းအရာတွေ အများကြီး ထွက်လာမှာပါ။ ထားလိုက်ပါတော့။ အဲဒီမာနဆိုတဲ့ အကြောင်းအရာကို ဆက်ပြောရမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် မာနဆိုတာ တချို့နေရာတွေမှာ လုံးဝမလိုအပ်လှပေမဲ့ တချို့နေရာမှာတော့ လိုကိုလိုအပ်လှတယ်လေ။

အထူးသဖြင့် မိန်းကလေးတစ်ယောက်မှာ မာနဆိုတာက ပိုပြီးလိုအပ်ပါတယ်။ ဒီနေရာမှာဆိုလိုတဲ့ မာနဟာ ကိုယ့်ရဲ့အလှအပအတွက် ထားတဲ့မာန၊ ပညာအတွက် ထားတဲ့မာန၊ ငွေကြေးချမ်းသာတဲ့အတွက် ထားတဲ့မာန စသည်ဖြင့် အဲဒီအရာတွေအတွက် မွှားယူရမဲ့ မာနလို့ ဆိုလိုတာ မဟုတ်ပါဘူး။

အလှအပအတွက် ထားရတဲ့ မာနလို့ ဆိုရအောင်လည်း အလှအပ ဆိုတာမျိုးက အကြာကြီး ခိုင်မြဲနေတာမျိုးမှ မဟုတ်တာနော်။ အလှအပအတွက်နဲ့တော့ မာနဆိုတာ မထားသင့်တဲ့ အရာတစ်ခုပါ။ ပစ္စည်းအတွက်နဲ့ ဆိုရင်လည်း အဲဒီပစ္စည်းဥစ္စာ၊ ရာထူးဂုဏ်ရှိန်တွေကရော မြဲနိုင်သလားလို့နော်။ ဘယ်အရာမှ မမြဲပါဘူး။ ပစ္စည်းဥစ္စာ ပျက်စီးဆုံးရှုံးလို့ နေ့ချင်းညချင်း ဘဝပြောင်းသွားရတဲ့ သူတွေလည်း အများကြီးပဲလေ။

တကယ်တော့ မိန်းကလေးတစ်ယောက်မှာ ဘာအရောင်အဝါမှ မထင်ဟပ်တဲ့ မိန်းကလေးမာနလေး တစ်ခုသာ သီးသီးသန့်သန့် ရှိနေဖို့ အရေးကြီးတာပါ။ မာနလေးမှာ ဘာအရှိန်အဝါမှ မပါဘူး။ မိန်းကလေးတစ်ယောက် ရှိသင့်တဲ့ မာနလေးသက်သက်ပါပဲ။

ဘာဖြစ်လို့လဲဆိုတော့ မာနဆိုတဲ့ အရာမျိုးကလည်း မိန်းကလေးတစ်ယောက်ရဲ့ ဘဝကို အများကြီး ပြောင်းလဲသွားစေတာမျိုးပါ။ မာနတွေကြီးပြီး ဘယ်ယောကျ်ားကိုမှ တူတယ်တန်တယ် မထင်ဘဲ ပိုးစိုးပက်စက် ပြောလွှတ်တတ်လို့ မာနအချိုးခံလိုက်ရတဲ့ မိန်းမသားမျိုးတွေလည်း အများကြီး ရှိနေတာပါပဲ။





ကိုယ့်မာနက ကိုယ့်ကို ပြန်သတ်သွားတာမျိုးပေါ့။ ဒီလိုမှ မဟုတ်ဘဲ မာနဆိုတာ မရှိတော့ရလောက်အောင် ယောကျ်ားတစ်ယောက်ကို မြွေစွယ်ကျိုးလို ပြားပြားဝပ် ကြွေပြနေတာမျိုးပဲဖြစ်ဖြစ်၊ ကိုယ့်ကို တန်ဖိုးမထားဘဲ ဆက်ဆံတဲ့ ယောကျ်ားမျိုးကို နာကြည်းရကောင်းမှန်း မသိဘဲ မာနမဲ့စွာ မစွန့်လွှတ်နိုင်တာမျိုးတွေပဲဖြစ်ဖြစ် ဘယ်အရာကမှ မကောင်းပါဘူး။

ကိုယ့်မာနက ကနဦးအစကတည်းက ထားခဲ့ပြီးပြီမို့ နောက်ဆက်မဲ့ ရှေ့ခရီးလမ်းမှာလည်း သာယာနိုင်ဖွယ်လမ်းမရှိနိုင်တော့ဘူးလေ။ "မိန်းကလေးမာနနဲ့ မိန်းမသားဘဝ"ဆိုတဲ့ ဒီအကြောင်းအရာဟာ အမှန်တကယ်တော့ ငယ်ရွယ်တဲ့ မိန်းမပျိုလေးတွေကို အဓိကထားပြီး ပြောချင်တာပါ။

အရွယ်ရောက်လာတဲ့ မိန်းကလေးတိုင်းကို ပတ်ဝန်းကျင်က အသိအမှတ်ပြုပါတယ်။ အဲဒီထဲမှာ ယောကျ်ားသားတွေလည်း အပါအဝင်ပဲလေ။ ကိုယ်နှစ်သက် သဘောကျတဲ့ မိန်းကလေးကို ရွေးချယ်ပိုးပန်းကြမယ်။ ချစ်ကြ ကြိုက်ကြမယ်။ ဒါက အဆန်းတကြယ်ကိစ္စ မဟုတ်ပါဘူး။ မိန်းကလေးတွေ ဆိုတာလည်း ချစ်တတ်တဲ့ နှလုံးသားနဲ့ လူတွေပဲမို့ ရင်ခုန်စိတ်လှုပ်ရှားမိတဲ့သူကို ချစ်မိကြမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုတာက အချစ်အတွက် မိန်းကလေးတွေ မာနကြီးကြရမယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ ဒါပေမဲ့ အထက်မှာ ပြောခဲ့သလို မိန်းကလေးမာနလေးတော့ ရှိကိုရှိရမှာပါ။ အဲဒီ မိန်းကလေးမာန ဆိုတာက မိန်းမသားတစ်ယောက်ရဲ့ ဘဝကို လုံခြုံမှု အများကြီးပေးနိုင်ပါတယ်။

မိန်းကလေးမာန ရှိမှပဲ မိန်းကလေးဂုဏ်ရှိန်နဲ့ သိက္ခာ ဆိုတာဟာလည်း ဒွန်တွဲနေမှာမို့လို့ပါ။ မာနမရှိတဲ့ မိန်းကလေး တစ်ယောက်ဆီမှာ ဂုဏ်ရှိန်နဲ့ သိက္ခာဆိုတာလည်း ဘယ်ရှိနိုင်ပါတော့မလဲ။

ဆိုပါစို့ ... မိန်းကလေးတစ်ယောက်က ယောကျ်ားလေးတစ်ယောက်ကို လွန့်ကဲစွာနဲ့ကို ရူးရူးမူးမူး ချစ်မိသွားပြီဆိုပါတော့။ မာနမဲ့စွာ ချစ်မိပြီဆိုမှတော့ ဘာကိုထည့်စဉ်းစားနေဦးမှာလဲ။ သူကစပြီး တကောက်ကောက် လိုက်ချင်လိုက်မယ်။ စာပေးချင်ပေးမယ်။ နောက်ဆုံး ပေါ်တင်ကို မိန်းမနောက်ပိုးပိုးတော့မှာ။

ဒါမျိုးတွေ မရှိဘူးလားဆိုတော့ အများကြီးပဲ ကြုံဖူးကြားဖူးကြမှာပါ။ အဲဒီမိန်းကလေးကို ပတ်ဝန်းကျင်က ဘယ်လို ထင်မြင်ယူဆမလဲ။ ဟယ် ... အတင့်ရဲလိုက်တာ၊ ဂုဏ်ရှိန်ကိုမရှိဘူး စသဖြင့် ဒီလောက်ကို အသက်ညှာဆုံးထားပြီး ပြောတာပါ။ ကဲ ... မာနမဲ့စွာ ချစ်မိခြင်းရဲ့ နောက်ဆက်တွဲရလဒ်က ဂုဏ်ရှိန်ရော၊ သိက္ခာရော ပေးဆပ်လိုက်ရတာ မဟုတ်ဘူးလားနော်။





တချို့မိန်းကလေးတွေ ယောကျ်ားတစ်ယောက်ကို ...ူးမူးမူး၊ အသည်းအသန်ကို ကြွေပြကြတာတွေ၊ အောက်ကျ ...ကျခံပြီး ချစ်ပြကြတာတွေ တွေ့ရရင် အဲဒီမိန်းကလေး ...အစား ကြားထဲက အသည်းနာရတယ်။

အဲဒီလို ချစ်ပြတာတောင် တစ်ဖက်က လုံးဝ No ...ဆိုတာတွေလည်း တွေ့မြင်နေရတာပါပဲ။ ကိုယ်ချပေးထားရတဲ့ ...ပေါ်တောင် သူတို့က နင်းခြေဖြတ်လျှောက်သွားကြသေးတယ်။ ...ကြည်းမယ်ဆို တစ်သက်စာပါပဲ။

ပြောရရင်တော့ ကိုယ်က ရင်ဘတ်နဲ့ရင်းပြီး ချစ်ခဲ့ ... တစ်ဖက်က လမ်းခွဲသွားခဲ့ရင်တော့ အနည်းနဲ့အများ ခံစား...တတ်စမြဲပါပဲ။ ဘာလို့လဲဆိုတော့ အချစ်ဆိုတာ အကောင်း...တွေချည်း စုနေတဲ့အရာမျိုးမှ မဟုတ်တာလေ။ ဒါပေမဲ့ ဘယ် ...ာက်ပဲ ခံစားရ ခံစားရ ကိုယ့်ရဲ့မိန်းကလေးမာနနဲ့ ခံစားရတဲ့ ...းသားကို ချုန်းအုပ်နိုင်ဖို့သာ အရေးကြီးပါတယ်။

အကျိုးရှိတဲ့ အရာတွေနဲ့ အစားထိုးနိုင်ဖို့ အရေးကြီး...တယ်။ ဒီလိုမှမဟုတ်ဘဲ မျက်ရည်ခံထိုးရင်တော့ ကိုယ့်သိက္ခာနဲ့ ...ကို ထပ်ပြီးလက်ဆောင်ပေးသလိုပါပဲ။ နဂိုကမှ ကိုယ့်ကိုမခင် ...ယ်တော့လို့ လမ်းခွဲသွားတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ရင်ထဲ ... စာနာစိတ် ဆိုတာမျိုးက ရှိမှာမှ မဟုတ်ဘဲလေ။ ဒီတော့ ...ယ့်မာနကို သူနင်းလျှောက်ဖို့ ထပ်ပြီးလမ်းခင်းပေးမနေပါနဲ့ ...ော။



www.burmeseclassic.com

www.burmeseclassic.com




နောက်ဆုံးတော့လည်း အသည်းကွဲတယ် ဆိုတာ
ဟာ နောင် သုံး,လေးနှစ်ကြာရင် ခပ်ပါးပါးနဲ့ ဝါးတားတာ
ရှိတော့တဲ့ အရာမျိုးပါ။ အချိန်ဆိုတဲ့ ဒေါက်တာက သိပ်တော်
တယ်။ အဲဒီအချိန်ကျမှ ဩော် ... ငါ့မာနတွေ အလကားပေး
ခဲ့ရပါလားဆိုပြီး နောင်တရမိနေတာမျိုး တကယ့်ကိုပဲ မဖြစ်
ချင်လှဘူးလေ။

အဆုံးသတ်ခါနီး ပြောရရင် မိန်းကလေးတစ်ယော
ဟာ ရွှေတွေ၊ ငွေတွေ၊ ဂုဏ်တွေ၊ တန်ဖိုးကြီး အဝတ်အစား
ခြုံလွှမ်းထားတာထက် ဣန္ဒြေနဲ့သိက္ခာဆိုတဲ့ ဝတ်ရုံကို ခြုံလွှမ်း
တာက ဘာနဲ့မှ နှိုင်းမရအောင် တန်ဖိုးကြီးမြင့်လှပါတယ်။
မှုလည်း အများကြီး ပေးနိုင်စွမ်း ရှိပါတယ်။

မိန်းကလေးမာနရှိတဲ့ မိန်းကလေးတစ်ယော
နှလုံးသားဟာလည်း တည်ငြိမ်မှု၊ ရင့်ကျက်မှုတို့နှင့်အတူ
ကိုယ်ကိုယ် ယုံကြည်မှုလည်း ပြည့်စုံနေမှာ ဖြစ်တာကြော
တစ်ပါးသူ နင်းလျှောက်ဖို့အတွက်တော့ ကိုယ့်မာနကို လမ်း
မပေးသင့်ဘူး ဆိုတာကိုတော့ ...။





www.burmeseclassic.com



# အတ္တနှင့်ကင်းကွာသော ချစ်ခြင်းဟူသည် မရှိ

အပြင်မှာ ကြုံဖူးတဲ့ တကယ့်အဖြစ် အပျက်လေးတစ်ခုကနေ ဆင့်ပွားခံစားခဲ့ပြီး ရေးခဲ့တာပါ။

တကယ်လည်း အချစ်ဆိုတာ ... အတ္တနဲ့ သိပ်မကင်းဘူးလို့လည်း ထင်ရတာပဲနော် ...။

www.burmeseclassic.com

www.burmeseclassic.com



## ၁

လူတစ်ယောက်ဟာ အခြားတစ်ယောက်အပေါ် အကောင်းဆုံး လူတစ်ယောက်အဖြစ် ရပ်တည်နေခဲ့တယ်ဆို နောက်ထပ်တစ်ဦးတစ်ယောက်အတွက် အကောင်းဆုံး ထပ်ဖြ ဆိုတာ ခဲယဉ်းသွားပါပြီ။ နောက်ထပ် တစ်ယောက်အတွ အကောင်းဆုံးဆိုတာ ဘယ်လိုလုပ် ဖြစ်လာနိုင်မှာတဲ့လဲ။

မပြည့်စုံခြင်းတွေ၊ တစ်ဝက်တစ်ပျက် ဖြည့်ဆည် တွေနှင့် ဒုတိယလူရဲ့ ခံစားချက်ဟာလည်း ဆုံးဝါးလွန်းလှပါတ ကိုယ်ဟာ ဒုတိယမဟုတ်ပါဘူးလို့ မင်းရဲ့နှုတ်ဖျားက ဘယ်လော ပဲ ငြင်းဆန်နေခဲ့ပါစေ မင်းရဲ့ အပြုအမူတိုင်းကတော့ ကိုယ် ဒုတိယပါပဲ ဆိုတာကို အသေအချာ ညွှန်ပြနေသလိုပါပဲလေ

ကိုယ်ဆိုတဲ့ သူကလည်း အမြဲတစေ အကောင် ဆိုတာတွေ၊ ပထမဆိုတာတွေကိုသာ နှစ်ခြိုက်တတ်ခဲ့တဲ့သူ လေတော့ မင်းနဲ့ကိုယ့်ရဲ့အဖြစ်က လမ်းဆုံးသွားခဲ့ပါပြီ။ တ





တော့ အတ္တမပါတဲ့ ချစ်ခြင်းဆိုတာ လောကမှာ ရှိကိုမရှိခဲ့ပါဘူး မိုးနေရယ်။

လူမှန်ရင် အတ္တရှိတယ်။ အချစ်မှာဆို အတ္တတွေ ပိုလို့တောင် ရှိပါတယ်။ ရင်ထဲမှာ သိမ်းထားတတ်တာနဲ့ အပြင် ဘက်ကို သိသိသာသာ ထုတ်ပြတတ်တာတွေပဲ ကွာသွားတာပါ။ သာမန်ထက်တောင် ပိုများတတ်တဲ့ ကိုယ့်ရဲ့အတ္တတွေကို မျိုသိပ် ထားရတာထက်စာရင် အသည်းပဲ အကွဲခံလိုက်တဲ့ ကိုယ့်နှလုံး သားဟာ အတ္တတွေနဲ့ မွန်းကျပ်နေတာ ကြာခဲ့ပါပြီ။ ကိုယ့်ကို လွတ်လပ်ခွင့်ပေးပါ။ ဘယ်နေရာမှာမဆို အပြည့်အဝရမှ ကျေနပ် တဲ့ ကိုယ်ဟာ အပြည့်အဝ မရရှာလေတဲ့ အချစ်တွေကို ရင်နာနာ နဲ့ပဲ စွန့်လွှတ်ပါရစေတော့။



www.burmeseclassic.com

www.burmeseclassic.com

## ၂

ဝိုင်းသည် ထိုလေ့ကားထစ်များကို အကြိမ်ပေါင်းများစွာ နင်းဖြတ်ခဲ့ဖူးသည်။ ထိုသို့ နင်းလျှောက်တိုင်းမှာလည်း ပန်ဆယ်လ်ဟီးဖိနပ်ကို အမြဲတစေ စီးနင်းထားခဲ့သည်။ ဝိုင်းရဲ့ ဖိနပ်နှင့် ထိုလေ့ကားထစ်များသည် သိပ်မစိမ်းလှတော့။

သို့သော် ထိုတစ်နေ့သည် ဝိုင်းဘဝရဲ့ အမှတ်တရ အဖြစ်အပျက်တို့ စတင်ဖို့အတွက် ဝိုင်းရဲ့ပန်ဆယ်လ်ဟီးနှင့် လေ့ကားထစ်များကို timing လွဲချော်ပေးခဲ့လေသည်။ ခါတိုင်းလို ခပ်မြန်မြန် ဆင်းလိုက်ချိန်မှာ ဘယ်ပုံလွဲချော်မှုမျိုးကြောင့်လဲ ဆိုတာ ဝိုင်း သေချာမသိလိုက်တော့။ (အချစ်ဆိုတာလည်း အဲဒီလိုပင် ဖြစ်ပါလိမ့်မည်။ ဘယ်အချိန်မှာ ချစ်မိသွားလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်တောင် မသေချာမိတော့။)

ဝိုင်း သတိထားမိချိန်မှာတော့ ပုံပန်းမလှပစွာနှင့် ရှေ့သို့ ဟပ်ထိုးပြုတ်ကျသွားခဲ့ပြီဖြစ်သည်။ သွားပြီ။ မေးပဲကွဲမလား။ ချိုစောင်းပဲ ပြဲသွားမလား။ ဦးနှောက်ပဲ ပွင့်သွားတော့





မလား၊ အတွေးတွေနှင့် ထိတ်လန့်တကြား ပြုတ်ကျသွားသော အခါ ဝိုင်း မျှော်လင့်ထားသလို တစ်စုံတစ်ရာ နာကျင်မှုမျိုးမရှိ လေဘဲ နွေးနွေးထွေးထွေး တစ်နေရာက ကြားခံပေးထားသလို ဝိုင်းမှာ ဘာနာကျင်မှုမှ ရှိမနေခဲ့ချေ။ ဝိုင်းကို တစ်စုံတစ်ယောက်က ဆီးဖမ်းပေးလိုက်ဟန် တူပါသည်။

သို့သော် ထိတ်လန့်သည့်စိတ်ဖြင့် မျက်လုံးကို ခံမှိတ်ထားဆဲ။ ဝိုင်းကို ဆီးဖမ်းထားပေးသူ၏ အင်္ကျီလက်မောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားဆဲ။

"မကြောက်ပါနဲ့တော့၊ ဘာမှ မဖြစ်တော့ပါဘူး"

တိုးသက်သော အသံတစ်သံ။ ပို၍သေချာစွာဖြင့် ယောကျာ်းတစ်ယောက်၏ အသံတစ်ခုပဲ ဖြစ်ပါသည်။ ဆတ်ခနဲ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ သူ့မျက်နှာနှင့် ဝိုင်းမျက်နှာသည် ထိတ်လန့်စရာ ကောင်းအောင်ကို နီးကပ်နေကြသည်။ သူ့ရဲ့ဝင် သက်ထွက်သက် လေနွေးနွေးတို့ပင်လျှင် ဝိုင်းမျက်နှာထဲမှာ လာရောက်ရိုက်ခတ်နေသလိုပင်။

ခြေချော်ကျတုန်းကထက် ထူးခြားသော အမည်မဖော်တတ်သည့် ခံစားမှုတစ်မျိုးနှင့် ဝိုင်းသည် ဆုပ်ကိုင်ထားသော သူ့အင်္ကျီကို လက်လွှတ်ပစ်လိုက်သည်အထိ တုန်တုန်ယင်ယင် ဖြစ်နေဆဲ။ ဒါဟာ ကြောက်လန့်သည့်စိတ် တစ်ခုတည်းကြောင့်တော့ မဟုတ်ဘူးထင်သည်။ သူက ဝိုင်း လန့်နေတုန်းပဲထင် ငုံ့မိုးကြည့်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှာသွားသေးလဲ။ ကိုယ် အချိန်မီတော့ ဖမ်းလိုက်တာပဲ၊ ဘာမှမဖြစ်ဘူး မဟုတ်လား"

"အင်း … မဖြစ်ပါဘူး၊ အဲတော့ …"

အခုမှပင် သူ့ကို စေ့စေ့ကြည့်မိသော ဝိုင်းသည် တအံ့တသြနှင့် မျက်လုံးပြူးကာ ရှက်ရွံ့သွားခဲ့ရသည်။ နောက်ထပ် အဖြစ်အပျက် တစ်ခုကို ထပ်ကြုံလိုက်ရသည်။ နို့နှစ်ရောင်လိုလို ခပ်အိအိအသားနှင့် အင်္ကျီရင်ဘတ်နားမှာ ဝိုင်းရဲ့ Lip Gloss နှုတ်ခမ်းနီလက်လက်တွေ သိသိသာသာ ပေကျံစွန်းထင်းလျက်။

အယောင်ယောင် အမှားမှားဖြင့် ကိုယ့်နှုတ်ခမ်းကို လက်နှင့် ကွယ်မိသလို သူကလည်း သူ့အင်္ကျီကို ဖျတ်ခနဲကြည့်လျက်၊ ဝိုင်းကို ခပ်ပြုံးပြုံး ပြန်လည်ကြည့်လိုက်သောအခါ ဝိုင်းရဲ့မျက်နှာကို ဘယ်နားသွားထားရမလဲမသိတော့။ ကွယ် … သိပ်ရှက်ဖို့ကောင်းတဲ့ အဖြစ်ပါပဲလား။

"sorry ဘယ်လိုလုပ် … ကျွတ် ! ဒီ … ဒီမှာ … ရှင် အဲဒါတွေ သုတ်ပစ်လိုက်ပါလား … ရော့ … ရော့"

ဝိုင်းက ကမူးရှူးတိုးနှင့်ပင် အိတ်ထဲမှ တစ်ရှူးတစ်ခု ကို ဆွဲထုတ်ကာ သူ့ထံကို လျင်လျင်မြန်မြန်ပင် ကမ်းပေးလိုက်သည်။ သူ့အင်္ကျီမှာ ထိုနှုတ်ခမ်းနီရာကြီးကို မြင်ရတာ အတော်အသည်းယားဖို့ ကောင်းလေသည်။ သူက တစ်ရှူးကို လှမ်းယူလိုက်သော်လည်း သုတ်မပစ်ဘဲ အင်္ကျီအိတ်ကပ်ထဲသို့ သေသေချာချာ ခေါက်ထည့်ရင်းမှနေ၍ …





"နေပါစေတော့၊ သုတ်လိုက်လို့ ပြောင်သွားမှာမှ မဟုတ်တာ၊ ဆေးကိုတောင် ပိုပြန့်သွားဦးမယ်၊ ဒီအတိုင်းပဲရှိနေတာ ကောင်းပါတယ်"

"အို … ဒါကြီးနဲ့ ဘယ်ဖြစ်မလဲ၊ တော်ကြာ …"

ဝိုင်းက ဘာကိုရည်ရွယ်ပြီး ဆက်ပြောရမှန်းမသိတော့ သော်ငြား သူကတော့ အပြုံးရိပ်လဲ့လဲ့ဖြင့်ပင် အထာပေါက်စွာနှင့် …

"ကိစ္စမရှိပါဘူး၊ ကိုယ့်ကို အထင်လွဲမဲ့သူလည်း မရှိပါဘူး၊ အရေးကြီးတာက မင်း နောက်ထပ်တစ်ခါ ချော်မကျမိစေဖို့ပဲ၊ ဖြစ်နိုင်ရင် သိပ်မြင့်လွန်းတဲ့ ဒေါက်ဖိနပ်တွေ မစီးပါနဲ့လား"

သူက နောက်သလိုလို တကယ်ပြောသလိုလို၊ ရယ်ရွှင်ရိပ်မြူးသော မျက်ဝန်းတွေဖြင့်ပြောကာ ဝိုင်းကို အပြုံးတွေနှင့်ပင် နှုတ်ဆက်လျက် လှေကားကို ဆက်တက်သွားခဲ့လေသည်။ မြင်ကွင်းထဲမှနေ၍ သူ ကွယ်ပျောက်သွားတော့မှ သူ့ကို ကျေးဇူးတင်စကားလေးတောင် မဆိုလိုက်ရတာကို သတိရမိ၍ ရင်ထဲမှာတောင် တစ်မျိုးဖြစ်သွားခဲ့ရသည်။ သူက စတင်တွေ့ဆုံကတည်းကကို ဝိုင်းအပေါ်မှာ စိတ်လှုပ်ရှားမှု ပေးနိုင်ခဲ့သူဖြစ်သည်။ သူကလည်း ဝိုင်းကို နှုတ်ဆက်မသွားခဲ့သလို ဝိုင်းကလည်း ကျေးဇူးတင်စကားတောင် မဆိုလိုက်ရသည်မှာ ထပ်ဆုံဦးမှာလားဟူသော မျှော်လင့်ချက်လေးကို ဖြစ်စေသည်။ သေချာတာတော့ သူ့ထံမှာ ဝိုင်းရဲ့အမှတ်တရ တစ်ခုခုလည်း ပါသွားနိုင်တာပဲ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၃

ဝိုင်းသည် ထိုအကြောင်းကို သူငယ်ချင်းများနှင့် ဆုံလေတိုင်း ရင်ဖွင့်ပြောပြရတာ အမောပဲဖြစ်သည်။ တစ်ခါမှ ဝိုင်း ဒီလိုပြောတာမျိုး မကြားဖူးသဖြင့် သူငယ်ချင်းတွေကတောင် အံ့အားသင့်ကြလေသည်။

အထူးသဖြင့် ဝိုင်း မှတ်မိ သတိရနေတတ်သည်မှာ သူ့ရဲ့ ရယ်ရွှင်ရိပ် မြူးနေတတ်သော မျက်ဝန်းလေးများ ဖြစ်လေသည်။

သူ့မျက်ဝန်းတွေသည် ဝိုင်း အခါများစွာ တွေ့ခဲ့ဖူးသော တခြားယောကျ်ားတွေ၏ မျက်လုံးများနှင့် မတူပေ။ ပကတိ ရိုးသားသန့်စင်ကာ တစ်ဖက်သားအပေါ်မှာ ခင်မင်ကြင်နာတတ်သည့် မျက်ဝန်းမျိုးတွေပဲ ဖြစ်လေသည်။ တကယ်တော့ သူနှင့် ဝိုင်းသည် နီးနီးလေးနဲ့ ဝေးနေခဲ့ကြသော သူတွေမှန်း နောက်တစ်ပတ်ကြာမှ သိခွင့်ရခဲ့တာ ဖြစ်ပါသည်။





ဝိုင်းတက်နေသော ကျောက်မျက်ရတနာသင်တန်းမှ မသီတာက ဝိုင်းကို အကူအညီတစ်ခု တောင်းခံလာခဲ့သည်မှ အစပြုကာ ဝိုင်းတို့ရဲ့ ရင်းနှီးမှုက ပို၍နက်ရှိုင်းလာခဲ့သည်ဟု ဆိုနိုင်သည်။

အဲဒီနေ့က သင်တန်းပြီးဆုံးသွားပြီမို့ ဝိုင်း ပြန်ခါနီးမှာပင် မသီတာက ...

"ဝိုင်းရေ ... လမ်းကြုံ လူလေးတစ်ယောက် ခေါ်သွားပေးပါလားကွယ်၊ ဖြစ်တယ်မဟုတ်လား"

ဝိုင်းက ပစ္စည်းတွေ သိမ်းနေတာမို့ မော့မကြည့်အားသေးဘဲ ခေါင်းကိုသာ ညိတ်ပြနေတုန်းမှာ အငြင်းစကားသံတစ်ခုက ထွက်လာသည်။

"ဟာ ... နေပါစေ မသီတာကလည်း၊ ကျွန်တော်ဘာသာ တက္ကစီနဲ့ ပြန်ပါ့မယ်"

"အားနာလို့လား၊ လမ်းကြုံနေတဲ့ဟာပဲ၊ ဒါ ငါ့ရဲ့ညီမလေးဟဲ့၊ ဘာမှ အားနာစရာ မလိုဘူး၊ လမ်းလည်း ကြုံနေတဲ့ဟာ၊ တစ်လက်စတည်း မိတ်ဆက်ပေးလိုက်မယ်၊ ဝိုင်းရေ သူက မသီတာ သူငယ်ချင်းရဲ့ မောင်လေးလေ၊ မိုးနေတဲ့၊ ယူနီဗာဆယ်ဆောက်လုပ်ရေးက မန်နေဂျာလေး၊ မိုးနေ ... သူက ဝိုင်းဝိုင်းယုတဲ့။ ဒီမှာ သင်တန်းလာတက်နေတာ"

ဒီတော့မှ မဖြစ်မနေ ပြုံးပြရဖို့ တာဝန်ရှိလာတော့တာမို့ ဝိုင်းက ထိုလူတစ်ယောက်ကို ဖျတ်ခနဲ မော့ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဲဒီတစ်ခဏမှာ သူရော ဝိုင်းပါ တဒင်္ဂတော့ ငြိမ်သက်သွားကြမည် ထင်ပါသည်။

ဝိုင်းရဲ့ရင်ထဲမှာလည်း ပျော်ရွှင်မှုက ထိတ်ခနဲပင်။ သူ့ကို ဝိုင်း အမြဲလိုလို သတိရနေခဲ့တာပါကွယ်။ သူ့မျက်ဝန်းချိုချိုလေးတွေကိုရောပေါ့။ သူက မှတ်မိသိရှိသွားဟန်ဖြင့် ဆတ်ခနဲ ပြုံးပြလာကာ ဝိုင်းကို ခေါင်းညိတ် အသိအမှတ်ပြု ပြုံးပြလေသည်။

"လမ်းကြုံနေတယ်ဆိုရင် လိုက်ခဲ့ပါ၊ အားနာစရာ မလိုပါဘူး"

"OK ! နောက်မှပဲ ကျေးဇူးဆပ်တော့မယ်၊ သွားပြီဗျို့ မသီတာရေ"

"ကွာ ... ကွာ၊ ဝိုင်း ခေါ်မှပဲ လိုက်တော့တယ်၊ ဟင်း ... သိနေတယ်နော်"

မသီတာရဲ့ စနောက်သံက နောက်ပါးဆီမှာ လွင့်ပျံ၍ ကျန်ခဲ့သည်။ သူနှင့် ဝိုင်းသည် တစ်ယောက်နှင့်တစ်ယောက် အသံတိတ်ပြုံးပြကာ [illegible]ာဆင်းလာခဲ့ကြ၏။ ဝိုင်းရဲ့တစ်သက်တာတွင် ယာ့တစ်ကြိမ်လောက် လေ့ကားထစ်များကို နင်းရတာ အဓိပ္ပာယ်ရှိသည့် အချိန်မျိုး မရှိဘူးခဲ့။ ဝိုင်းရဲ့နံဘေးမှာ သူရှိနေခြင်းသည် အနွေးဓာတ်တစ်မျိုး ထုတ်လွှင့်ပေးထားသလို နွေးနွေးထွေးထွေးနှင့် ရှိန်းမြမြ ရှိလွန်းလှပါသည်။ ကားစက်နိုးတော့မှပင် သူ့ကို ဝိုင်းက စကားစတင်လိုက်သည်။





"သူ့ကားက ဘာဖြစ်နေလို့လဲ"

"ကားက ဩော် ... အဟင်း သူငယ်ချင်း တစ်ယောက် နောက်ယူသွားလို့။ သူက အဲလိုပဲ အဟဲ"

သူ့စကားက ဝိုင်းအတွက် အနည်းငယ် နားဆန်းစေသည်။ သူ့လိုလူမျိုးတစ်ယောက်အတွက် ကားဆိုတာ ပျက်နေတာမျိုးမှလွဲ၍ အမြဲတမ်း ကိုယ်နှင့်အတူ ရှိသင့်သော အသုံးအဆောင်ပစ္စည်းတစ်ခု မဟုတ်ပါလား။ သူများ နောက်ယူသွားသဖြင့် သူ့မှာ တက္ကစီနှင့် လာရသည့်အဖြစ်။

ဘယ်လောက်တောင်များ ရင်းနှီးကျွမ်းဝင်သော သူငယ်ချင်းမို့လို့ပါလဲ။ ဝိုင်း စဉ်းစားခုန်း ဝင်နေတုန်းမှာပင် သူ့ရဲ့လက်ကိုင်ဖုန်းက ထမြည်လာသဖြင့် သူက ဝိုင်းကို sorry ဟု ပြောကာ ဖုန်းကိုဖွင့်နားထောင်သည်။

သူ့ကိုကြည့်ရတာ တစ်ဖက်သားအပေါ်တွင် သိပ်ကို လိုက်လျောကာ ကူညီတတ်ပုံပေါ်သည်။ ဘယ်လောက်ဆိုးဆိုး သည်းခံခွင့်လွှတ်မည့်ပုံပဲ။ ဒါကြောင့်လည်း ကားတစ်စီးလုံးတောင် နောက်ယူသွားတာနေမှာ။

"Hi ! အင်း။ အခု လမ်းပေါ်မှာ၊ အဲ ... ကားပေါ်မှာ မဟုတ်ဘူး၊ အသိတစ်ယောက်ရဲ့ကား၊ မဆိုးပါဘူး၊ နောက်တစ်ခါ ဆိုရင်တော့ ဆိုးမှာ၊ ပြောမပြဘူး၊ သတ်ရင်လည်း သတ်လိုက်၊ ဒါပဲမဟုတ်လားကွာ၊ အင်း ... ဖုန်းပိတ်လိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဖုန်းပိတ်ပြီးသောအခါ ဝိုင်းဘက်ကို ဖျတ်ခနဲ လှည့်ကြည့်လျက် ပြုံးပြလေသည်။ ဘာရယ်ကြောင့်မှန်း မသိချေ။ သူ့ကို ဝိုင်းရဲ့စိတ်ထဲမှာ အနှစ်နှစ် အလလလက ခင်မင်လာရခဲ့ သူတစ်ဦးလို ရင်းနှီးပြီးသား ဖြစ်နေသလိုပင်။ ရေးရေစက်ဆိုတာ ဒါပဲဆိုတာလားတော့ ဝိုင်း မသိတော့ချေ။ သေချာတာကတော့ သူသည် ဝိုင်းရဲ့ရင်ထဲကို ချဉ်းနင်းဝင်ရောက်လာနေပြီ။

"ဒါနဲ့ ပန်ဆယ်လ်ဟီးတွေ မစီးတော့ဘူး မဟုတ်လား"

သူ့အမေးကို ဝိုင်းက အသာပြုံးကာ နှုတ်ဆိတ်နေလိုက်သည်။

Slipper ဖိနပ် စီးထားသော လီဗာနင်းထားသည့် ဝိုင်းရဲ့ခြေထောက်တွေကို သူ မြင်ရရဲ့သားနဲ့။ သူ့ထံမှ ဝိုင်းသိချင်တာ တစ်ခုကိုသာ မေးမြန်းလိုက်သည်။

"ရှင်ရော ... အကျီကို စွန်းသွားတဲ့ ဟိုဒင်းရာ ချွတ်လို့ရရဲ့လား၊ သိပ်ကောင်းတဲ့ အစွန်းချွတ်ဆေးကလေ"

"ကိုယ် အဲဒီဟာကို ဒီအတိုင်းပဲ ထားတယ်။ လျှော်တောင် မလျှော်ဘူး"

ဝိုင်းရဲ့စကားတောင် မဆုံးသေး။ သူက ဖြတ်ပြောလိုက်တာ ဖြစ်ပါသည်။ သူ့ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သောအခါ စတီယာရင်ကို ကိုင်ထားသော ဝိုင်းရဲ့လက်တွေတောင် တုန်သွားဟန်တူသည်။ သူ့မျက်ဝန်းတွေသည် အခါများစွာကထက် တောင်ပင် ရီဝေချို့လဲ့လျက် ရှိနေကြသည်။





"စိတ်ဝင်စားဖို့ကောင်းတဲ့ အမှတ်တရလေး တစ်ခုအဖြစ်နဲ့ သိမ်းထားလိုက်တာပါ၊ ပြီးတော့ စိတ်ထဲမှာလည်း ဝိုင်းနဲ့ ပြန်ဆုံမယ်လို့ အသေအချာကို သိနေသလိုပဲ။ ဘယ်လို သဘောမျိုးလဲတော့ မသိဘူး"

သူက တစ်ယောက်တည်း ပြောသလိုလိုဖြင့် နောက်ဆုံးစကားကို ခပ်တိုးတိုး ရေရွတ်လိုက်လေသည်။ ဝိုင်းကတော့ ရင်ခုန်သည့် ရှက်စိတ်ကြောင့် ဘာစကားမှ ထပ်မဆိုဖြစ်တော့။ သူကလည်း ဝိုင်းနဲ့ပြန်ဆုံဖို့ မျှော်လင့်ထားခဲ့သတဲ့လား။

အဲဒီကျေနပ်ပီတိကို စားသုံးရင်းနှင့်ပင် သူနှင့်ဝိုင်း စကားတွေ အများကြီး ဆက်ပြောဖြစ်ကြသည်။ အဲဒီစကားတွေထဲမှ သူ့ရဲ့သည်းခံလိုက်လျောတတ်သော စိတ်ထားလေးကိုလည်း ရှင်းရှင်းလင်းလင်း မြင်ခွင့်ရလေသည်။

စကားပြောလာရင်းမှနေ၍ သူ့ရုံးရှိရာကို ဘယ်လို ရောက်လာလဲ မသိတော့။

ဝိုင်းက ကားကို ပလက်ဖောင်းဘေးမှာ ရပ်ပေးရင်း ဘာရယ်မဟုတ် သူပြသော နေရာကို လှမ်းကြည့်လိုက်သည်။ အဲဒါ ကိုယ့်ကားပေါ့ ဆိုသော နက်ပြာရောင်ကားရဲ့ ဘော်ဒီကိုမှီကာ ဝိုင်းတို့ရှိရာသို့ လှမ်းကြည့်လျက်ရှိနေသော မိန်းကလေး တစ်ယောက်။

အထူးသဖြင့် သူ့ကားကိုတောင် နောက်ပြောင်၍ ခိုးမောင်းသွားသည်ဆိုသော ထိုမိန်းကလေးနှင့် သူဟာ ...။



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်း ဆက်မတွေးချင်တော့။ ရင်ခုန်ခြင်းနှင့် ရင်မောခြင်းတို့ကို ထိုအချိန်ထဲကပင် တစ်ပြိုင်နက်တွဲ၍ ခံစားခဲ့ဖူးသော ဝိုင်းသည် အချစ်ကို ဦးစားပေးခဲ့သူ တစ်ယောက်လည်း အမှန်တကယ်ကို ဖြစ်ခဲ့လေသည်။





## ၄

အဲဒီနောက်မှာတော့ သူသည် ထင်ထားတာထက်ဆောင် လျှင်မြန်စွာဖြင့် ဝိုင်းရဲ့အနားကို ရောက်ရှိလာခဲ့တာ ဖြစ်လေသည်။ သူ ဝိုင်းကို ဘယ်လိုသဘောထားတယ် ဆိုတာလဲ ဝိုင်းတို့ သင်တန်းတစ်ခုလုံးလည်း သိနေကြပြီဖြစ်သည်။ မသီတာကလည်း သူနှင့်ဝိုင်းကို မကြာခဏတွဲ၍ စတတ်သည်။ တစ်ရက်မှာတော့ ဝိုင်းက သိချင်သော အကြောင်းအရာကို သွယ်ဝိုက်စွာဖြင့် မေးခွန်းထုတ်ခဲ့သည်။

"မသီတာကလည်း လျှောက်မစပါနဲ့၊ သူ့မှာ ကိုတ်လေးရှိတဲ့ဟာကို"

"ဟယ် ... မရှိပါဘူး၊ မိုးနေမှာ ဘာရည်းစားမှ မရှိဘူး၊ ခုမှ ကြိုးစားတုန်း"

"ဟင် ... မညာပါနဲ့၊ သူ့ကားကိုတောင် ယူမောင်းတတ်တဲ့ ကောင်မလေးလေ။ အညိုရောင်စတပ်ဆံပင်လေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် … အဲဒါက ရည်းစားမဟုတ်ပါဘူး၊ ယယ်ယယ်တည်းက ခင်လာကြတာ၊ ဟုတ်တော့ ဟုတ်တယ်။ ကောင်မလေးက မိုးနေကိုတော့ တော်တော်သံယောဇဉ်ကြီးပုံ ရတယ်။ ယူနီဗာဆယ်ဆောက်လုပ်ရေးက သူတို့ပိုင်တာလေ။ မိုးနေကို အဲဒီမှာ မန်နေဂျာခန့်ထားတာ။ မိဘချင်းတော့ တော်တော်ရင်းနှီးကြတယ်။ ရည်းစားတော့ မဟုတ်ပါဘူး ဟယ်"

သို့သော်လည်း အဲဒီစကားက ဝိုင်းရဲ့ရင်ကို မအေးမြစေခဲ့ပေ။ သူ့ထံမှာ အဲဒီလောက်ကို ရင်းနှီးတွယ်တာရသော မိန်းကလေးမျိုးကို ရှိမနေစေချင်သည်မှာ ဝိုင်းရဲ့အတ္တတွေချည်းပဲလား။

အချစ်သက်သက်ကြောင့် သဝန်တိုတတ်သွားတာလား။ ဝိုင်းဘာသာပင် မရေရာတော့ချေ။ သူကလည်း ဘယ်သူ့ကိုမှ အကြင်နာပို သည်းခံလိုက်လျောတတ်တာကို မကြိုက်သလို သူ့ကိုလည်း ဘယ်တစ်ဦးတစ်ယောက်ကမှ သံယောဇဉ်တွေပိုလျက် တွယ်ရာရစ်နှောင်နေတာကို မနှစ်မြို့လှချေ။

တကယ်ဆို ဝိုင်းက နှောက်မှတွေ့သောလူ ဖြစ်သော်လည်း အဲဒါတွေ ထည့်မတွက်ချင်တော့။ နှောက်ကျပေမဲ့လည်း စောရောက်ချင်လှသည်မှာ ဝိုင်းရဲ့အတ္တကြီးခြင်းတွေပဲ ဖြစ်ပါလိမ့်မည်။

တကယ်တော့ အချစ်မှာ အတ္တ ပါကိုပါသည်ဟု ယုံကြည်သည်။ အတ္တနည်းတာနှင့် များတာပဲ ကွာလေသည်။





တချို့က ပိုင်ဆိုင်ချင်သော အတ္တတွေ အပြည့်အသိပ် ရှိကြသည်။ တချို့က စွန့်လွှတ်ချစ်နှင့် ချစ်လျှင် အတ္တမပါဟု ဆိုတတ်သော်လည်း အဲဒါကိုပင် ဝိုင်းက လက်မခံချေ။

စွန့်လွှတ်ချစ်မဲ့ အချစ်မှာ ကိုယ့်ချစ်သူကို ကောင်းစားစေချင်သော အဖြူရောင်အတ္တ တစ်ခုတော့ ရီးရီးလေး ပါဝင်လို့လည်း နေတတ်တာပဲ မဟုတ်လား။ အသေအချာ တွေးကြည့်လျှင် သိနိုင်လေသည်။

ဝိုင်းသိပ်ချစ်ရသောသူ တစ်ယောက်အပေါ်မှာ ဝိုင်းကတော့ အတ္တတွေကြီးမှာ အသေအချာပဲ ဖြစ်သည်။ အဲဒါကြောင့် သူ ချစ်ခွင့်တောင်းလာမည့် အချိန်ကိုပင် မူနေသော၊ အီနေသော စကားတွေထက် ဝိုင်း ပြောဖြစ်ခဲ့သည်မှာ …

"ကျွန်မဟာ အတ္တကြီးတယ်နော်၊ ရှင်က လူတကာပေါ်မှာ သဘောက ခပ်ကောင်းကောင်းနဲ့ ဖြစ်ပါ့မလား"

သူက ပီပြင်သေချာသော အပြုံးတစ်ခုဖြစ်ထွန်းကာ …

"သိပ်ချစ်ရင် သိပ်အတ္တကြီးတတ်ကြတာပဲ။ ချစ်လို့ကြီးတဲ့ အတ္တကို ကိုယ်သည်းခံနိုင်ပါတယ်"

ဝိုင်းက သူ့ကို လာသေးတယ် ဟူသော အပြုံးလေးဖြင့် မျက်စောင်းထိုးလိုက်သည်။ သူက ထိုမျက်စောင်းကို တယုတယ ဖမ်းထားဟန်ဖြင့် အိတ်ကပ်ထဲကို ထည့်ပြလိုက်သေးသည်။ ဒီအပြုအမူမျိုးတွေနှင့် ဝိုင်းကို မရှုး,ရှူးအောင် ဖမ်းစားနေသလိုပဲဖြစ်သည်။ သူက ဝိုင်းရဲ့နားရွက်နားကို တိုးတိုးလေးကပ်ကာ …



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ချစ်တယ် မဟုတ်လား၊ ပြောလိုက်တော့လေ"

ဝိုင်းက ရှက်သည့်စိတ်ဖြင့် ခပ်တိုးတိုး ရယ်မောကာ ပြီးတော့မှပင် သူ့ကို ခပ်တည်တည်ကြည့်လျက် ...

"ရှင် သိပြီးသား မဟုတ်လား"

သူက စာနာနားလည်စွာဖြင့် ခေါင်းညိတ်ပြကာ ဝိုင်းရဲ့လက်လေးတစ်ဖက်ကို ဆွဲယူလျက် သူ့နှလုံးသားနားမှာ ကပ်ထားလိုက်လေသည်။ အဲဒီနောက် လေးလေးနက်နက်ပြောသည်မှာ ...

"ကိုယ် မင်းကို သိပ်ချစ်တယ်၊ မင်းကို စတွေ့လိုက်တည်းက ကြက်သီးတောင် ထသွားသလိုပဲ၊ မြင်လိုက်တာနဲ့ ဒါ ငါ့ချစ်သူ ဖြစ်လာမဲ့ မိန်းကလေးဆိုတာ ကြိုသိနေသလိုပဲ၊ မင်းကလည်း စတွေ့တည်းက ကိုယ့်နှလုံးသားကို ခိုးနှမ်းသွားတာကိုး၊ အဲဒီမှာ စတွေ့ကြတာပဲ"

နောက်ဆုံးမှာတော့ သူက ထုံးစံအတိုင်း ဝိုင်းကို အရွှန်းဖောက်လိုက်သေးသည်။ ဝိုင်းသည် မျက်စောင်းထိုးလိုက်ရင်းမှ သူ့ကို ပြောမပြတတ်အောင် ချစ်မှန်း ကိုယ့်ဘာသာပင် သိလိုက်ရလေသည်။

သူ့ကို ဘာကြောင့် ဒီလောက်တောင် ချစ်မိသွားလဲဆိုတာ ကိုယ့်ဘာသာပင် မစဉ်းစားတတ်တော့။

သူကပဲ ချစ်စရာ ကောင်းလွန်းလို့လား။ တကယ်တော့ သိပ်ချစ်ခြင်း မချစ်ခြင်းဟာ ကာယကံရှင်ရဲ့ နှလုံးသားနဲ့ပဲ





ဆိုင်ပါသည်။ ကိုယ်က ရှူးမှူးစွာ ပုံချစ်သွားဖို့ ကိုယ့်အပေါ်မှာပဲ မူတည်သည်။

တကယ်တော့ ချစ်သူတွေဆိုတာ ရေးရေစက်ကြောင့် ဒီဘဝမှာ နှလုံးသားချင်း ဖလှယ်မိကြတာ မဟုတ်လား။ စဉ်းစားကြည့်လေ။ များပြားလှတဲ့ သူတွေထဲမှာမှ သူနှင့် ကိုယ်ဟာ ချစ်သူလာတော်စပ်ရတာ နည်းတဲ့ရေစက်ကြောင့် မဟုတ်။ ကိုယ်ကလည်း ချစ်ဦးပါမှ၊ သူကလည်း ပြန်ချစ်နိုင်ပါမှ ...။

သိပ်ဆန်းကြယ်ပါသည်။ မဝေးချင်ပါဘူး မိုးနေရယ်။ ကျေးဇူးပြုပြီး ရှင့်ကို တစ်ဘဝလုံးစာ အပိုင်လိုချင်မိပါတယ်။ ရှင့်ရဲ့နှလုံးသားထဲ၊ ဝိညာဉ်ထဲမှာ ကျွန်မတစ်ယောက်ပဲ နေထိုင်ခွင့်ပြုပါ။ သိပ်ချစ်လွန်းတဲ့ အတ္တတွေကြောင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

တစ်သက်မှာ တစ်ခါ၊ ပထမဦးဆုံး ချစ်ရသော ချစ်သူကို ဝိုင်းက ရူးမူးစွာ ချစ်ခဲ့သည်။ သူ့အတွက်ဆိုလျှ အရာရာမှာ အမြဲတမ်း ပထမဖြစ်နေတတ်လေသည်။ ဝိုင်းက သူ ကိုချစ်သော ကိုယ့်အချစ်တွေကို ကိုယ့်ဘာသာ ဂုဏ်ယူဝံ့ကြွ သော်လည်း ဝိုင်းရဲ့ သူငယ်ချင်းတစ်ယောက်ကတော့ ဤသို့ မှတ်ချက်ပေးဖူးသည်။

"တကယ်တော့ နင့်အချစ်က ကြောက်စရာကောင်းတ ဝိုင်း၊ ကိုယ့်ချစ်သူကို ချစ်တာ ကောင်းပါတယ်၊ ဒါပေ သိပ်ချစ်လွန်းအားကြီးပြီး အရမ်း serious ဖြစ်လွန်း နင်ပဲ ပင်ပန်းရလိမ့်မယ်"

"အို ... မပင်ပန်းပေါင်၊ သူကလည်း ကျုပ်ကို သိပ်ချစ် ပါနော်"

သူငယ်ချင်းက နှုတ်ခမ်းလေးတွန့်ရုံပြုံးကာ ဝိုင်း တစ်မျိုးသော အကြည့်ဖြင့် ...





"သိပ်ချစ်ရုံနဲ့ မပြီးသေးဘူး၊ အချစ်မှာ နားလည်မှုဆိုတာ များများစားစားကြီးကို လိုတယ်နော်၊ တစ်ခုခုဆိုရင် ရှင် သူ့ကို ဘယ်လောက်နားလည်ပေးနိုင်မလဲ ဆိုတာ စဉ်းစား ထားဦး။ အဲဒီနားလည်ခြင်းဆိုတဲ့ Foundation မပါရင် အချစ်ဆိုတဲ့ အဆောက်အဦကြီး ရေရှည်တည်တံ့ဖို့ မလွယ် ဘူး"

သူငယ်ချင်းရဲ့ စကားက ဝိုင်းကို အတွေးများစွာ ဖြစ်စေလေသည်။ အချစ်မှာ သိပ်ချစ်နေရုံနဲ့လည်း မပြီးသေးဘူး တဲ့လား။

သေချာတာကတော့ ဝိုင်း သူ့ကို နားလည်ပေးနိုင်၊ မပေးနိုင် ဆိုတာကို သိပ်မကြာမီမှာပဲ သိခွင့်ရခဲ့တာ ဖြစ်လေသည်။

ဝိုင်းက သူ့ကို နှစ်ယောက်စလုံးအားသည့် ဆန်းဒေး မှာ သမ္မတဦ ရုပ်ရှင်ကြည့်ဖို့ ပြောသည်။ အဲဒီတုန်းက သူက ဝိုင်းကို ကြင်နာသည့် အပြုံးတစ်ခုဖြင့် နှစ်သိမ့်ရင်း ...

"အဲဒီနေ့က ကိုယ် မအားဘူးကွ၊ ချိန်းထားပြီးသား ဖြစ် နေတယ်၊ နောက်တစ်ပတ်ဆို ရမလား"

အဲဒီလောက်ကတော့ ဝိုင်းကလည်း နားလည်မှုပေး နိုင်လေသည်။ သူ့ကို ခပ်ပြုံးပြုံး ခေါင်းညိတ်ပြလျက် ထပ်မံ၍ ဘာမှမပြောတော့။ ရုပ်ရှင်ကို နောက်တစ်ပတ်မှ သူနှင့်ကြည့်ဖို့ စိတ်ဥ်ထားခဲ့သော်လည်း အဲဒီနေ့မှာပင် သူငယ်ချင်းတွေက ရှင် ခေါ်သဖြင့် ဝိုင်း ထိုရုပ်ရှင်ကို ကြည့်ဖြစ်ခဲ့သည်။ ထိုရုပ်ရှင်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ခဲ့ခြင်းကြောင့်လည်း သူနှင့် ဝိုင်း ကြားတွင် ပြဿနာတစ်ခု တက်ခဲ့ရခြင်း ဖြစ်လေသည်။

သမ္မတရုံ အပေါ်ထပ်ကိုတက်သော လှေကားမှာ သူနှင့် မိန်းကလေးတစ်ယောက်ကို တွေ့မြင်လိုက်ရချိန်ဝယ် ဝိုင်းရဲ့မျက်လုံးထဲတွင် ဘာမှမမြင်နိုင်တော့။ ရင်ခွင်ထဲ တစ်ဆို့လာခဲ့ကာ အသက်ရှုတောင် မဝချင်သလို ဖြစ်လာခဲ့သည်။ ဝိုင်းက သူ့ကို ချစ်ခဲ့ရသလောက် သူ ဝိုင်းအပေါ် လှည့်စားရက်တာကို ရင်နာမဆုံး ဖြစ်ရလေသည်။

ထိုနေ့က ဘာကားပြလို့ မင်းသား၊ မင်းသမီး ဘယ်သူဘယ်ဝါ ဆိုတာတောင် ဝိုင်း မသိတော့။ နောက်တစ်နေ့ သူနှင့် တွေ့ချိန်ဝယ် ဝိုင်းသည် ဒဏ်ရာရထားသော ကျားနာတစ်ကောင်လို ဖြစ်နေခဲ့လေသည်။ သူ့ကိုပြောဆိုသမျှကို သူက မျက်နှာတစ်ချက်မှ မပျက်ဘဲ ...

"မျက်သွယ်နဲ့ ကိုယ်နဲ့က တစ်သက်လုံး မောင်နှမတွေလို နေလာတာပါ ဝိုင်းရာ၊ အထင်မလွဲပါနဲ့၊ အဲဒီနေ့ကလည်း ဝိုင်းက ဆက်မမေးတာနဲ့ ကိုယ်က ဘာမှမပြောခဲ့တာပါ။ ရှင်းရှင်းပြောရရင် မျက်သွယ်တို့ မိဘတွေရဲ့ ကျေးဇူးတွေ ကိုယ်တို့မိသားစုအပေါ်မှာ ရှိတယ်၊ အဲဒါတွေကြောင့်ပါ၊ ကိုယ့်ကို နားလည်ပေးပါကွာ ... နော်"

အဲဒီတစ်ခဏမှာ ဝိုင်းသည် သူငယ်ချင်း ပြောခဲ့သော နားလည်မှု Foundation ဆိုတာကြီးကို ဖျတ်ခနဲ သွား၍သတိရ





မိလေသည်။ သူက ဝိုင်းကို နားလည်မှုတောင်းလာခဲ့ပြီ။ ဒီစကားလုံးလေးကို ဝိုင်းကြားရတာ နားရည်ဝနေပြီဖြစ်သော်လည်း လက်တွေ့မှာ ဒီလောက် ခက်ခဲနက်နဲနေလိမ့်မည် မထင်ခဲ့။

အထူးသဖြင့် ကိုယ့်ချစ်သော ယောကျ်ားတစ်ယောက်နှင့် သူ့ကို သံယောဇဉ်ရှိနေသော မိန်းကလေးတစ်ယောက်တို့ တွဲသွားတွဲလာ လုပ်နေခြင်းအပေါ် ဝိုင်း ဘယ်လိုအင်အားမျိုးတွေနှင့် နားလည်ပေးရပါ့မလဲ။ ဘယ်လိုမိန်းမမျိုးတွေကရော အဲဒီလို နားလည်မှုမျိုးတွေ ပေးနိုင်လဲ။ သေချာတာကတော့ ဝိုင်းသည် ထိုကဲ့သို့သော မိန်းမတစ်ယောက် မဟုတ်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ၆

BURMESE CLASSIC .com

အဲဒီနောက်မှာတော့ ဝိုင်းသည် သူ့ကို မျက်ခြည်မ ပြတ် စောင့်ကြည့်ရသော အလုပ်တစ်ခု ပိုလာခဲ့လေသည်။ အရ က သိပ်စိတ်မဝင်စားခဲ့သော သူ့မိသားစုအကြောင်းကိုလည် စေ့စေ့စပ်စပ် စုံစမ်းခဲ့သည်။

ဒါတွေအပြင် မျက်သွယ် ဆိုသော မိန်းကလေး သူ့အပေါ်ထားသော မြတ်နိုးမှုအတိုင်းအဆကိုလည်း သိခွင့်ရခဲ့ သည်။ မျက်သွယ်သည် ဘေးကကြည့်လျှင်တောင်သိသာသည့်ယု ကြင်နာမှုတွေနှင့် သူ့အပေါ်မှာ ဖြည့်ဆည်းမဆုံးနိုင်ချေ။ သူ့မျ နှာကို တစ်ချက်မှ အငြိုငြင်မခံသော မိန်းကလေးမျိုးဖြစ်သည်

ဝိုင်းရဲ့သူငယ်ချင်းကတောင် “ကောင်မလေးက ပေမဲ့ သူ့အထာကိုတော့ တော်တော်ညက်ပုံရတယ်”ဟု မှတ်ချ ပေးရသည်အထိ ထိုမိန်းကလေးသည် ဘာမှမသိသော အရို မျက်ဝန်းလေးတွေ ကလယ် ကလယ်ဖြင့် ကိုကို ဟူသော စကာ ကိုလည်း နှုတ်ခမ်းမှာ ကန်ထရိုက် ဆွဲထားတတ်သေးလေသည်





ဒါတွေကို ဝိုင်းကလည်း တစ်စက်လေးမျှ မနှစ်မြို့ သော့ချေ။ ဒီလိုအပြုအမူတွေကို လက်ခံနေသော သူ့အပေါ်၌ လည်း တဖြည်းဖြည်း နာကျင်လာတတ်ခဲ့ချေပြီ။ သူ့ကို သိပ်ချစ် လွန်းသဖြင့် မပြတ်လည်း မပြတ်နိုင်။ ခံစားရလွန်းတာတွေက လည်း များလွန်းသဖြင့် အထိနာစေမည့် စကားလုံးတွေကို ရွေး ပြောလာတတ်ခဲ့ပြီ ဖြစ်သည်။

သူ့ကို ရှေ့တင်ထားလျက် ဘီလူးခေါင်းနဲ့ မင်းသား လေးသီချင်းကို အကျယ်ကြီး အော်ဆိုပစ်တတ်သည်။ သူငယ်ချင်း တွေကတော့ ဝိုင်းကို သတိပေးလာခဲ့ပါသည်။

“ယောက်ျား ဆိုတာမျိုးက သူတို့ ဘယ်လောက်ပဲ မကောင်း ပါစေ၊ သူတို့လုပ်သမျှကိုတော့ ကြည်ဖြူကျေနပ် နားလည် ပေးနိုင်တဲ့ မိန်းမမျိုးကိုပဲ အလိုရှိကြတာပါ။ သူတို့ကို ခနဲ့နေ၊ ရွဲ့နေတဲ့ မိန်းမမျိုးကို ဘယ်လောက်ပဲချစ်ချစ် လက်တွဲမှာ မဟုတ်ဘူး။ နင် သူ့ကို မဆုံးရှုံးချင်ဘူးဆို ရင် နင်လုပ်နေတာတွေကို ရပ်တန်းက ရပ်သင့်ပြီ။ သူ့ကို တကယ်ချစ်ရင် နားလည်ပေးနိုင်ရမှာပေါ့”

“No! နင် မခံစားဘူးဘဲနဲ့ မပြောစမ်းပါနဲ့ဟာ၊ ငါ့မှာတော့ သူမှသူ ချစ်လိုက်ရတာ သေမတတ်ပဲ၊ ရှေ့ကြောင်း နောက်ကြောင်း အကုန်ရှင်းတယ်၊ ငါက ပေးသလောက် ပြန်ရရမှ ကျေနပ်မဲ့ လူစားမျိုး”

“ဒါဆိုရင်တော့ နင် အတွာသိပ်ကြီးသွားပြီ”



www.burmeseclassic.com

www.burmeseclassic.com



"အတ္တနဲ့ ကင်းကွာတဲ့ အချစ်ဆိုတာ ဒီကမ္ဘာကြီးပေါ်မှာ ရှိကိုမရှိပါဘူး ပို့ပို့ရယ်၊ နောက်ဆုံး စွန့်လွှတ်ချစ်ပါတယ်ဆိုတဲ့ ပေးဆပ်ချစ်ခြင်းမှာတောင် ကိုယ့်ချစ်သူကို ကောင်းစားစေချင်တဲ့ အဖြူရောင်အတ္တလေး တစ်ခုတော့ပါတတ်တာပါပဲ၊ ငါ သူ့ကို နားလည်မပေးနိုင်ဘူး၊ ဒီထက်လည်း မခံစားချင်တော့ဘူး"

"ဒီတော့ ... ဟင် ... နင်က ..."

မျက်လုံးလေးတွေ ဝိုင်းသွားသော သူငယ်ချင်းရဲ့ မေးဖျားလေးကို ဝိုင်းက ဆွဲယူဖျစ်ညှစ်ပစ်လိုက်ရင်း ...

"အသည်းကွဲသွားနိုင်တာ သေချာသလောက် ရှိသလို၊ နင့်အတွက်လည်း ဇာတ်လမ်းတစ်ပုဒ် ရသွားနိုင်တာ အသေအချာပဲ မဟုတ်လား၊ သူ့ကို နားလည်မှုတွေ ပေးနိုင်တဲ့ မိန်းမကိုပဲ သူ ရွေးချယ်သွားပါစေတော့"

အဲဒီစကားကတော့ ဝိုင်းရဲ့နှလုံးသားနှင့် ရင်းလိုက်သော စကားတစ်ခွန်းပဲ ဖြစ်ပါသည်။ ဝိုင်းသည် လူတစ်ယောက်ကို အမှတ်တမဲ့ တွေ့ဆုံလျက် အမှတ်တရ အမြဲရှိကာ အသည်းအသန် မြတ်နိုးခဲ့သည်။ ကိုယ်ပေးလိုက်သလောက်လည်း အပြည့်အဝ ပြန်လိုချင်ခဲ့သည်။ သို့သော် သူ့ဘက်က မပေးနိုင်ခဲ့။ အဲဒီအတွက် အဖြေက ရှင်းနေခဲ့ပြီ ဖြစ်လေသည်။





၇

နောက်တစ်နှစ်ခန့် ကြာသောအခါ တစ်ချိန်က ဝိုင်း အင်မတန် ချစ်မြတ်နိုးခဲ့ရသော ယောကျ်ားတစ်ယောက်ကို Shopping Mall ကြီးတစ်ခု၏ စက်လှေကားပေါ်မှာ ပြန်ဆုံခဲ့လေသည်။

သူ့ဘေးမှာက သူ့လက်မောင်းကိုချိတ်လျက် ပန်းနုရောင် မိခင်လောင်းဝတ်စုံနှင့် ကောင်မလေးတစ်ဦး။ သူက ဝိုင်းကိုမြင်တွေ့သွားပြီးလျှင် မျက်လုံးအကြည့်က ဖျတ်ခနဲပင် ဝိုင်းရဲ့ ဗိုက်ပေါ်ထိ ရောက်ရှိသွားလေသည်။

သူ ဘာကိုသွားသတိရသလဲဆိုတာ သိပြီးသွားလျှင် ဝိုင်းရဲ့ရင်မှာ ချက်ချင်းပင် ပူနွေးဆွတ်ပျံ့လာရလေသည်။ ဝိုင်းအလည်း သူ့ရုပ်အကျိုရဲ့ ဘယ်ဘက်ထောင့်သို့ အကြည့်ရောက်သွားတုန်းမှာပဲ စက်လှေကားရဲ့ တဖြည်းဖြည်း ရွေ့လျားမှုကြောင့် မြင်ကွင်းမှ ကွယ်ပျောက်သွားခဲ့သည်။

www.burmeseclassic.com



ယခုအချိန်ထိ ဝိုင်းသည် ကိုယ်ရွေးချယ်ခဲ့သော လမ်းအတွက် နောင်တ လုံးဝမရခဲ့ပေ။ နှလုံးသားတစ်ခုပေးလျှင် နှလုံးသားတစ်ခုလုံး ပြန်ရရမှုဟူသော စံကို မပယ်ဖျက်သေး။ ကိုယ့်ချစ်သူအတွက် ကိုယ်ဟာ ပထမပဲ ဖြစ်နေရမည်ဟူသော အဆိုကိုလည်း ကြွေးကြော်နေဆဲပင်။

တစ်ယောက်အတွက် တစ်ယောက်က ပထမဖြစ်နေသော ချစ်သူစုံတွဲများကို ဝိုင်း အလွန်အားကျလေသည်။ အချစ်ဆိုတာ အကြိမ်ကြိမ် အဖန်ဖန် မဟုတ်တောင် ဒုတိယတစ်ခါတော့ ထပ်မံမွေးဖွားနိုင်သဖြင့် ထိုနေ့က အလွန်ချွန်မြသော ပန်ဆယ်လ်ဟီးကို စီးထားခဲ့လေသည်။

❦ ❂ ❦

ဆုမြတ်မွန်မွန်

www.burmeseclassic.com